**ကိုယ်ခန္ဓာတော်၏
စစ်မှန်သော
တစ်လုံးတစ်ဝဖြစ်ခြင်း၊
အသင်းတော်၌
မှန်ကန်သော
သဘောတညီ
တညွတ်ဖြစ်ခြင်းနှင့်
ယနေ့သခင်ဘုရား
လှုပ်ရှားမှု၏
ဦးတည်ရာ**

The Genuine
Oneness
of the Body,
the Proper
One Accord
in the Church,
and the
Direction of
the Lord's
Move Today

# The Holy Word For Morning Revival

**အသင်းတော်အတွင်းကန့်သတ်**

| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁ | **စရစ်တော်၏ကိုယ်ခန္ဓာတော် တစ်လုံးတစ်ဝရှိခြင်း၌ သုံးပါးတစ်ပါးဘုရား၏ဘုန်းထင်ရှားခြင်းအတွက် သစင်ဘုရား၏ဆုတောင်းချက်** | |
| | Outline | ၅ |
| | Day 1 | ၁၁ |
| ၂ | **စရစ်တော်၏ကိုယ်ခန္ဓာတော် တစ်လုံးတစ်ဝရှိခြင်း၊– တဲတော်အားဖြင့် ပုံဆောင်သော သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း** | |
| | Outline | ၃၁ |
| | Day 1 | ၃၇ |
| ၃ | အသင်းတော်၌ မှန်ကန်သော သဘောတညီတညွတ်တည်းရှိခြင်း၏ ရူပါရုံ | |
| | Outline | ၅၇ |
| | Day 1 | ၆၃ |
| ၄ | **အသင်းတော်၌ မှန်ကန်သော သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း** | |
| | Outline | ၈၁ |
| | Day 1 | ၈၇ |

| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၅ | ယနေ့ သခင်ဘုရား၏လှုပ်ရှားလုပ်ဆောင်ခြင်း | |
| | Outline | ၁၀၆ |
| | Day 1 | ၁၁၂ |
| ၆ | ယနေ့သခင်ဘုရားလှုပ်ရှားမှု၏ဦးတည်ရာ | |
| | Outline | ၁၃၁ |
| | Day 1 | ၁၃၉ |

**Memorial Day Weekend Conference**
**(May 25-28, 2012)**

**General Subject:**

# ကိုယ်ခန္ဓာတော်၏ စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်း၊ အသင်းတော်၌ မှန်ကန်သောသဘောတညီတညွတ်ရှိခြင်းနှင့် သခင်ဘုရား၏ယနေ့လှုပ်ရှားလုပ်ဆောင်မှုလမ်းကြောင်း

## ဆောင်ပုဒ်

ခမည်းတော်ကို ထင်ရှားရန် ခမည်းတော်၏ သဘောသဘာဝနှင့် အတူ ခမည်းတော်၏ အသက်၌ အသက်ရှင်ပြုမူခြင်းသည် ဘုန်းထင်ရှားခြင်းဖြစ်၍၊ ဤဘုန်းထင်ရှားခြင်း၌ ကျွန်ုပ်တို့အားလုံးသည် တစ်လုံးတစ်ဝရှိခြင်း ဖြစ်သည်။

သခင်ဘုရား၏ ခေတ်နှင့် အညီ လှုပ်ရှားလုပ်ဆောင်မှု အတွက်၊ အသင်းတော်များ အားလုံးသည် တစ်ခုတည်းသောစိတ်နှလုံးနှင့် တစ်ခုတည်း သောနည်းလမ်းရှိခြင်း၊ စိတ်တစ်ခုတည်းနှင့် ဝိညာဉ်တစ်ဝိညာဉ်တည်း၌ ရှိရန် သင်ယူခြင်း နှင့် တစ်ခုတည်းသောအရာကို ပြောဆိုခြင်းဖြင့် သဘောတညီတညွတ်တည်း၌ ရှိဖို့လိုသည်။

ယနေ့ဘုရားသခင်၏ လှုပ်ရှားလုပ်ဆောင်မှုသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်းဟူသော အသင်းတော်ကို ရှင်သန်အောင်တည်ဆောက်ခြင်းအတွက် ဓမ္မသစ်ကျမ်းရှိ ဧဝံဂေလိတရား၏ ယဇ်ပုရောဟိတ် အရိုက်အရာကို ပြန်လည်ရယူခြင်းဖြင့် ဘုရားသခင်၏ လူတို့အား အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်ရန် အတွက်ဖြစ်သည်။

ယနေ့သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှုလမ်းကြောင်းမှာ အဆင့်ဆင့်ဖြတ်ကျော်ကာ ဝေငှဖြန့်ဖြူးပေးနေသော သုံးပါးတစ်ပါးဘုရား၏ အသက်ခန္ဓာတည်းဟူသော ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်၊ သတို့သား၏ အဖော် အဖက်ဖြစ်သော သတို့သမီးကိုပြင်ဆင်ရန်နှင့် ဘုရားသခင်၏ ထာဝရစီမံခန့်ခွဲမှု အတွက် ဘုရားအသက်တိုးပွါးပျံ့နှံ့ခြင်းဖြစ်သော ဘုရားသခင်၏ နိုင်ငံတော်ကို အစပြုရန် ဖြစ်သည်။

# ခရစ်တော်၏ကိုယ်ခန္ဓာတော် တစ်လုံးတစ်ဝရှိခြင်း၌ သုံးပါးတစ်ပါးဘုရား၏ဘုန်းထင်ရှားခြင်းအတွက် သခင်ဘုရား၏ဆုတောင်းချက်

ဖတ်ရန်ကျမ်း။ ။ယော၊၁၇း၁–၂၄

*Day 1* **I. ယောဟန်၊၁၇၌ သခင်ဘုရား၏ဆုတောင်းချက်မှာ သုံးပါးတစ်ပါး ဘုရား၏ ဘုန်းထင်ရှားခြင်း၊ ကြီးမားကျယ်ပြန့်ခြင်းနှင့် ထင်ရှား ခြင်းအတွက် ဖြစ်သည်။ ဘုရားသခင်၏ထာဝရ ရည်ရွယ်ချက်မှာ ကိုယ်တော်တိုင် ကြီးမားထင်ရှားရန်ဖြစ်သည် (အငယ်၊ ၁–၅။ က၊ ၁း၂၆။ ဧ၊၃း၈–၁၁)။**

က။ သခင်ယေရှုသည် အသွေးအသားး၌ လူ့ဇာတိခံယူတော်မူသော ဘုရားဖြစ်သည်။ ကိုယ်တော်၏ အသွေးအသားသည် မြေကြီးပေါ် တွင် ဘုရားကိန်းဝပ်နိုင်သော တဲတော်ဖြစ်သည် (ယော၊၁း၁၄)။ သခင်ဘုရား၏ ဘုရားဒြပ်သဘာဝသည် တဲတော်အတွင်းထဲတွင် ဖုံး ကွယ်ခြင်းခံရသော ဘုရားသခင်၏ ရှခိနဘုန်းတော်ကဲ့သို့ ကိုယ်တော် ၏ လူသားဖြစ်ခြင်း၌ အကန့်အသတ်နှင့်ရှိနေသည်။

ခ။ သခင်ဘုရား၏ ဘုရားဒြပ်သဘောဝသည် အဆင်းသဏ္ဍာန်ပြောင်း လဲခြင်းဖြင့် တောင်ပေါ်တွင် တစ်ကြိမ် ကိုယ်တော်၏ အသွေးအသား မှ ထုတ်လွှင့်ခြင်းခံရ၍၊ ဘုန်းတော်၌ ထင်ရှားခြင်းကို တပည့်တော် သုံးယောက်သည် မြင်တွေ့ခဲ့ကြသည်၊ သို့သော် ၎င်းသည် ကိုယ်တော် ၏ အသွေးအသား၌ တစ်ဖန်ဖုံးကွယ်ခြင်းခံရပြန်သည် (မ၊၁၇း၁– ၄။ ယော၊၁း၁၄)။

ဂ။ ယော၊၁၇၌ ကိုယ်တော်ဆုမတောင်းမီ၊ သူသည် ဘုန်းထင်ရှားလိမ့် မည်၊ သူ၌ ခမည်းတော်သည် ဘုန်းထင်ရှားခြင်းခံရမည်ဖြစ်ကြောင်း ကြိုတင်မိန့်တော်မူထားသည်။ ယခု ကိုယ်တော်သည် သေခြင်းကို ဖြတ်ကျော်ခဲ့ပြီးဖြစ်၍၊ ကိုယ်တော်၏ လူသားဖြစ်ခြင်း၌ ဖုံးကွယ်နေ သောအခွံသည် ကျိုးပဲ့ခံရပြီဖြစ်က၊ ကိုယ်တော်၏ ဘုရားဒြပ် သဘာဝ၊ ဘုရားအသက်ကို ထုတ်လွှင့်နိုင်ခြင်းဖြစ်သည်(၁၂း၂၃။ ၁၃း၃၁–၃၂)။

ဃ။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကြောင့်၊ ကိုယ်တော်၏ လူသားဖြစ်ခြင်းကို ဘုရားဒြပ်သဘောသဘာဝအထဲသို့ မြှင့်တင်နိုင်ခြင်းကိုလည်းကောင်း၊ ကိုယ်တော်၏ ဘုရားဒြပ်သဘောသဘာဝကိုလည်း ကိုယ်တော်၏ ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်းဖြစ်၏ ဖြစ်ခြင်းတစ်ခုလုံး ဘုန်းထင်ရှားခြင်း၏ အကျိုးရလဒ်နှင့်အတူ ထင်ရှားခြင်းကိုလည်းကောင်း၊ ဖြစ်ပေါ် စေနိုင်ခဲ့သည် (၁၂း၂၃။ ၁၃း၃၁–၃၂)။

***Day 2***

င။ ဤနေရာ၌ ဘုရားဆိုင်ရာဘုန်းထင်ရှားခြင်း၏ နက်နဲခြင်းနှင့်စပ်လျဉ်း၍ သခင်ဘုရား၏ ဆုတောင်းချက်သည် အဆင့်သုံးဆင့်ကို ပြည့်စုံစေသည်။

၁။ ပထမအဆင့် ပြည့်စုံခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်သည်၊ ထိုပြည့်စုံခြင်း၌ ကိုယ်တော်၏ ဘုရားဒြပ်သဘောသဘာဝ၊ ကိုယ်တော်၏ ဘုရားအသက်ကို သူ၏ လူသားဖြစ်ခြင်းအတွင်းထဲမှ သူ၏ ယုံကြည်သူများစွာအထဲသို့ ထုတ်လွှင့်ပေးခြင်း (၁၂း၂၃–၂၄)၊ ကိုယ်တော်၏ လူသားဖြစ်ခြင်းအပါအဝင် ဖြစ်ခြင်းတစ်ခုလုံးသည် ဘုန်းပွင့်လာခြင်း (လု၊ ၂၄း ၂၆။ cf. ၁ကော၊ ၁၅း ၄၅ခ။ တ၊ ၁၃း၃၃။ ရော၊ ၁း၃–၄။ ကော၊ ၁း၁၈။ ၁ပေ၊ ၁း၃) နှင့်၊ ခမည်းတော်၏ ဒြပ်သဘောသဘာဝသည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့် ဘုန်းပွင့်ခြင်း၌ ထင်ရှားလာခြင်းတို့ကို ဖြစ်စေသည်။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်သည် ကိုယ်တော်၏ ဆုတောင်းခြင်းကို အဖြေပေးကာ၊ ပြည့်စုံစေသည် (တ၊ ၃း၁၃–၁၅)။

၂။ ဒုတိယအချက်ပြည့်စုံခြင်းမှာ အသင်းတော်၌ ဖြစ်သည်။ ထိုပြည့်စုံခြင်း၌ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်သည် သူ၏ များစွာသောအင်္ဂါဝင်များ အားဖြင့် ထင်ရှားခြင်းခံရသောအခါ၊ ကိုယ်တော်သည် သူတို့၌ ဘုန်းထွန်းလင်းခံရပြီး၊ ခမည်းတော်သည် အသင်းတော်အားဖြင့် ကိုယ်တော်၌ ဘုန်းထင်ရှားခြင်းခံရသည် (ဧ၊ ၃း ၂၁။ ၁တိ၊ ၃း၁၅–၁၆)။

၃။ တတိယအဆင့် ပြည့်စုံခြင်းမှာ ယေရုရှလင်မြို့သစ်၌ နောက်ဆုံးပြည့်စုံခြင်းဖြစ်သည်၊ ထိုပြည့်စုံခြင်း၌ ကိုယ်တော်သည် ဘုန်း

တော်၌ အပြည့်အဝထင်ရှားခံရခြင်းနှင့် ဘုရားသခင်သည် ထာဝရကာလအတွက် သန့်ရှင်းတော်မြို့တော်အားဖြင့် ကိုယ်တော်၌ ဘုန်းထင်ရှားခြင်းခံရမည်ဖြစ်သည် (ဗျာ၊ ၂၁း၁၁၊ ၂၃–၂၄)။

*Day 3*

စ။ ယော၊၁၄မှ ၁၆တွင် ယုံကြည်သူများအဖို့ သခင်ဘုရား၏ နောက်ဆုံးစကားတော်၌ ခိုင်လုံစွာပြနိုင်သော ဤဘုန်းထင်ရှားခြင်းသုံးမျိုးမှာ– ၁၄း ၂၌ ခမည်းတော်၏ အိမ်တော် (အသင်းတော်)၊ ၁၅း၁–၅၌ စပျစ်ပင်၏ အကိုင်းအခက်များ (ခရစ်တော်ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းများ) နှင့် ၁၆း ၂၁၌ အသစ်မွေးဖွားခြင်းခံရသော စုပေါင်းထားသောလူ (လူသစ်) တို့ဖြစ်သည်။

၁။ ဤသုံးမျိုးလုံးသည် အသင်းတော်ကို ဆိုလိုသည်၊ ထိုအသင်းတော်သည် ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခရစ်တော်အားဖြင့် ထုတ်လုပ်သော တိုးပွားများပြားလာခြင်း၏ ဘုန်းတော်ထွန်းလင်းခြင်းကို ပြသခြင်းဖြစ်သည် (၁၂း ၂၃–၂၄)။

၂။ ထိုဘုန်းတော်ထွန်းလင်းခြင်း၌ တိုးပွားများပြားလာသောခရစ်တော်၊ ဘုရားသခင်၏ သားတော်သည် ဘုန်းထင်ရှားခြင်းခံရသည်။ ခရစ်တော်၏ ဘုန်းထင်ရှားခြင်း၌ ခမည်းတော်ဘုရားကိုလည်း ဘုန်းထင်ရှားစေသည်၊ ဤသည်မှာ အသင်းတော်အားဖြင့် အပြည့်အဝဘုန်းထင်ရှားခြင်းဖြစ်သည် (၁၇း၁၊ ၄။ ဧ၊၃း ၁၉–၂၁။ cf. ၁ကော၊၆း ၂၀။ ၁၀း၃၁)။

၃။ ဤထင်ရှားခြင်းသည် သုံးပါးတစ်ပါးဘုရား၏ တစ်လုံးတစ်ဝရှိခြင်း၌ ထိန်းသိမ်းခြင်းခံယူဖို့ လိုအပ်သည်။ ထို့ကြောင့် သခင်ဘုရားသည် ယော၊၁၇၌ ကိုယ်တော်၏ အဆုံးသတ်ဆုတောင်းခြင်းတွင် ဤအရာအတွက် သီးသန့် ဆုတောင်းခြင်းဖြစ်သည်။

၄။ သုံးပါးတစ်ပါးဘုရား၏ အမြင့်ဆုံးဂုဏ်အင်္ဂါမှာ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်၏ ယုံကြည်သူများ၌ ကိုယ်တော်ဘုန်းထင်ရှားခံရခြင်းမှာ ကိုယ်တော်၏ တစ်လုံးတစ်ဝရှိခြင်း၌ ကိုယ်တော်ကို ထင်ရှားစေခြင်းအတွက်ဖြစ်သည် (အငယ်၊၁၂)။

**II. ယောၤ၁၇၌ သခင်ဘုရား၏ဆုတောင်းချက်မှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်တစ်လုံးတစ်ဝရှိခြင်း၊ သုံးပါးတစ်ပါးဘုရား၌ ယုံကြည်သူများ၏တစ်လုံးတစ်ဝရှိခြင်းအတွက် ဖြစ်သည်။**

*Day 4*

က။ တစ်လုံးတစ်ဝရှိခြင်း၏ပထမအဆင့်မှာ ခမည်းတော်၏နာမတော်၌၊ ခမည်းတော်၏ဘုရားဆိုင်ရာအသက်အားဖြင့် တစ်လုံးတစ်ဝရှိခြင်းဖြစ်သည် (အငယ်၊၆–၁၃)။

၁။ ခမည်းတော်၏နာမတော်မှာ အသက်၏အရင်းအမြစ်၊ တစ်လုံးတစ်ဝရှိခြင်း၏ အရင်းအမြစ်ဖြစ်သော ခမည်းတော်ကိုယ်တော်တိုင်ဖြစ်သည့် ခမည်းတော်၏ပုဂ္ဂိုလ်တော်ကို ဆိုလိုခြင်းဖြစ်သည် (အငယ်၊၆၊ ၁၁။ ၅း၂၆၊ ၄၃)။

(က)ကျွန်ုပ်တို့သည် အသက်နှင့် ကောင်းကြီးမင်္ဂလာ၏ အရင်းအမြစ်ဖြစ်သော ခမည်းတော်ကို ယူဆောင်ရမည် (cf. မ၊၁၄း၁၉။ ရော၊၁၁း၃၆)။

(ခ) ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လူ့အသက်အားဖြင့်မဟုတ်ဘဲ၊ အရာအားလုံးပါဝင်သော ကျွန်ုပ်တို့၏သားအရာကို မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့၏ဝိညာဉ်၌ ခမည်းတော်၏ဘုရားအသက်အားဖြင့် အသက်ရှင်ရမည်ဖြစ်သည် (ယောၤ၆း၅၇။ ရော၊၈း၁၅–၁၆)။

၂။ ကိုယ်တော်၏သဘောသဘာဝနှင့်အတူရှိသည့် ခမည်းတော်၏အသက်သည် တစ်လုံးတစ်ဝရှိခြင်း၏ဒြပ်သဘာဝဖြစ်သည် (ယောၤ၁၇း၂။ cf. ဧ၊၁း၄–၅။ ဟေဗြဲ၊၂း၁၀–၁၁။ ၁ကော၊၆း၁၇)။

*Day 5*

ခ။ တစ်လုံးတစ်ဝရှိခြင်း၏ဒုတိယအဆင့်မှာ သန့်ရှင်းစင်ကြယ်သောနှုတ်ကပတ်တော်၏စစ်မှန်ခြင်း၌ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည် (ယောၤ၁၇း၁၄–၂၁)။

၁။ ခမည်းတော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်သည် (အငယ်၊၁၇)။ သမ္မာတရားသည် သုံးပါးတစ်ပါးဘုရားဖြစ်သည် (၁၄း၆။ ၁ယောၤ၅း၆ခ)။ နှုတ်ကပတ်တော်၏စစ်မှန်ခြင်းဖြင့် သန့်ရှင်းစင်ခြင်းကို ခံယူခြင်းမှာ သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်အားဖြင့် သန့်ရှင်းစင်ကြယ်ပေးခြင်းဖြစ်သည်။

၂။ သမ္မာတရားတည်းဟူသော နှုတ်ကပတ်တော်သည် လောကမှ ဘုရားလူတို့ကို သန့်ရှင်းစင်ကြယ်စေပြီး (ယော၊၁၇း၁၇)၊ ဆိုးညစ်သူဖြစ်သည့် လောက၏မင်းထံမှ သူတို့ကို ကာကွယ်မှု ပြုပေးသည် (အငယ်၊၁၅)။

(က)ခမည်းတော်၏ စစ်မှန်ခြင်း၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစေသည်၊ စင်ကြယ်မှုပြုပေးသည်၊ ကျွန်ုပ်တို့အား ရှုပ်ထွေးသောလောကမှ စင်ကြယ်ခြင်း၏ ဘုရားဖြစ်သည့်၊ ကျွန်ုပ်တို့၏ ဘုရားသခင်ထံတော်သို့ သီးခြားဖြစ်လာစေရန် ကယ်လွှတ်ပေးသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ပိုရှိလေလေ၊ သူသည် သာ၍စင်ကြယ်လာလေလေဖြစ်သည် (ဆာ၊၁၂း၆။ ၁၁၉း၁၄၀)။

(ခ) ခမည်းတော်၏ သန့်ရှင်းစင်ကြယ်သောနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား တစ်လုံးတစ်ဝရှိခြင်းနယ်ပယ်အထဲသို့ ပို့ဆောင်ပေးသည့်၊ ကျွန်ုပ်တို့တစ်လုံးတစ်ဝရှိခြင်း၏ နည်းလမ်းဖြစ်သည် (ယော၊၁၇း၂၁။ ဧ၊၅း၂၆)။

**Day 6**

ဂ။ တစ်လုံးတစ်ဝရှိခြင်း၏ တတိယအဆင့်မှာ အဆင့်ဆင့်ဖြတ်ကျော်ခြင်းဖြင့် ရောနှောပေါင်းစည်းကာ အပြန်အလှန်တည်တော်မူသော သုံးပါးတစ်ပါးဘုရား၏ ထင်ရှားခြင်းအတွက် ဘုရားဘုန်းတော်၌ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည် (ယော၊၁၇း၂၂–၂၄)။

၁။ ဘုရားဘုန်းတော်၌ ယုံကြည်သူများအားလုံး၏ တစ်လုံးတစ်ဝရှိခြင်းမှာ ခမည်းတော်၏ အသက်နှင့် သဘောသဘာဝနှင့်အတူ သားအရာထင်ရှားခြင်း၌ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည် (အငယ်၊၂၂။ ၅း၂၆)။

၂။ ဘုရားသခင်၏ ဘုန်းတော်သည် ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်သည်။ ဤဘုရားဖြစ်ခြင်း၏ ခမ်းနားထည်ဝါသောထင်ရှားခြင်းသည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ အတ္တမှ ကယ်နှုတ်ပေးခြင်းနှင့် စုံလင်သောတစ်လုံးတစ်ဝရှိခြင်းကို ဖြစ်စေသည် (cf. ဗျာ၊၂၁း၁၁)။

၃။ ဤတစ်လုံးတစ်ဝရှိခြင်းအဆင့်၌ အတ္တသည် လုံးလုံးငြင်းပယ်ခြင်းကို ခံရသည်။

(က)ကျွန်ုပ်တို့သည် ရည်ရွယ်ချက်၊ မိမိကိုယ်ကိုချီးမြှောက်ခြင်းနှင့် အယူအဆ၊ သဘောထားအပါအဝင်ဖြစ်သည့် ကျွန်ုပ်တို့၏ အတ္တမှ ကယ်တင်ခြင်းခံရမည်ဖြစ်သည် (ယော၊၁၇း၂၁–၂၃။ ရော၊၅း၁၀။ ၁ကော၊၁း၁၀–၁၃။ ၃ယော၊၉)။

(ခ) ကျွန်ုပ်တို့သည် အတ္တကို စွန့်ပြစ်၍၊ အတ္တကို ဆုံးရှုံးစေခြင်းဖြင့်၊ ဝိညာဉ်ထံလှည့်ပြန်သောအခါ၊ ချက်ခြင်းပင် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ ရှိလာလိမ့်မည်ဖြစ်သည် (ဧ၊၂း၂၂။ ယော၊၁၆း၁၃)။

(ဂ) ကျွန်ုပ်တို့သည် မိမိတို့ကိုယ် ထင်ရှားရန် သဘောသဘာဝအသက်တာကို အသက်ရှင်ပါက၊ ဘုရားဘုန်းထင်ရှားခြင်း ရှိလိမ့်မည်မဟုတ်ပါ။ မိမိကိုယ်ထင်ရှားခြင်း၌ ရှိခြင်းသည် ကွဲပြားခြင်းဖြစ်သည်။

(ဃ)ခမည်းတော်ကို ထင်ရှားရန် ခမည်းတော်၏ သဘောသဘာဝဖြင့် ခမည်းတော်၏ အသက်၌ အသက်ရှင်၍ ပြုမူနေထိုင်ခြင်းသည် ဘုန်းထင်ရှားခြင်းဖြစ်သည်။ ထိုဘုန်းထင်ရှားခြင်း၌ရှိခြင်းသည် ကျွန်ုပ်တို့အားလုံး တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။

၄။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာသည် "ဘုန်းတော်မှ ဘုန်းတော်သို့" အသက်ရှင်ခြင်းအသက်တာဖြစ်ရမည်(၂ကော၊၃း၁၆–၁၈)။

**III.ကျွန်ုပ်တို့သည် သခင်ဘုရားပေးအပ်ထားသော တစ်လုံးတစ်ဝရှိခြင်းကို အလေးထားရန်နှင့် ဤတစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းဖို့ရန် လိုအပ်သလို၊ သခင်ဘုရား၏ အလိုဆန္ဒကို ကျေနပ်စေရန် သုံးပါးတစ်ပါးဘုရားနှင့်အတူ အမြဲတမ်းရောနှောပေါင်းစည်းခြင်းရှိဖို့ရန်လည်း လိုအပ်သည် (ထို့ကြောင့် ဇာတိလူ၊ စာတန်နှင့်အတူရှိသည့်လောကနှင့် အတ္တကို ငြင်းပယ်ရမည်) (ဧ၊၄း၁–၆)။**

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ထိုသို့ မိန့်တော်မူပြီးမှ ယေရှုသည် ကောင်းကင်သို့ ကြည့်မျှော်၍၊**
**၁၇း၁ အိုအဖ၊ အကျွန်ုပ်အချိန်ရောက်ပါပြီ။ သားတော်သည် ကိုယ်တော်၏ ဘုန်းကို ထင်ရှားစေပါမည်အကြောင်း သားတော်၏ဘုန်းကို ထင်ရှားစေတော်မူပါ။**
**၄-၅ အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းကိုထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဖို့ အကျွန်ုပ်၌ အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်ပြီးပါပြီ။ အိုအဖ၊ ဤကမ္ဘာမတည်မရှိမီ ကိုယ်တော်နှင့်အတူရှိစဉ် အကျွန်ုပ်၌ရှိသော ဘုန်းအသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကို ကိုယ်တော်ကိုယ်တိုင်ဖြင့် ဘုန်းထင်ရှားစေတော်မူပါ။**

ယော၊၁၇၌ သခင်ဘုရား၏မူလသဘောထားမှာ ဘုန်းထင်ရှားခြင်းဖြစ်သည်။ ၎င်းမှာ ဤဆုတောင်းချက်၏ အလယ်ဗဟိုအကြောင်းအရာဖြစ်သည်။ ပြီးခဲ့သောအခန်းကြီးသုံးခန်း၏ အဓိကအချက်များကို ကျွန်ုပ်တို့မြင်ပါက၊ သားတော်၏ဘုန်းထင်ရှားခြင်းသည် ခမည်းတော်ကို ဘုန်းထင်ရှားစေနိုင်မည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ နားလည်နိုင်မည်ဖြစ်သည်။ ခမည်းတော်သည် သားတော်ကို ဘုန်းထင်ရှားစေခြင်းမှာ သားတော်သည် ခမည်းတော်ကို ဘုန်းထင်ရှားစေနိုင်မည့်အကြောင်း ဖြစ်သည်။ ဤသည်မှာ ခမည်းတော်နှင့် သားတော် အပြန်အလှန်ဘုန်းထင်ရှားခြင်း ဖြစ်သည်။ ခမည်းတော်သည် သားတော်ကို ဘုန်းထင်ရှားစေသော်၊ သားတော်သည် ခမည်းတော်ကို ဘုန်းထင်ရှားတော်မူလိမ့်မည်ဖြစ်သည်။ (*Life-study of John,* pp. 456-457)

## ယနေ့ဖတ်စရာ

ဆုတောင်းသောအခါ ပါရှိသောအချက်သည် ဆုတောင်းခြင်း၏ အဓိကအချက်ကို သိစေသည်၊ ထို့ကြောင့် ယော၊၁၇၌ သခင်ဘုရား၏ အဆုံးသတ်ဆုတောင်းချက်သည် ရှေ့အခန်းကြီးသုံးခန်း၌ ကိုယ်တော်ပေးခဲ့သော မိန့်တော်မူချက်၏ အဓိကအချက်နှင့် သက်ဆိုင်သည်။ မည်သည့်နည်းလမ်း၌ ခမည်းတော်သည် သားတော်၌ ဘုန်းထင်ရှားခြင်း ခံရသနည်း။ စပျစ်နွယ်ပင်၏ ရှင်သန်ခြင်းသည် အသက်တိုးပွားခြင်းနှင့် ပျံ့နှံ့ခြင်းအတွက်ဖြစ်သည်၊ ဤအရာသည် အသက်တိုးပွားခြင်းနှင့် ပုံတူဖြစ်ပွားခြင်းအတွက်နှင့် သုံးပါးတစ်ပါးဘုရား၏ထင်ရှားခြင်းအတွက်လည်းဖြစ်သည်။ ဤရှင်သန်ခြင်းအားဖြင့် သုံးပါးတစ်ပါးဘုရားသည် တိုးပွားလာခြင်း၊ များပြားလာခြင်းနှင့် ထင်ရှားခြင်းရှိလာ

သောအခါ၊ သားတော်သည် ဘုန်းထင်ရှားခြင်းခံရပြီး၊ သားတော်၏ ဘုန်းထင်ရှားခြင်း၌ ခမည်းတော်သည်လည်း ဘုန်းထင်ရှားခြင်းခံရသည်။ ထို့ကြောင့် သခင်ဘုရားက သားတော်ဖြစ်သော ကိုယ်တော်သည် ဘုန်းထင်ရှားခံရသောအခါ၊ ခမည်းတော်သည်လည်း ဘုန်းထင်ရှားနိုင်မည်အကြောင်း ဆုတောင်းခြင်းဖြစ်သည်။

ဘုရားသခင်၏ ထာဝရရည်ရွယ်ချက်၊ ကိုယ်တော်၏ အဆုံးစွန် ရည်ရွယ်ချက်မှာ ကိုယ်တော်ကို ကြီးမားထင်ရှားစေရန် ဖြစ်သည်။ ဘုန်းထင်ရှားခြင်းသည် ကြီးမားထင်ရှားခြင်းသာဖြစ်သည်။ ဘုန်းထင်ရှားစေခြင်းသည် ကြီးမားထင်ရှားစေခြင်းဖြစ်သည်။

ကိုယ်တော်၏ ပုံသဏ္ဌာန်တော်၌ လူကိုဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော့်ကို ထင်ရှားစေနိုင်ရန်ဖြစ်သည်။ သခင်ယေရှုသည် မျက်မြင်မရသောဘုရားသခင်ကို ကြေညာရန် ရည်ရွယ်ချက်အတွက် လူအဖြစ် လူ့ဇာတိခံယူတော်မူသော ဘုရားသခင်ဖြစ်သည်။ ယော၊၁း၁၈တွင် မည်သူမျှ ဘုရားသခင်ကို မမြင်ရ၍ သားတော်သည် ကိုယ်တော့်ကို ကြေညာကြောင်း ပြောဆိုထားသည်။ ဘုရားသခင်သည် မျက်မြင်မရ၊ မမြင်နိုင်သော ဘုရားဖြစ်သည်။ သားတော်ဘုရားမှလွဲ၍ မည်သူမျှ ကိုယ်တော်ကို မမြင်နိုင်ပါ။ ယခု ကိုယ်တော်၏ လူ့ဇာတိခံယူခြင်း၌ သားတော်သည် ကိုယ်တော့်ကို ကြေညာတော်မူသည်။ ဘုရားသခင်ကို ကြေညာခြင်းသည် ကိုယ်တော့်ကို ထင်ရှားစေခြင်းဖြစ်သည်။ သခင်ယေရှုသည် မျက်မြင်မရသောဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်သည် (ကော၊ ၁း၁၅)၊ ဆိုလိုသည်မှာ ကိုယ်တော်သည် မျက်မြင်မရသောဘုရားသခင်၏ ထင်ရှားခြင်းဖြစ်သည်။

ပန်းအပွင့်ပွင့်လာခြင်းသည် အစေ့မှ ဘုန်းထင်ရှားလာခြင်းဖြစ်သည်၊ အပွင့်ပွင့်လာခြင်းအတွက် အစေ့သည် ဘုန်းထင်ရှားလာသည်၊ အစေ့ကို ထင်ရှားလာစေခြင်းဖြစ်သည်။ ယေရှုခရစ်တော်သည် အသွေးအသား၌ ကြွလာခြင်းမှာ ကိုယ်တော်သည် သေးငယ်သော ဇော်မွှားပန်းအစေ့နှင့်တူသည်။ ကိုယ်တော်၏ လူသားသဏ္ဌာန်၊ ကိုယ်တော်၏ လူသားကိုယ်ထည်ခွံဖြစ်သည့် ကိုယ်တော်၌ ဘုရားအသက်၏ လှပခြင်းနှင့် ပုံသဏ္ဌာန်အားလုံးရှိသည်။ တစ်နေ့တွင် ကိုယ်တော်သည် မြေအထဲသို့ စိုက်ပျိုးခြင်းခံရသည်။ ကိုယ်တော်အသေခံပြီးနောက်၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ကြီးထွား၍ အပွင့်ပွင့်လာသည်။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ အသက်၏ လှပခြင်း၊ ပုံသဏ္ဌာန်၊ ပုံစံ၊ အရောင်အဆင်းနှင့် ကြွယ်ဝခြင်းများကို လွှင့်ထုတ်ကာ ထင်ရှားလာစေသည်။ ၎င်းသည် သားတော်၏ ဘုန်းထင်ရှားခြင်းဖြစ်သည်။ ခမည်းတော်ဘုရား၏ အရာအားလုံးသည် သားတော်၌ ကိုယ်ထင်ရှားလာသည့်အတွက်၊ သားတော်ကို ဘုန်းထင်ရှားစေခြင်းသည်

ခမည်းတော်ကိုလည်း သားတော်၏ ဘုန်းထင်ရှားခြင်း၌ ဘုန်းထင်ရှားစေခြင်းဖြစ်သည်။

သခင်ဘုရားသည် အသွေးအသားဖြစ်လာပြီးနောက်၊ ကိုယ်တော်သည် ဘုရားသခင်အား အတိုင်းအတာတစ်ခုသို့ ထင်ရှားလာစေသည်၊ သို့သော် ကိုယ်တော်၏ ဂုဏ်အင်္ဂါများအားလုံး၏ ဘုန်းထင်ရှားခြင်းဖြစ်သည့် ဘုရားသခင်၏ ဘုန်းတော်သည် ကိုယ်တော်၏ အသွေးအသား၌ ပုံးအုပ်ခြင်းခံနေရသည်။ ဘုရားသခင်၏ ပြည့်စုံခြင်းအလုံးစုံဖြစ်သည့် ဘုန်းတော်သည် ကိုယ်တော်၏ အသွေးအသားဖြင့် လွှမ်းခြုံခြင်း၊ ပုံးအုပ်ခြင်းခံနေရသည်။ ကိုယ်တော်၏ အသွေးအသားသည် မြေကြီးပေါ်တွင် ဘုရားသခင်၏ ကိန်းဝပ်ခြင်းအတွက် တဲတော်ဖြစ်သည် (ယော၊၁း၁၄)။ ဘုရားသခင်၏ ရှခိနဘုန်းတော်သည် တဲတော်အတွင်းထဲတွင် ဖုံးကွယ်ခြင်းခံရသကဲ့သို့၊ ကိုယ်တော်၏ ဘုရားဒြပ်သဘောသဘာဝသည် ကိုယ်တော်၏ လူသားဖြစ်ခြင်း၌ ကန့်သတ်ခြင်းခံထားရသည်။ တောင်ပေါ်တွင် အဆင်းသဏ္ဍာန်ပြောင်းလဲသည်နှင့်ချက်ချင်း၊ ကိုယ်တော်၏ ဘုရားဒြပ်သဘောသဘာဝသည် ကိုယ်တော်၏ အသွေးအသားအတွင်းထဲမှ ထုတ်လွှင့်ခြင်းနှင့် ဘုန်းတော်၌ ထင်ရှားခံရခြင်းကို တပည့်တော်သုံးယောက်သည် မြင်တွေ့ခဲ့ရသည် (မ၊၁၇း၁–၄။ ယော၊ ၁း၁၄)။ သို့သော် ၎င်းသည် ကိုယ်တော်၏ အသွေးအသား၌ တစ်ဖန်ဖုံးအုပ်ခြင်းခံရပြန်သည်။ ကိုယ်တော်သည် အသေခံခြင်းကို ဖြတ်ကျော်ရန်လိုသောကြောင့်၊ ကိုယ်တော်၏ လူသားဖြစ်ခြင်း၏ ဖုံးကွယ်ခြင်းခံရသောကိုယ်ထည်ခွံသည် ကိုယ်တော်၏ ဘုရားဒြပ်သဘောသဘာဝ၊ ကိုယ်တော်၏ ဘုရားအသက်ကို လွှတ်မြောက်ခြင်းအတွက် ချိုးဖွဲ့ခြင်းခံရမည်ဖြစ်သည်။ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းခံဖို့လည်း လိုအပ်သည်၊ သို့မှသာ ကိုယ်တော်သည် ဘုရားဒြပ်သဘောသဘာဝအထဲသို့ ကိုယ်တော်၏ လူသားဖြစ်ခြင်းကို မြှင့်တင်နိုင်ပြီး၊ ကိုယ်တော်၏ ဘုရားဒြပ်သဘောသဘာဝကို ထင်ရှားစေနိုင်မည်ဖြစ်၍၊ ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်းဖြစ်သည့် ကိုယ်တော်၏ ဖြစ်ခြင်းတစ်ခုလုံးကို ဘုန်းထင်ရှားစေနိုင်မည်ဖြစ်သည်။ ဤနည်းလမ်း၌ ခမည်းတော်သည် ကိုယ်တော်၌ ဘုန်းထင်ရှားစေနိုင်မည်ဖြစ်သည်။ ယော၊၁၇၌ ကိုယ်တော်သည် ဤအတွက် ဆုတောင်းခြင်းဖြစ်သည်။ (*Life-study of John*, pp. 457-459)

*ပို၍ဖတ်ရန်-* *Life-study of John*, msg. 38

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ယေရှုကလည်း၊ လူသားသည် ဘုန်းပွင့်ရသောအချိန်ရောက်လေ**
**၁၂း၂၃–၂၄ ပြီ။ ငါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသောစပါးစေ့သည်**
**မပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသော**
**အသီးကို သီးတတ်၏။**

**လု၊ ထိုခရစ်တော်သည် ဤသို့ပင် ဆင်းရဲဒုက္ခခံ၍၊ မိမိဘုန်းတော်အထဲ**
**၂၄း၂၆ သို့ ဝင်စားရမည်မဟုတ်လောဟု မိန့်တော်မူ၏။**

**ဧ၊ အသင်းတော်နှင့် ခရစ်တော်ယေရှု၌ လူမျိုးစဉ်ဆက်အပေါင်းတို့ထံ**
**၃း၂၁ သို့ ကိုယ်တော်သည် ကာလအစဉ်အဆက်ဘုန်းကြီးတော်မူစေ**
**သတည်း။ အာမင်။**

ယော၊၁၇၌ သုံးပါးတစ်ပါးဘုရား၏ ဘုန်းထင်ရှားခြင်းအတွက် ဆုတောင်းချက် အဖြေသည် အဆင့်သုံးဆင့်၌ ပြည့်စုံမည်ဖြစ်သည်။ ပထမအဆင့်မှာ သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်း ဖြစ်သည်။ သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်း၌ အသက်၏ လှုပခြင်း၊ အသက်၏ အနှစ်သာရ၊ အသက်၏ အရောင်အဆင်းနှင့် သုံးပါးတစ်ပါးဘုရား၏ ဘုရားဆိုင်ရာအသက်၏ အသွင်သဏ္ဍာန်အားလုံးကို ထုတ်လွှင့်ပေးသည်။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ သခင်ဘုရား၏ ဘုရားဆိုင်ရာအသက်သည် ကိုယ်တော်၏ လူသားဖြစ်ခြင်းအတွင်းထဲမှ လွတ်မြောက်လာ၍၊ များစွာသောကိုယ်တော်၏ ယုံကြည်သူများအထဲသို့ ပေးဝေနိုင်ခဲ့သည် (၁၂း၂၃–၂၄)။ ကိုယ်တော်၏ လူသားဖြစ်ခြင်းအပါအဝင် ကိုယ်တော်၏ ဖြစ်ခြင်းတစ်ခုလုံးသည် ဘုန်းထင်ရှားခံရခြင်း၌ (လု၊၂၄း၂၆)၊ ခမည်းတော်၏ ဘုရားဒြပ်သဘောသဘာဝကို ထင်ရှားတော်မူစေသည်။ ဘုရားသခင်သည် ပထမဦးစွာ အဖြေပေးပြီး၊ သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်း၌ ဤဆုတောင်းချက်ကို ပြည့်စုံစေသည်။ (*Life -study of John*, pp. 459-460)

## *ယနေ့ဖတ်စရာ*

ဒုတိယမှာ ယော၊၁၇ရှိ ဤဆုတောင်းချက်သည် အသင်းတော်၌ ပြည့်စုံလာစေပြီး၊ ဤအချိန်၌ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်သည် များစွာသောအင်္ဂါဝင်များအားဖြင့် ထင်ရှားခံရခြင်းဖြင့်၊ သူတို့၌ ကိုယ်တော်၏ ထင်ရှားခြင်းကို ခမည်းတော်သည်လည်း အသင်းတော်အားဖြင့် ကိုယ်တော်၌ ဘုန်းထင်ရှားလာရသည် (ဧ၊၃း၂၁။

၁တိ၊ ၃း၁၅–၁၆)။ တမန်တော်ဝတ္ထု၌ အသင်းတော်၏ပင်တေကုတ္တေနေ့ကို ကြည့်ကြပါစို့။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်၏ လှုပခြင်း၊ ပုံပန်းသဏ္ဍာန်နှင့် ကြွယ်ဝခြင်းများကို မြင်တွေ့ရမည်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းနေ့မှစ၍ သခင်ဘုရားဒုတိယအကြိမ်ကြွလာသည့်နေ့ရက်တိုင်အောင် အသင်းတော်၏ခေတ်ကာလဖြစ်သည်။ ဤခေတ်ကာလ၌၊ သခင်ဘုရားသည် ယုံကြည်သူများ၌ ဘုန်းထင်ရှားခြင်းခံရမည်ဖြစ်သည်။ မျိုးရိုးစဉ်ဆက်များအားလုံး၌ သားတော်ဘုရားသည် တည်ရှိကာ၊ ဘုန်းထင်ရှားနေမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုပြသရန် အတူတကွလာကြသည်ဟူ၍ ပြောဆိုနိုင်ခြင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုန်းထင်ရှားနေခြင်းနှင့် ကိုယ်တော့်ကို ထင်ရှားပြသနေခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် သက်သေခံနေသည်ဟု ဆိုနိုင်ခြင်းမှာ ကျွန်ုပ်တို့အားဖြင့် ခရစ်တော်ကို ကြီးမားထင်ရှားနေခြင်းကို ဆိုလိုသည်။ သခင်ဘုရားကို သက်သေခံခြင်းမှာ ကျွန်ုပ်တို့အားဖြင့် သခင်ဘုရားကို ကြီးမားထင်ရှားခြင်းနှင့် ဘုန်းထင်ရှားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ အလုပ်၊ ကျောင်းနှင့် အခြားနေရာများစွာ၌ ကျွန်ုပ်တို့သည် သခင်ယေရှုအတွက် သက်သေခံရန် အလိုရှိခြင်းမှာ ကျွန်ုပ်တို့အားဖြင့် သခင်ဘုရားကို ကြီးမားထင်ရှားစေရန် အလိုရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အားဖြင့် ကြီးမားထင်ရှားခြင်းနှင့် ဘုန်းထင်ရှားခြင်း ရှိလာခြင်းမှာ ထိုအချိန်၌ ခမည်းတော်သည်လည်း သခင်ဘုရား၌ ဘုန်းထင်ရှားနေခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ဘုရား၏ဆုတောင်းခြင်းသည် အသင်းတော်အားဖြင့် ယနေ့ ပြည့်စုံနေရခြင်းဖြစ်သည်။

ယော၊၁၇၌ သခင်ဘုရား၏ဆုတောင်းချက်ကို ပြည့်စုံစေသည့် တတိယအဆင့်မှာ အဘယ်နည်း။ ၎င်းမှာ ယေရုရှလင်မြို့သစ်ဖြစ်သည်။ သန့်ရှင်းသောမြို့အားဖြင့်၊ သားတော်သည် ဘုန်းတော်၌ အလုံးစုံထင်ရှားလာခြင်းနှင့် ဘုရားသခင်သည်လည်း ထာဝရကာလအတွက် ကိုယ်တော်၌ ဘုန်းထင်ရှားခြင်းခံရလိမ့်မည်ဖြစ်သည် (ဗျာ၊ ၂၁း၁၁၊ ၂၃–၂၄)။ ယေရုရှလင်မြို့သစ်၏ရုပ်ပုံကားချပ်ကို ကြည့်ပါ။ ၎င်းသည် ခရစ်တော်ကို ထင်ရှားရန်၊ ခရစ်တော်အားဖြင့် ဘုရားသခင်ကို ထင်ရှားစေရန်၊ ထည့်စရာခွက်ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် သားတော်၏ ဘုန်းထင်ရှားခြင်းဖြစ်သည်၊ ထို့ကြောင့် ခမည်းတော်သည်လည်း သားတော်အားဖြင့် ဘုန်းထင်ရှားခံရခြင်းဖြစ်သည်။

ပြည့်စုံခြင်း၏ပထမအဆင့်မှာ ယေရှု၏ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းဖြင့်၊ သခင်ယေရှုသည် ကြီးမားထင်ရှားခြင်းနှင့် ဘုန်းထင်ရှားခြင်းခံရသည်။ ဤဘုန်းထင်ရှားခြင်းဖြင့် ခမည်းတော်သည်လည်း ဘုန်းထင်ရှားခြင်း

ခံရသည်။ ၎င်းပြည့်စုံခြင်း၏ဒုတိယအဆင့်သည် အသင်းတော်၌ ဖြစ်သည်။ ပင်တေကုတ္တေနေ့မှစ၍ သခင်ဘုရားဒုတိယအကြိမ်ကြွလာသည့်နေ့တိုင်အောင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကြီးမားထင်ရှားခြင်းဖြင့်၊ သန့်ရှင်းသူများအားဖြင့် ခရစ်တော်ကို ဆက်လက်ကြီးမားထင်ရှားစေလိမ့်မည်ဖြစ်သည်။ တစ်နည်းဆိုပါက၊ သန့်ရှင်းသောဝိညာဉ်တော်သည် အသင်းတော်အားဖြင့် ဘုန်းထင်ရှားနေမည်ဖြစ်သည်။ ခရစ်တော်ဘုန်းထင်ရှားခြင်း၌ ခမည်းတော်သည်လည်း သားတော်၌ ဘုန်းထင်ရှားခြင်းခံရလိမ့်မည်ဖြစ်သည်။ ဤဆုတောင်းချက်ပြည့်စုံခြင်း၏ နောက်ဆုံးအဆင့်သည် ပြည့်စုံခြင်း၏နေ့ရက်အချိန်၌ ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။ ထိုအချိန်၌၊ ဓမ္မဟောင်းနှင့် ဓမ္မသစ်ရှိ ရွေးနုတ်ခြင်းခံရသောသူအားလုံးတို့သည် သုံးပါးတစ်ပါးဘုရား၏လုံးလုံးထင်ရှားခြင်းအဖြစ်အတူတကွပေါင်းစည်းလာလိမ့်မည်ဖြစ်သည်။ ဤလုံးလုံးထင်ရှားခြင်း၌ ခရစ်တော်သည် မီးခုံတိုင်ဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်သည် အလင်းဖြစ်လာလိမ့်မည်ဖြစ်သည်။ ခရစ်တော်သည် ယေရုရှလင်မြို့သစ်အားဖြင့် ကြီးမားထင်ရှားခြင်းနှင့် ဘုန်းထင်ရှားခြင်းခံရလိမ့်မည်ဖြစ်ပြီး၊ ခမည်းတော်ဘုရားသည် သားတော်၌လည်းကောင်း၊ ယေရုရှလင်မြို့သစ်အားဖြင့်လည်းကောင်း၊ ကြီးမားထင်ရှားခြင်းနှင့် ဘုန်းထင်ရှားခြင်းခံရလိမ့်မည်ဖြစ်သည်။ ဤသည်မှာ "သားတော်သည် ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါမည်အကြောင်း"ဟူ၍ဆိုသည့် သခင်ဘုရား၏နှုတ်ကပတ်တော် လုံးလုံးပြည့်စုံလာခြင်းဖြစ်သည် (ယော၊၁၇း၁)။ (*Life -study of John,* pp. 460, 462- 463)

*ပို၍ဖတ်ရန်- The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure,* ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၁၄း၂** **ငါ့အဖအိမ်တော်၌ နေစရာများစွာရှိ၏။ . . . သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှါ ငါသွားရ၏။**

**၁၅း၅** **ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။**

**၁၆း၂၁** **မိန်းမသည် သားကိုဖွားစဉ်အခါ ဖွားရသောအချိန်ရောက်သောကြောင့် ဝမ်းနည်းခြင်းရှိ၏။ သူငယ်ကိုဖွားမြင်ပြီးမှ ဤလောက၌ လူတစ်ယောက်ကို ဖွားမြင်သောကြောင့် ဝမ်းမြောက်ခြင်းရှိ၍၊ အထက်ကခံရသောဝေဒနာကို မေ့လျော့တတ်၏။**

ယော၊၁၄မှ ၁၆၌ ယုံကြည်သူများအား သခင်ဘုရားနောက်ဆုံး မိန့်မှာတော်မူသောစကားတော်၌ ဘုန်းတော်ကို ထိတွေ့ပြသနိုင်သော စုပေါင်းထင်ရှားခြင်းကို မြင်တွေ့ရသည်၊– ၎င်းတို့မှာ ၁၄း၂၌ ခမည်းတော်၏ အိမ်တော် (အသင်းတော်)၊ ၁၅း၁–၅၌ စပျစ်နွယ်ပင်၏ အကိုင်းအခက်များ (ခရစ်တော်၏ ကိုယ်ခန္ဓာတော်စေ့စပ်ထုံးဖွဲ့ခြင်း)နှင့် ၁၆း၂၁၌ အသစ်တစ်ဖန်မွေးဖွားခံရသည့် စုပေါင်းထားသောလူ(လူသစ်)တို့ဖြစ်သည်။ ဤအရာအားလုံးသည် အသင်းတော်ကို ဆိုလိုခြင်းဖြစ်သည်။ အသင်းတော်သည် ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြင့် ဘုန်းထင်ရှားတော်မူသောခရစ်တော်အားဖြင့် ပေါ် ထွက်လာသည့် ဘုန်းထင်ရှားတိုးပွားခြင်းကို ပြသသည်။ ဤသို့ ဘုန်းထင်ရှားတိုးပွာခြင်း၌ ဘုရားသခင်၏ သားတော်၊ ခရစ်တော်သည် ဘုန်းထင်ရှားခြင်းခံရသည်၊ ဤဘုန်းထင်ရှားခြင်း၌ ခမည်းတော်ဘုရားကိုလည်း ဘုန်းထင်ရှားခြင်း ဖြစ်စေသည်၊ ဤသည်မှာ အသင်းတော်အားဖြင့် အပြည့်အဝထင်ရှားခံရခြင်းကို ဆိုလိုသည် (ဧ၊၃း ၁၉–၂၁)။ ဤထင်ရှားခြင်းသည် သုံးပါးတစ်ပါးဘုရား၏ တစ်လုံးတစ်ဝရှိခြင်း၌ စောင့်ထိန်းခြင်းကိုခံယူဖို့ လိုအပ်သည်။ ထို့ကြောင့် သခင်ဘုရားသည် ယော၊၁၇၌ သူ၏ဆုတောင်းချက်အဆုံးသတ်တွင် ဤအရာအတွက် အထူးဆုတောင်းခြင်းဖြစ်သည်(အငယ်၊ ၂၀–၂၃)။ ခရစ်တော်၏ ဘုန်းထင်ရှားတိုးပွားခြင်းသည် ယောဟန်၏ ခရစ်ဝင်ကျမ်း၌ ဖွင့်ပြထားသည့် အမြင့်ဆုံးနက်နဲခြင်းဖြစ်ပြီး၊ ၎င်း၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းသည် ဗျာဒိတ်ကျမ်းရှိ ယေရုရှလင်မြို့သစ်ဖြစ်သည်။ သန့်ရှင်းသောမြို့တော်သစ်သည် လူသားမျိုးရိုးစဉ်ဆက်တစ်လျှောက်လုံး ခရစ်တော်၏ တိုးပွားများပြားလာခြင်းလုံးလုံး ဖြစ်လိမ့်

မည်ဖြစ်ပြီး၊ ၎င်း၌ ခရစ်တော်၏ ဘုရားဘုန်းထင်ရှားခြင်းသည် အမြင့်ဆုံးထင်ရှားခြင်း ဖြစ်လိမ့်မည်။ သားတော်ဘုရား၏ ဘုန်းထင်ရှားခြင်း၌ ခမည်းတော်ဘုရားသည်လည်း ထာဝရကာလ၌ ကိုယ်တော်ကို အပြည့်အဝထင်ရှားစေမည့် ထာဝရအတုမဲ့ ဘုန်း ထင်ရှားခြင်းကို ရရှိလိမ့်မည်ဖြစ်သည်။ သို့ဖြစ်၍ ကိုယ်တော်၏ ထာဝရစီမံကိန်းကို ထာဝရ ကာလအတွက် ပြည့်စုံစေလိမ့်မည်ဖြစ်သည်။ (John 12;24, footnote 2)

## ယနေ့ဖတ်စရာ

ဤတစ်လုံးတစ်ဝရှိခြင်းသည် သခင်ဘုရား၏ အလိုဆန္ဒတစ်စုံတစ်ရာဖြစ်သည်။ သခင်ဘုရား၏ ထိုအလိုဆန္ဒသည် ကိုယ်တော်၏ ပြင်းပြသောရည်မှန်းချက်ဖြစ်လာသည်၊ ဤပြင်းပြသောရည်မှန်းချက်ကို ယော၊၁၇၌ သခင်ဘုရားဆက်ကပ်ဆုတောင်းချက်၌ ဖော်ပြပါရှိသည် (အငယ်၊ ၂၊ ၆၊ ၁၁၊ ၁၄–၂၄)။ ယော၊၁၇၌ သခင်ဘုရားဆုတောင်းချက် မှာ တစ်လုံးတစ်ဝရှိခြင်းအကြောင်းအရာဖြစ်သည်။ သခင်ဘုရားသည် ဤဆုတောင်း ခြင်းကို ဘုရားဆိုင်ရာပြင်းပြသောရည်ရွယ်ချက်မှ ထွက်ပေါ်လာသောတောင်းလျှောက် ခြင်း ဖြစ်သည်။ ထိုအချိန်က ဤတစ်လုံးတစ်ဝရှိခြင်းသည် စစ်မှန်ခြင်းမရှိသေးပါ။ သို့ သော်ငြားလည်း ဤတစ်လုံးတစ်ဝရှိခြင်း၏ ပုံစံသည် သုံးပါးတစ်ပါးဘုရား၏ သုံးပါးအ လယ်တွင် တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ခမည်းတော်နှင့် သားတော်သည် တစ်လုံးတစ် ဝရှိခြင်းဖြစ်သည် (အငယ်၊၁၁၊ ၂၁)၊ ဤတစ်လုံးတစ်ဝရှိခြင်းသည် ဝိညာဉ်တော်ဖြစ်သည် သို့မဟုတ် ဝိညာဉ်တော်၌ ရှိသည်။ ယော၊၁၇၌ သခင်ဘုရားသည် သုံးပါးတစ်ပါးဘုရားကို ဖော်ပြရန် အများကိန်းနာမ်စား အကျွန်ုပ်တို့ (အငယ်၊၁၁)နှင့် ငါတို့ (အငယ်၊ ၂၁)ဟူ၍ သုံးနှုန်းထားသည်။ သုံးပါးတစ်ပါးဘုရားသည် တစ်ပါးတည်းဖြစ်သည်၊ ထိုတစ်လုံးတစ်ဝ ရှိခြင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝရှိခြင်း၏ ပုံစံနမူနာဖြစ်သည်။ ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝရှိခြင်းသည် ပုံစံနမူနာဖြစ်သော သုံးပါးတစ်ပါး၏ သုံးပါး အလယ်ရှိ တစ်လုံးတစ်ဝရှိခြင်းဖြစ်သောကြောင့်၊ ယော၊၁၇၌ ကျွန်ုပ်တို့အား ဤတစ် လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါးဘုရားဖြင့် လုံးလုံးနစ်မြုပ်နေခြင်းဖြစ်ကြောင်း ဆို ရခြင်းဖြစ်သည် (အငယ်၊ ၂၁)။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါးဘုရား၏ ကြီးမားကျယ်ပြန့်သော တစ်လုံးတစ်ဝရှိခြင်းသာ ဖြစ်သည်။ ပုံစံနမူနာသည် သခင်ဘုရားဆုတောင်းသောအချိန်၌ ရှိနေပြီးဖြစ်သည်၊ သို့သော် ကြီးမားကျယ်ပြန့်ခြင်းသည် ဖြစ်လျက်ရှိသည်။ ဤကြီးမားကျယ်ပြန့်သော တစ်လုံး တစ်ဝရှိခြင်းသည် ပင်တေကုတ္တေနေ့မှ စတင်ရောက်ရှိလာခြင်းဖြစ်သည်။ ဝိညာဉ်တော် သွန်းလောင်းခြင်းဖြင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ခြင်းဖြစ်သည် (၁ကော၊

၁၂း၁၃)။ ထိုကိုယ်ခန္ဓာတော်သည် အခိုင်အမာတစ်လုံးတစ်ဝရှိခြင်း ဖြစ်သည်။ (*The Intrinsic Problem in the Lord's Recovery Today and Its Scriptural Remedy,* pp. 10-11)

ခရစ်ယာန်များအလယ်တွင် အခက်ခဲဆုံးသောအရာမှာ တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရန်ဖြစ်သည်။ (ကိုးကွယ်ခံသုံးပါးအလယ်ရှိတစ်လုံးတစ်ဝရှိခြင်း၏ပုံတူကူးခြင်းဖြစ်သော ဘုရားဆိုင်ရာတစ်လုံးတစ်ဝရှိခြင်းကို ထုတ်လုပ်ရန်မှာ) သုံးပါးတစ်ပါးဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းမှလွဲ၍ အခြားနည်းလမ်းမရှိပါ။ ကျွန်ုပ်တို့သည် အကိုးကွယ်ခံသုံးပါးတစ်ပါးဘုရားကို ထင်ရှားနိုင်သည့်အတိုင်းအတာထိရောက်အောင် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ဖို့လိုသည်။ ထိုနောက် တစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့အလယ်တွင် ရှိလာမည်ဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်းကို ပြန်လည်ထုတ်လုပ်နိုင်ခြင်းမှာ သုံးပါးတစ်ပါးဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ အပြင်ဘက်ရှိ ကျွန်ုပ်တို့၏ အရာအားလုံးကို ငြင်းပယ်ရမည်၊ စွန့်လွှတ်ရမည် ဖယ်ရှားပြစ်ရမည်ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားမဟုတ်သည့် အရာတိုင်းသည် ကွဲပြားစေသောအကြောင်းရင်းခံ ဖြစ်လာနိုင်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ သုံးပါးတစ်ပါးဘုရားရှိခြင်းဖြင့် တစ်လုံးတစ်ဝအထဲသို့ စုံလင်ခြင်းခံယူကြရမည်ဖြစ်သည်။ (*Living in and with the Divine Trinity,* pp. 133-134 )

*ပို၍ဖတ်ရန်-* *The Intrinsic Problem in the Lord's Recovery Today and Its Scriptural Remedy,* ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ဤလောကထဲမှယူ၍ အကျွန်ုပ်၌ အပ်ပေးတော်မူသောသူတို့အား**
**၁၇း၆ အကျွန်ုပ်သည် ကိုယ်တော်၏နာမကို ပြပါပြီ။ ...**
**၁၁ ...သန့်ရှင်းတော်မူသောအဖ၊ ကိုယ်တော်နှင့် အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်အားပေးတော်မူသော ဤသူတို့သည် တစ်လုံးတစ်ဝဖြစ်ရပါမည်အကြောင်း၊ သူတို့ကို ကိုယ်တော်၏နာမ၌ စောင့်ထိန်းတော်မူပါ။**

**၆း၅၇ အသက်ရှင်တော်မူသောခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍၊ ငါသည် ခမည်းတော်ကြောင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကိုစားသောသူသည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်။**

ယော၊၁၇း၆နှင့် အငယ်၊၂၆ရှိ *ကိုယ်တော်၏နာမ* သည် ခမည်းတော်၏နာမတော်ကို ဆိုလိုခြင်းဖြစ်သည်။ သားတော်သည် သူ၌ ခမည်းတော်အပ်ပေးတော်မူသောလူတို့အား ခမည်းတော်ကို ကြီးမားထင်ရှားစေရန်နှင့် ခမည်းတော်၏နာမကို သိစေရန် (အငယ်၊၂၆) ကြွလာတော်မူပြီး၊ ခမည်းတော်၏နာမ၌ လုပ်ဆောင်တော်မူသည် (၅း၄၃)။ ထိုနာမတော်သည် အသက်တိုးပွားပျံ့နှံ့ရန်နှင့် အဆတိုးပွားလာစေရန်အတွက် အသက်၏ အရင်းအမြစ်ဖြစ်သော ခမည်းတော်ကို ဖွင့်ပြခြင်းဖြစ်သည် (၅း၂၆)။ များစွာသောသားများသည် ခမည်းတော်ကို ထင်ရှားရန် ခမည်းတော်၏မွေးဖွားခြင်းကိုခံကြရမည်ဖြစ်သည် (၁း၁၂–၁၃)။ ထိုကြောင့် ခမည်းတော်၏အသက်သည် ဘုရားအသက်နှင့် လွန်စွာဆက်နွယ်လျက်ရှိသည်။ (ယော၊၁၇း၆၊ မှတ်စု၊၁)

သားတော်ကိုယုံကြည်သူများသည် လောက၌ ရှိနေကြသေးသည်။ သုံးပါးတစ်ပါးဘုရားသည် တစ်လုံးတစ်ဝရှိသကဲ့သို့၊ သူတို့သည်လည်း တစ်လုံးတစ်ဝရှိနိုင်ရန် စောင့်ထိန်းခြင်းခံဖို့ လိုအပ်သည်။ ဆိုလိုသည်မှာ သူတို့သည် သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိရမည့်အကြောင်းဖြစ်သည်။ ထိုကြောင့် သန့်ရှင်းတော်မူသောခမည်းတော်သည် သူတို့အား စောင့်ထိန်းပေးပါရန် သားတော်သည် ဆုတောင်းရခြင်းဖြစ်သည်။ (ယော၊ ၁၇း၁၁၊ မှတ်စု၊၁)

ခမည်းတော်၏နာမတော်၌ စောင့်ထိန်းခံခြင်းသည် ကိုယ်တော်၏အသက်အားဖြင့် စောင့်ထိန်းခြင်းကိုခံယူခြင်းဖြစ်သည်၊ အကြောင်းမှာ ခမည်းတော်၏မွေးဖွားခြင်းကိုခံယူခြင်းနှင့် ခမည်းတော်၏အသက်၌ ရှိသူများသာလျှင် ခမည်းတော်၏နာမ၌ ပါဝင်ဆက်ဆံနိုင်မည်ဖြစ်သည်။ သားတော်သည် သူ့အား ခမည်းတော်ပေးတော်မူသော သူတို့

အား ခမည်းတော်၏ အသက်ကို ပေးတော်မူသည် (အငယ်၊ ၂)။ ထို့ကြောင့် သူတို့သည် ဤအထဲ၌ ရှိခြင်းဖြင့် ခမည်းတော်၏ နာမကို ဝေမျှပေးကြ၍၊ သူတို့သည် ထိုအထဲ၌ တစ်လုံးတစ်ဝရှိကြခြင်းဖြစ်သည်။ ယုံကြည်သူများ၏ တည်ဆောက်ခြင်း၌ ပထမပုံပန်းသဏ္ဌာန်ဖြစ်သည့် ဤတစ်လုံးတစ်ဝရှိခြင်းမှာ ခမည်းတော်၏ နာမ၌၊ ကိုယ်တော်၏ ဘုရားအသက်အားဖြင့် တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ တစ်လုံးတစ်ဝရှိခြင်း၏ ပုံပန်းသဏ္ဌာန်၌ ခမည်းတော်၏ အသက်ဖြင့် မွေးဖွားခြင်းကိုခံကာ၊ ခမည်းတော်၏ နာမတော်ကို မွေ့လျော်ဝမ်းမြောက်သော ယုံကြည်သူများသည် သူတို့၏ တစ်လုံးတစ်ဝရှိခြင်း၏ အကြောင်းရင်းခံမှာ ခမည်းတော်ကိုယ်တော်တိုင်ဖြစ်သည်။ (John 17:11, footnote 2)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝရှိခြင်း၏ အဆင့်သုံးဆင့်ကို သေချာစွာစဉ်းစားကြဖို့ လိုအပ်သည်။ တစ်လုံးတစ်ဝရှိခြင်း၏ ပထမအဆင့်မှာ ခမည်းတော်၏ နာမနှင့် အသက်၌ ယုံကြည်သူများ အားလုံး၏ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ခမည်းတော်၏ နာမတော်၏ အဓိပ္ပါယ်မှာ အဘယ်နည်း။ ခမည်းတော်၏ နာမတော်မှာ ခမည်းတော်ကိုယ်တော်တိုင်ဖြစ်သည့် ခမည်းတော်၏ ပုဂ္ဂိုလ်တော်ကို ဆိုလိုခြင်းဖြစ်သည်။ ခမည်းတော်သည် အသက်၏ အရင်းအမြစ်ဖြစ်သည်။ ယုံကြည်သူများ၏ တစ်လုံးတစ်ဝရှိခြင်းသည် အသက်၏ အရင်းအမြစ်ဖြစ်သော ခမည်းတော်ကိုယ်တော်တိုင်(ပုဂ္ဂိုလ်တော်)မှ ပေါ် ထွက်လာခြင်းဖြစ်သည်။ သခင်ဘုရား၏ အလိုဆန္ဒဖြစ်သော တစ်လုံးတစ်ဝရှိခြင်း၏ ပထမအဆင့်သည် အရင်းအမြစ်ဖြစ်သော ခမည်းတော်ထံမှ ပေါ် ထွက်လာခြင်းဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ကို မလိုအပ်ပါ။ ကျွန်ုပ်တို့သည် အရင်းအမြစ်မဟုတ်ပါ။ ခမည်းတော်သာလျှင် အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူ့အသက်ဖြင့် အသက်မရှင်သင့်ပါ။ ကျွန်ုပ်တို့သည် ခမည်းတော်၏ ဘုရားအသက်ဖြင့် အသက်ရှင်ရမည်။ ခမည်းတော်၏ အသက်သာလျှင် အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် အခြေခံကျကျဆိုပါက၊ ယုံကြည်သူများ၏ တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် သခင်ယေရှုဆုတောင်းချက်မှာ လူထက်၊ အရင်းအမြစ်ဖြစ်သော ခမည်းတော်နှင့်အတူရှိခြင်းအတွက် ဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်ဖို့လိုသည်။

ထို့မျှမက၊ ဤတစ်လုံးတစ်ဝရှိခြင်းသည် ခမည်းတော်၏ အသက်၌ ဖြစ်သည်။ ခမည်းတော်သည် အရင်းအမြစ်ဖြစ်၍၊ ခမည်းတော်၏ အသက်သည် ဒြပ်သဘောသဘာဝဖြစ်သည်။ ခမည်းတော်၏ အသက်သည် တစ်လုံးတစ်ဝရှိခြင်းအတွက် ဒြပ်သဘောသဘာဝဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့လိုက်လျှောက်ကြသည့် တစ်လုံးတစ်ဝရှိခြင်းသည်

အရင်းအမြစ်ဖြစ်သော ခမည်းတော်အသက်ဖြစ်တော်မူသော အသက်၏ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်း၌ အရင်းအမြစ်ဖြစ်သော ခမည်းတော်နှင့် ဒြပ်သဘောသဘာဝဖြစ်သော ကိုယ်တော်၏ အသက်ရှိသည်။ ဤအရာသည် ရိုးစင်းသည်ဟု ထင်ရသော်လည်း၊ ၎င်း၏ပြဋ္ဌာန်းချက်များသည် ဟာကွက်မရှိတင်းကျပ်သည်။ ကျွန်ုပ်တို့ဖြစ်သည့်အရာတိုင်းနှင့် လုပ်ရမည်ဆိုသည့်အရာတိုင်းကို အဆုံးသတ်ရမည်ဖြစ်သည်။ သန့်ရှင်းသူများ ထောင်ပေါင်းများစွာနှင့် သန်းပေါင်းများစွာ ရှိလင့်ကစား၊ တစ်ခုတည်းသောအတွင်းအနှစ်သာရဖြင့် တစ်ခုတည်းသောအရင်းအမြစ်နည်းလမ်း၌သာ ရှိမည်ဆိုပါက၊ တစ်လုံးတစ်ဝ အမှန်ပင်ရှိလာလိမ့်မည်ဖြစ်သည်။ ထိုကြောင့် ဤတစ်လုံးတစ်ဝရှိခြင်းသည် ခရစ်ယာန်အများစု စဉ်းစားသည့်အတိုင်း မဟုတ်ပါ။ ၎င်းသည် လူတစ်စုအတူတကွ တစ်လုံးတစ်ဝရှိခြင်းနှင့် သဘောတစ်ခုတည်း၊ အမြင်တစ်ခုတည်းရှိရန် တစ်ဦးကိုတစ်ဦး အခိုင်အမာယုံကြည်ခြင်းမျိုး မဟုတ်ပါ။ ဤအရာမှာ ရွှံ့ရောင်ထသောတစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ဤအရာသည် ရွှေရောင်လွှမ်းသောတစ်လုံးတစ်ဝရှိခြင်းမဟုတ်ပါ။ သခင်ဘုရားအလိုတော်ရှိသည့် တစ်လုံးတစ်ဝရှိခြင်းမှာ အရင်းအမြစ်ဖြစ်သော ခမည်းတော်ကိုယူဆောင်၍ ကိုယ်တော်၏ အသက်အားဖြင့် အသက်ရှင်ကာ၊ ထိုသို့သော အရင်းအမြစ်နှင့် ထိုသို့သောအသက်၌ ကျွန်ုပ်တို့ရှိသည့် တစ်လုံးတစ်ဝရှိခြင်း ဖြစ်သည်။ ခမည်းတော်၏ အသက်နှင့်အတူရှိသည့် ကိုယ်တော်၏ သဘောသဘာဝသည် ကျွန်ုပ်တို့၌ တစ်လုံးတစ်ဝရှိခြင်း၏ ဒြပ်သဘောသဘာဝဖြစ်လာသောအခါ၊ ကျွန်ုပ်တို့သည် အလိုအလျောက်တစ်လုံးတစ်ဝရှိလာလိမ့်မည်ဖြစ်သည်။ (*The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure*,, pp. 12-13)

*ပို၍ဖတ်ရန်-* *The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure*, ch. 1; *Life-study of John*, msg. 39

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၁၇း၁၇–၂၁** **ကိုယ်တော်၏သမ္မာတရား၌ သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကအထဲသို့ စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည်လည်း ဤသူတို့ကို လောကအထဲသို့ စေလွှတ်ပါ၏။ သူတို့သည် သမ္မာတရား၌ မိမိတို့ကိုယ်ကို သန့်ရှင်းစေမည်အကြောင်း၊ အကျွန်ုပ်သည် သူတို့အဖို့အလို့ငှါ ကိုယ်ကိုသန့်ရှင်းစေပါ၏။ ထိုသူတို့အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည် မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြည်မည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဖ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှါ ဆုတောင်းပါ၏။**

ယုံကြည်သူများတစ်လုံးတစ်ဝရှိခြင်း၏ ဒုတိယပုံပန်းသဏ္ဍာန်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် လောကမှခွဲခြားကာ သန့်ရှင်းစင်ကြယ်စေခြင်းဖြင့် သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း ဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်း၏ ပုံပန်းသဏ္ဍာန်၌ ဘုရားသခင်ထံသို့ လောကမှခွဲခြားခြင်းခံသော ယုံကြည်သူများသည် သူတို့၏ တစ်လုံးတစ်ဝရှိခြင်း၏ အကြောင်းရင်းခံဖြစ်သော သုံးပါးတစ်ပါးဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ (ယော၊၁၇း ၂၁။ မှတ်စု၊၁)။

တစ်လုံးတစ်ဝရှိခြင်း၏ ဒုတိယအဆင့်မှာ ခမည်းတော်၏ သန့်ရှင်းစင်ကြယ်သော နှုတ်ကပတ်တော်၏ စစ်မှန်ခြင်း၌ ယုံကြည်သူများ အားလုံး၏ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ သခင်ဘုရားသည် ခမည်းတော်၏ နာမနှင့် ကိုယ်တော်၏ ထာဝရအသက်ကို ကျွန်ုပ်တို့အား ပေးတော်မူသည်။ သို့သော် ကိုယ်တော်သည် ကျွန်ုပ်တို့အား လောကကို စွန့်ခွာရန် မပြောဆိုပါ။ ကျွန်ုပ်တို့သည် လောက၌မည်သို့ အသက်ရှင်နေထိုင်ရမည်နည်း။ ဤရည်ရွယ်ချက်အတွက် ကိုယ်တော်သည် ကျွန်ုပ်တို့အား ခမည်းတော်၏ နှုတ်ကပတ်တော်ကို ပေးခြင်းဖြစ်သည်။ ခမည်းတော်၏ နှုတ်ကပတ်တော်သည် စစ်မှန်ခြင်းတည်းဟူသော

ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် မရှိပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စစ်မှန်ခြင်းကို ထိတွေ့နိုင်မည်မဟုတ်ပါ။ ယနေ့ ဘုရားသခင်သည် ကိုယ်တော်၏ နှုတ်ကပတ်တော်၌ ရှိသည်။ ဤနှုတ်ကပတ်တော်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည့် ဘုရားသခင်၏ စစ်မှန်ခြင်း ဖြစ်သည်။ ဤစစ်မှန်ခြင်းဖြစ်သည့် ဘုရားသခင်ကိုယ်တော်တိုင်၌ ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေသည့် သီးသန့်လုပ်ငန်းဆောင်တာရှိသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မကြာမကြာ ဖတ်ရှုသူများဖြစ်သော ကျွန်ုပ်တို့သည် ဤတွေ့ကြုံခံစားမှုရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျမ်းစာကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ နံနက်အချိန်၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အနည်းငယ်ဖတ်ပြီး တစ်နေ့လုံး၌ အနည်းငယ်သော နှုတ်ကပတ်တော်ကို စဉ်းစားနေသမျှကာလပတ်လုံး၊ ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ခြင်းကိုခံရမည်ဖြစ်သည်။ (*The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure,*, pp. 13-14)

## ယနေ့ဖတ်စရာ

သန့်ရှင်းသူတစ်ဦးက သူ၏ အသိဉာဏ်သည် ထက်မြက်ခြင်းမရှိသောကြောင့်၊ သူဖတ်ရှုသောကျမ်းစာရှိ အကြောင်းအရာများကို မေ့သွား၍ သတိထားနေရကြောင်း ဖွင့်ပြပြောဆိုသည်။ ညီအစ်ကို Watchman Nee က လူတစ်ဦးသည် ကျမ်းစာဖတ်ပြီးမေ့တတ်သည်မှာ မှန်ကြောင်း ပြောဆိုခြင်းဖြင့် သူ့ကို နှစ်သိမ့်ပေးရသည်။ လူတစ်ယောက်သည် ဝါးခြင်းတောင်းကိုယူ၍ ခြင်းတောင်းထဲရှိဆန်ကို ဆေးကြောရန် မြစ်ကမ်းပါးသို့သွားပြီး အကြိမ်များစွာခြင်းတောင်းကို ရေတွင်နှစ်လိုက် မလိုက်လုပ်ဆောင်ခြင်းကို ညီအစ်ကိုNeeက ပုံဆောင်ချက်ဖြင့် ပြောဆိုပြသည်။ သို့သော် ခြင်းတောင်းထဲတွင် ရေတစ်စက်မှမကျန်ဘဲ ခြင်းတောင်းနှင့် ဆန်သာ ဆေးကြောခံရ၍ သန့်ရှင်းစင်ကြယ်သွားကြောင်း တွေ့ရှိရသည်။ ကျွန်ုပ်တို့သည် အကြိမ်များစွာ ကျမ်းစာရှိ စာသားများကို အလွတ်ကျက်မှတ်ရန် လွန်စွာကြိုးစားအားထုတ်ကြသည်၊ ရက်အနည်းငယ်ကြာသောအခါ ကျွန်ုပ်တို့ ဘာမျှသတိမရခြင်းကိုသာ တွေ့မြင်ရသည်။ အရာအားလုံး ပျောက်ဆုံးသွားသည်ဟု ထင်မြင်ရသည်။ သို့သော် အမှန်၌ ကျွန်ုပ်တို့သည် သခင်ဘုရား၏ နှုတ်ကပတ်တော်ကို တစ်ကြိမ်ပြီးတစ်ကြိမ် ဖတ်သောအခါ၊ ကျွန်ုပ်တို့၌ရှိသော လောကအရာများအားလုံးသည် ဖယ်ရှားခြင်းခံရ၍၊ ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေမည်ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဘုရားသခင်၏ စစ်မှန်ခြင်းကို ယူဆောင်လာ၍၊ ၎င်းသည် ကျွန်ုပ်တို့၌ သန့်ရှင်းစင်ကြယ်စေကာ ရောနှောနေသောလောကမှ ကျွန်ုပ်တို့ကို

ကယ်တင်ရန် သီးသန့်အကျိုးကို ဖြစ်ထွန်းစေသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ သီးခြားဖြစ်လာနိုင်ပေသည်။

ကမ္ဘာလောကသည် အရောအနှောများဖြင့် ပြည့်နှက်လျက်ရှိသည်။ သို့သော် ဘုရားသခင်၏ စစ်မှန်ခြင်းနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစေပြီး၊ စင်ကြယ်ခြင်းကို ပြုပေးသည်။ ဤစင်ကြယ်ခြင်း၏ ရလဒ်သည် သန့်ရှင်းခြင်းဖြစ်သည်။ သီးခြားဖြစ်လာသည့် အရာအားလုံးသည် သန့်ရှင်းစင်ကြယ်လာသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ပို၍ရှိလာလေလေ၊ ပို၍သန့်ရှင်းစင်ကြယ်လာလေလေဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မရှိဘဲ၊ လောက၌ရှိနေသော လူသည် ခက်ခဲရှုပ်ထွေး၍ သန့်ရှင်းစင်ကြယ်ခြင်းမရှိပါ။ သို့သော် ကျွန်ုပ်တို့၏ အတွင်းထဲတွင် ဘုရားသခင်၏ နှုတ်ကပတ်တော်ရှိနေမည်ဆိုလျှင်၊ ဤနှုတ်ကပတ်တော်သည် ဘုရားသခင်၏ စစ်မှန်ခြင်းနှင့်အတူရှိခြင်းဖြင့် ဘုရားသခင်ထံသို့ ကျွန်ုပ်တို့သီးခြားဖြစ်လာစေရန် ကျွန်ုပ်တို့၏ အတွင်းထဲတွင် သန့်ရှင်းစင်ကြယ်ခြင်းအလုပ်ကို လုပ်ဆောင်လိမ့်မည်ဖြစ်၍ ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေမည်ဖြစ်သည်။ ဘုရားသခင်သည် သန့်ရှင်းစင်ကြယ်ခြင်းဘက်တွင် ရှိနေပြီး၊ လောက၏ မင်းစာတန်သည် ရောနှောရှုပ်ထွေးခြင်းဘက်တော်သားဖြစ်သည်။ စာတန်သည် ရောနှောရှုပ်ထွေးသောလောက၏ မင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဘုရားသခင်သည် သန့်ရှင်းစင်ကြယ်ခြင်း၏ ဘုရားဖြစ်သည်။ စစ်မှန်ခြင်း၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေသည်၊ ဘုရားသခင်၌ သန့်ရှင်းစင်ကြယ်လာစေရန် ကျွန်ုပ်တို့ကို လှည့်ပြန်စေခြင်းဖြင့် ရောနှောရှုပ်ထွေးသောလောကမှ ကျွန်ုပ်တို့ကို ကယ်တင်ပေးသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝရှိလာသည်။

ထို့ကြောင့် ခမည်းတော်၏ နာမတော်သည် ကျွန်ုပ်တို့တစ်လုံးတစ်ဝရှိခြင်း၏ အရင်းအမြစ် ဖြစ်သည်။ ခမည်းတော်၏ အသက်သည် ကျွန်ုပ်တို့တစ်လုံးတစ်ဝရှိခြင်း၏ ဒြပ်သဘာဝ ဖြစ်သည်။ ခမည်းတော်၏ သန့်ရှင်းသောနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား တစ်လုံးတစ်ဝရှိခြင်း၏ နယ်အထဲသို့ ပို့ဆောင်ပေးသော ကျွန်ုပ်တို့၏ လမ်းကြောင်းဖြစ်သည်။ အကြောင်းမှာ ခမည်းတော်သည် ကျွန်ုပ်တို့၏ အရင်းအမြစ်နှင့် ကျွန်ုပ်တို့၏ သဘောသဘာဝဖြစ်ရုံသာမက၊ ကျွန်ုပ်တို့ရှိသည့်နေရာတွင် ရှိသောသူလည်းဖြစ်သည်။ (*The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure*,, p. 14)

*ပို၍ဖတ်ရန်-* *Life-study of John*, msg. 40

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ၁၇း၂၂-၂၃** **ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ။ ငါတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့၊ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း၊ အကျွန်ုပ်သည် သူတို့၌ရှိ၍၊ ကိုယ်တော်သည်လည်း၊ အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းအထဲသို့ စုံလင်စေခြင်းငှါလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့၊ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှါလည်းကောင်း၊**

သားတော်အား ခမည်းတော်ပေးတော်မူသော ဘုန်းအသရေသည် ခမည်းတော်၏ အသက်နှင့် ဘုရားသဘောသဘာဝရှိသည့် သားအရာဖြစ်သည် (ယော၊၅း၂၆)။ သားအရာကိုပေးသောကြောင့် သားတော်သည် သူ၏ပြည့်ဝပြည့်စုံခြင်း၌ ခမည်းတော်ကို ထင်ရှားနိုင်ခြင်းဖြစ်သည် (၁း၁၈။ ၁၄း၉။ ကော၊၂း၉။ ဟေဗြဲ၊၁း၃)။ သားတော်သည် သူ၏ယုံကြည်သူများအား ထိုဘုန်းအသရေကို ပေးတော်မူသည်၊ ထို့ကြောင့် သူတို့သည်လည်း သားတော်၏ပြည့်ဝပြည့်စုံခြင်း၌၊ သားတော်၌ ခမည်းတော်ကို ထင်ရှားစေရန် ခမည်းတော်၏ အသက်နှင့် သဘောသဘာဝနှင့်အတူ သားအရာကို ရရှိစေနိုင်မည်ဖြစ်သည် (ယော၊၁း၁၆)။ (ယော၊၁၇း၂၂၊ မှတ်စု၊၁)

ယုံကြည်သူများတစ်လုံးတစ်ဝရှိခြင်း၏ တတိယပုံပန်းသဏ္ဍာန်မှာ ဘုရားသခင်ကို စုပေါင်းထင်ရှားခြင်းအတွက် ဘုရားဘုန်းတော်၌ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်း၏ အသွင်သဏ္ဍာန်၌ ယုံကြည်သူများသည် သူတို့၏ အတ္တကို လုံးလုံးငြင်းပယ်၍ သူတို့ကိုစုံလင်စေသောတစ်လုံးတစ်ဝရှိခြင်း၏ အကြောင်းရင်းခံဖြစ်သည့် ခမည်းတော်၏ ဘုန်းတော်ကို မွေ့လျော်ဝမ်းမြောက်လာခြင်းကြောင့်၊ စုပေါင်းခြင်း၌ ဘုရားသခင်ကို ထင်ရှားခြင်းနှင့် တည်ဆောက်ခံလမ်းကြောင်းများ ဖြစ်လာမည်ဖြစ်သည်။ ဤသည်မှာ ဘုရားဆိုင်ရာလုပ်ငန်းဝန်တာကိုလုပ်သူများ၏ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်းသည် သားတော်၏ဆုတောင်းချက်ကို ပြည့်စုံစေသောကြောင့်၊ ကိုယ်တော်သည် ယုံကြည်သူများ၏တည်ဆောက်ခြင်း၌ ဘုန်းအသရေကို အပြည့်အဝ ထင်ရှားစေနိုင်၍၊ သားတော်၏ဘုန်းထင်ရှားခြင်း၌ ခမည်းတော်ကို အပြည့်အဝဘုန်းထင်ရှားစေနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူများ၏ အဆုံးစွန် တစ်လုံးတစ်ဝရှိ

ခြင်းသည်၊– (၁)ဘုရားသခင်၏ ထာဝရအသက်၌(ခမည်းတော်၏ နာမတော်၌)၊ (၂)ဘုရားသခင်၏ သန့်ရှင်းသောနှုတ်ကပတ်တော်အားဖြင့်၊ (၃)ထာဝရကာလအတွက် သုံးပါးတစ်ပါးဘုရားကို ထင်ရှားစေရန် ဘုရားဘုန်းတော်၌ ဖြစ်သည်။ သားတော်သည် ဤတစ်လုံးတစ်ဝရှိခြင်းကို ပြီးမြောက်အောင်မြင်စေနိုင်ရန်၊ ခမည်းတော်သည် ကိုယ်တော့်အားအရာခြောက်ခုကို ပေးတော်မူသည်၊– အခွင့်အာဏာ (၁၇း၂)၊ ယုံကြည်သူများ (အငယ်၊ ၂၊ ၆၊ ၉၊ ၂၄)၊ ဆောင်ရွက်စရာ (အငယ်၊၄)၊ နှုတ်ကပတ်တော် (အငယ်၊၈)၊ ခမည်းတော်၏ နာမတော် (အငယ်၊၁၁–၁၂) နှင့်၊ ခမည်းတော်၏ ဘုန်းတော် (အငယ်၊ ၂၄) တို့ဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်း၌ ယုံကြည်သူများ ပါဝင်ဆက်ဆံနိုင်ရန်၊ သားတော်သည် သူတို့အား အရာသုံးခုကို ပေးအပ်သည်၊– ထာဝရအသက် (အငယ်၊ ၂)၊ ဘုရားသခင်၏ သန့်ရှင်းသော နှုတ်ကပတ်တော် (အငယ်၊၈၊ ၁၄) နှင့် ဘုရားဘုန်းတော် (အငယ်၊ ၂၂) တို့ဖြစ်သည်။ (အငယ်၊ ၂၃ရှိ တစ်လုံးတစ်ဝအတွက်လည်း ဖြစ်သည်) (John 17:22, footnote 2)

## *ယနေ့ဖတ်စရာ*

တစ်လုံးတစ်ဝရှိခြင်း၏ တတိယအဆင့်မှာ ဘုရားဘုန်းအသရေထင်ရှားခြင်း၌ ယုံကြည်သူများအားလုံး၏ တစ်လုံးတစ်ဝရှိခြင်း ဖြစ်သည်။ ယော၊၁၇း၂၂၌ သခင်ယေရှုသည် ခမည်းတော်အား "ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ။ ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့၊ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း" ဟူ၍ ဆုတောင်းတော်မူသည်။ ကျမ်းစာ၏ ဖွင့်ပြချက်အတိုင်းနှင့် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားချက်ဖြင့် နှိုင်းယှဉ်ခြင်း၌၊ ဤနေရာတွင် ဘုန်းအသရေသည် ကိုယ်တော်၏ ဘုရားဂုဏ်အင်္ဂါတော် ထင်ရှားရန် ကိုယ်တော်၏ သဘောသဘာဝနှင့်အတူ ခမည်းတော်၏ အသက်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ဘုန်းအသရေသည် ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်သည်။ ဘုန်းအသရေသည် ကျွန်ုပ်တို့အပေါ် ရုတ်တရက်ထွန်းလင်းသောအလင်းတန်း၊ အပြင်၌ ကျွန်ုပ်တို့ကို ဝိုင်းရံထားသောအလင်းတန်း မဟုတ်ပါ။ ၎င်းသည် ဘုရားသဘောသဘာဝ၊ ဘုရားဆိုင်ရာထွန်းလင်းခြင်းနှင့် ခံ့ညားထည်ဝါခြင်းကို ထင်ရှားခြင်းနှင့်အတူ ဘုရားသခင်၏ ဘုရားဆိုင်ရာအသက်ဖြစ်သည်။ ဤဘုရားဆိုင်ရာ ခံ့ညားထည်ဝါသော ထင်ရှားခြင်းသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ အတ္တမှ ကယ်တင်ပေးပြီး၊ တစ်လုံးတစ်ဝအပြည့်ဖြစ်စေသည်။

တစ်လုံးတစ်ဝရှိခြင်း၏ ပထမအဆင့်သည် ခမည်းတော်၏ နာမနှင့် အသက်၌ ကျွန်ုပ်တို့ကို ဇာတိဆိုင်ရာနယ်ပယ်မှ ကယ်တင်ပေးသည်။ တစ်လုံးတစ်ဝရှိခြင်း၏ ဒုတိယ

အဆင့်သည် ခမည်းတော်၏ သန့်ရှင်းစင်ကြယ်သော နှုတ်ကပတ်တော်၏ စစ်မှန်ခြင်း၌ ကျွန်ုပ်တို့အား ကမ္ဘာလောကမှ ကယ်တင်ပေးသည်။ ယခု တစ်လုံးတစ်ဝရှိခြင်း၏ တတိယ အဆင့်သည် ခမည်းတော်၏ ဘုန်းတော်၌ ကျွန်ုပ်တို့ကို အတ္တမှ ကယ်လွှတ်ကာ၊ သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်လုံးလုံးဖြစ်လာစေမည်ဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရမည်ဖြစ်သည်။ ၎င်းသည် စစ်မှန်၍ လက်တွေ့ကျသောအသင်းတော်ဖြစ်သည်။ အသင်းတော်သည် သုံးပါးတစ်ပါး ဘုရား၌ ယုံကြည်သူများ၏ ရှင်ထွက်ခြင်း၏ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်း၌ အရင်းအမြစ်ဖြစ်သော ဘုရားသခင်နှင့် အနှစ်သာရဖြစ်သော ကိုယ်တော်၏ အသက်ရှိသည်၊ ၎င်းတွင် ဘုရားဖြစ်ခြင်း၏ အလင်းနှင့် ခံ့ညားထယ်ဝါခြင်းကို သန့်ရှင်းစင်ကြယ်သောနယ်ပယ်အဝန်းအဝိုင်း၌ ဘုရားအသက်နှင့် သဘောသဘာဝအားဖြင့် အပြည့်အဝထင်ရှားခြင်းဖြစ်သည်။ ဤသည်မှာ လက်တွေ့ကျသောအသင်းတော်အသက်တာဖြစ်သည်။ ၎င်းသည် တည်ဆောက်ခြင်းလည်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့တန်ဖိုးထားလိုက်လျှောက်ရမည့်အရာလည်း ဖြစ်သည်။

သခင်ဘုရား၏ ယုံကြည်သူများ၏ တစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့စိတ်ကူးသကဲ့သို့မဟုတ်ကြောင်း ကျွန်ုပ်တို့လုံးလုံးရှင်းလင်းဖို့ လိုသည်။ ဤတစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်နှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သဘောတူညီခြင်းဖြင့် ဖြစ်လာခြင်းမျိုးမဟုတ်ပါ။ အသင်းတော်၏ စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်းသည် အရင်းအမြစ်ဖြစ်သော ခမည်းတော်ကိုယ်တော်တိုင်၊ သဘောသဘာဝဖြစ်သော ခမည်းတော်၏ အသက်နှင့် နယ်ပယ်ဖြစ်သော ခမည်းတော်၏ သန့်ရှင်းစင်ကြယ်သောစစ်မှန်ခြင်းတို့ ကျွန်ုပ်တို့၌ရှိခြင်းဖြစ်သည်၊ ဤအရာသည် ကျွန်ုပ်တို့ကို စင်ကြယ်ခြင်း၌ အသက်ရှင်ရန် တတ်စွမ်းစေခြင်း၊ လောကနှင့် ဆက်နွယ်မှုမရှိစေခြင်းနှင့် ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝအားဖြင့် ဘုရားအလင်းနှင့် ခံ့ညားထယ်ဝါခြင်းကို ထင်ရှားခြင်းဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်နောက်သို့လိုက်၍ တည်ဆောက်ခြင်းလည်းဖြစ်သည်။ (*The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure,*, p. 15)

*ပို၍ဖတ်ရန်- Life-study of John,* msg. 41

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## *Hymns,* # E- 1081, M- 28, K- 851

၁။ ခမည်းတော်သည် အသက်အရင်းမြစ်
သားများသည် ကိုယ်တော့်ထင်ရှားခြင်း
နာမတော်၌ ပိုင်ဆိုင်ရပြီ
ခမည်းတော်ဘုရား အသက်ရင်းမြစ်။
အသက်၌၊ အသက်၌
ကျွန်ုပ်တို့ တစ်လုံးတစ်ဝ
အသက်၌၊ အသက်၌
ကျွန်ုပ်တို့အားလုံး တစ်လုံးတစ်ဝ။

၂။ နှုတ်ကပတ်တော်အတွက် ကျေးဇူးတင်
ကိုယ်တော်၏ဖြစ်ခြင်း ပျော်ဝင်စေ
လောကမှ ခွဲခြားစေမူပြီ
အို၊ ခမည်းတော်ကို ကျေးဇူးတင်သည်။
နှုတ်တော်၌၊ နှုတ်တော်၌
ကျွန်ုပ်တို့ တစ်လုံးတစ်ဝ
နှုတ်တော်၌၊ နှုတ်တော်၌
ကျွန်ုပ်တို့အားလုံး တစ်လုံးတစ်ဝ။

၃။ အို၊ သုံးပါးတစ်ပါးဘုရားဘုန်းတော်
ကိုယ်တော့်သားများ ကောင်းကြီးခံစား
ကျွန်ုပ်တို့ ကိုယ်တော့်ဘုန်းထင်ရှား
အို၊ သုံးပါးတစ်ပါးဘုရားဘုန်းတော်။
ဘုန်းတော်၌၊ ဘုန်းတော်၌
ကျွန်ုပ်တို့ တစ်လုံးတစ်ဝ
ဘုန်းတော်၌၊ ဘုန်းတော်၌
ကျွန်ုပ်တို့ အားလုံးတစ်လုံးတစ်ဝ။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–

# ***ခရစ်တော်၏ကိုယ်ခန္ဓာတော် တစ်လုံးတစ်ဝရှိခြင်း၊— တဲတော်အားဖြင့် ပုံဆောင်သော သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း***

ဖတ်ရန်ကျမ်း။ ။ထွက်၊ ၂၆း၁၅၊ ၂၄၊ ၂၆– ၂၉။ ယော၊၁၇း ၂၁– ၂၃။ ဧ၊၄း ၂–၃

*Day 1* **I. ယော၊၁၇၌ သခင်ဘုရားဆုတောင်းချက်အတွက် တစ်လုံးတစ်ဝရှိခြင်းသည် ထွက်၊၂၆၌ တဲတော်အားဖြင့် ပုံဆောင်သော တစ်လုံးတစ်ဝရှိခြင်း ဖြစ်သည်။ အကြောင်းမှာ တဲတော်၏ပျဉ်ပြားလေးဆယ့်ရှစ်ချပ်သည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်လာရန် အတူတကွတည်ဆောက်ကြသောသန့်ရှင်းသူများကို ပုံဆောင်ခြင်း ဖြစ်သောကြောင့်၊ တဲတော်သည် သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း၏ ရှင်းလင်းသောရုပ်ပုံကားချပ်ဖြစ်သည်။**

**II. သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း၏ပထမအသွင်သဏ္ဍာန်မှာ ရွှေကွင်းသုံးကွင်း(ကန့်လန့်ကျင်များ တစ်ပေါင်းတည်းရှိရန်အတွက် လျှိုရန်ကွင်းများ)ကို မြင်တွေ့ရခြင်း ဖြစ်သည်၊ ဤအရာသည် ယုံကြည်သူများပေါင်းစည်းခြင်းအတွက် ကနဦးဝိညာဉ်တော်၊ အသစ်တစ်ဖန်မွေးဖွားပေးသော တံဆိပ်ခတ်ပေးသောဝိညာဉ်တော်၊ ရှင်ပြန်ထမြောက်ခြင်း၌ သုံးပါးတစ်ပါးဘုရား၏ အရာအားလုံးပါဝင်သောဝိညာဉ်တော်ကို ပုံဆောင်ခြင်း ဖြစ်သည် (အငယ်၊၁၅၊ ၂၄၊ ၂၉။ ယော၊၃း၆။ ဧ၊၁း၁၃။ ၄း၃၊ ၃၀။ cf. က၊၂၄း၂၂။ လု၊၁၅း၂၂)။**

*Day 2* **III. သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း၏ ဒုတိယအသွင်သဏ္ဍာန်မှာ ရွှေ(ဘုရားသဘောသဘာဝရှိသည့် ဘုရားသခင်ကို ပုံဆောင်ခြင်း)ဖြင့် မွမ်းမံထားသောပျဉ်ပြားများ၌(လူသားသဘောသဘာဝရှိသည့် ယုံကြည်သူများကို ပုံဆောင်ခြင်း) မြင်တွေ့ရသည် (ထွက်၊၂၆း၂၉)။**

က။ တဲတော်၏ပျဉ်ပြားများတစ်ပေါင်းတစ်စည်းရှိခြင်းသည် အကာရှသစ်သား၌ မဟုတ်ဘဲ၊ ရွှေဖြင့်မွမ်းမံထားသော သစ်သား၌ ဖြစ်သည်။ ဤအရာက အသင်းတော်၌ တစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့၏

လူသားဖြစ်ခြင်း၌ မဟုတ်ဘဲ၊ ကိုယ်တော်၏ ဘုရားသဘောသဘာဝ နှင့်အတူ သုံးပါးတစ်ပါးဘုရား၌ဖြစ်ကြောင်း ပုံဆောင်ပြသခြင်းဖြစ် သည် (ယော၊၁၇း၂၁)။

ခ။ ပျဉ်ပြားများ၏ တစ်ပေါင်းတစ်စည်းရှိခြင်းသည် ဘုရားသခင်ကို ပုံ ဆောင်သည့် ရွှေ၌သာမဟုတ်ဘဲ၊ ဘုရားသခင်၏ ဘုန်းတော်ကို ပုံ ဆောင်သည့်၊ ရွှေ၏ ထင်ရှားခြင်း၊ ရွှေ၏ တောက်ပခြင်း၌လည်း ဖြစ် သည်။ ယနေ့ ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါး ဘုရား၌၊ ကိုယ်တော်၏ ဘုန်းတော်၊ ကိုယ်တော်၏ တောက်ပခြင်း၊ ကိုယ်တော်၏ ထင်ရှားခြင်း၌ ဖြစ်သည် (အငယ်၊ ၂၂–၂၄)။

ဂ။ ရွှေအားဖြင့်ပုံဆောင်သော သုံးပါးတစ်ပါးဘုရားဖြစ်တော်မူသည့် ကနဦးဝိညာဉ်တော်သည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်း ဖြစ်ပေသည်(ဧ၊၄း၃)။ ရွှေဖြင့်သုတ်လိမ်းခြင်းသည် အမှန်တွင် တစ်လုံးတစ်ဝရှိခြင်းပျံ့နှံ့သွား၍ ဖြစ်သည်။

၁။ ကျွန်ုပ်တို့သည် ရွှေဖြင့်သုတ်လိမ်းခြင်းပို၍ခံရလေလေ၊ ကျွန်ုပ်တို့၌ တစ်လုံးတစ်ဝပို၍ရှိလာလေလေဖြစ်ပေမည်။ ကျွန်ုပ်တို့၌ ဘုရားသခင်ပို၍ရှိလာလေလေ၊ ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝရှိခြင်းသည် ပို၍ခွန်အားကောင်းလာလေလေ ဖြစ်ပေမည် (cf. ကော၊၂း၁၉)။

**Day 3**

၂။ ရွှေဖြင့်သုတ်လိမ်းမည့်အစား၊ ကျွန်ုပ်တို့သည် ဗျာ၊၁၇း၄၌ဖော် ပြထားသော ဗာဗုလုံမြို့ကြီးကဲ့သို့ ရွှေရောင်ဖြင့်တောက်ပ ကောင်း တောက်ပနေနိုင်သည်။ ကျွန်ုပ်တို့၌ရှိသော ရွှေပမာဏ သည် စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်း၌ ကျွန်ုပ်တို့ကို စောင့် ထိန်းထားရန် လုံလောက်မှုမရှိ ဖြစ်ကောင်းဖြစ်နိုင်သည်။

၃။ ပျဉ်ပြားများသည် ရွှေဖြင့် လုံလုံလောက်လောက်သုတ်လိမ်းခြင်း ခံရမှသာလျှင် ၎င်းတို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ စုံ လင်လာမည်ဖြစ်သည်။ ဤအရာက တစ်လုံးတစ်ဝရှိခြင်းအထဲ သို့ စုံလင်လာခြင်းမှာ ဘုရားသခင်ကို ပို၍ရယူရမည်ဖြစ် ကြောင်း ဖော်ပြခြင်းဖြစ်သည်။ (ယော၊၁၇း၂၃)။

ဃ။ "ဘုရားသခင်ကိုရယူမှု လုံလောက်စွာမရှိခြင်းသည် တစ်လုံးတစ်ဝရှိ

ခြင်းကို ကြီးစွာသောပြဿနာဖြစ်စေနိုင်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် လှုပ်ရှားလုပ်ဆောင်မှုတစ်ခု မဟုတ်ပါ။ ကျွန်ုပ်တို့သည် လူအမြောက်အမြားကို ရယူလိုသောဆန္ဒ မရှိပါနှင့်။ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့နှင့်သက်ဆိုင်သည်မှာ စစ်မှန်သောရှေ့ပမာဏကိုရယူရန် ဖြစ်သည်။ အရေးကြီးသောမေးခွန်းမှာ သင်၌ဘုရားသခင်မည်မျှ ရှိနေပါသနည်းဟူ၍ ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းမှာ ဘုရားသခင်ပြန်လည်ရယူထားသော လူများကိုသူကိုယ်တော်တိုင်ဖြင့် မည်မျှသုတ်လိမ်းမွမ်းမံခြင်းနှင့် အဓိကသက်ဆိုင်သည်။" (*Truth Messages*, p. 86)

င။ တစ်လုံးတစ်ဝရှိခြင်းမှာ ကျွန်ုပ်တို့သည် ရှေ့ဖြင့်အပြည့်အဝသုတ်လိမ်းခြင်းခံရသည်အထိ၊ သုံးပါးတစ်ပါးအထဲသို့ နက်နဲစွာနစ်မြုပ်ခြင်း၏ အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့၏ပြဿနာမှာ ကျွန်ုပ်တို့တွင် ဘုရားသခင်နည်းပါးနေခြင်းနှင့် ကိုယ်တော့်ကို ကျွန်ုပ်တို့ပို၍ရယူဖို့လိုအပ်ခြင်းအကြောင်း ဖြစ်သည် (ကော၊ ၂း၁၉။ ဖိ၊၃း ၈)။

၁။ အရာခပ်သိမ်းသည် ကျွန်ုပ်တို့၌ ရှေ့မည်မျှရှိခြင်းအပေါ် မူတည်နေသည်။ ကျွန်ုပ်တို့တွင် ရှေ့မရှိပါက၊ ကျွန်ုပ်တို့အားလုံး ကွဲပြားခြင်းဖြစ်လာနိုင်သည်။

၂။ ယနေ့ သခင်ဘုရားသည် စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်း လိုအပ်နေသည်။ ကျွန်ုပ်တို့၌ တစ်လုံးတစ်ဝရှိခြင်း မရှိပါက၊ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့ဆက်လက်သွားနိုင်မည်မဟုတ်ပါ။

၃။ စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်း၊ အခိုင်အမာရှိနိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်အား အလုံအလောက်တွေ့ကြုံခံစားမှု ရှိရမည်ဖြစ်သည် (အငယ်၊၁၀)။

**Day 4**

စ။ ဘုရားသခင်၏ ရှေ့သဘောသဘာဝသည် ကျွန်ုပ်တို့၏ ကျဆင်းသောသဘောသဘာဝကို သုတ်လိမ်းလိမ့်မည်မဟုတ်ဘဲ၊ အကာရှသစ်သားအားဖြင့် ပုံဆောင်သော ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားခြင်းနှင့်ပုံသဏ္ဍာန်ပြောင်းလဲခြင်း သဘောသဘာဝကိုသာ သုတ်လိမ်းလိမ့်မည်ဖြစ်သည်။

၁။ ရှေ့၏ သုတ်လိမ်းခြင်းသည် အလိုအလျောက် ပုံသဏ္ဍာန်ပြောင်း

လဲခြင်းကို ဖြစ်ပေါ် လာစေမည်ဖြစ်သည်။ ပုံသဏ္ဍာန်ပြောင်းလဲသွားသောနေရာတိုင်းသည် ရွှေသုတ်လိမ်းခြင်းရှိ၍ ဖြစ်သည်။

၂။ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် သခင်ဘုရားကို ကျွန်ုပ်တို့ချစ်ခြင်း၊ ကိုယ်တော့်ကို ကျွန်ုပ်တို့ဆက်သွယ်ခြင်း၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့နားထောင်ခြင်း၊ ကိုယ်တော့်ထံ ကျွန်ုပ်တို့ဆုတောင်းခြင်းနှင့် ဝိညာဉ်တော်အတိုင်း ကျွန်ုပ်တို့ လျှောက်လှမ်းခြင်းအပေါ် မူတည်သည်။ ဤအကြောင်းအရာငါးခု၌ ကျွန်ုပ်တို့ရှိနေသည့်ကာလပတ်လုံး ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်နေခြင်းဖြစ်သည် (ရော၊ဂ း၄။ ဖိ၊ ၁း၁၉–၂၁က)။

၃။ ကျွန်ုပ်တို့အားလုံးသည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် ရွှေဖြင့်သုတ်လိမ်းခြင်းကို ခံယူမှသာလျှင်၊ ကျွန်ုပ်တို့အလယ်တွင် ကွဲပြားခြင်း ဖြစ်လာနိုင်တော့မည်မဟုတ်ပါ။ တစ်ခုတည်းသော အကာအကွယ်မှာ ရွှေဖြင့်သုတ်လိမ်းမှုကို ခံယူခြင်းသာဖြစ်သည် (၂ကော၊၃း၁၈။ ရော၊၁၂း၂)။

*Day 5* **IV. သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း၏ တတိယအသွင်သဏ္ဍာန်ကို ပျဉ်ပြားလေးဆယ့်ရှစ်ချပ်အား တစ်စုတစ်စည်းတည်းအတူတကွဖြစ်စေသော ကန့်လန့်ကျင်များတစ်စုတစ်စည်းတည်းရှိခြင်း၌ မြင်တွေ့ရခြင်းဖြစ်သည်။ ဤကန့်လန့်ကျင်များတစ်စုတစ်စည်းတည်းရှိခြင်းမှာ တစ်ခုတည်းသောကိုယ်ခန္ဓာတော်အထဲသို့ ခရစ်တော်၏ အင်္ဂါဝင်များအားလုံး ပေါင်းစည်းဆက်နွှယ်စေရန် ကနဦးဝိညာဉ်တော်သည် ပေါင်းစည်းသောဝိညာဉ်တော်ဖြစ်ခြင်းကို ပုံဆောင်ခြင်းဖြစ်သည် (ထွက်၊၂၆း၂၆–၂၉။ ဧ၊၄း၃)။**

က။ ပေါင်းစည်းထားသောကန့်လန့်များကို ဆက်သွယ်မှုအားကောင်းရန်အတွက် အကာရှသစ်သားဖြင့် ပြုလုပ်ပြီး၊ ပေါင်းစည်းခြင်းအတွက် ရွှေဖြင့်မွမ်းမံသည်။ ထိုကန့်လန့်ကျင်များကို အကာရှသစ်သားဖြင့် ပြုလုပ်ခြင်းမှာ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းတွင် ခရစ်တော်၏ ဘုရားဖြစ်ခြင်းသာမက၊ ကိုယ်တော်၏ လူသားဖြစ်ခြင်းလည်းပါဝင်ကြောင်းကို ဖော်ပြသည် (cf. အငယ်၊ ၂၊ မှတ်စု၊ ၁)။

ခ။ အမှန်တွင်၊ ပေါင်းစည်းထားသောကန့်လန့်ကျင်များသည် သန့်ရှင်းသော ဝိညာဉ်တော်ကိုသာမက၊ ကျွန်ုပ်တို့၏ လူသားဝိညာဉ်ဖြင့် ရောနှောပေါင်းစည်းနေသော သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ပုံဆောင်ခြင်း ဖြစ်သည် (ရော၊ ၈း၁၆)၊– ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်းနှစ်ခုလုံးပါဝင်သည့်– ရောနှောပေါင်းစည်းနေသော ဝိညာဉ်ဖြစ်သည်။

ဂ။ တဲတော်၏ ပျဉ်ပြားများပေါင်းစပ်ခြင်းတွင် ပျဉ်ပြားတစ်ချပ်စီ အတူတကွဖြစ်စေဖို့ ဆက်သွယ်ရန် ကန့်လန့်ကျင်များကို ကွင်းများတွင် လျှိုသွင်းရသည်၊ ဤအရာက ခရစ်တော်၌ ယုံကြည်သူများ၏ ဝိညာဉ်သည် ဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်သောအခါ၊ ယုံကြည်သူများအား တစ်ပေါင်းတစ်စည်းတည်းဖြစ်စေကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်၊ သူတို့မှတစ်ဆင့် ပေါင်းစည်းပေးသော ဝိညာဉ်တော်အား အခွင့်ပေးခြင်းဖြင့် အခြားယုံကြည်သူများကို သူတို့နှင့် ပေါင်းစည်းဆက်နွယ်စေသည်။

**_Day 6_**

ဃ။ ပေါင်းစည်းပေးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့မှတစ်ဆင့် ဖြတ်ကျော်၍ အခြားသူများနှင့် ကျွန်ုပ်တို့ပေါင်းစည်းဆက်နွယ်နိုင်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ကားတိုင်ကို လက်ခံဖို့လိုသည်၊ ပေါင်းစည်းပေးသောဝိညာဉ်တော်သည် ထောင်ထားသောပျဉ်ပြားတိုင်များကို ဖြတ်သန်းရမဲ့ဖြစ်သည် (မ၊၁၆း၂၄)။

၁။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ကားတိုင်သို့ ပို့ဆောင်သည်။ ကားတိုင်သည် ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်းဖြစ်သည်။ ကားတိုင်သည် ဝိညာဉ်တော်မှ ထွက်ပေါ်လာသည် (ထွက်၊၃၀း၂၂–၂၅။ ဖိ၊၁း၁၉)။

(က)ကားတိုင်၌အသေခံတော်မူသော ခရစ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ခရစ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဍာန်တူညီလာစေရန် ကားတိုင်သို့ အစဉ်အမြဲပို့ဆောင်ပေးကာ၊ ကားတိုင်ကို ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းစေသည် (၁ကော၊၁း၂၃။ ၂း၂။ ဂလ၊၅း၂၂–၂၄။ ဖိ၊၃း၁၀။ ရော၊၈း၁၃)။

(ခ) ခရစ်တော်၏ ကားတိုင်ကို တွေ့ကြုံခံစားခြင်းသည်

အသက်၏ဝိညာဉ်တော်၏ ကြွယ်ဝခြင်း၌ ထွက်ပေါ်လာသည် (ဂလ၊ ၂း ၂၀။ ယော၊၁ ၂း ၂၄)။

၂။ ကျွန်ုပ်တို့၏ဝိညာဉ်(ကျွန်ုပ်တို့၏ အသိဉာဏ်၊ အလိုဆန္ဒနှင့် ခံစားမှု)သည် ကားတိုင်၏ဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် တစ်လုံးတစ်ဝအထဲသို့ ကျွန်ုပ်တို့ကို ပေါင်းစည်းဆက်နွယ်စေသည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် ကားတိုင်၏ဝိညာဉ်တော်နှင့်အတူ တစ်လုံးတစ်ဝရှိသောအခါတိုင်း၊ ကျွန်ုပ်တို့သည် ပေါင်းစည်းသောဝိညာဉ်တော်ကို တွေ့ကြုံခံစားရမည်ဖြစ်သည်။

၃။ ကနဦးဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အတွင်းထဲတွင် ပေါင်းစည်းသောဝိညာဉ်တော် ဖြစ်လာဖို့လိုသည်။ ထိုနောက် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝရှိခြင်းနှင့် တည်ဆောက်ခြင်း၌ ရှိလာလိမ့်မည်ဖြစ်ကာ၊ ကျွန်ုပ်တို့ကို ကွဲပြားခြားနားမှုဖြစ်လာခြင်းမှ ကာကွယ်ပေးမည်ဖြစ်သည်။

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ၁၇း၂၁** **. . . ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဖ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌ တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှါ ဆုတောင်းပါ၏။**

**ထွက်၊ ၂၆း၂၉–၃၀** **ပျဉ်ပြားတို့ကို ရွှေနှင့်မွမ်းမံရမည်။ ကန့်လန့်ကျင်လျှိုဘို့ရာ ရွှေကွင်းကိုလည်းလုပ်၍ ကန့်လန့်ကျင်တို့ကို ရွှေနှင့်မွမ်းမံရမည်။ တောင်ပေါ်မှာ သင့်အားပြသောပုံနှင့်အညီ တဲတော်ကိုတည်ဆောက်ရမည်။**

ယော၊၁၇၌ သခင်ယေရှုသည် သုံးပါးတစ်ပါးဘုရား၌ ကျွန်ုပ်တို့ တစ်လုံးတစ်ဝ ရှိနိုင်မည်အကြောင်း ဆုတောင်းခဲ့သည်။ ဤသဘောထားသည် ကျွန်ုပ်တို့နားလည်နိုင်မှုထက်သာ၍ကျော်လွန်သော လွန်စွာနက်နဲခြင်းဖြစ်သည်။ အငယ်၊၂၃၌ သခင်ဘုရားက "အကျွန်ုပ်သည် သူတို့၌ရှိ၍၊ ကိုယ်တော်သည်လည်း၊ အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းအထဲသို့ စုံလင်စေခြင်းငှါလည်းကောင်း"ဟူ၍ မိန့်ဆိုထားသည်။ ထိုစကားတော်သည် ကျွန်ုပ်တို့နားလည်နိုင်ခြင်းထက် ကျော်လွန်သည်။ သို့သော် ကျွန်ုပ်တို့သည် ထွက်၊၂၆ရှိ တဲတော်၏ပုံဆောင်ချက်ကို စဉ်းစားပါက၊ ယော၊၁၇၌ တစ်လုံးတစ်ဝရှိခြင်းအတွက် သခင်ဘုရားဆုတောင်းခြင်း၏ အဓိပ္ပါယ်ကို ပို၍လွယ်ကူစွာ သိနိုင်လိမ့်မည်ဖြစ်သည်။

ထွက်မြောက်ရာကျမ်းရှိ တဲတော်တည်ဆောက်ခြင်းသည် ယော၊၁၇ရှိ တစ်လုံးတစ်ဝရှိခြင်းနှင့် အလားတူပင်ဖြစ်သည်။ သခင်ဘုရားက သူ၏ယုံကြည်သူများအားလုံးသည် တစ်လုံးတစ်ဝရှိနိုင်မည်အကြောင်း ဆုတောင်းခြင်းဖြစ်သည်၊ သို့မှသာ ဘုရားသခင်သည် မြေကြီးပေါ်တွင် ကိန်းဝပ်ရာနေရာကို ရရှိနိုင်မည်ဖြစ်သည်။ တဲတော်၌ မြင်ရသောတစ်လုံးတစ်ဝရှိခြင်းသည် တဲတော်ကို တည်ဆောက်ခြင်းသာ ဖြစ်သည်။ တဲတော်၌ ပျဉ်ပြားလေးဆယ့်ရှစ်ချပ်ရှိသည်။ ဤပျဉ်ပြားများကို ဘုရားသခင်၏ကိန်းဝပ်ရာနေရာဖြစ်လာရန် အတူတကွတည်ဆောက်ထားခြင်းကြောင့်၊ တဲတော်သည် သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း၏ ရှင်းလင်းသောရုပ်ပုံကားချပ်ဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်းသည် ပျဉ်ပြားများကို ပြုလုပ်သော အကာရှသစ်သား၌ မဟုတ်ဘဲ၊ ၎င်းအပေါ် သုတ်လိမ်းမွမ်းမံထားသောရွှေ၌ ဖြစ်သည်။ သစ်သားနှင့် ရွှေသည် ခရစ်တော်၏ လူသားနှင့် ဘုရားဆိုင်ရာ သဘောသဘာဝကို ပုံဆောင်ခြင်းဖြစ်သည်။ လူသားသဘောသဘာဝကို အကာရှ

သစ်သားဖြင့် ပုံဆောင်ပြီး၊ ဘုရားသဘောသဘာဝကို ရွှေအားဖြင့် ပုံဆောင်ခြင်းဖြစ်သည်။ ပျဉ်ပြားတစ်ချပ်စီကို ရွှေဖြင့်မွမ်းမံထားသော အကာရှသစ်သားဖြင့် ပြုလုပ်ထားသည်။ ခရစ်ယာန်များဖြစ်သော ကျွန်ုပ်တို့သည် သစ်သားနှင့် ရွှေရောင်တောက်သူများဖြစ်သောကြောင့်၊ အံ့ဩဖွယ်ရာဖြစ်သည်။ (*Truth Messages*, pp. 81, 101)

## ***ယနေ့ဖတ်စရာ***

ဤတစ်လုံးတစ်ဝရှိခြင်း၌ အသွင်သဏ္ဍာန် သုံးခုရှိသည်။ ကနဦး ပထမဆုံးအသွင်သဏ္ဍာန်မှာ ရွှေကွင်းများဖြစ်သည်။ ရွှေကွင်းများမှာ ပျဉ်ပြားများကို ရွှေဖြင့်မွမ်းမံခြင်းမပြုမီ၊ ပျဉ်ပြားများကို ပူးတွဲပေးသည့် ကွင်းများဖြစ်ကြောင်း ကျွန်ုပ်သေချာနားလည်ရသည်။ ထို့ကြောင့် ပထမအဆင့်မှာ ပျဉ်ပြားများကို ကွင်းများဖြင့် ပူးတွဲပေးခြင်းဖြစ်ပြီး၊ ဒုတိယအဆင့်မှာ ရွှေဖြင့် ပျဉ်ပြားများကို မွမ်းမံခြင်းဖြစ်သည်။ တတိယအဆင့်မှာ ပျဉ်ပြားလေးဆယ့်ရှစ်ချပ် အတူတကွရှိစေပြီး၊ တစ်လုံးတစ်ဝတည်းရှိစေရန်၊ ပေါင်းစည်းပေးသောကန့်လန့်ကျင်များကို ပြုလုပ်ခြင်းဖြစ်သည်။ ဤတစ်လုံးတစ်ဝရှိခြင်းမှာ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာကို တည်ဆောက်ခြင်းဖြစ်သည်။

ကျွန်ုပ်ငယ်စဉ်အချိန်က ယော၊၁၇အပေါ် အလေးထားအချိန်ပေးခဲ့သည်။ ကျွန်ုပ်သည် တွေ့ကြုံခံစားမှုမရှိသောကြောင့်၊ တဲတော်၌ တစ်လုံးတစ်ဝရှိခြင်း၏ ရုပ်ပုံကားချပ်ကို မမြင်တွေ့ပါ။ ယော၊၁၇ရှိ တစ်လုံးတစ်ဝရှိခြင်းအတွက် သခင်ဘုရား၏ ဆုတောင်းချက်ကိုလည်း ပြည့်စုံအောင်နားလည်ခြင်းမရှိခဲ့ပါ။ သို့သော် ယခု ဆင်းရဲဒုက္ခခံစားခြင်း၌ နှစ်များစွာတွေ့ကြုံခံစားပြီးနောက်၊ ယော၊၁၇၌ သခင်ဘုရားဆုတောင်းခဲ့သော တစ်လုံးတစ်ဝရှိခြင်းသည် တဲတော်၌မြင်တွေ့ရသော တစ်လုံးတစ်ရှိခြင်းဖြစ်ကြောင်းကို ကျွန်ုပ်ပြောဆိုနိုင်ရခြင်းဖြစ်သည်။ တဲတော်၏ ရုပ်ပုံကားချပ်ကို စဉ်းစားခြင်းဖြင့်၊ ကျွန်ုပ်တို့သည် သခင်ယေရှုဆုတောင်းခဲ့သော လက်တွေ့ကျသည့်တစ်လုံးတစ်ဝရှိခြင်းကို အသေအချာနားလည်လာနိုင်မည်ဖြစ်သည်။

ဤတစ်လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါးဘုရား၌ ဖြစ်သည်။ ပျဉ်ပြားများသည် ရွှေ၌ တစ်လုံးတစ်ဝရှိခြင်းဖြစ်သည်၊ ရွှေသည် ဘုရား၏ သဘောသဘာဝ ဖြစ်သည်။ ပျဉ်ပြားတစ်ချပ်စီတွင် ကွင်းသုံးကွင်းရှိသည်၊ ထိုကွင်းသုံးကွင်းသည် ကျွန်ုပ်တို့လက်ခံရရှိသည့် တံဆိပ်ခပ်ပေးသောဝိညာဉ်တော်ဖြစ်သည့် သုံးပါးတစ်ပါးဘုရားကို ပုံဆောင်ခြင်းဖြစ်သည်။ ထိုဝိညာဉ်တော်သည် ဘုရားသခင်၏ ဝိညာဉ်တော်မျှသာမဟုတ်ဘဲ၊ ခမည်းတော်နှင့်သားတော်အတူရှိသည့် ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်သည်။ ယောဟန်ခရစ်ဝင်ကျမ်း၌ ဝိညာဉ်တော်ကို ခမည်းတော်ထံမှ ပို့ဆောင်တော်မူကြောင်း သခင်ယေရှုမိန့်

တော်မူထားသည် (၁၅း ၂၆)။ ဝိညာဉ်တော်ကို ခမည်းတော်ပို့ဆောင်ရုံမျှသာမဟုတ်ဘဲ၊ ခမည်းတော်နှင့်လည်း အတူရှိသည် (အငယ်၊ ၂၆ရှိ မှတ်စု၊၁ကို ကြည့်ပါ)။ ကိုယ်တော်သည် ဝိညာဉ်ကို ပို့ဆောင်ပြီးနောက်၊ ခမည်းတော်သည် ကောင်းကင်များ၌ ရှိနေခြင်းမဟုတ်ပါ။ ခမည်းတော်သည် ဝိညာဉ်တော်ကို ပို့ဆောင်သောအခါ၊ ဝိညာဉ်တော်သည် ခမည်းတော်နှင့်အတူ ကျွန်ုပ်တို့ထံသို့ ကြွလာခြင်းဖြစ်သည်။ ထိုကြောင့် ကျွန်ုပ်တို့၌ ဝိညာဉ်တော်ရှိခြင်းသည် ကျွန်ုပ်တို့၌ ခမည်းတော်ရှိခြင်းလည်းဖြစ်သည်။ ထိုနည်းတူ၊ သားတော်သည် ခမည်းတော်နှင့်အတူ ရှိသည်။ ထာဝရကာလမှ ထာဝရကာလတိုင်အောင် သားတော်သည် အစဉ်တည်ရှိနေပြီး၊ ခမည်းတော်နှင့်လည်းအတူ အစဉ်ရှိနေလိမ့်မည်ဖြစ်သည်။ ထိုကြောင့် ကျွန်ုပ်တို့၌ ဝိညာဉ်တော်ရှိခြင်းသည် ကျွန်ုပ်တို့၌ ခမည်းတော်နှင့် သားတော်လည်း ရှိနေခြင်းဖြစ်သည်။ ထိုကြောင့် ကျွန်ုပ်တို့၌ ကွင်းသုံးကွင်းဖြစ်သော သုံးပါးတစ်ပါးဘုရားလည်းရှိသည်။ ခမည်းတော်သည် သားတော်၌ ကိုယ်ထင်ရှားခြင်းဖြစ်သည်၊ သားတော်ကို ဝိညာဉ်တော်အဖြစ် သိနားလည်ရသည်။ ထိုကြောင့် ကျွန်ုပ်တို့၌ ဝိညာဉ်တော်ရှိသောအခါ၊ ခမည်းတော်နှင့် သားတော်လည်းရှိသည်။ ၎င်းမှာ ကွင်းများအဖြစ် ကျွန်ုပ်တို့လက်ခံရရှိသော တံဆိပ်ခတ်ပေးသောဝိညာဉ်တော်၊ ကနဦးဝိညာဉ်တော် ဖြစ်သည်။ ဤအသက်ပေးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အသစ်မွေးဖွားပေးပြီး၊ ယခု ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည်။ (*Truth Messages*, pp. 102-103)

*ပို၍ဖတ်ရန်-* *The Intrinsic Problem in the Lord's Recovery Today and Its Scriptural Remedy*, ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

## နံနက်ခင်းကျွေးမွေးခြင်း

**ထွက်၊ ၂၆း၁၅ တဲတော်ကာရန် ထောင်ထားရသော အကာရှပျဉ်ပြားတို့ကိုလည်း လုပ်ရမည်။**

**၂၉ ပျဉ်ပြားတို့ကို ရွှေဖြင့်မွမ်းမံရမည်။ ...**

**ယော၊ ၁၇း၂၂ ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသော ဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ။ ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ် သကဲ့သို့၊ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း၊**

ထွက်၊ ၂၆၌ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိခြင်း၏ ရုပ်ပုံကားချပ်ကို မြင်ရသည်။ တဲတော်၏ ထောင်ထားရသော ပျဉ်ပြားများသည် ပူးပေါင်းတည်ဆောက်ခြင်းကို ဖြစ်စေသည်။ ပျဉ်ပြားစုစုပေါင်း လေးဆယ့်ရှစ်ချပ်ရှိသည်။ ထိုပျဉ်ပြားများကို အတူတကွတည်ဆောက်သောအခါ၊ ၎င်းတို့သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ ဖြစ်လာသည်။ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာသည် ပေါင်းစည်းခြင်းအကြောင်းအရာဖြစ်သည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် ထောင်ထားရသောပျဉ်ပြား လေးဆယ့်ရှစ်ချပ်နှင့်အတူ တဲတော်၌ ကျွန်ုပ်တို့သည် စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်း၏ ပုံပန်းသဏ္ဌာန်ကို မြင်တွေ့ရသည်။ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာအဖြစ် တစ်လုံးတစ်ဝဖြစ်တည်လာရန် အလို့ငှါ၊ ပျဉ်ပြားလေးဆယ့်ရှစ်ချပ်ကို တစ်လုံးတစ်ဝတည်းဖြစ်စေဖို့လိုသည်။ ၎င်းတို့ တစ်လုံးတစ်ဝရှိခြင်းသည် အကာရှသစ်သား၌မဟုတ်ဘဲ၊ သစ်သားကို ရွှေဖြင့်မွမ်းမံခြင်း၌ ဖြစ်လာသည်။ (*Truth Messages*, p. 81)

## ယနေ့ဖတ်စရာ

သေတ္တာတော်သည် ကိုယ်တော်၏ သဘောသဘာဝနှစ်ခုနှင့်အတူ ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်၊– လူသားသဘောသဘာဝကို အကာရှသစ်သားအားဖြင့်လည်းကောင်း၊ ဘုရားသဘောသဘာဝကို ရွှေအားဖြင့်လည်းကောင်း ပုံဆောင်ထားသည်။ ဤအရာဝတ္ထုများကို ဘုရားသခင်ကိန်းဝပ်ရာနေရာတည်ဆောက်ခြင်းအတွက် ပျဉ်ပြားများပြုလုပ်ခြင်း၌ အသုံးပြုခြင်းဖြစ်သည်။ ရွှေကို ထောင်ထားရသော ပျဉ်ပြားများမှ ဖယ်ရှားလိုက်ပါက၊ အကာရှသစ်သားသာကျန်ရှိ၍ ပျဉ်ပြားများသည် ချက်ချင်းလဲပြိုသွားမည်ဖြစ်သည်။ အကယ်၍ ၎င်းတို့သည် ထောင်လျက်ဘေးချင်းယှဉ်လျက်ရှိနေပါကလဲ၊ တစ်လုံးတစ်ဝရှိနိုင်တော့မည်မဟုတ်ပါ။ ၎င်းတို့သည် ပျဉ်းပြားတစ်ချပ်ချင်းစီ လေးဆယ့်ရှစ်ချပ် သီးခြားဖြစ်သွားပေလိမ့်မည်။ ၎င်းတို့၏ တစ်လုံးတစ်ဝရှိခြင်းသည် အကာရှသစ်

သားၾ၌မဟုတ်၊ ရွှေ၌ဖြစ်သည်။ ဤရှင်းလင်းသောပုံဆောင်ချက်အကြောင်းမှာ ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝရှိခြင်းသည် လူသားဖြစ်ခြင်း၌ မဟုတ်ဘဲ၊ သုံးပါးတစ်ပါးဘုရား၌၊ ဘုရားဖြစ်ခြင်း၌ ဖြစ်သည်။ ဘုရားသဘောသဘာဝကို ကျွန်ုပ်တို့ထံမှ ဖယ်ရှားလိုက်ပါက၊ ကျွန်ုပ်တို့သည် ချက်ချင်းပင် တစ်ဦးနှင့်တစ်ဦး ကင်းကွာသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦးချစ်၍ ထွေးပိုက်လျက်ရှိနေကြသော်ငြားလည်း၊ တစ်လုံးတစ်ဝရှိခြင်း ရှိလိမ့်မည်မဟုတ်ပါ။ တဲတော်၏ထောင်ထားရသော ပျဉ်ပြားများ၏ တစ်လုံးတစ်ဝရှိခြင်း၊ သို့မဟုတ် ရွှေ၌ ဤသို့တစ်လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါးဘုရား၌ ကျွန်ုပ်တို့ တစ်လုံးတစ်ဝရှိခြင်းကို ပုံဆောင်သည်။

ရွှေသည် ထောင်ထားသောပျဉ်ပြားများ၏ တစ်လုံးတစ်ဝရှိခြင်း မျှသာမဟုတ်ပါ၊ ၎င်းတို့၏ ဘုန်းအသရေလည်းဖြစ်သည်။ ရွှေ၏တောက်ပခြင်းမှာ ၎င်းတို့၏ဘုန်းအသရေ၊ ၎င်းတို့၏ထင်ရှားခြင်းဖြစ်သည့်အတွက်၊ ရွှေဖြင့်မွမ်းမံခံရခြင်းဖြင့်၊ ထောင်ထားသောပျဉ်ပြားများသည် ရွှေ၏ဘုန်းအသရေကို ဆောင်သည်။ တဲတော်အထဲသို့ ဝင်ရောက်သွားသော မည်သူမဆို သူတို့၏လက်ပေါ်တွင် ရွှေရောင်တောက်ပခြင်းကို မြင်တွေ့နိုင်သည်။ ထို့ကြောင့် ပျဉ်ပြားလေးဆယ့်ရှစ်ချပ်၏ တစ်လုံးတစ်ဝရှိခြင်းသည် ဘုရားသခင်ကို ပုံဆောင်သော ရွှေ၌သာရှိရုံမက၊ ဘုရားသခင်၏ဘုန်းအသရေကိုဆောင်သည့် ရွှေ၏တောက်ပခြင်း၌လည်း ရှိသည်။ ထိုအလေ့အလာအတိုင်းပင်၊ ယနေ့ ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါးဘုရား၌၊ ကိုယ်တော်၏တောက်ပခြင်း၊ ကိုယ်တော်၏ ဘုန်းအသရေတော်၌ ရှိခြင်းဖြစ်သည်။

ဤဝေမျှချက်၌ ကျွန်ုပ်၏ဝန်တာမှာ စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့၏ လူသားဖြစ်ခြင်း၌ လုံးလုံးရှာမတွေ့နိုင်ကြောင်း ဖေါ်ပြရန်ဖြစ်သည်။ သင်သည် နှိမ့်ချခြင်း သို့မဟုတ် သည်းညည်းခံတတ်ခြင်းဖြင့် အခြားသူများနှင့် တစ်လုံးတစ်ဝရှိနိုင်သည်ဟု မစဉ်းစားပါနှင့်။ ကျွန်ုပ်တို့သည် သိမ်မွေ့သည်ဖြစ်စေ၊ ကြမ်းတမ်းသည်ဖြစ်စေ၊ နှေးသည်ဖြစ်စေ၊ မြန်သည်ဖြစ်စေ၊ မာနထောင်လွှာသည်ဖြစ်စေ၊ နှိမ့်ချသည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ မတတ်သည်ဖြစ်စေ၊ အကြောင်းမဟုတ်ပါ၊ ကျွန်ုပ်တို့အားလုံးတွင် တစ်လုံးတစ်ဝရှိခြင်းပြဿနာ ရှိကြသည်။ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့အားဖြင့်၊ ကျွန်ုပ်တို့နှင့်အတူ၊ ကျွန်ုပ်တို့သည် အခြားသူများနှင့် တစ်လုံးတစ်ဝရှိရန် မဖြစ်နိုင်ပါ။ အမှန်တွင်လည်း မိမိကိုယ်တိုင်နှင့်ပင် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝမရှိကြပါ။ တစ်လုံးတစ်ဝရှိခြင်းသည် အကာရှသစ်သား၌မဟုတ်ဘဲ၊ ရွှေ၌ဖြစ်ကြောင်း ကျွန်ုပ်တို့တစ်ဖန်ပြန်၍ အလေးထားဖို့လိုသည်။ ဤသည်မှာ အသင်းတော်၌ တစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့၏ လူသား

ဖြစ်ခြင်းမှ မဟုတ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ သုံးပါးတစ်ပါးဘုရား၌သာ လုံးလုံးဖြစ်နိုင်သည်။ ပြီးခဲ့သောအချိန်က သခင်ဘုရားသည် တစ်လုံးတစ်ဝရှိခြင်းအတွက် ကိုယ်တော်၏ ဆုတောင်းချက်တွင် နှိမ့်ချခြင်း၊ သည်းညည်းခံခြင်းနှင့် ကြင်နာခြင်းကဲ့သို့သော ကောင်းမြတ်ခြင်းများကို အဘယ်ကြောင့် မဖော်ပြပါသနည်းဟု ကျွန်ုပ်အံ့ဩမိခဲ့သည်။ ကိုယ်တော်သည် သုံးပါးတစ်ပါးဘုရား၌ ဖြစ်ခြင်းအကြောင်းကိုသာ အဓိကပြောဆိုသည်။ ယော၊၁၇း ၂၁မှ ၂၃၏ ဆိုလိုရင်းမှာ သုံးပါးတစ်ပါးဘုရား၌ ထိုတစ်လုံးတစ်ဝရှိခြင်း အကြောင်းဖြစ်သည်။ ဤအရာက တစ်လုံးတစ်ဝရှိခြင်းသည် လူသားဖြစ်ခြင်း၌ မဟုတ်ကြောင်း ဖော်ပြသည်။ တစ်လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါးဘုရား၌သာ ဖြစ်သည်။

ရှေ့၏ မွမ်းမံခြင်းသည် တစ်လုံးတစ်ဝရှိခြင်း ပျံ့နှံ့သွားခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့တွင် ဧ၊၄း၃၌ ပြောဆိုထားသည့် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်း ရှိထားပြီးဖြစ်သည်။ သုံးပါးတစ်ပါးဘုရားဖြစ်သည့် ကနဦးဝိညာဉ်တော်သည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းသာဖြစ်သည်။ ယခု ဤတစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံး မွမ်းမံပြီးသည့်အထိ ပျံ့နှံ့သွားမည်ဖြစ်သည်။ ဘုရားသခင်သည် ပင်ကိုဇာတိတစ်စုံတစ်ရာအပေါ် မွမ်းမံခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရပြီးဖြစ်သည်။ အကာရှသစ်သားမဟုတ်သည့်အရာတိုင်းသည် ပုံသဏ္ဍာန်ပြောင်းလဲသွားမည်ဖြစ်သည်၊ ဤသည်မှာ သဘောသဘာဝနှင့် ပုံသဏ္ဍာန်၌ ပြောင်းလဲသွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းသည် မည်မျှကောင်းနေပါစေ၊ ကျွန်ုပ်တို့သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ခံယူဖို့လိုသည်။ (*Truth Messages*, pp. 81-82, 85, 97)

*ပို၍ဖတ်ရန်-* *Truth Messages*, ch. 10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ______________________

________________________________________________

________________________________________________

________________________________________________

________________________________________________

________________________________________________

________________________________________________

________________________________________________

________________________________________________

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ထိုမိန်းမသည် ...ရွှေတန်ဆာ၊ ကျောက်မြတ်တန်ဆာ၊ ပုလဲတန်ဆာကို**
**၁၇း၄-၅ ဆင်လျက်ရှိ၏။ ...နဖူး၌ အက္ခရာတင်သောနာမမူကား၊ နက်နဲ**
**သောအရာ၊ ဗာဗုလုန်မြို့ကြီး၊ ...တို့၏အမိဖြစ်သတည်း။**

**ယော၊ အကျွန်ုပ်သည် သူတို့၌ရှိ၍၊ ကိုယ်တော်သည်လည်း၊ အကျွန်ုပ်၌ ရှိတော်**
**၁၇း၂၃ မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းအထဲသို့ စုံလင်စေ**
**ခြင်းငှါလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူ**
**ကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်**
**မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှါလည်းကောင်း၊**

ထောင်ထားသောပျဉ်ပြားတစ်ချပ်သည် အမြင့်တစ်ဆယ်ကျူးဘစ်တ်(ရှေး ခေတ်အတိုင်းအတာ)ရှိပြီး၊ အကျယ်တစ်ခွဲကျူးဘစ်တ်ရှိသည်။ ၎င်း၏အတိုင်းအတာမှာ အမြင့်ဆယ့်ငါးပေနှင့် အကျယ်နှစ်ဆယ့်ခုနစ်လက်မရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။ ဤအတိုင်းအတာပျဉ်ပြားတစ်ချပ်ကို မွမ်းမံရန် ရွှေပမာဏများစွာလိုမည်မှာ သေချာပါသည်။ ရွှေမွမ်းမံခြင်းအထပ်ပါးလွန်းပါက၊ ပျဉ်ပြား၏ အလေးချိန်ကို သယ်ထားနိုင်မည်မဟုတ်ပါ။ သစ်သားပျဉ်ပြားများကို ပြင်ဆင်ရသည်မှာ လွန်စွာခက်ခဲမည်မဟုတ်ပါ။ သို့သော် ထိုကြီးမားသောပျဉ်ပြားများကို မွမ်းမံရန်အလုပ်မှာ အတော်ခက်ခဲမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ပျဉ်ပြားများဖြစ်သော်လည်း၊ ကျွန်ုပ်တို့ကို မွမ်းမံထားသောရွှေအထပ်သည် လွန်စွာပါးပါးလေးဖြစ်ကောင်းဖြစ်နိုင်သည်။ မှန်ပါသည်၊ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၌ ရှိကောင်းရှိနေနိုင်သည်၊ သို့သော်လည်း ကျွန်ုပ်တို့သည် ကိုယ်တော်၌ နက်နဲစွာ ရှိနေလိမ့်မည်မဟုတ်ပါ။ ရွှေဖြင့်မွမ်းမံခြင်းခံမည့်အစား၊ ကျွန်ုပ်တို့သည် ဗျာ၊၁၇ရှိ ဗာဗုလုန်မြို့ကြီးကဲ့သို့ ရွှေရောင်တောက်နေခြင်းမျှသာဖြစ်သည်။ ထောင်ထားသော ပျဉ်ပြားများသည် ရွှေဖြင့်တောက်ပနေရုံသာရှိနေပါက၊ ပျဉ်ပြားများ၏ အလေးကို ထောက်မပေးသော ကွင်းများအတွက် ရွှေမရှိဖြစ်ကောင်းဖြစ်နိုင်သည်။ လေးလံသော ပျဉ်ပြား လေးဆယ့်ရှစ်ချပ်ကို အတူတကွရှိစေရန်အလို့ငှါ၊ ၎င်းတို့တစ်ချပ်စီတွင် ရွှေအထပ်များများဖြင့် မွမ်းမံဖို့လိုသည်။ (*Truth Messages*, p. 83)

## ယနေ့ဖတ်စရာ

ကျမ်းစာ၏မည်သည့်အပိုင်းမှ ယော၊၁၇၌ကဲ့သို့ ထိုသို့လက်တွေ့ကျသောနည်းလမ်း၌ သုံးပါးတစ်ပါးဘုရားကို ဖွင့်ပြထားခြင်းမရှိပါ။ အကျွန်ုပ်၊ ကျွန်ုပ်တို့၊ သင်ဟူ၍

နာမ်စားများစွာအသုံးပြုထားခြင်းက၊– သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝရှိခြင်းနှင့် သက်ဆိုင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ တစ်လုံးတစ်ဝအထဲသို့ ကျွန်ုပ်တို့ကို စုံလင်စေခြင်းမှာ သုံးပါးတစ်ပါးဘုရားအထဲ၌ ဖြစ်သည်။ စုံလင်လာခြင်းသည် ရွှေများစွာရှိခြင်းကို ဆိုလိုသည်။ ပျဉ်ပြားများကို ရွှေဖြင့်လုံလောက်အောင်မွမ်းမံထားခြင်းရှိမှသာလျှင်၊ ၎င်းတို့ကို တစ်လုံးတစ်ဝအထဲသို့ စုံလင်စေမည်ဖြစ်သည်။ ဤအရာက တစ်လုံးတစ်ဝအထဲသို့ စုံလင်လာခြင်းသည် ဘုရားသခင်ကို ပို၍ရယူခြင်းကို ဆိုလိုသည်။ တစ်လုံးတစ်ဝရှိခြင်းအကြောင်း သွန်သင်နေရုံမျှနှင့် ကျွန်ုပ်တို့ကို မည်သို့မျှ တစ်လုံးတစ်ဝမဖြစ်စေနိုင်ကြောင်းမှာ သေချာပါသည်။

တစ်လုံးတစ်ဝရှိခြင်းသည် နက်နဲမှုမရှိအပေါ်ယံအကြောင်းအရာမဟုတ်ပါ။ ကျွန်ုပ်တို့ကို ရွှေဖြင့်အပြည့်အဝမွမ်းမံခံရသည်အထိ သုံးပါးတစ်ပါးဘုရားအထဲသို့ နက်နဲစွာနစ်မြုပ်ခြင်း၏ အကြောင်းအရာဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ဖြင့် များစွာဆက်ဆံဖြေရှင်းဖို့ လိုသည်။ ကိုယ်တော်ဖြင့် ပါးပါးလေးသုတ်လိမ်းခံရုံဖြင့် မလုံလောက်ပါ။ ကျွန်ုပ်တို့သည် ရွှေဖြင့်မွမ်းမံခြင်းခံရန် ကျွန်ုပ်တို့လိုအပ်သည့်ပမာဏအမှန်ရရှိလိုပါက၊ ကျွန်ုပ်တို့သည် နောင်တရကာ "သခင်ဘုရား၊ ကျွန်ုပ်တွင် ရွှေရောင်တောက်ပခြင်းသာရှိနေ၍ နောင်တရပါ၏။ ကျွန်ုပ်သည် မွမ်းမံသုတ်လိမ်းခြင်းမခံရသေးပါ။ ကိုယ်တော့်ကို ကျွန်ုပ်တွေ့ကြုံခံစားရသည့်အရာမှာ ရွှေရောင်ထွက်ရုံမျှသာဖြစ်ပါသည်။ အခြားသူများက ကျွန်ုပ်အားချီးမွမ်းခြင်းကိုဖြစ်စေ၍ ကောင်းပါ၏ သို့သော် အခြားသူများနှင့် အကျွန်ုပ်အတူတကွရှိခြင်းနှင့် စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်းအတွက် မကောင်းပါ။ သေးငယ်သော ပြဿနာဖြစ်ရုံမျှနှင့်ပင်၊ ကျွန်ုပ်တွင် ရွှေအထပ်လုံလောက်အောင်မရှိသောကြောင့်၊ တစ်လုံးတစ်ဝရှိခြင်းသည် ပျက်ပြားရပါသည်။ သခင်ဘုရား၊ တစ်လုံးတစ်ဝရှိခြင်းအတွက်၊ ရွှေပမာဏအလုံအလောက်ဖြင့် မွမ်းမံပေးပါ"ဟူ၍ ဆုတောင်းရပေလိမ့်မည်။

ကျွန်ုပ်တို့ကို ရွှေဖြင့်ပို၍ မွမ်းမံလေလေ၊ တစ်လုံးတစ်ဝရှိခြင်း ကျွန်ုပ်တို့၌ပို၍ ရှိလာလေလေဖြစ်သည်။ လုံလောက်ပိုလျှံသောရွှေပမာဏဖြင့် ကျွန်ုပ်တို့အား မွမ်းမံခြင်းမှထွက်ပေါ်လာသော တစ်လုံးတစ်ဝရှိလာခြင်းကို မည်သည့်အရာမျှ မဖျက်ဆီးနိုင်ပါ။ ကျွန်ုပ်တို့တွင် ဘုရားသခင်ပို၍ရှိလာလေလေ၊ ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝရှိခြင်းသည် ပို၍အားကောင်းလာလေလေဖြစ်ပေမည်။

ဘုရားသခင်၏ ပမာဏအလုံအလောက်မရှိခြင်းသည် တစ်လုံးတစ်ဝရှိခြင်းကို ကြီးစွာသောပြဿနာ ဖြစ်လာစေနိုင်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် လှုပ်ရှား

လုပ်ဆောင်မှုတစ်ခုမဟုတ်ပါ။ ကျွန်ုပ်တို့သည် လူများစွာကို ရရှိရန် အလိုဆန္ဒမရှိပါနှင့်။ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့နှင့်သက်ဆိုင်သည်မှာ စစ်မှန်သောရွေးအလေးချိန်ပမာဏ ဖြစ်သည်။ အရေးကြီးသောမေးခွန်းမှာ သင်၌ ဘုရားသခင်မည်မျှရှိပါသနည်းဟူ၍ ဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်းမှာ ကိုယ်တော်တိုင်ဖြင့် ကိုယ်တော်ပြန်လည်ရယူထားသောလူတို့ကို ဘုရားသခင် မွမ်းမံပေးနေခြင်းဖြစ်သည်။

သဘောထားကွဲလွဲခြင်းတစ်စုံတစ်ရာကို ကျွန်ုပ်မြင်ရသောအခါတိုင်း၊ သူတို့အတွက် ကျွန်ုပ်ဝမ်းနည်းခြင်းကို ခံစားရသည်။ ထိုသဘောထားကွဲလွဲခြင်းအခြေအနေသည် စစ်ဆေးခြင်း၊ ဖော်ပြခံရခြင်းနှင့် သန့်စင်ခြင်းတို့ဖြစ်ကြောင်း တစ်ချိန်တည်း၌ ကျွန်ုပ်သိနားလည်လိုက်သည်။ ကျွန်ုပ်တို့၌ အမှန်တကယ် ရွှေမည်မျှရှိကြောင်း၊ စစ်မှန်သည့်အရာကို စစ်ဆေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ရွှေပို၍ရယူဖို့ လိုသည်။ ကောင်းသောစိတ်နှလုံးရှိခြင်း၊ သမ္မာတရားကိုသိခြင်းနှင့် သခင်ဘုရား၏ ပြန်လည်ရယူခြင်းကိုအလေးထားခြင်း ရှိရုံမျှဖြင့် မလုံလောက်ပါ။ အရာခပ်သိမ်းသည် ကျွန်ုပ်တို့၌ ရွှေမည်မျှရှိခြင်းအပေါ် မူတည်သည်။ ကျွန်ုပ်တို့တွင် ရွှေမရှိပါက၊ ကျွန်ုပ်တို့အားလုံးသည် သဘောထားကွဲပြားခြင်း ဖြစ်လာနိုင်သည်။ ဤအရာက ကျွန်ုပ်တို့အားလုံးကို သတိပေးနေသည်။ စစ်မှန်ခြင်း၏ တစ်လုံးတစ်ဝရှိခြင်းသည် သုံးပါးတစ်ပါးဘုရား၌သာ ဖြစ်နိုင်ကြောင်း ကျွန်ုပ်ထပ်မံပြောဆိုလိုသည်။

ယနေ့ သခင်ဘုရားသည် စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်းကို လိုအပ်နေသည်။ ဤတစ်လုံးတစ်ဝရှိခြင်း ကျွန်ုပ်တို့၌မရှိပါက၊ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့ဆက်လက်သွားနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် မရှိမဖြစ်အရေးကြီးဆုံးအရာမှာ စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်းဖြစ်သည်။ ခိုင်မာပြီး စစ်မှန်သောတစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရန် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်ကို အလုံအလောက်တွေ့ကြုံခံစားခြင်းရှိရန်ဖြစ်သည်။ ဤအရာသည် ယနေ့ ကျွန်ုပ်တို့၏ လိုအပ်ချက်ဖြစ်သည်။ (*Truth Messages*, pp. 85-88)

*ပို၍ဖတ်ရန်-* *Truth Messages*, ch. 9

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ သင်တို့သည်လည်း၊ သင်တို့၏ကယ်တင်ခြင်း ဧဝံဂေလိတရားတည်းဟူ**
**၁း၁၃ သော သမ္မာတရားစကားကို ကြားနာရ၍၊ ထိုခရစ်တော်၌ ယုံကြည်ပြီး**
**မှ၊ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်ဖြင့် တံဆိပ်ခတ်**
**ခြင်းကို ခံရကြ၏။**

**၄း၃၀ ရွေးနုတ်ခြင်းနေ့ရက်တိုင်အောင်၊ ကိုယ်တော်၌ သင်တို့ကို တံဆိပ်ခတ်**
**တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းမ**
**နည်းစေနှင့်။**

ကျွန်ုပ်တို့သည် အသစ်တစ်ဖန်မွေးဖွားခြင်းခံရပြီးနောက်၊ တံဆိပ်ခတ်သော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ပျံ့နှံ့ရန် အစပြုပြီဖြစ်သည်။ အချို့တို့တွင် ဤပျံ့နှံ့ခြင်းသည် လွန်စွာနှေးကောင်း နှေးနိုင်သည်။ သို့သော်ငြားလည်း ဆက်လက်သွားနေမည်ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းအထဲသို့ ကျွန်ုပ်တို့ရောက်လာပြီးဖြစ်သည့်အတွက်၊ ရွှေ၏ပျံ့နှံ့ခြင်းသည် တိုးပွားလာကြောင်း ကျွန်ုပ်တို့များစွာက သက်သေခံနိုင်ကြသည်။ အကာရှသစ်သားတွင်သာ ရွှေဖြင့်မွမ်းမံသည့်အတွက် ရွှေဖြင့်မွမ်းမံခံရခြင်းသည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို အမြဲဖြစ်စေသည်။ ဘုရားသခင်၏ ရွှေသဘောသဘာဝသည် ကျွန်ုပ်တို့၏ကျဆင်းသော သဘောသဘာဝကို မည်သည့်အခါမျှမွမ်းမံလိမ့်မည်မဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းခံရသော သဘောသဘာဝကိုသာ သုတ်လိမ်းမွမ်းမံလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ကျဆင်းခြင်းသဘောသဘာဝသည် ပျက်စီးသောသစ်သားဖြစ်ပြီး၊ အသစ်မွေးဖွားခြင်းနှင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်း သဘောသဘာဝသည် အကာရှသစ်သားဖြစ်သည်။ ဤအရာအား ကျွန်ုပ်တို့၏ အတွေ့အကြုံနှင့် အခြားသန့်ရှင်းသူများ၏ အတွေ့အကြုံကို ကြည့်ခြင်းဖြင့် အတည်ပြုသည်။

ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏တံဆိပ်ကို ရရှိရုံသာမက၊ ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကိုလည်း ရရှိခြင်းဖြစ်သည်။ ဤတံဆိပ်ခတ်ခြင်းသည် ရွှေဖြင့်ကျွန်ုပ်တို့ကို မွမ်းမံခြင်း၊ ကျွန်ုပ်တို့၏ဖြစ်ခြင်း၌ ပျံ့နှံ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ အသစ်မွေးဖွားခံရချိန်မှစ၍၊ ကျွန်ုပ်တို့အတွင်းထဲတွင် အဖိုးတန်တစ်စုံတစ်ရာရှိလာပြီးဖြစ်သည်။ နှုတ်ကပတ်တော်ဖတ်ခြင်းဖြင့်၊ ဤအဖိုးတန်အရာသည် ကျွန်ုပ်တို့တွင် ဝိညာဉ်တော်ဘုရားဖြင့် ပေါင်းထည့်ထားသည့် ဘုရားသဘောသဘာဝဖြစ်ကြောင်း ကျွန်ုပ်တို့မြင်လာမည်ဖြစ်သည်။ နေ့တိုင်း ဘုရားသဘောသဘာဝနှင့်အတူ ထိုဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်းထဲတွင်

ပျံ့နှံ့နေသည်။ ကျွန်ုပ်တို့ပို၍ဆုတောင်းလေ၊ သခင်ဘုရားနှင့်မိတ်သဟာယဖွဲ့လေ၊ နှုတ်ကပတ်တော်ကို ဖတ်လေ၊ ကိုယ်တော့်ကိုချစ်ကြောင်းနှင့် ကိုယ်တော်နှင့်တစ်လုံးတစ်ဝရှိရန် အလိုရှိကြောင်း ကိုယ်တော့်ကိုပြောလေလေ၊ တစ်စုံတစ်ရာသည် ကျွန်ုပ်တို့၏ အတွင်းထဲတွင် ပျံ့နှံ့ကာ၊ ရွှေဖြင့်ပို၍မွမ်းမံခံရကြောင်း ခံစားရလေလေဖြစ်ပေမည်။ (*Truth Messages*, pp. 103-104)

## ***ယနေ့ဖတ်စရာ***

ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် မိမိကိုယ်ကိုမှန်အောင် သို့မဟုတ် တိုးတက်လာအောင်လုပ်ဆောင်ခြင်း မဟုတ်ပါ။ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် သခင်ဘုရားကို ကျွန်ုပ်တို့ချစ်ခြင်း၊ ကိုယ်တော့်ကို ကျွန်ုပ်တို့ဆက်သွယ်ခြင်း၊ ကိုယ်တော့်နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ကြားနာခြင်း၊ ကိုယ်တော့်ထံဆုတောင်းခြင်းနှင့် ဝိညာဉ်တော်အတိုင်း ကျွန်ုပ်တို့လျှောက်လှမ်းခြင်းအပေါ် မူတည်သည်။ ဤအကြောင်းအရာငါးခု ကျွန်ုပ်တို့၌ရှိနေသ၍၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်အဖြစ် ခရစ်တော်ကို ယူဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် အလိုအလျောက်ဖြစ်ပေါ် နေသည်။ ရွှေ၏မွမ်းမံခြင်းသည် ဤပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့်အတူ အလိုအလျောက် ဖြစ်ပေါ် နေသည်။ ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိသည့် နေရာတိုင်းတွင် ရွှေ၏မွမ်းမံခြင်းလည်းရှိနေသည်။

ချစ်သောသူအချို့(တစ်လုံးတစ်ဝရှိခြင်းကို ပျက်ပြားစေသူ)တို့သည် ကွင်းသုံးကွင်းမရှိကြောင်း သခင်ဘုရားသည် ကျွန်ုပ်တို့ကို တဖြည်းဖြည်းဖော်ပြသည်။ သူတို့တွင် ရွှေ၏ပျံ့နှံ့ခြင်းမရှိသောကြောင့်၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းလည်း မရှိပါ။ သဘောထားကွဲပြားခြင်းကိုဖြစ်စေသူများ၏ အတွေ့အကြုံ၌ ကားတိုင်ကို တွေ့ကြုံ ခံစားခြင်းမရှိသောကြောင့်၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း မရှိရခြင်းဖြစ်သည်။ ထောင်ထားသောပျဉ်ပြားများကို ကန့်လန့်ကျင်များဖြင့် ကန့်လန့်ဖြတ် ပေါင်းစည်းထားခြင်းဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့သည် ထောင်လျက်ရပ်နေနိုင်သော်လည်း၊ ပေါင်းစည်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ကန့်လန့်ဖြတ်ပေလိမ့်မည်ဖြစ်ကြောင်း ဖော်ပြနေသည်။ ယနေ့ အချို့လူတို့သည် ကားတိုင်ကို မုန်းကြသည်။ သူတို့သည် ကားတိုင်ဆိုသည့်စကားကိုပင် စက်ဆုပ်ရွံရှာကြသည်။ သို့သော် ကားတိုင်မရှိပါက၊ ရှင်ပြန်ထမြောက်ခြင်း ရှိနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ဇာတိအသက်သည် ရှင်ပြန်ထမြောက်ခြင်း၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ဤပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် မွမ်းမံပေးသောရွှေ၌ ဖြစ်လာသည်။

ကျွန်ုပ်တို့အားလုံးသည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ခံယူပြီး၊ ရွှေဖြင့်မွမ်းမံခြင်းကို ခံယူမှသာလျှင်၊ ကျွန်ုပ်တို့အလယ်တွင် သဘောထားကွဲပြားခြင်း ဖြစ်လာနိုင်မည်မဟုတ်ပါ။ တစ်ခုတည်းသောအကာအကွယ်မှာ ရွှေဖြင့်မွမ်းမံခြင်းကို ခံယူရန်သာဖြစ်သည်။ ကျွန်ုပ်တို့သည် ဇာတိဖြစ်ခြင်းအတိုင်း မသွားဘဲ၊ ဇာတိလူဖြစ်ခြင်းအစား၊ ယေရှု၏လူသားဖြစ်ခြင်း၏ ဒြပ်သဘောသဘာဝနှင့်အတူ ပုံသဏ္ဍာန်ပြောင်းလဲသောလူသားဖြစ်ခြင်းရှိရမည်။ ရှင်ပြန်ထမြောက်ခြင်း၌ လူသားဖြစ်ခြင်း၊ ယေရှု၏လူသားဖြစ်ခြင်းသာလျှင်၊ ရွှေဖြင့်မွမ်းမံခြင်းကိုခံရန် အရည်အချင်းပြည့်မီသည်။

ဤအကြောင်းအရာကို ဆုတောင်းခြင်း၌ သခင်ဘုရားထံသို့ ယူဆောင်ရန် သင့်အား ကျွန်ုပ်တောင်းဆိုလိုပါသည်။ ဘုရားသခင်အား ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်းမှ စစ်မှန်သော တစ်လုံးတစ်ဝဖြစ်လာခြင်းအဆင့်များကို သိနားလည်ရန်အလို့ငှါ ကျွန်ုပ်တို့သည် များစွာဆုတောင်းဖို့လိုသည်။ ဤနှုတ်ကပတ်တော်၏စစ်မှန်ခြင်းကို ရရှိရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် အချိန်များစွာပေး၍ ဆုတောင်းဖို့လိုသည်။ တစ်လုံးတစ်ဝရှိခြင်းသည် ဘုရားဆိုင်ရာ စစ်မှန်ခြင်းဖြစ်သောကြောင့် ၎င်းကို သိနားလည်ရန်မှာ မလွယ်ကူပါ။ ဘုရားဆိုင်ရာသဘောသဘာဝသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ရောက်ရှိဖို့လိုသည်။ သုံးပါးတစ်ပါးဖြစ်သည့် ကနဦးဝိညာဉ်တော်သည် ကွင်းများအဖြစ် ကျွန်ုပ်တို့၌ ဆောက်တည်ခြင်းသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ပျံ့နှံ့သွားမည်ဖြစ်သည်။ ဤပျံ့နှံ့ခြင်းသည် ပုံသဏ္ဍာန်ပြောင်းလဲမှုကို ဖြစ်စေသည်။ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် ကိုယ်တော့်ကို ချစ်ခြင်း၊ ကိုယ်တော့်ကိုဆက်သွယ်ခြင်း၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို နားထောင်ခြင်း၊ ကိုယ်တော့်ထံဆုတောင်းခြင်းနှင့် ဝိညာဉ်၌လျှောက်လှမ်းခြင်းဖြင့် ကျွန်ုပ်တို့၏ အသက်အဖြစ် ခရစ်တော်ကို ယူဆောင်ရမည်အကြောင်း တောင်းဆိုလျက်ရှိသည်။ ဤအရာသည် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းဖြစ်ပါက၊ ကျွန်ုပ်တို့သည် ပုံသဏ္ဍာန်ပြောင်းလဲကာ ရွှေဖြင့်မွမ်းမံခြင်းကိုခံရမည်ဖြစ်သည်။ ထို့နောက် တစ်လုံးတစ်ဝရှိခြင်းသည် ကျွန်ုပ်တို့အတွင်းထဲတွင် ပြီးပြည့်စုံလာလိမ့်မည်ဖြစ်ပြီး၊ သဘောထားကွဲခြင်းနှင့် ကွဲပြားခြင်းမှ ကျွန်ုပ်တို့ကို အကာအကွယ်ဖြစ်လာစေမည်ဖြစ်သည်။ (*Truth Messages*, pp. 97-99)

*ပို၍ဖတ်ရန်-* *Truth Messages*, ch. 11

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

——————————————————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ၄း၂–၃ အရာရာ၌ နှိမ့်ချခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်း၊ ဆင်းရဲဒုက္ခကို ကြာရှည်စွာခံနိုင်ခြင်းနှင့် မေတ္တာ၌ တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍၊ ငြိမ်သက်ခြင်း၏ ပေါင်းစည်းချည်နှောင်ခြင်း၌ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန် ဇွဲလုံ့လရှိကြလော့။**

**ထွက်၊ ၂၆း၂၆–၂၈ တဲတော်၌ ကာရသောပျဉ်ပြားကို လျှိုစရာဘို့ အကာရှသား ကန့်လန့်ကျင် ... ငါးချောင်းကိုလည်း လုပ်ရမည်။ အလယ်ကန့်လန့်ကျင်ကို ထောင့်တစ်ဘက်တစ်ချက်၌ ဆုံးစေရမည်။**

ဧ၊၄း၂၌ ဖေါ်ပြထားသော ကောင်းမြတ်ခြင်းများကို ကျွန်ုပ်တို့၏ လူသားဖြစ်ခြင်း၌ တွေ့မြင်ရခြင်း မဟုတ်ဘဲ၊ ယေရှု၏ လူသားဖြစ်ခြင်း၌ မြင်ရခြင်း ဖြစ်သည်။ ကောင်းမြတ်ခြင်းများအကြောင်းကို ဤနေရာ၌ ဖေါ်ပြထားခြင်းမှာ အငယ်၊၃၌ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းရှေ့မှောက်တွင်၊ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရန်အလို့ငှါ၊ ကျွန်ုပ်တို့၌ရှိရမည့်ကောင်းမြတ်ခြင်းများကို ညွှန်ပြထား ခြင်းဖြစ်သည်။ ဤအရာက ပေါင်းစည်းထားသောဝိညာဉ်တွင် ပုံသဏ္ဍာန်ပြောင်းလဲသော လူသားဖြစ်ခြင်း၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်အားဖြင့် ပုံသဏ္ဍာန်ပြောင် လဲလာသော လူသားဖြစ်ခြင်းရှိရမည်ကို ဆိုလိုသည်။ (ဧ၊၄း၂၊ မှတ်စု–၁)

ခရစ်တော်သည် စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်များကြောင့် ဖြစ်လာသည့် ကွဲပြားခြားနားခြင်းများ အားလုံးကို ကားတိုင်ပေါ် တွင် ဖယ်ရှားလိုက်ပြီးဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ကိုယ်တော်သည် သူ၏ ကိုယ်ခန္ဓာတော်ကို ငြိမ်သက်စေသည်။ ထိုငြိမ်သက်ခြင်းသည် ယုံကြည်သူများ အားလုံးကို အတူတကွပေါင်းစည်းစေ၍ တစ်လုံးတစ်ဝ ပေါင်းစည်းခြင်း ဖြစ်လာစေသည်။ ငြိမ်သက်ခြင်း၏ တစ်လုံးတစ်ဝပေါင်းစည်းခြင်းသည် ကားတိုင်၏ လုပ်ဆောင်ခြင်းမှ ဖြစ်ပေါ် လာသည်။ ကျွန်ုပ်တို့သည် ကားတိုင်ပေါ် တွင် တည်နေပါက၊ အခြားသူများနှင့် ကျွန်ုပ်တို့ ငြိမ်သက်ခြင်းရရှိနေမည်ဖြစ်သည်။ ဤငြိမ်သက်ခြင်းသည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းကို ကျွန်ုပ်တို့စောင့်ထိန်းခြင်း၌ ပေါင်းစည်းချည်နှောင်ခြင်း ဖြစ်လာသည်။ (Eph.4;3, footnote 3)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့တွင် ကနဦးဝိညာဉ်တော်နှင့် ရွှေဖြင့်မွမ်းမံရသောအတွေ့အကြုံ ရှိကောင်းရှိမည်ဖြစ်သော်လည်း၊ ပေါင်းစည်းသောဝိညာဉ်တော်ဆီသို့ ဆက်လက်သွားဖို့ လို

သေးသည်။ ပျဉ်းပြားများ၊ ကွင်းများနှင့် မွမ်းမံမည့်ရွှေရှိပြီးနောက်၊ ကျွန်ုပ်တို့သည် ကန့်လန့်ကျင်များ လိုအပ်သေးသည်။ ကန့်လန့်ကျင်များသည် ပျဉ်ပြားလေးဆယ့်ရှစ်ချပ်ကို အတူတကွပေါင်းစည်းစေသည့်အတွက် ကန့်လန့်ကျင်များမပါဘဲ၊ ပျဉ်ပြားများ တစ်ပေါင်းတစ်စည်းတည်း ဖြစ်မလာနိုင်ပါ။ ကန့်လန့်ကျင်များသည် မည်သည့်အရာကို ပုံဆောင်သနည်း။ ကျွန်ုပ်တို့သည် ပျဉ်ပြားများဖြစ်သည့်အတွက်၊ ကန့်လန့်ကျင်များသည် ကျွန်ုပ်တို့ကို ကိုယ်စားမပြုနိုင်ပါ။ ထို့ပြင် ကွင်းများသည် သုံးပါးတစ်ပါးဘုရားကို ပုံဆောင်ခြင်းဖြစ်ပြီး၊ ပျဉ်ပြားများကို ရွှေသုတ်လိမ်းခြင်းသည် ဘုရားသခင်၏ တိုးပွားပျံ့နှံ့ခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ကွင်းများသည် ကနဦးဝိညာဉ်တော်ကို ပုံဆောင်သကဲ့သို့၊ ကန့်လန့်ကျင်များသည် ပေါင်းစည်းသောဝိညာဉ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ပျဉ်ပြားများကို ထောင်လျက်ထား၍၊ ကန့်လန့်ကျင်များသည် ၎င်းတို့ကို အလျားလိုက်ကန့်လန့်ဖြတ်၍ တစ်ပေါင်းတစ်စည်းတည်းဖြစ်စေသည်။

ကန့်လန့်ကျင်တစ်စုံတွင် ကန့်လန့်ကျင်ငါးချောင်းပါရှိသည်။ ဂဏန်းနံပါတ်ငါးသည် လေးနှင့် တစ်ပေါင်းခြင်းဖြစ်သည်။ တစ်သည် တုနှိုင်းရာမဲ့ဘုရားသခင်ကို ဆိုလိုခြင်းဖြစ်ပြီး၊ လေးသည် သတ္တဝါများကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ဂဏန်းနံပါတ်ငါးသည် သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ သတ္တဝါများပေါင်းခြင်းကို ပုံဆောင်သည်။ ယနေ့ ပေါင်းစည်းသောဝိညာဉ်တော်သည် သုံးသွင်တစ်ပါးဘုရား၊ သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ သတ္တဝါများပေါင်းစပ်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ထောင်လျက်ရှိကာ ရွှေဖြင့်မွမ်းမံထားသောအကာရှသစ်သားဖြစ်ခြင်းကို နားလည်ရှင်းလင်းဖို့လိုသည်။ ပေါင်းစည်းသောဝိညာဉ်တော်တွင် ရွှေအားဖြင့်ပုံဆောင်သော ဘုရားဖြစ်ခြင်းနှင့် မွမ်းမံထားသော အကာရှသစ်သား အားဖြင့်ပုံဆောင်သော လူသားဖြစ်ခြင်း ရှိခြင်း၏ အဓိပ္ပါယ်သည် အဘယ်သို့နည်း။ ခရစ်ယာန်သွန်သင်သူဆရာအချို့က ပေါင်းစည်းသောကန့်လန့်ကျင်များသည် ပေါင်းစည်းသောဝိညာဉ်တော်ကို ပုံဆောင်ခြင်းဖြစ်ကြောင်း ဖေါ်ပြကြသော်လည်း၊ ပေါင်းစည်းသောဝိညာဉ်တော်၌ အကာရှသစ်သားအဘယ်ကြောင့် ပါရှိနေသည်ကို မည်သူမျှ ရှင်းမပြနိုင်ပါ။

ဤအကြောင်းအရာကို ကျွန်ုပ်တို့ရှင်းလင်းစွာနားလည်ရန် ဧ၊၄း ၂နှင့်၃က အကူအညီပေးမည်ဖြစ်သည်။ တစ်လုံးတစ်ဝရှိခြင်းသည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းဖြစ်သော်လည်း၊ ထိုတစ်လုံးတစ်ဝရှိခြင်းကို ကျွန်ုပ်တို့စောင့်ထိန်းရမည်ဖြစ်သည်။ တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းခြင်းမှာ ကျွန်ုပ်တို့၏ ဝန်တာဖြစ်သည်၊ ဝိညာဉ်တော်၏ ဝန်တာမဟုတ်ပါ။ ကျွန်ုပ်တို့တွင် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်း၊ ဘုရားဖြစ်ခြင်းနှင့်

တစ်လုံးတစ်ဝရှိခြင်းကိုစောင့်ထိန်းခြင်း၊ လူသားဖြစ်ခြင်း နှစ်ခုလုံးဝန်တာရှိသည်။ ကျွန်ုပ်တို့တွင် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းသာရှိပြီး၊ တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းခြင်းမရှိပါက၊ ကျွန်ုပ်တို့၌ တစ်လုံးတစ်ဝမရှိနိုင်တော့ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရန် ကြိုးစားအားထုတ်ခြင်းရှိဖို့လိုသည်။ ကျွန်ုပ်တို့သည် နှိမ့်ချခြင်း၊ သည်းညည်းခံခြင်း၊ ကြာရှည်ဆင်းရဲဒုက္ခခံခြင်းနှင့် တစ်ဦးကိုတစ်ဦးချစ်ခြင်းဖြင့် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရမည်။ နှိမ့်ချခြင်း၊ သည်းညည်းခံခြင်း၊ ကြာရှည်ဆင်းရဲဒုက္ခခံခြင်းနှင့် တစ်ဦးကိုတစ်ဦးချစ်ခြင်းအားလုံးသည် ပေါင်းစည်းသော ကန့်လန့်ကျင်များအတွင်းရှိ အကာရှသစ်သားအားဖြင့် ပုံဆောင်သော လူသားကောင်းမြတ်ခြင်းများဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ထိုကောင်းမြတ်ခြင်းများနှင့်အတူရှိသည့် လူသားဖြစ်ခြင်း ရှိဖို့လိုသည်။

ပေါင်းစည်းသောကန့်လန့်ကျင်များသည် သန့်ရှင်းသောဝိညာဉ်တော်မျှသာမဟုတ်ဘဲ၊ လူသားဝိညာဉ်နှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ ပေါင်းစည်းသောကန့်လန့်ကျင်များသည် ဝန်တာယူရန် လူနှင့်ပေါင်းစည်းသော သုံးပါးတစ်ပါးဘုရားမျှသာမဟုတ်ပါ။ ထိုကန့်လန့်ကျင်များအားဖြင့် ကိုယ်စားပြုသော ဝိညာဉ်တော်တွင် လူသားဝိညာဉ်လည်း ပါဝင်သည်။ ဤအရာက၊ ကျွန်ုပ်တို့၏ဝိညာဉ်သည် ပေါင်းစည်းသောဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းမရှိပါက၊ တစ်လုံးတစ်ဝရှိခြင်းကို လက်တွေ့နည်းလမ်း၌ နားလည်နိုင်မည်မဟုတ်ပါကြောင်း ဆိုလိုခြင်းဖြစ်သည်။ ပေါင်းစည်းသောဝိညာဉ်တော်သည် အမှန်တွင် ရောနှောပေါင်းစည်းသောဝိညာဉ်တော်သာဖြစ်သည်။ ထိုရောနှောပေါင်းစည်းသောဝိညာဉ်တော်၌ ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်း၊ ရွှေနှင့် အကာရှသစ်သား နှစ်မျိုးလုံးရှိသည်။ (*Truth Messages*, pp. 104-106)

*ပို၍ဖတ်ရန်-* *Truth Messages*, ch. 11

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ၁၆း၂၄** **ထိုအခါ ယေရှုက၊ ငါ့နောက်သို့ လိုက်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။**

**ရော၊ ၈း၁၃** **. . . ဝိညာဉ်တော်အားဖြင့် ကိုယ်ခန္ဓာ၏အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။**

**၁၆** **ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်ကိုယ်တိုင်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏။**

ပေါင်းစည်းသောဝိညာဉ်တော်သည် တစ်လုံးတစ်ဝအထဲသို့ ကျွန်ုပ်တို့ကို အမှန်တစ်ကယ် ပေါင်းစည်းဆက်နွယ်ပေးနိုင်ခြင်း ရှိသည် မရှိသည်မှာ ထိုဝိညာဉ်တော်နှင့်အတူ ကျွန်ုပ်တို့ ပူပေါင်းလုပ်ဆောင်လိုသော အလိုဆန္ဒရှိခြင်း မရှိခြင်းအပေါ် မူတည်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ဖြတ်သန်းရန် နည်းလမ်းမရှိပါက၊ တစ်လုံးတစ်ဝရှိခြင်း ရှိနိုင်မည်မဟုတ်ပါ။ ပေါင်းစည်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၌ ဖြတ်သန်းရန်နှင့် အခြားသူများနှင့်အတူ ကျွန်ုပ်တို့ပေါင်းစည်းဆက်သွယ်ရန်အလို့ငှာ၊ ထောင်ထားသောပျဉ်းပြားများကို ပေါင်းစည်းသောဝိညာဉ်တော်သည် အမြဲဖြတ်သန်းရသည့်အတွက် ကျွန်ုပ်တို့သည်လည်း ကားတိုင်ဖြတ်သန်းခြင်းကို လက်ခံဖို့လိုသည်။ ကျွန်ုပ်တို့သည် ကားတိုင်ကိုလက်ခံရန် အလိုဆန္ဒရှိပါက၊ ကျွန်ုပ်တို့၏ဝိညာဉ်သည် ပေါင်းစည်းသောဝိညာဉ်နှင့် ပူးပေါင်းလုပ်ဆောင်လိမ့်မည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့၏ဝိညာဉ်နှင့်အတူ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ခရစ်တော်၌ အခြားယုံကြည်သူများကို ပေါင်းစည်းဆက်နွယ်စေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဝိညာဉ်တော်ဖြတ်သန်းခြင်းနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့ကို တစ်လုံးတစ်ဝအထဲသို့ ပေါင်းစည်းဆက်သွယ်စေမည်ဖြစ်သည်။ သို့သော်ငြားလည်း ကျွန်ုပ်တို့သည် အချိန်အတော်များများ ဝိညာဉ်တော်အားဖြင့်ဖြတ်သန်းခြင်းကို အလိုဆန္ဒမရှိကြပါ။

ပေါင်းစည်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ထံမှဖြတ်သန်းခြင်းဖြင့် အခြားသူများကို ရှာဖွေနေသည်။ မေးခွန်းမှာ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းရန် ကျွန်ုပ်တို့အလိုဆန္ဒ ရှိ–မရှိပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဖြတ်သန်းသော ဝိညာဉ်တော်နှင့်အတူ တစ်လုံးတစ်ဝရှိသောအချိန်တိုင်း၊ ကျွန်ုပ်တို့သည် ပေါင်းစည်းသောဝိညာဉ်တော်ကို တွေ့ကြုံခံစားရခြင်းဖြစ်သည်။ ဝိညာဉ်တော်အတိုင်း ကျွန်ုပ်တို့လျှောက်လှမ်းသော အချိန်တိုင်းတွင်၊ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ဖြတ်သန်းခြင်းကို တွေ့ကြုံခံ

စားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထောင်လျက်ရှိနေသော်လည်း၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ဖြတ်သန်းလျက်ရှိသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဖြတ်သန်းသောဝိညာဉ်တော်ကို သဘောတူလက်ခံခြင်းသည် ကျွန်ုပ်တို့၌ ပေါင်းစည်းသောကန့်လန့်ကျင်ရှိခြင်းဖြစ်သည်။ ၎င်းသည် တစ်လုံးတစ်ဝရှိခြင်းကို စောင့်ထိန်းရန် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ပေါင်းစည်းသောကန့်လန့်ကျင်များကို နားလည်ခြင်းကို ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်းဖြင့် အတည်ပြုနိုင်သည်။ (*Truth Messages*, pp. 106-107)

## ယနေ့ဖတ်စရာ

ဝိညာဉ်တော်သည် ကျွန်ုပ်တို့မှတစ်ဆင့်ဖြတ်သန်းရန်၊ ကျွန်ုပ်တို့ကိုဖြတ်ကျော်ရန် ဆက်လက်ကြိုးပမ်းနေသည်။ ထိုသို့ဖြစ်လာရန်အတွက်၊ ကျွန်ုပ်တို့၏ အသိဉာဏ်၊ အလိုဆန္ဒနှင့် ခံစားမှုနှင့်အတူ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကိုယ်တော်နှင့်အတူ လျှောက်လှမ်းရမည်ဖြစ်သည်။ ထိုသို့ဖြစ်လာမှသာလျှင် တစ်လုံးတစ်ဝအထဲသို့ ယုံကြည်သူများပေါင်းစည်းရန် အတန်းသုံးတန်း၌ ကန့်လန့်ကျင်ငါးခု၊ ပေါင်းစည်းသောကန့်လန့်ကျင်များ ကျွန်ုပ်တို့၌ ရှိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဤအသွင်သဏ္ဌာန်အားလုံးရှိလာသောအခါ၊ ယော၊၁၇၌ ဖော်ပြထားသော သုံးပါးတစ်ပါးဘုရား၌ တစ်လုံးတစ်ဝရှိလာမည်ဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့သည် မွှမ်းမံ၍ပေါင်းစည်းသောရွှေ၌ တည်ဆောက်နေကြောင်း ဆိုလိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ဖြတ်သန်းခြင်းခံရန် အလိုရှိခြင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဖြတ်သန်းသောဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းနေကြောင်း ဆိုလိုခြင်းဖြစ်သည်။ အလိုဆန္ဒမရှိပါက၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အခြားသူများနှင့် ပေါင်းစည်းဆက်နွယ်ပေးမည်မဟုတ်ပါ။ သင်၏ ဝိညာဉ်သည် ဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် အလိုဆန္ဒမရှိပါက၊ ပေါင်းစည်းသောဝိညာဉ်တော်သည် သင်နှင့်ကျွန်ုပ်ကို ပေါင်းစည်းပေးနိုင်မည်မဟုတ်ပါ။ ပေါင်းစည်းသောဝိညာဉ်တော်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့ကို မပေါင်းစည်းပေးနိုင်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၏ ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သည်။ ဤအရာက ကျွန်ုပ်တို့သည် ကိုယ်တော့်အားဖြင့် ဖြတ်သန်းခြင်းကို အလိုဆန္ဒရှိဖို့လိုကြောင်း ဆိုလိုခြင်းဖြစ်သည်။ (*Truth Messages*, p. 107)

ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ကားတိုင်သို့ ပို့ဆောင်သည်။ ကျွန်ုပ်တို့သည် ကားတိုင်ကို ယူဆောင်ပါက၊ ကားတိုင်သည် ဝိညာဉ်တော်၏ ပို၍လုပ်ဆောင်ခြင်း၌ ထွက်ပေါ်လာလိမ့်မည်ဖြစ်သည်။ ခရစ်တော်သည် ကားတိုင်သို့မတတ်မီ၊ ဝိညာဉ်တော်သည် ကိုယ်တော့်ကို အမြဲဦးဆောင်နေသည်။ ဤဦးဆောင်သောဝိညာဉ်တော်သည် ကိုယ်တော့်အား

ကားတိုင်သို့ အမြဲလမ်းပြပေးသည်။ ခရစ်တော်၏ အသက်တာတစ်ခုလုံးသည် ဝိညာဉ်တော်အားဖြင့် ကားတိုင်သို့ ဦးဆောင်သောအသက်တာဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရသောအချိန်မှစ၍ ပထမဆုံး ကျွန်ုပ်တို့လက်ခံရရှိသောအရာမှာ ဝိညာဉ်တော်ဖြစ်သည်။ ထိုအချိန်မှစ၍ ထိုဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ကားတိုင်သို့ ဦးဆောင်သွားသည်။ ကျွန်ုပ်တို့ကို ကားတိုင်သို့ပို့ဆောင်ရန် ဝိညာဉ်တော်ကို ခွင့်ပြုခြင်းဖြင့် အချိန်တိုင်းကားတိုင်ဖြေရှင်းခြင်းဖြစ်စဉ်ကို ကျွန်ုပ်တို့တွေ့ကြုံခံစားဖို့လိုသည်၊ သို့မှသာ ကားတိုင်သည် ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်း၌ ပို၍ထွက်ပေါ် လာမည်ဖြစ်သည်။

ကားတိုင်၌အသေခံသောခရစ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အမြဲတစေခရစ်တော်၏ ကားတိုင်သို့ ပို့ဆောင်ပေးနေသည် (၁ကော၊၁း ၂၃။ ၂း ၂။ ဂလ၊၅း ၂၂–၂၄)။ ခရစ်ယာန်များဖြစ်သော ကျွန်ုပ်တို့၏ ခရီးလမ်းဆုံးသည် ကားတိုင်၌အသေခံရန်၊ ကားတိုင်နှင့်ဆက်ဆံဖြေရှင်းရန် ဖြစ်သည်။ ခရစ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို အမြဲတိုင်း အသေခံသောအသက်တာ၊ ခရစ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဍာန်တူခြင်း အသက်ရှင်ခြင်းသို့ ဦးဆောင်ပေးနေသည်။ ဖိ၊၃း၁၀၌ ပေါလုက သူသည် ခရစ်တော်၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုး၊ နှင့် ကိုယ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဍာန်တူခြင်းဖြစ်သည့် ကိုယ်တော်၏ ဆင်းရဲဒုက္ခခံစားခြင်းကို မိတ်သဟာယဖွဲ့ခြင်းကို သိရန်အလိုဆန္ဒရှိကြောင်း ပြောဆိုထားသည်။ အံ့ဖွယ်ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ခရစ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဍာန်တူရန် လုပ်ဆောင်ပေးသည်။

ခရစ်တော်၏ ကားတိုင်ကို တွေ့ကြုံခံစားခြင်းသည် အသက်၏ ဝိညာဉ်တော်၏ ကြွယ်ဝခြင်း၌ ထွက်ပေါ် လာသည်။ ဂလ၊ ၂း ၂၀ အရ၊ ခရစ်တော်၏ ကားတိုင်ကို ကျွန်ုပ်တို့ ပို၍တွေ့ကြုံခံစားလေလေ၊ ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်လေလေဖြစ်သည်။ ယော၊၁၂း ၂၄၌ ဂျုံမျိုးစေ့တစ်စေ့ဖြစ်သော သခင်ဘုရား၏ အသေခံခြင်းသည် များစွာသောအသီးများကို ထွက်ပေါ် စေကြောင်း ဖော်ပြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းကို တွေ့ကြုံခံစားရသောအခါ၊ အသက်၏ တိုးပွားခြင်းထွက်ပေါ် လာသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကားတိုင်၌ ဝါကြွားရသည် (ဂလ၊၆း၁၄က)။ ကားတိုင်သည် အကယ်စင်စစ် အနစ်နာခံရာဖြစ်သော်လည်း၊ ၎င်းသည် တမန်တော်ပေါလုအတွက် သူ၏ ဝါကြွားရာဖြစ်သည်။ (*The Spirit*, pp. 121, 120, 121)

*ပို၍ဖတ်ရန်-* *The Spirit*, ch. 12

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

## ***Hymns*, # E- 591, M- 169, K- 433**

၁။ ကျွန်ုပ်မဟုတ်၊ ကိုယ်တော်သာ ချီးမြှောက်ခံရှင်
ကျွန်ုပ်မဟုတ်၊ ကိုယ်တော်သာ သိ၊ ကြား၊ မြင်
ကျွန်ုပ်မဟုတ်၊ ခရစ်တော်ကြည့်ရှုလုပ်ဆောင်
ကျွန်ုပ်မဟုတ်၊ ခရစ်တော်နှုတ်ထွက်သာ။

အို၊ ကျွန်ုပ်အား အတ္တမှုကယ်ပါ
အို၊ ကိုယ်တော်၌ နစ်စေ
အို၊ အတ္တကင်း ကျွန်ုပ်မရှင်
ကျွန်ုပ်၌ ကိုယ်တော်ရှင်။

၂။ ကျွန်ုပ်မဟုတ်၊ ခရစ်တော်နူးညံ့သိမ်မွေ့
ကျွန်ုပ်မဟုတ်၊ ကိုယ်တော်သုတ်ပေးမျက်ရည်
ကျွန်ုပ်မဟုတ်၊ ကိုယ်တော်ယူဆောင်ဝန်ထုပ်များ
ကျွန်ုပ်မဟုတ်၊ ကိုယ်တော်ဖြင့် စိုးရိမ်ကင်း။

၃။ ခရစ်တော်သာ ချည်းနှီးစကားကင်းစေရာ
ခရစ်တော်သာ နှုတ်ကြမ်းခြင်းကင်းနိုင်ရာ
ခရစ်တော်သာ အတ္တကင်းသီးစေမည်သာ
ခရစ်တော်သာ ပြည့်စုံလင်စေနိုင်ရာ။

၄။ ကျွန်ုပ်မဟုတ်၊ ကိုယ်တော်သာလိုရာဖြည့်စွမ်း
ကျွန်ုပ်မဟုတ်၊ ကိုယ်တော်ကျန်းမာခွန်အား
ခရစ်တော်သာ ကျွန်ုပ်ဝိညာဉ်၊ စိတ်၊ ခန္ဓာ
ခရစ်တော်သာ ကျွန်ုပ်၌ သက်ရှင်နေ။

၅။ ခရစ်တော်သာ ကျွန်ုပ်ရူပါရုံဖြစ်ရာ
ဘုန်းတော်ထွန်းလင်းခြင်းမကြာမီမြင်မည်
ခရစ်တော်သာ ကျွန်ုပ်ဆန္ဒပြည့်စုံရာ
ခရစ်တော်သာ ကျွန်ုပ်တွက်ရာအားလုံး။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––

## အသင်းတော်၌ မှန်ကန်သော သဘောတညီတညွတ်တည်းရှိခြင်း၏ ရှုပါရုံ

ဖတ်ရန်ကျမ်း။ ။ ဧ၊၄း၁–၆။ မ၊၁၈း၁၉။ တ၊၁း၁၄။ ၂း၄၆။ ရော၊၁၅း၅–၆

*Day 1*

**I. အသင်းတော်၌ သဘောတညီတညွတ်ရှိခြင်းသည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းတည်းဟူသော ကိုယ်ခန္ဓာတော်၏တစ်လုံး တစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည် (ဧ၊၄း၁–၆)။**

က။ ဧ၊၄း၄မှ၆၌ ကျွန်ုပ်တို့တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင် ခြင်းသည် အသင်းတော်တစ်လုံးတစ်ဝဖြစ်ခြင်း၏ ဂုဏ်အင်္ဂါဖြစ်သော ဝိညာဉ်တော်တစ်ဝိညာဉ်၊ သခင်တစ်ပါး၊ တစ်ပါးတည်းသောဘုရား သခင်၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၊ တစ်ခုတည်းသော မျှော် လင့်ခြင်း၊ တစ်ခုသောယုံကြည်ခြင်းနှင့် တစ်ခုသောနှစ်ခြင်းအပေါ် တွင်မူတည်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ကြရသည်။

ခ။ အသင်းတော်၌ စစ်မှန်သော သဘောတညီတညွတ်ရှိခြင်းကို လက်တွေ့ လုပ်ဆောင်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့ကျင့်သုံး ခြင်းဖြစ်သည် (တ၊၁း၁၄။ ၂း၄၆)။

ဂ။ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းသည် သဘော တညီတညွတ်ရှိခြင်းအားဖြင့်ဖြစ်ပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်သောအခါ၊ ၎င်းသည် သဘောတညီတညွတ် ဖြစ်လာသည်။

၁။ ယောဟန်ခရစ်ဝင်ကျမ်း၌ သခင်ဘုရားသည် တစ်လုံးတစ်ဝဖြစ် ခြင်းကို အလေးထားဖော်ပြထားသော်လည်း၊ တမန်တော်ဝတ္တု၌ သဘောတစ်ညီတညွတ်ရှိခြင်းကို အလေးပေးဖော်ပြထားသည် (ယော၊၁၀း၃၀။ ၁၇း၁၁၊ ၂၁–၂၃။ တ၊၁း၁၄။ ၂း၄၆။ ၄း၂၄။ ၁၅း၂၅)။

၂။ ဧဝံဂေလိစာစောင်များနှင့် တမန်တော်ဝတ္တုကို ပိုင်းခြားပေး သော သမိုင်းမှတ်တိုင်သည် လူပေါင်းတစ်ရာ့နှစ်ဆယ်ကြား၌ သဘောတစ်ညီတစ်ညွတ်ရှိခြင်းပင် ဖြစ်သည် (၁း၁၄)။

(က) တပည့်တော်တို့သည် ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝတည်း ဖြစ်လာခဲ့ပြီး၊ ထိုတစ်လုံးတစ်ဝဖြစ်ခြင်း၌ သူတို့သည် အတူ

တကွ သဘောတညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ ဆုတောင်းခဲ့ကြသည် (ဧ၊၄း၃–၆။ တ၊၁း၁၄)။

**Day 2**

(ခ) တမန်တော်တို့နှင့် ယုံကြည်သူတို့သည် အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်သောအခါ၊ သူတို့သည် သဘောတညီတညွတ်တည်း၌ ၎င်းအား လက်တွေ့လုပ်ဆောင်ခဲ့ကြသည် (၂း၄၆။ ၄း၂၄။ ၅း၁၂)။

၃။ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာနှင့် တူညီပြီး၊ သဘောတညီတညွတ်ဖြစ်ခြင်းသည် ကိုယ်ခန္ဓာ၏ အတွင်းပိုင်း၌ရှိသော စိတ်နှလုံးနှင့်တူညီသည်။

(က) သဘောတညီတညွတ်ဖြစ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ စိတ်နှလုံး၊ အဓိကအစိတ်အပိုင်းဖြစ်သည်။

(ခ) ကျွန်ုပ်တို့၏ ဖျားနာခြင်းသည် ကိုယ်ခန္ဓာ၏ အတွင်းပိုင်း၌ရှိသောစိတ်နှလုံး၌ ဖျားနာခြင်းနှင့်တူညီသည်။ ကျွန်ုပ်တို့အလယ်၌ရှိသော ဖျားနာခြင်းမှာ ကျွန်ုပ်တို့၌ စစ်မှန်သော သဘောတညီတညွတ်မရှိခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဖျားနာသော စိတ်နှလုံးအားဖြင့်သာ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းနေခြင်းဖြစ်သည်။

ဃ။ ကျွန်ုပ်တို့သဘောတညီတညွတ်မရှိခြင်းမှာ ကိုယ်ခန္ဓာတော်အား လက်တွေ့လုပ်ဆောင်ခြင်းမရှိသောကြောင့် ဖြစ်သည်။

၁။ ဓမ္မသစ်ကျမ်း၏ မှန်ကန်သောအဓိပ္ပာယ်ဖွင့်ဆိုချက်အရ သဘောတညီတညွတ်ဖြစ်ခြင်းသည် ကိုယ်ခန္ဓာတော်ဖြစ်သည် (ရော၊၁၂း၄–၅။ ၁၅း၅–၆)။

၂။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အလေ့အလာကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ထို့နောက်တွင် ကျွန်ုပ်တို့သည် သဘောတညီတညွတ် ရှိလာလိမ့်မည်ဖြစ်သည် (၁ကော၊၁၂း ၁၂–၁၃၊ ၂၀၊ ၂၇။ ၁း၁၀)။

**Day 3**

င။ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ရှိခြင်းအတွက်ဖြစ်သော်လည်း စည်းလုံးညီညွတ်ခြင်းအတွက်မဟုတ်ပါ (၁ယော၊၂း၁၂–၁၄)။

၁။ အသက်၏ကြီးရင့်ခြင်းအတိုင်းအတာ၌ သန့်ရှင်းသူများ သို့

မဟုတ် အသင်းတော်များအလယ်တွင် ကွဲပြားခြင်းတစ်မျိုးမျိုး ရှိခြင်းမှာ ပုံမှန်အနေအထားဖြစ်သည်။ အသက်၌ကြီးရင့်ခြင်း အဆင့်၌ ၎င်းကို တညီတညာတည်းမဖြစ်စေနိုင်သောကြောင့် ကျွန်ုပ်တို့သည် ဤအကြောင်းအရာ၌ သန့်ရှင်းသူများ သို့မဟုတ် အသင်းတော်များအား တညီတညာတည်းပြုလုပ်ရန် မကြိုးစားသင့်ပါ (ဖိ၊၃း၁၅)။

၂။ သန့်ရှင်းသူများ သို့မဟုတ် အသင်းတော်များအလယ်၌ ရည်ရွယ်ချက်ဖြင့်ပြုလုပ်သော ကွဲပြားခြင်းများသည် ပုံမှန်အနေအထားမဟုတ်သောကြောင့် ၎င်းသည် အပြစ်စီရင်ခံရပြီး၊ ငြင်းပယ်ခံရမည်ဖြစ်သည်။

**II. သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်း၊ ကျွန်ုပ်တို့အသိဉာဏ်နှင့်အလိုဆန္ဒ၌ ညီညွတ်မှုရှိခြင်းကို ရည်ညွှန်းသည် (တ၊၁း၁၄)။**

က။ တ၊၁း၁၄ ၌ ဂရိစကားလုံး ***homothumadon*** သည် သဘောတညီတညွတ်တည်းဖြစ်ခြင်းအတွက် အသုံးပြုထားသည်။

၁။ ၎င်းစကားလုံးသည် တစ်ဦးတစ်ယောက်၏ ဖြစ်ခြင်းတစ်ခုလုံး၌ အတွင်းပိုင်းခံစားမှု၏ ညီညွတ်မှုကို ဆိုလိုခြင်းဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် တူညီသောအသိဉာဏ်၊ ကျွန်ုပ်တို့၏ စိတ်နှင့် စိတ်နှလုံးအတွင်းပိုင်း၌ တူညီသောရည်ရွယ်ချက်နှင့်အတူ တူညီသောအလိုဆန္ဒရှိရန်လိုအပ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးနှင့်စပ်လျဉ်းကြောင်းကို ဆိုလိုသည်။

***Day 4***

ခ။ မ၊၁၈း၁၉၌ ဂရိစကားလုံး ***sumphoneo*** သည် သဘောတညီတညွတ်တည်းဖြစ်ခြင်းကို ရည်ညွှန်းကာ အသုံးပြုထားသည်။

၁။ ၎င်းစကားလုံးသည် "ညီညွတ်မှု သို့မဟုတ် သဘောတညီတညွတ်တည်းဖြစ်ခြင်း"ရှိရန် ဆိုလိုပြီး၊ ၎င်းသည် ဂီတနှင့်ဆိုင်သော ကိရိယာများ သို့မဟုတ် အသံများ၏ ညီညွတ်မှုရှိခြင်းကို ရည်ညွှန်းသည်။

၂။ ယုံကြည်သူများအလယ်၌ သဘောတညီတညွတ်တည်းဖြစ်ခြင်း သို့မဟုတ် အတွင်းပိုင်းခံစားမှု၏ ညီညွတ်မှုသည် သာယာသော

တေးသံနှင့် တူညီသည်။

၃။ ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်းရှိသောအခါ၊ ဘုရားသခင်အဖို့ တေးသံဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် စာသားသက်သက်ဖြစ်သော ကဗျာတစ်ပုဒ်မဟုတ်ဘဲ၊ သာယာသောတေးသံ၌ရှိသည့် ကဗျာတစ်ပုဒ်ဖြစ်လာသည်။

## III. ယနေ့ ကျွန်ုပ်တို့သည် ခေတ်ကာလ၏ရူပါရုံတည်းဟူသော တူညီသောရူပါရုံရှိသောကြောင့် သဘောတညီတညွတ်တည်းရှိနိုင်သည်။

က။ ကျွန်ုပ်တို့၏ရူပါရုံသည် ခေတ်ကာလနှင့်အညီဖြစ်သော ရူပါရုံ၊ ကျွန်ုပ်တို့မတိုင်မီ ဖြစ်ပျက်ခဲ့ပြီးသောအရာအားလုံး ပါဝင်သည့်ရူပါရုံနှင့် တစ်လုံးတစ်ဝဖြစ်ရမည်ဖြစ်သည်။

၁။ ကျွန်ုပ်တို့၏ရူပါရုံသည် ခေတ်နှင့်အညီမဟုတ်ပါက၊ တစ်လုံးတစ်ဝတည်းဖြစ်နိုင်မည် မဟုတ်ပါ။

၂။ များစွာသောသူတို့သည် ဘုရားကို ချစ်ကြပြီး၊ ကိုယ်တော့်အားအစေခံကြသည်။ သို့သော်လည်း အယောက်တိုင်း၌ သူတို့၏ရူပါရုံကိုယ်စီရှိကြသည်။ ထွက်ပေါ်လာသောရလဒ်သည် သဘောတညီတညွတ်တည်းရှိရန် နည်းလမ်းမရှိတော့ပါ။

၃။ ကျွန်ုပ်တို့သည် သေးငယ်သောအရာအပေါ် မတူသောအမြင်များရှိနေသရွေ့၊ သဘောတညီတညွတ်တည်းရှိနိုင်မည် မဟုတ်ပါ (ဖိ၊၃း၁၅)။

၄။ ခေတ်နှင့်ကိုက်ညီသော ရူပါရုံသည် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းတိုင်အောင် လမ်းကြောင်းများအားလုံးကို ကျယ်ပြန့်စေသော ရူပါရုံဖြစ်သည် (က၊၁း၂၆။ ဗျာ၊၂၁း၂)။

*Day 5*

ခ။ ကျွန်ုပ်တို့၌ အရာအားလုံးပါဝင်သောရူပါရုံရှိသောကြောင့် သဘောတညီတညွတ်တည်းရှိနိုင်ခြင်း ဖြစ်သည်။

၁။ သခင်ဘုရားသည် ကိုယ်တော်၏ပြန်လည်ရယူခြင်းအား ပေးအပ်ခဲ့သောရူပါရုံသည် သမ္မာကျမ်းစာ၌ ရူပါရုံများအားလုံး၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းယေရုရှလင်မြို့သစ်ဖြစ်သော အရာအားလုံးပါဝင်သောရူပါရုံ ဖြစ်သည်။ ဤအဆုံးစွန်

ပြီးမြောက်ပြည့်စုံခြင်း၌ အရာခပ်သိမ်းပါဝင်သည် (အငယ်၊ ၂၊ ၁၀–၁၁)။

၂။ ကျွန်ုပ်တို့အားလုံးသည် တူညီသောအမြင်ရှုထောင့်ရှိခြင်းအားဖြင့် ခေတ်နှင့်အညီဖြစ်သောရူပါရုံ၌ ရှိရန်လိုအပ်သည်။

**IV. တမန်တော်တို့၏သွန်သင်ခြင်းသည် သဘောတညီတညွတ်တည်းဖြစ်ခြင်း၏အချက်ကို ကိုင်စွဲခြင်းဖြစ်သည် (တ၊ ၂း၄၂။ ၄၆)။**

က။ မှန်ကန်သောသဘောတညီတညွတ်ဖြစ်ခြင်းသည် တမန်တော်တို့၏သွန်သင်ခြင်းနှင့်အညီ ဖြစ်သည် (အငယ်၊၄၂)။

ခ။ တမန်တော်ဝတ္ထုသည် ယုံကြည်သူများအကြား၌ သဘောတညီတညွတ်တည်းရှိနှင့် ထိုသို့သဘောတညီတညွတ်ရှိခဲ့ကြသောသူတို့သည် တမန်တော်တို့၏သွန်သင်ခြင်း၌ အစဉ်ကြိုးစား၍လုပ်ဆောင်ခဲ့ကြ ကြောင်း ကျွန်ုပ်တို့အား ဖော်ပြထားသည်။

ဂ။ တမန်တော်တို့သည် နေရာတိုင်းနှင့် အသင်းတော်များ၌ရှိသော သန့်ရှင်းသူများအားလုံးထံ တူညီသောအရာကို သွန်သင်ခဲ့သည် (၁ကော၊ ၄း၁၇။ ၇း၁၇။ ၁၁း၁၆။ ၁၄း၃၃ခ–၃၄)။

Day 6

၁။ ကျွန်ုပ်တို့သည်လည်း မြေကြီးတစ်ပြင်လုံးရှိ နိုင်ငံတိုင်း၌ရှိသောအသင်းတော်များအား တူညီသောအရာကို သွန်သင်ရမည်ဖြစ်သည် (မ၊ ၂၈။ ၁၉–၂၀)။

၂။ ဓမ္မသစ်ကျမ်း၌ သွန်သင်ခြင်းတစ်ခုသည် အသင်းတော်တစ်ပါးအတွက် ကောင်းပြီး၊ အခြားသောအသင်းတော်များအတွက် မကောင်းပါဟူသည့်သဘောကို ဖော်ပြထားခြင်းမရှိပါ။ ဓမ္မသစ်ကျမ်း၌ အသင်းတော်များအားလုံးသည် သွန်သင်ခြင်းများလက်ခံရရှိခြင်း၌ တစ်ညီတည်းဖြစ်ကြောင်းကို ဖွင့်ပြထားသည် (တိတု၊ ၁း၉)။

**V. သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် ဓမ္မသစ်ကျမ်း၌ရှိသောကောင်းကြီးတိုင်းအဖို့ အဓိကသော့ချက်ဖြစ်သည် (ဧ၊ ၁း၃။ ဆာ၊ ၁၃၃)။**

က။ ကျွန်ုပ်တို့အားလုံးသည် အသင်းတော်ရရှိမည့်ကောင်းကြီးကို

မြင်တွေ့ရန် အလိုဆန္ဒရှိကြသည်။ ထာဝရတည်သောအသက်တည်းဟူသော သခင်ဘုရားမိန့်တော်မူသော ကောင်းကြီးသည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ အတူတကွတည်နေသော ညီအစ်ကိုများအတွက်ဖြစ်သည်။

ခ။ သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် ဘုရားသခင်၏ကောင်းကြီးကို ယူဆောင်လာရန်နည်းလမ်းဖြစ်သည်။ ဘုရားသခင်၏ ကောင်းကြီးသည် သဘောတညီတညွတ်တည်းဖြစ်သော အခြေအနေ၌သာ ရောက်ရှိလာနိုင်သည်။

ဂ။ ဘုရားသခင်၏ကောင်းကြီးကို လက်ခံရရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်ပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန်နည်းလမ်းမှာ သဘောတညီတညွတ်ဖြစ်ခြင်း၌ ရှိရန်ဖြစ်သည်။

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ၁၈း၁၉** **တစ်ဖန် ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် မည်သည့်အရာကိုမဆို တညီတညွတ်တည်း၌ ဆုတောင်းလျှင် တောင်းသမျှတို့ကို ကောင်းကင်များ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။**

**တ၊ ၁း၁၄** **. . . အတူတကွ သဘောတညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ဆုတောင်းလျက်နေ၏။**

ယခုအခါ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း အကြောင်း စဉ်းစားဆင်ခြင်ကြမည်ဖြစ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်းကို သဘောတညီ တညွတ်ဖြစ်ခြင်းအားဖြင့် လက်တွေ့လုပ်ဆောင်သည်။ မ၊၁၈း၁၉၌ မူရင်းဘာသာစကား အားဖြင့် ဖော်ပြထားသော ***harmony*** ဟူသောစကားလုံးသည် ဂီတဆိုင်ရာ တညီတညွတ် ဖြစ်ခြင်းကို ဆိုလိုသည်။ ဤသည်မှာ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။ တမန်တော်အခန်းကြီး ၁၌ လူပေါင်း၁၂၀ သည် အတူတကွ သဘောတညီ တညွတ်တည်းဖြင့် ကြိုးစား၍ဆုတောင်းခဲ့ကြသည် (အငယ်၊၁၄– ၁၅က)။ သူတို့အားလုံး တွင် အထက်မှ တန်ခိုးတော်ကိုလက်ခံရရှိရန်နှင့် သူတို့ချစ်ပြီး၊ နောက်တော်သို့လိုက်ခဲ့ သောသူ၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းရှိသော သခင်ဘုရားကို သက်သေခံရန် တစ်ခုတည်းသောအသိဉာဏ်ရှိကြသည်။ ဤအရာအတွက် သူတို့သည် တစ်ခုတည်းသော အသိဉာဏ်ရှိခဲ့ကြပြီး၊ သဘောတညီတညွတ်တည်းဖြစ်ခြင်း၌ ရှိခဲ့ကြ သည်။

ဧ၊၄း၄မှ၆၌ ကျွန်ုပ်တို့တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းသည် အသင်းတော်တစ်လုံးတစ်ဝဖြစ်ခြင်း၏ ဂုဏ်အင်္ဂါဖြစ်သော ဝိညာဉ်တော်တစ်ဝိညာဉ်တည်း၊ သခင်တစ်ပါး၊ တစ်ပါးတည်းသောဘုရားသခင်၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၊ တစ်ခု တည်းသော မျှော်လင့်ခြင်း၊ တစ်ခုသောယုံကြည်ခြင်းနှင့် တစ်ခုသောနှစ်ခြင်းအပေါ် တွင် မူတည်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ကြရသည်။ ဤအရာအားဖြင့် တစ်လုံးတစ်ဝဖြစ်ခြင်းသည် အသင်းတော်၏ဂုဏ်အင်္ဂါဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ ဤအသင်းတော် တစ်လုံးတစ်ဝဖြစ် ခြင်း၏ ဂုဏ်အင်္ဂါအပေါ် တွင်မူတည်ပြီး ကျွန်ုပ်တို့သည် သဘောတညီ တညွတ်တည်းရှိနိုင်ပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်နိုင်သည်။(*The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure*, pp. 16-17)

## ယနေ့ဖတ်စရာ

ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လိုအပ်သည်။ အသင်းတော်များ၌ သို့မဟုတ် အသင်းတော်များ အလယ်၌ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်း ကိုလိုအပ်သည်။ သဘောတညီတညွတ်ဖြစ်ခြင်းသည် ကျွန်ုပ်တို့၏ လက်တွေ့လုပ်ဆောင်ခြင်းအတွက်ဖြစ်ပြီး၊ တစ်လုံးတစ်ဝဖြစ်ခြင်းသည် အဓိကအားဖြင့် စစ်မှန်ခြင်းအကြောင်းအရင်းအတွက်ဖြစ်သည်။ ယော၊၁၇၌ သခင်ယေရှုသည် ထိုကဲ့သို့သောအကြောင်းရင်းအတွက်ဆုတောင်းခဲ့ပြီး၊ ပင်တေကုတ္တေနေ့၌ ကိုယ်တော်သည် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အဖြစ် ကိုယ်တော်ကိုယ်တိုင် သွန်းလောင်းခြင်း အားဖြင့် ဆုတောင်းချက်ကို ပြီးမြောက်ပြည့်စုံစေခဲ့သည်။ ၎င်းမှာ တစ်လုံးတစ်ဝဖြစ်ခြင်း၏ အမှန်ဖြစ်ခြင်းဖြစ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်း၏ အမှန်ဖြစ်ခြင်းကို ပြီးမြောက်ပြည့်စုံစေပြီးနောက် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန်လိုအပ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်းကို လေ့ကျင့်လုပ်ဆောင်သောအခါ၊ ၎င်းသည် သဘောတညီတညွတ်တည်းဖြစ်လာသည်။ သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် အမှန်ဖြစ်ခြင်းတည်းဟူသော တစ်လုံးတစ်ဝဖြစ်ခြင်းသာရှိပြီး၊ ယခု လက်တွေ့ကျသော တညီတညွတ်တည်းဖြစ်ခြင်းမရှိပါက၊ ကျွန်ုပ်တို့၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းသည် အပြင်ပိုင်းနှင့် စိတ်ကူးသက်သက်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အဖို့ စစ်မှန်ခြင်းဖြစ်လာလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ သွန်းလောင်းခြင်းအားဖြင့် ပြီးမြောက်ပြည့်စုံခဲ့သော တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့ကျင့်သုံးမည်ဆိုပါက၊ သဘောတညီတညွတ်တည်းဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်သည်။ ဆုတောင်းအစည်းအဝေး၌ ကျွန်ုပ်တို့အလယ်၌ ကျွန်ုပ်တို့အယောက်စီတိုင်းသည် သဘောတညီတညွတ်တည်းမရှိဘဲ ကျွန်ုပ်တို့ကိုယ်ပိုင်နည်းလမ်းဖြင့် ဆုတောင်းကြမည်ဆိုပါက၊ ကျွန်ုပ်တို့သည် မည်ကဲ့သို့ဖြင့် တစ်လုံးတစ်ဝဖြစ်ခြင်းကို လေ့ကျင့်လုပ်ဆောင်လျက်ရှိကြောင်း ပြောဆိုနိုင်မည်နည်း။ ကျွန်ုပ်တို့အလယ်၌ ကွဲပြားခြင်းများတည်ရှိနေသရွေ့၊ တစ်လုံးတစ်ဝဖြစ်ခြင်းကို လျှောက်လှမ်း၍ရမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကွဲပြားခြင်းများအားလုံးကို ဝါးမျိုရန်အတွက် သဘောတညီတညွတ်ရှိရမည်ဖြစ်သည်။ ထို့နောက်၊ တစ်လုံးတစ်ဝဖြစ်ခြင်း ရှိလာလိမ့်မည်ဖြစ်သည်။

အသင်းတော်၌ မှန်ကန်သောသဘောတညီတညွတ်တည်းဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းအား လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် သဘောတညီတညွတ်တည်းဖြစ်ခြင်းသည် အဓိပ္ပါယ်တူသည်ဟု

ထင်ရသော်လည်း၊ ၎င်းတို့ကြား၌ ခြားနားမှုရှိသည်။ သခင်ဘုရားသည် တစ်လုံးတစ်ဝ ဖြစ်ခြင်းနှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့အား သွန်သင်ခြင်းမရှိခဲ့ပါ။ ကိုယ်တော်သည် ယော၊၁၇ ၌ တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် ဆုတောင်းခဲ့သည်။ သို့သော်လည်း မ၊၁၈ ၌ ကိုယ်တော်သည် ကျွန်ုပ်တို့အား သဘောတညီတညွတ်တည်းဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန် ဦးဆောင်မှုပြုခဲ့သည်။ မ၊၁၈း၁၉၌ သခင်ဘုရားက မြေကြီးပေါ်တွင် လူပုဂ္ဂိုလ်နှစ်ဦးသည် သဘောတညီတညွတ်တည်းဖြင့် အတူတကွ ဆုတောင်းခြင်းအကြောင်း ပြောဆိုထားသည်။ ၎င်းမှာ ကျွန်ုပ်တို့အား သဘောတညီတညွတ်တည်းဖြင့် ဆုတောင်းခြင်းရှိရန် ကိုယ်တော်၏ ဦးဆောင်ခြင်း၊ သွန်သင်ခြင်းနှင့် လမ်းပြခြင်းဖြစ်သည်။ (*The Intrinsic Problem in the Lord's Recovery Today and Its Scriptural Remedy,* pp.23-24)

သဘောတညီတညွတ်မရှိဘဲ အိမ်ထောင်စုအတူတကွ စည်းဝေးခြင်းများသည် အချည်းနှီးပင်ဖြစ်သည်။ အခြားသူများထံသို့ ဝေစာများကိုဝေမျှရန် သွားရောက်ခြင်း၌လည်း သဘောတညီတညွတ်ရှိရန်လိုအပ်သည်။ သဘောတညီတညွတ်မရှိပါက၊ ကျွန်ုပ်တို့ လုပ်ဆောင်သောအရာတိုင်းသည် အချည်းနှီးပင်ဖြစ်လိမ့်မည် ဖြစ်သည်။

သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသော အလေ့အကျင့်များအားလုံးသည် အခြားသူများအတွက် ပုံတူကူးခြင်းနှင့်စပ်လျဉ်းသောအရာ မဟုတ်ပါ။ သင်သည် အသက်ရှိရမည်ဖြစ်သည်။ သင်သည် တစ်စုံတစ်ရာကိုလုပ်ဆောင်ရန်အတွက် အသက်ကို လိုအပ်သည်။ သင်သည် တမန်တော်ဝတ္ထု၌ လူပေါင်းတစ်ရာ့နှစ်ဆယ်၏ သမိုင်းမှတ်တိုင်သည် မည်သည့်အရာဖြစ်ကြောင်း သိမြင်ရန်လိုအပ်သည်။ ဧဝံဂေလိစာစောင်များနှင့် တမန်တော်ဝတ္ထုကို ခွဲခြားပေးသောမှတ်တိုင်သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းမဟုတ်ပါ။ ထိုမှတ်တိုင်သည် လူပေါင်းတစ်ရာ့နှစ်ဆယ်တို့၏ သဘောတညီတညွတ်ဖြစ်ခြင်းဖြစ်သည်။ သင်သည် ဝိညာဉ်တော်၌ ဗတ္တိဇံကို တွေ့ကြုံခံစားလိုပါက၊ သင်သည် သဘောတညီတညွတ်တည်းရှိရမည်ဖြစ်သည်။ (*Elders' Training, Book 7: One Accord for the Lord's Move,* p. 18)

*ပို၍ဖတ်ရန်- Elders' Training, Book 7: One Accord for the Lord's Move*, ch.1; *The Intrinsic Problem in the Lord's Recovery Today and Its Scriptural Rem edy,* ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ------------------------

------------------------------------

------------------------------------

------------------------------------

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ ငြိမ်သက်ခြင်း၏ပေါင်းစည်းချည်နှောင်ခြင်း၌ ဝိညာဉ်တော်၏တစ်**
**၄း၃–၆ လုံးတစ်ဝဖြစ်ခြင်းကိုစောင့်ထိန်းရန် ဇွဲလုံ့လရှိကြလော့။ သင်တို့ကို ခေါ်တော်မူခြင်း၏ မျှော်လင့်ခြင်းတစ်ခုတည်း၌ သင်တို့သည် ခေါ်တော်မူခြင်းခံရသည်နှင့်အညီ၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်နှင့် ဝိညာဉ်တော်တစ်ဝိညာဉ်တည်းရှိ၏။ သခင်တစ်ပါး၊ တစ်ခုသော ယုံကြည်ခြင်း၊ တစ်ခုသောနှစ်ခြင်း၊ ခပ်သိမ်းသောငါတို့၏အဖနှင့် ဘုရားသခင်တစ်ပါးတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသော ငါတို့၏အပေါ်မှာရှိတော်မူ၏။ ခပ်သိမ်းသောငါတို့တွင် နှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့၏အထဲ၌ ရှိတော်မူ၏။**

ယောဟန် ၁၇၌ သခင်ဘုရားဆန္ဒပြင်းပြစွာ ဆုတောင်းခဲ့သော တစ်လုံးတစ်ဝဖြစ်ခြင်းသည် ဖေက်၊၄း၃–၆၌ ဖော်ပြထားသော ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် အလားတူညီသည်။ အသင်းတော်သည် သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံများ၏ စွေ့စပ်ထုံးဖွဲ့ခြင်းတည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ရမည်ဖြစ်သည်။ ဤကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝဖြစ်ခြင်း၏စစ်မှန်ခြင်းရှိသည်။ စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်းသည် အသင်းတော်၌မဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်နှင့် သက်ဆိုင်သည်။ စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်းသည် ရှင်သန်သောကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည်။ ဒေသန္တရဆိုင်ရာ ဤတစ်လုံးတစ်ဝဖြစ်ခြင်းကို သဘောတညီတညွတ်တည်းဖြစ်ခြင်း ဟုခေါ်သည်။ ကိုယ်ခန္ဓာတော်၏တစ်လုံးတစ်ဝဖြစ်ခြင်းမရှိဘဲ၊ အသင်းတော်၌ သဘောတညီတညွတ်ရှိရန် မဖြစ်နိုင်ပါ။

သဘောတညီတညွတ်ဖြစ်ခြင်းကို တ၊၁၌ ပထမဦးဆုံးဖော်ပြထားသည်။ လူပေါင်းတစ်ရာ့နှစ်ဆယ်တို့သည် ကိုယ်ခန္ဓာတော်၌ တစ်လုံးတစ်ဝတည်းဖြစ်လာခဲ့ပြီး၊ ထိုတစ်လုံးတစ်ဝဖြစ်ခြင်း၌ သူတို့သည် အတူတကွ သဘောတညီတညွတ်တည်းဖြင့် အစဉ်ကြိုးစား၍ ဆုတောင်းခဲ့ကြသည် (အငယ်၊၁၄)။(*The Governing and Controlling Vision in the Bible*, p. 29)

## *ယနေ့ဖတ်စရာ*

ယခုအခါ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်းနှင့်အတူဖြစ်သော တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းအား တွေ့မြင်ရန်လိုအပ်သည် (တ၊၁း၁၄။ ၂း၄၆။ ၄း၂၄။ ၅း၁၂း၁၅း၂၅။ ရော၊၁၅း၆)။ ယောဟန်ခရစ်ဝင်ကျမ်း၌

သခင်ဘုရားသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို အလေးထားဖော်ပြထားပြီး၊ တမန်တော်ဝတ္တု၌ ကိုယ်တော်သည် သဘောတညီတညွတ်ဖြစ်ခြင်းကို အလေးထားဖော်ပြထားသည်။ တမန်တော်ဝတ္တုသည် သွန်သင်ခြင်းနှင့်စပ်လျဉ်းသော စာစောင်မဟုတ်ဘဲ၊ လက်တွေ့လုပ်ဆောင်ခြင်းနှင့်စပ်လျဉ်းသော စာစောင်ဖြစ်သည်။ တမန်တော်တို့နှင့်ယုံကြည်သူများသည် အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်သောအခါ၊ သူတို့သည် သဘောတညီတညွတ်တည်း၌ လက်တွေ့လုပ်ဆောင်ခဲ့သည်။ သဘောတညီတညွတ်၌ရှိရန်မှာ စိတ်တညီတညွတ်တည်းရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်သောအခါတွင်၊ တညီတညွတ်တည်းရှိခြင်း၌ လက်တွေ့လုပ်ဆောင်ရမည်ဖြစ်သည်။ သခင်ဘုရားအတွက် ကျွန်ုပ်တို့၏စကားပြောဆိုခြင်းနှင့် သခင်ဘုရားနောက်တော်သို့လိုက်ခြင်း၌ တစ်ဦးနှင့်တစ်ဦး “အာမင်”ထူးနိုင်ခြင်းမှာ တညီတညွတ်တည်းရှိခြင်း၌ ထူးနိုင်ခြင်းဖြစ်သည်။(*Messages to the Trainees in Fall 1990,* p. 124)

ပြောရမည်ဆိုလျှင် သခင်ဘုရားအဖို့ ကျွန်ုပ်တို့ကြားတွင် လွတ်လပ်စွာ လှုပ်ရှားနိုင်ရန်မှာ ခက်ခဲလှသည်။ ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်း မရှိပါက၊ ဘုရားသခင်အဖို့ ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို အဖြေပေးရန် နည်းလမ်းရှိမည်မဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို အဖြေပေးရန် နည်းလမ်းမရှိပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အဘယ်အမှုကို လုပ်ဆောင်နိုင်မည်နည်း။ သဘောတညီတညွတ်တည်းမရှိဘဲ ဘုရားသခင်၏ အင်အားကြီးမားသော ကယ်တင်ခြင်းအားဖြင့် လူတို့အား ကယ်တင်ရန်၊ ပြောင်းလဲစေရန်နှင့် အသစ်တစ်ဖန်မွေးဖွားခံရရန်မှာ မလွယ်ကူပေ။ ထို့ကြောင့် သဘောတညီတညွတ်ဖြစ်ခြင်း၌ ကျွန်ုပ်တို့အားနည်းခြင်းသည် အသည်းအသန် ဖျားနာခြင်းထက်သာသည့် ဖျားနာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာပင် ဖျားနာနေခဲ့သော်လည်း၊ ကျွန်ုပ်တို့၏ ဖျားနာခြင်းကို မသိဘဲ ရှိကောင်းရှိခဲ့လိမ့်မည်။ ကျွန်ုပ်တို့သည် အစည်းအဝေးသို့လာရောက်ခြင်း၊ သခင်ဘုရားအား ချီးမွမ်းခြင်းနှင့် ပရောဖက်ပြုဝေငှခြင်းရှိကောင်းရှိနိုင်သော်လည်း၊ မှန်ကန်သောသဘော တညီတညွတ်မရှိခြင်းကို သတိမမူမိဘဲ၊ အရာအားလုံးကို လုပ်ဆောင်ကောင်းလုပ်ဆောင်လိမ့်မည်ဖြစ်သည်။

ကျွန်ုပ်သည် သမ္မာကျမ်းစာကို နှစ်ပေါင်းများစွာ လေ့လာခဲ့သော်လည်း၊ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ကိုယ်ခန္ဓာနှင့်တူညီပြီး၊ သဘောတညီတညွတ်ဖြစ်ခြင်းသည် ကိုယ်ခန္ဓာအတွင်းပိုင်း၌ရှိသော စိတ်နှလုံးနှင့်တူညီကြောင်းကို ကျွန်ုပ်ယခုထိတိုင် မသိမြင်ခဲ့ပါ။ ကျွန်ုပ်တို့၏ ဖျားနာခြင်းသည် ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာ၏ အပြင်ပိုင်းဖျားနာခြင်းကဲ့သို့မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဖျားနာခြင်းသည် ကိုယ်ခန္ဓာအတွင်းပိုင်း၌ရှိသော စိတ်နှလုံး၌ဖျားနာခြင်းနှင့်တူညီသည်။ ကျွန်ုပ်သည် ရိုးသားပွင့်လင်းစွာဖြင့် ကျွန်ုပ်အား သခင်ဘုရားဖွင့်ပြသည့်အတိုင်း၊ ကျွန်ုပ်၏စင်ကြယ်သော သြတ္တပ္ပစိတ်အတိုင်း အမှန်တရားကို

ပြောဆိုနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဖျားနာခြင်းသည် မည်သည့်အရာဖြစ်ကြောင်းကို သိရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့အလယ်၌ရှိသောဖျားနာခြင်းသည် ပြည့်ဝသော သဘောတညီ တညွတ်မရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဖျားနာသော "စိတ်နှလုံး" ဖြင့် တစ်လုံးတစ်ဝရှိနေကြခြင်းဖြစ်သည်။

နိုးကြားသောအုပ်စုများကို တည်ဆောက်ရန် ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို ထိန်းသိမ်းရန်လိုအပ်သည်။ ၎င်းမှာ လုံးလုံးဖြစ်သော ဆုတောင်း ခြင်းများနှင့်အတူ သခင်ဘုရား၏ အလိုဆန္ဒအတိုင်း သဘောတညီတညွတ်ရှိခြင်း၌ ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည် (ဧ၄း၃။ တ၁း၁၄။ ၄း၂၄)။ ကျွန်ုပ် တို့သည် သဘောတညီတညွတ်မရှိဘဲ၊ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းနိုင်မည် မဟုတ်ပါ။ သဘောတညီတညွတ်ဖြစ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ စိတ်နှလုံး၊ အဓိကအပိုင်းဖြစ်သည်။

ကျွန်ုပ်တို့၌ သဘောတညီတညွတ်တည်းမရှိပါက၊ ကိုယ်ခန္ဓာတော်ကို လက်တွေ့ လုပ်ဆောင်ခြင်းမရှိသောကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို အဖြေ ပေးနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သဘောတညီတညွတ်မရှိခြင်းသည် ကိုယ်ခန္ဓာတော်ကို လက်တွေ့လုပ်ဆောင်ခြင်းမရှိသောကြောင့် ဖြစ်သည်။ ဓမ္မသစ်ကျမ်း၏ မှန်ကန်သော အဓိပ္ပါယ်ဖွင့်ဆိုချက်အရ သဘောတညီတညွတ်ဖြစ်ခြင်းသည် ကိုယ်ခန္ဓာတော်တစ်ကိုယ် တည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အလေ့အလာကို လက်တွေ့လုပ် ဆောင်ရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် သဘောတညီတညွတ်ရှိလာလိမ့်မည် ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ရန်ပြုတိုက်ခိုက်ခြင်းမရှိသော်လည်း၊ သဘော တညီတညွတ်ရှိနိုင်လိမ့်မည် မဟုတ်ပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် အတူတကွ နေထိုင် ကြပြီး၊ သခင်ဘုရား၏ ကောင်းကြီးကို တွေ့မြင်ခဲ့ကြသော်လည်း၊ အကန့်အသတ်ရှိသော နည်းလမ်း၌သာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အား လက်တွေ့ လုပ်ဆောင်ရန် သဘောတညီတညွတ်ရှိရန် လိုအပ်သည်။ (*Fellowship concerning the Urgent Need of the Vital Groups*, pp. 77-78, 85, 89)

*ပို၍ဖတ်ရန်- The Governing and Controlling Vision in the Bible,* ch. 2; *Messages to the Trainees in Fall 1990,* ch. 17

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ၁၂း၁၂ ဥပမာကား၊ ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍၊ ထိုတစ်ခုတည်းသော ကိုယ်အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့၊ ထိုနည်းတူ ထိုခရစ်တော်ဖြစ်၏။**

**၁း၁၀ ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် တူညီသောအရာကိုပြောဆို၍၊ အချင်းချင်းမကွဲပြားဘဲ၊ တူညီသောအသိဉာဏ်နှင့် တူညီသောသဘောတစ်သံတစ်သမတ်တည်းရှိကြမည်*အကြောင်း*၊ ငါတို့သခင်ယေရှုခရစ်၏နာမအားဖြင့် သင်တို့ကို ငါနှိုးဆော်တောင်းပန်ပါ၏။**

တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန်၊ လက်တွေ့ယူဆောင်ရန်၊ အသုံးပြုရန်နှင့် မွေ့လျော်ဝမ်းမြောက်ရန်၊ ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်းဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဒေသန္တာရ၌ရှိသော သန့်ရှင်းသူများအလယ်၌ သဘောတညီတညွတ်ရှိရန် လက်တွေ့လုပ်ဆောင်ခြင်းရှိရမည့်အပြင်၊ ကျွန်ုပ်တို့သည် စကြဝဠာဆိုင်ရာ အသင်းတော်များအားလုံး၏အလယ်၌လည်း သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်များအလယ်၌ ညီညွတ်မှုရှိစေရန်အတွက် မဟုတ်ဘဲ၊ တစ်လုံးတစ်ဝဖြစ်ခြင်းအတွက်ဖြစ်သည်။ (*Elders' Training, Book 10: The Eldership andthe God-ordained Way (2)*, p. 52)

## ယနေ့ဖတ်စရာ

ညီညွတ်ခြင်းနှင့် တစ်လုံးတစ်ဝဖြစ်ခြင်းသည် မတူညီပါ။ မိသားစုတစ်စု၌ အဘိုးနှင့်အဘွား၊ ဖခင်နှင့် မိခင်၊ သားသမီးတို့ ရှိကောင်းရှိလိမ့်မည်။ သူတို့အားလုံးသည် အသက်အရွယ်အားဖြင့် ကွာဟမှုရှိကြပြီး၊ ရင့်ကျက်မှုအဆင့်သည်လည်း ကွာဟမှုရှိသည်။ ဤကဲ့သို့သောမိသားစု၌ သူတို့အားလုံး အသက်မတူညီနိုင်ပါ။ သို့သော်လည်း သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်နိုင်သေးသည်။ ထိုနည်းတူပင် အသင်းတော်၌ ကျွန်ုပ်တို့သည် တစ်ညီတည်း လက်တွေ့မရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ကြီးမားသောအိမ်ထောင်စု၌ သားများ၏ အလယ်တွင် မတူညီသော ရင့်ကျက်မှုအဆင့်များ ရှိသောကြောင့်ဖြစ်သည်။ ကြီးရင့်မှုအတိုင်းအတာ၏ အဆင့်ကို ဖယ်ရှားရန်မှာ လုံးလုံးပင် မှားယွင်းပြီး၊ ဖြစ်နိုင်ခြေမရှိပါ။ သို့သော်လည်း ဤသည်မှာ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝဖြစ်ခြင်းကိုမလိုအပ်ကြောင်း ဆိုလိုခြင်းမဟုတ်ပါ။ မိသားစုအသက်တာ

ကွဲသို့ပင် အသင်းတော်အသက်တာ၏ လက်တွေ့လုပ်ဆောင်ခြင်း၌ တစ်လုံးတစ်ဝဖြစ်ခြင်းကို လိုအပ်သည်။ သို့သော်လည်း အသက်၌ကြီးထွားမှုအဆင့်၌ တစ်ညီတည်းရှိရန်မှာ မဖြစ်နိုင်ပါ။

သန့်ရှင်းသူများ သို့မဟုတ် အသင်းတော်များအလယ်၌ ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သော ကွဲပြားခြင်းသည် ပုံမှန်မဟုတ်ပါ။ ၎င်းတို့ကို ကျမ်းစာဖြင့် စီရင်ခြင်းခံရမည်ဖြစ်သည်။ တစ်စုံတစ်ရာကိုပြသရန် သို့မဟုတ် တစ်စုံတစ်ရာကိုဆန့်ကျင်ရန် သန့်ရှင်းသူများအလယ် သို့မဟုတ် အသင်းတော်များအလယ်တွင် ကွဲပြားခြင်းရှိရန် မည်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းကိုမဆို စီရင်ရမည်၊ ငြင်းပယ်ရမည်ဖြစ်သည် (*Elders' Training, Book10:The Eldership and theGod-ordainedWay(2)*,pp.52-53,63-64)

တ၊ ၁း ၂၄၌ တပည့်တော် တစ်ရာ့နှစ်ဆယ်တို့သည် သဘောတညီတညွတ်တည်းဖြင့် ဆယ်ရက်လုံးလုံး ဆုတောင်းခဲ့ပြီး၊ သူတို့၏ဆုတောင်းခြင်းသည် ပင်တေကုတ္တေနေ့၌ အံ့ဖွယ်သောနည်းလမ်းဖြင့် အဖြေပေးခြင်းခံရသည်။ ဤကျမ်းပိုဒ်၌ နောက်ထပ် ဂရိစကားလုံး *homothumadon* အား "သဘောတညီတညွတ်ဖြစ်ခြင်း"အတွက် အသုံးပြုထားသည်။ ဤစကားလုံးသည် "တူညီသော"ဟုအဓိပ္ပာယ်ရသော *homo*နှင့် "အသိဉာဏ်၊ အလိုဆန္ဒ၊ အကြံအစည် (စိတ်၊စိတ်နှလုံး)"ဟု အဓိပ္ပာယ်ရသော *Thumos* မှလာခြင်းဖြစ်သည်။ ၎င်းသည် တစ်စုံတစ်ယောက်၏ဖြစ်ခြင်းတစ်ခုလုံး၌ အတွင်းပိုင်းခံစားမှု၏ တညီတညွတ်ဖြစ်ခြင်းကို ဆိုလိုသည်။ သဘောတညီတညွတ်ဖြစ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်း၏ထင်ရှားခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းဖြစ်သည်။ မ၊ ၁၈း ၁၉၌ ဖော်ပြထားသော တညီတညွတ်ဖြစ်ခြင်းသည် တ၊ ၁း ၁၄၌ဖော်ပြထားသော သဘောတညီတညွတ်ဖြစ်ခြင်းဖြစ်သည်။ တ၊ ၁း ၁၄၌ သန့်ရှင်းသူတစ်ရာ့နှစ်ဆယ်တို့သည် သဘောတညီတညွတ်တည်း၌ ဆုတောင်းခဲ့ကြသည်။ သို့သော်လည်း ထိုအချိန်မတိုင်မီတွင် သူတို့သည် သဘောတညီတညွတ်တည်းမရှိခဲ့ကြပါ။ သခင်ဘုရားအသေခံခြင်းမတိုင်မီတွင် တပည့်တော်တို့သည် တစ်ဦးနှင့်တစ်ဦးယှဉ်ပြိုင်ခဲ့ကြပြီး (လု၊ ၂၂း ၂၄)၊ ဆုတောင်းရန်ပင် ခွန်အားမရှိခဲ့ပါ (မ၊ ၂၆း ၄၀–၄၅)။ သခင်ဘုရားရှင်ပြန်ထမြောက်သောနေ့ညနေခင်း၌ ကိုယ်တော်သည် ရောက်ရှိလာပြီး၊ တပည့်တော်တို့အထဲသို့ အသက်ပေးသောဝိညာဉ်တော်ကို မှုတ်သွင်းပေးခဲ့သည် (ယော၊ ၂၀း ၂၂)။ ဤအသက် ပေးသောဝိညာဉ်တော်သည် တပည့်တော်များအထဲသို့ မရှိမဖြစ်လိုအပ်ချက်အတွက် ဝင်ရောက်ခဲ့သည်။ ဤသည်မှာ သူတို့အား သဘောတညီတညွတ်ဖြစ်ခြင်းအထဲသို့ ခေါ်ဆောင်ရန် သူတို့အထဲ၌ စတင်၍ ပြုပြင်

လုပ်ဆောင်သော ဒိုင်နမိုဖြစ်သည်။ သန့်ရှင်းသူများအလယ်၌ရှိသော သဘောတညီ တညွတ်ဖြစ်ခြင်းသည် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန်အတွက် အလွန်ပင် အရေကြီးလှသည်။ (*1993 Blending Conference Messages concerning the Lord's Recovery and Our Present Need*, pp. 84-85)

ကျွန်ုပ်တို့သည် ဆုတောင်းသောအခါတိုင်းတွင် ကျွန်ုပ်တို့၏ဝိညာဉ်ကို အမှန်တကယ် လေ့ကျင့်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် တူညီသောအသိဉာဏ်၊ ကျွန်ုပ်တို့၏ စိတ်နှင့်စိတ်နှလုံးအတွင်းပိုင်း၌ တူညီသောရည်ရွယ်ချက်နှင့်အတူ တူညီ သောအလိုဆန္ဒရှိရန်လိုအပ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးနှင့်စပ်လျဉ်းကြောင်းကို ဆိုလိုသည်။ သခင်ဘုရားတက်ကြွတော်မူပြီးနောက်တွင် လူပေါင်းတစ်ရာ့နှစ်ဆယ်တို့သည် တစ်ခုတည်းသော အသိဉာဏ်၊ သူတို့၏စိတ်နှင့် စိတ်နှလုံးနေရာအနှံ့တွင် တစ်ခုသော အကြံအစည်နှင့်အတူ တစ်ခုတည်းသော အလိုဆန္ဒ၌ရှိခဲ့သောသူများ ဖြစ်လာခဲ့သည်။ သူတို့အဖို့ သဘောတညီတညွတ်တည်းရှိရန်မှာ သူတို့၏ဖြစ်ခြင်းတစ်ခုလုံးသည် တစ်လုံးတစ်ဝရှိကြောင်းကို ဆိုလိုသည်။ ကျမ်းစာရှိ မည်သည့်စာစောင်မျှ တမန်တော်ဝတ္တုကဲ့သို့ "သဘောတညီတညွတ်ဖြစ်ခြင်း" စကားလုံးအား အသုံးပြုထားခြင်းမရှိပါ။ (*Elders' Training,Book 7:One Accord for the Lord's Move*, pp. 10-11)

ပို၍ဖတ်ရန်- *Elders' Training, Book 10: The Eldership and the God-ordained Way (2)*,ch. 4;*1993 Blending Conference Messages concerning the Lord's Recovery and Our Present Need,* msg. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

____________________________________________________

____________________________________________________

____________________________________________________

____________________________________________________

____________________________________________________

____________________________________________________

____________________________________________________

____________________________________________________

____________________________________________________

____________________________________________________

## နံနက်ခင်းကျွေးမွေးခြင်း

**သု၊ ဗျာဒိတ်တော်မရှိလျှင်။ လူတို့သည် အကျိုးနည်းဖြစ်ကြ၏။**
**၂၉း၁၈**

**တ၊ ထို့ကြောင့် အို အဂြိပ္ပမင်းကြီး၊ ကောင်းကင်ကဖြစ်သော ထိုရူပါရုံကို**
**၂၆း၁၉ အကျွန်ုပ်သည် နားမထောင်ဘဲမနေရပါ။**

ယခုအခါ ကျွန်ုပ်တို့သည် "သဘောတညီတညွတ်ဖြစ်ခြင်း"ဆိုသည့်အရာကို မေးမြန်းရန် လိုအပ်သည်။ သဘောတညီတညွတ်ဖြစ်ခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းမျှလောက် အရေးမကြီးဟုထင်ရသည်။ အပြင်ပန်းအားဖြင့် တစ်လုံးတစ်ဝဖြစ်ခြင်းသည် ကြီးမားသောအရာဖြစ်ပြီး၊ သဘောတညီတညွတ်ဖြစ်ခြင်းမှာမူ သေးငယ်သောအရာဖြစ်နေသည်။ တစ်လုံးတစ်ဝဖြစ်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရန်မှာ လွယ်ကူသည်။ တစ်လုံးတစ်ဝဖြစ်ခြင်းဆိုသည်မှာ ယုံကြည်သူများအားလုံးနှင့် ရောနှောပေါင်းစည်းသော သုံးပါးတစ်ပါးဘုရားဖြစ်ပြီး၊ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည်။ သို့သော်ငြားလည်း သဘောတညီတညွတ်ဖြစ်ခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရန်မှာ ခက်ခဲလှသည်။

မ၊၁၈း၁၉၌ ဂရိစကားလုံး *sumphoneo* သည် သဘောတညီတညွတ်ဖြစ်ခြင်းအတွက် အသုံးပြုထားသည်။ ၎င်းစကားလုံးသည် "ညီညွတ်မှု သို့မဟုတ် သဘောတညီတညွတ်၌ရှိခြင်း"ကို ဆိုလိုပြီး၊ ၎င်းသည် ဂီတနှင့်ဆိုင်သော ကိရိယာများ သို့မဟုတ် အသံများ၏ညီညွတ်မှုရှိခြင်းကို ရည်ညွှန်းသည်။ နောက်ဆုံးတွင် သဘောတညီတညွတ်ဖြစ်ခြင်း သို့မဟုတ် ယုံကြည်သူများအလယ်၌ရှိသော အတွင်းပိုင်းခံစားမှု၏ တညီတညွတ်ဖြစ်ခြင်းသည် တေးသွား သို့မဟုတ် ဂီတဖြစ်လာသည်။ မှန်ကန်သော တေးသွားတိုင်းသည် ညီညွတ်မှုရှိသည်။ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ရှိသောအခါ၊ ဘုရားသခင်၏မျက်စိ၌ ကျွန်ုပ်တို့သည် ကိုယ်တော့်အဖို့ တေးသွားဖြစ်လာသည်။ ကျွန်ုပ်တို့သည် စာသားသက်သက်ဖြစ်သော ကဗျာတစ်ပုဒ်မဟုတ်ဘဲ၊ သာယာသောတေးသံရှိသည့် ကဗျာတစ်ပုဒ်ဖြစ်သည်။ (*Fellowship concerning the Urgent Need of the Vital Groups*, p. 76)

## ယနေ့ဖတ်စရာ

သင်သည် သခင်ဘုရားကို အစေခံနေစဉ်တွင် ဤနေရာ၌ ကျွန်ုပ်တို့ မည်သည့်အရာလုပ်ဆောင်နေသည်ကို နားလည်သဘောပေါက်ရမည်ဖြစ်သည်။ ဤအရာသည် ကိုယ်ရေးကိုယ်တာအကြောင်းအရာ မဟုတ်ပါ။ ၎င်းမှာ လုံးလုံးပင် သခင်ဘုရား၏ အမှု

တော်ဖြစ်သည်။ ကိုယ်တော်သည် သူ၏သားများအား မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ရုပ်ပါရုံများကို ဖွင့်ပြခဲ့သည်။ ယခုအခါ ဤရုပ်ပါရုံ၌ ရှိသောသူအပေါင်းတို့သည် ဘုရားသခင်၏ရုပ်ပါရုံအတိုင်း ကိုယ်တော့်ကို အစေခံနေကြသည်။

ရုပ်ပါရုံမဲ့သောနေရာ၌၊ လူတို့သည် သဘောတညီတညွတ်မရှိကြသောကြောင့် အထိန်းအချုပ်မရှိဖြစ်နေကြသည်။ များစွာသောလူတို့သည် သခင်ဘုရားကို ချစ်ပြီး၊ ကိုယ်တော့်ကို အစေခံကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း အယောက်တိုင်းသည် သူတို့၏ကိုယ်ပိုင်ထင်မြင်ချက်နှင့် ကိုယ်ပိုင်ရုပ်ပါရုံများရှိကြသည်။ ၎င်းမှ ထွက်ပေါ်လာသောရလဒ်သည် သဘောတညီတညွတ်ဖြစ်ရန် နည်းလမ်းမရှိပါ။ ဤသည်မှာ ခရစ်ယာန်လောကသည် အလွန်ပင် အားနည်းလာသောအကြောင်းရင်းပင်ဖြစ်သည်။ ဘုရားသခင်၏လူတို့သည် ကွဲပြားနေကြပြီး၊ အုပ်စုကွဲလျက်ရှိနေကြသည်။ နေရာတိုင်းတွင် ကွဲပြားခြင်းများရှိနေသည်။ လူတိုင်းသည် သခင်ဘုရားကိုချစ်သည်ဟု ပြောကြသော်လည်း၊ ရှင်းလင်းသောရုပ်ပါရုံမရှိကြ၍ လူတို့သည် "ခပ်သိမ်းသော သွန်သင်ခြင်းဩဝါဒလေတိုက်ခြင်း"၌ လွင့်ပါသွားကြသည် (ဧ၄း၁၄)။

မကြာသေးခင်က ကျွန်ုပ်သည် သဘောတညီတညွတ်ဖြစ်ခြင်း၏ အရေးကြီးကြောင်းကို ခံစားရသည်။ ကျွန်ုပ်တို့သည် သေးငယ်သောအရာအပေါ် တွင် ခြားနားသောအမြင်များရှိနေသရွေ့၊ သဘောတညီတညွတ်ရှိနိုင်မည်မဟုတ်ပါ။ ဤအကြောင်းကြောင့်၊ သင်တန်းအစတွင် သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသော ရုပ်ပါရုံနှင့်စပ်လျဉ်းပြီး ကျွန်ုပ်ပြောဆိုရခြင်းဖြစ်သည်။ ညီအစ်ကို၊ ညီအစ်မများအားလုံးသည် သခင်ဘုရားကိုချစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် သဘောတညီတညွတ်ရှိရန် အလိုဆန္ဒရှိကြသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ရုပ်ပါရုံသည် ခေတ်နှင့်အညီမဟုတ်ပါက၊ ကျွန်ုပ်တို့အား တစ်လုံးတစ်ဝဖြစ်စေနိုင်မည် မဟုတ်ပါ။

ကျွန်ုပ်တို့၏ရုပ်ပါရုံသည် ခေတ်နှင့်လိုက်လျောညီထွေရှိသော တစ်လုံးတစ်ဝရှိခြင်းဖြစ်ရမည်။ ၎င်းသည် ကျွန်ုပ်တို့မတိုင်ခင်က ဖြစ်ပြီးသောအရာအားလုံးပါဝင်သည့် တစ်လုံးတစ်ဝရှိခြင်းလည်း ဖြစ်ရပေမည်။ ၎င်း၌ ဂျူးလူမျိုးတို့၏ ဘုရားဝတ်၌ မွေ့လျော်ခြင်းနှင့် ဇဝ်ဂေလိယောပြောခြင်း၌ စိတ်အားထက်သန်ခြင်းနှင့် စစ်မှန်သောအမှုတော်တို့ပါဝင်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ပေါလုဖွင့်ပြသည့် အရာအားလုံးပါဝင်သော အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည် (ရော၁၄)။ ကျွန်ုပ်တို့အား ဂိုဏ်းဂဏများအထဲသို့ ကွဲသွားစေခြင်းနှင့် တစ်စုံတစ်ရာကို သီးသန့်လုပ်ဆောင်ခြင်းအတွက် သတ်မှတ်ခြင်းများမရှိနိုင်တော့ပေ။ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော

အသင်းတော်အသက်တာကိုသာ အသက်ရှင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကို လုပ်ဆောင်မည်ဆိုပါက၊ စစ်မှန်သော သဘောတညီတညွတ်တည်းရှိရလိမ့်မည်ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့သည် တစ်ခုတည်းသောရူပါရုံနှင့် တစ်ခုတည်းသောအမြင်ရှိသောကြောင့် သဘောတညီတညွတ် ရှိနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် မျက်မှောက်ခေတ်နှင့်အညီဖြစ်သော၊ အရာအားလုံးကို အမွေခံသောရူပါရုံ၌ရှိကြသူများဖြစ်သည်။ ကျွန်ုပ်တို့၌ တစ်ခုတည်းသောအမြင်ရှုထောင့်သာရှိကြသည်။ ကျွန်ုပ်တို့သည် စိတ်နှလုံးတစ်ခုတည်း၊ နှုတ်တစ်ခုတည်း၊ တစ်သံတည်းနှင့် ဂီတသံစဉ် တစ်ခုတည်းဖြင့် တူညီသောအရာကို ပြောဆိုကာ၊ သခင်ဘုရားကို အတူတကွ အစေခံကြသည်။ ၎င်းမှထွက်ပေါ်လာသောရလဒ်မှာ ကျွန်ုပ်တို့အား သန့်စွမ်းသောစိတ်ဓါတ်နှင့် ထိရောက်သော အကျိုးကျေးဇူးကို ဖြစ်လာစေသည့် တန်ခိုးစွမ်းအားဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ခွန်အားဖြစ်သည်။ သခင်ဘုရားပြန်လည်ရယူခြင်းသည် ဤတန်ခိုးကိုပိုင်ဆိုင်လာသောအခါ၊ တိုးပွား၊ ပျံ့နှံ့ခြင်း ဘုန်းအသရေရှိလာလိမ့်မည် ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့၏ အခြေအနေသည် ဤအဆင့်သို့ မရောက်ရှိသေးပါ၊ အမြင့်ဆုံး အထွတ်အထိပ်သို့လည်း မရောက်ရှိသေးပါ။

အနာဂတ်၌ ကျွန်ုပ်သည် သခင်ဘုရားထံ ရှင်းလင်းချက်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် အခြေအနေကို စောင့်ကြည့်နေရခြင်းဖြစ်သည်။ အချို့ကကားတိုင်အကြောင်းဟောပြောခြင်းအား အလေးထားကြသော်လည်း၊ သူတို့၌ လက်တွေ့လုပ်ဆောင်မှုမရှိကြပါ။ သူတို့သည် အမြတ်ဒေါသထွက်လိုသောအခါ၊ ဒေါသထွက်နေသေးသည်။ သူတို့သည် ဇုံဂေလိကိုဟောပြောခြင်း၊ အခြားသူများကို ကျွေးမွေးခြင်း၊ စုံလင်စေခြင်းနှင့် သမ္မာတရားနောက်လိုက်ခြင်းမရှိကြပါ။ ကားတိုင်သည် သူတို့အဖို့ သြဝါဒမျှသာဖြစ်သည်။ ကျွန်ုပ်တို့သည် သြဝါဒမျှသာ ကျွေးမွေးခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ရူပါရုံကိုမြင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့မြင်တွေ့သော ခေတ်နှင့်လိုက်လျောညီထွေရှိသည့် ရူပါရုံသည် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ လမ်းကြောင်းအားလုံး၏ အတိုင်းအတာအထိရှိသော ရူပါရုံဖြစ်သည်။ (*The Vision of the Age*, pp. 53, 70, 54, 84)

*ပို၍ဖတ်ရန်-* *Fellowship concerning the Urgent Need of the Vital Groups*, msgs. 10, 12; *The Vision of the Age*, ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

## ***နံနက်ခင်းကျွေးမွေးခြင်း***

**တ၊ ၂း၄၂ ထိုသူများသည် တမန်တော်တို့၏သွန်သင်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်းနှင့်ဆုတောင်းခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။**
**၄၆ ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ် သဘောတညီတညွတ်တည်းနေ၍၊ တစ်အိမ်ပြီးတစ်အိမ် မုန့်ကို ဖဲ့လျက် စိတ်နှလုံးကြည်ဖြူရွှင်လန်းခြင်းဖြင့် အစာအာဟာရကို သုံးဆောင်ကြ၏။**

ကျွန်ုပ်သည် လုပ်ဖော်ဆောင်ဖက်များ၊ ဦးဆောင်သူများနှင့် သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်များအားလုံးကို ယနေ့ ကျွန်ုပ်တို့သည် ပြောင်းလဲခြင်းကို လုပ်ဆောင်ခြင်းမဟုတ်ကြောင်းကို နားလည်သဘောပေါက်စေလိုပါသည်။ ကျွန်ုပ်တို့သည် အခြားသူများနှင့် နည်းလမ်းတိုင်း၌ မတူကွဲပြားခြားနားနေပါက၊ ၎င်းမှာ ကျွန်ုပ်တို့သည် ကမ္ဘာဦးကျမ်း၌ အာဒံ၏ ပထမဦးဆုံးသောရူပါရုံမှ ဗျာဒိတ်ကျမ်း၌ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းအထိဖြစ်သော သမ္မာကျမ်းစာ၏ ရူပါရုံများအားလုံးကို ကိုင်စွဲထားသောကြောင့်ဖြစ်သည်။ တစ်ဦးတစ်ယောက်သည် ဤရူပါရုံတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုကိုသာ မြင်ပြီး၊ ကျွန်ုပ်တို့အား ကွဲပြားခြားနားနေခြင်းအတွက် အပြစ်တင်စီရင်မည်ဆိုပါက၊ ၎င်းမှာ ကျွန်ုပ်တို့သည် သူတို့နှင့် မတူကွဲပြားခြားနေ၍သာ ဖြစ်သည်။ သူတို့၌ ခေတ်ကာလနှင့် လိုက်လျောညီထွေဖြစ်သော ရူပါရုံမရှိသောကြောင့် ဖြစ်သည်။ (*The Vision of the Age*, p. 81)

## ***ယနေ့ဖတ်စရာ***

ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ထုတ်ဝေပြီးသော ဝေမျှချက်များမှ အထူးသဖြင့် *Elder's Training* နှင့် *Truth Lessons Series* များ၌ရှိသော ဝေငှချက်များကို လေးနက်စွာ လေ့လာဆည်းပူးကြလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ၎င်းတို့အား သေချာစွာ လေ့လာမည်ဆိုပါက၊ ပြီးပြည့်စုံသောအမြင် ရှိလာလိမ့်မည်ဖြစ်ပြီး၊ ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့အား သခင်ဘုရားပေးအပ်ခဲ့သော ရူပါရုံကို မြင်တွေ့ကာ၊ ယေရုရှလင်မြို့တည်းဟူသော ရူပါရုံများအားလုံး၏ အဆုံးစွန် ပြီးမြောက်ပြည့်စုံခြင်းသည် မည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိရှိနားလည်လိမ့်မည်ဖြစ်သည်။ ဤအဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်း၌ ဧဝံဂေလိဟောပြောခြင်း၊ သခင်ဘုရားကို ချစ်ခြင်း၊ ကားတိုင်၏ဆက်ဆံဖြေရှင်းခြင်းနှင့် ချိုးဖဲ့ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအသက်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ သွန်းလောင်းပေးခြင်းကဲ့သို့သော အရာအားလုံးပါဝင်သည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်တောင့်ကိုးရာအတွင်း၌ မရေမတွက်နိုင်သော ခရစ်ယာန်တို့သည် ဘုရားသခင်ကို အစေခံခဲ့ကြသည်။ ဂျူးလူမျိုးတို့သည်လည်း ဘုရားကို အစေခံခဲ့ကြသည်။ ဂျူးလူမျိုးတို့သည် ဓမ္မဟောင်း၏ ရူပါရုံအတိုင်းသာ အစေခံကြသည်မှာ အမှန်ဖြစ်သည်။ တစ်ချို့သောခရစ်ယာန်တို့သည် ယေရှု၏ မြေကြီးဆိုင်ရာ အမှုတော်နှင့်စပ်လျဉ်းသော ဓမ္မသစ်ခရစ်ဝင်ကျမ်းများ၌ ဖွင့်ပြထားသောရူပါရုံအတိုင်း အစေခံကြသည်။ တစ်ချို့သောသူတို့သည် ရူပါရုံလုံးဝမရှိဘဲအစေခံကြသည်။ ခေတ်နှင့်အညီဖြစ်သော ရူပါရုံအတိုင်း ဘုရားသခင်ကို အစေခံရန် ကျွန်ုပ်တို့သည် ပေါလု၏ နောက်ဆုံးသော ဩဝါဒစာစောင်များ၏ အဆင့်သို့ တက်လှမ်းဖို့ရန်လိုအပ်သည်။ အမှန်တကယ်တွင် ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်း၌ရှိသော အသင်းတော်ခုနစ်ပါးသို့ပေးပို့သော စာစောင်များအဆင့်သို့ ရောက်ရှိလာရန်လိုအပ်သည်။ ထိုနည်းတူ နိုင်ငံတော်၊ ကောင်းကင်သစ်၊ မြေကြီးသစ်နှင့် အသင်းတော်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းတည်းဟူသော ယေရုရှလင်မြို့သစ်အပါအဝင် ခေတ်ကာလများအားလုံးကို ဖော်ပြထားသော ရူပါရုံအဆင့်ထိလည်း တက်လှမ်းဖို့လိုအပ်သည်။ ကျွန်ုပ်တို့အဖို့ ယနေ့ ဘုရားသခင်ကို အစေခံရန်အလို့ငှါ ကျွန်ုပ်တို့၏ ရူပါရုံသည် ကမ္ဘာဦးကျမ်း၌ အာဒံ၏ ပထမဆုံးသောရူပါရုံမှ အသင်းတော်၏ အဆုံးစွန် ထင်ရှားခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ်အထိ ကျယ်ပြန့်ခြင်းရှိရမည်ဖြစ်သည်။ ဤအရာသာလျှင် ပြီးပြည့်စုံသောရူပါရုံ ဖြစ်သည်။ ဤရူပါရုံကို ကျွန်ုပ်တို့ထံ ပြည့်စုံစွာ ဖွင့်ပြပြီးဖြစ်သော်လည်း၊ ၎င်းသည် ယနေ့ထိတိုင် ဖြစ်မလာသေးပါ။

အကယ်၍ သင်သည် အဖွဲ့အစည်း၊ အုပ်စု သို့မဟုတ် လှုပ်ရှားမှု၌ သဘောတညီတညွတ်တည်းရှိရန် မျှော်လင့်ပါက၊ သင်သည် တူညီသောအသိပညာမှ ထွက်ပေါ်လာသော တူညီသောစဉ်းစားတွေးခေါ်ခြင်းမျိုး လိုအပ်သည်။ အဖွဲ့အစည်း၊ အုပ်စု သို့မဟုတ် လှုပ်ရှားမှုတစ်စုံတစ်ရာသည် တူညီသော စဉ်းစားတွေးခေါ်ခြင်း၊ တူညီသောအသိပညာမှ ထွက်ပေါ်လာသော သဘောတညီတညွတ်ဖြစ်ခြင်းမျိုး လိုအပ်သည်။ ထို့ကြောင့် တမန်တော်ဝတ္ထုသည် တစ်နည်းအားဖြင့် တပည့်တော်တို့အလယ်၌ သဘောတညီတညွတ်ရှိကြောင်းနှင့် အခြားတစ်နည်းအားဖြင့် သဘောတညီတညွတ်တည်း၌ ရှိကြသောသူတို့သည် တမန်တော်တို့၏ သွန်သင်ခြင်း၌ ဆက်လက်ပြီးရှေ့ဆက်သွားကြကြောင်း ကျွန်ုပ်တို့အား ပြောဆိုထားသည် (၂း၄၂)။ တမန်တော်တို့၏ သွန်သင်ခြင်းသည် သဘောတညီတညွတ်ရှိခြင်းကို ကိုင်စွဲခြင်းဖြစ်သည်။ သွန်သင်ခြင်းတစ်ခုထက်ပိုပါက၊ ထိုအရာသည် ကိုင်စွဲထားသောအကြောင်းရင်းကို ဖျက်ဆီးစေလိမ့်မည်ဖြစ်သည်။ (*Elders' Training, Book 7: One Accord for the Lord's Move,* p. 100)

တမန်တော်တို့သည် နေရာတိုင်းနှင့် အသင်းတော်တိုင်း၌ရှိသော သန့်ရှင်းသူများ အားလုံးကို တူညီသောအရာကိုသာ သွန်သင်ခဲ့ကြသည်။ တစ်ချိန်တည်း၌ပင် ဤတစ်လုံး တစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းသည် အသင်းတော်တို့အား ဝိညာဉ်တော်၏ စကားပြောသည့်အတိုင်း ပြောဆိုခြင်းပင်ဖြစ်သည် (ဗျာ၊ ၂း၇၊၁၁က၊၁၇က၊ ၂၉။ ၃း၆၊၁၃၊ ၂၂)။ ဗျာဒိတ်၊ ၂–၃၌ ဖော်ပြထားသော အသင်းတော်ခုနစ်ပါးထံသို့ ရေးထားသော စာစောင်ခုနစ်စောင်သည် အသင်းတော်များအားလုံးထံသို့ ပြောဆိုထားသော နှုတ်ကပတ်တော် ဖြစ်သည်။ နားရှိသောသူသည် ကြားပါစေ။ စာစောင်တစ်စောင်စီကို အသင်းတော်များထံသို့ ရေးသားခြင်းဖြစ်သည်။ အသင်းတော်များအားလုံး၌ တူညီသည့် သမ္မာကျမ်းစာရှိကြပြီး၊ အယောက်စီတိုင်းသည် တူညီစွာ စကားပြောဆိုခြင်းနှင့်အညီ တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်လျက်ရှိကြသည်။ (*TheOneness and the One Accord according to the Lord's Aspiration and the Body Life and Service according toHis Pleasure*,pp.17-18)

*ပို၍ဖတ်ရန်-* *The Vision of the Age*, ch. 3; *Elders' Training,Book 7: One Accord for the Lord's Move*, ch. 8

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဆာ၊ ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဘော်ကြသည်အရာမှာ အ**
**၁၃၃ လွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏။ အာရုံ၏**
**ခေါင်းပေါ်မှာ လောင်းလျက်၊ သူ၏မုတ်ဆိတ်သို့စီး၍၊ လည်စွပ်တိုင်**
**အောင်ကျသော နံ့သာဆီကဲ့သို့ဖြစ်၏။ ဟေရမုန်တောင်နှင့် ဇိအုန်တောင်**
**ရိုးပေါ်သို့ ကျသောနှင်းကဲ့သို့ဖြစ်၏။ ထိုသို့နေကြသောအရပ်၌၊ ထာဝရ**
**ဘုရားသည် အစဉ်အမြဲ အသက်ရှင်ခြင်းအခွင့်တည်းဟူသော ကောင်း**
**ကြီးမင်္ဂလာကို စီရင်တော်မူ၏။**

ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရား၏ အသစ်သောလှုပ်ရှားမှု၌ရှိသော အသက်၏ လှုပ်ရှားလုပ်ဆောင်မှု၌ ကိုယ်တော်နှင့်အတူ တစ်လုံးတစ်ဝရှိဖို့လိုသည်။ သခင်ဘုရား၏ အသစ်သောလှုပ်ရှားလုပ်ဆောင်မှုအတွက် အသင်းတော်များအားလုံးသည် သဘောတညီတညွတ်ရှိကြရမည်ဖြစ်သည်။ အတိတ်၌ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်းကို ဆုံးရှုံးခဲ့သော်လည်း၊ ၎င်းအား ပြန်လည်ရယူရန်နှင့်ထိန်းသိမ်းရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မြေကြီးတစ်ပြင်လုံး၌ရှိသော နိုင်ငံတိုင်းရှိ အသင်းတော်များအားလုံးကို တူညီသောအရာကို သွန်သင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် တူညီသောအရာကို ကြွေးကြော်ခြင်း၊ တူညီသောတံပိုးကို မှုတ်ခြင်းနှင့် တူညီသောအရာကို သွန်သင်ခြင်းရှိရမည်။ ကျွန်ုပ်တို့သည် သွန်သင်ခြင်း၌ တစ်လုံးတစ်ဝရှိရမည်ဖြစ်သည်။ (*Elders' Training, Book 9: The Eldership and the God-ordained Way (1)* p. 16)

## ယနေ့ဖတ်စရာ

အသင်းတော်များအားလုံးသည် တမန်တော်တို့၏သွန်သင်ခြင်းများကို တစ်ညီတည်း လက်ခံရရှိကြသည်။ ၁ကော၊၄း၁၇ခ၌ ပေါလုက "ခပ်သိမ်းသောအရပ်တို့၌ ခပ်သိမ်းသောအသင်းတော်တို့ကို ငါသွန်သင်သည်နှင့်အညီ"ဟု ပြောဆိုထားသည် (၁ကော၊၄း၁၇ခ)။ ဤသည်မှာ တမန်တော်တို့၏သွန်သင်ခြင်းသည် စကြဝဠာဆိုင်ရာ၌ တစ်ညီတည်းဖြစ်ပြီး၊ မည်သည့်နေရာမျှ ခြားနားခြင်းမရှိပါ။ ၇း၁၇၌ ပေါလုက "သို့ရာတွင် သခင်ဘုရားသည် လူအသီးသီးတို့အား ခန့်အပ်တော်မူ၍၊ ဘုရားသခင်သည် လူအသီးသီးတို့ကို ခေါ်တော်မူသည်နှင့်လျော်စွာ လူတိုင်းလျှောက်လှမ်းစေ။ ခပ်သိမ်းသောအသင်းတော်တို့ကို ထိုသို့ ငါပညတ်၏"ဟု ပြောဆိုထားသည်။ ဤသည်မှာ အသင်းတော်များအားလုံး

သည် ပေါလု၏ သွန်သင်ခြင်းများကို တူညီစွာလက်ခံရရှိခဲ့ကြောင်း နောက်ထပ်ဖော်ပြခြင်းဖြစ်သည်။ ၁ကော၊၁၆း၁၃ ပေါလုက ဆက်လက်၍၊ သန့်ရှင်းသူတို့အဖို့ လှူဒါန်း၍ စုထားခြင်းအမှုမှာ၊ ဂလာတိပြည်၌ရှိသောအသင်းတော်များကို ငါမှာကြားထားသည့် အတိုင်းသင်တို့ပြုကြလော့”ဟု ပြောဆိုထားသည်။ ဤနေရာ၌ ပေါလုသည် ကောရိန္သုမြို့၌ရှိသောအသင်းတော်အား ဂလာတိပြည်၌ရှိသောအသင်းတော်များကို မှာကြားထားသည့်အတိုင်း ပြုလုပ်ရန် ညွှန်ကြားခြင်းဖြစ်သည်။ ဤသည်မှာ ပေါလု၏ အမှုတော်အောက်၌ရှိသော အသင်းတော်များအားလုံးသည် တမန်တော်တို့၏ သွန်သင်ခြင်း၌ တစ်လုံးတစ်ဝရှိကြောင်းကို နောက်ထပ်ရည်ညွှန်းဖော်ပြခြင်းဖြစ်သည် (တ၊ ၂း၄၂)။

အသင်းတော်များအားလုံးသည် တမန်တော်တို့၏ သွန်သင်ခြင်းများကို တူညီစွာလက်ခံရရှိကြောင်းကို သိရှိနားလည်ခြင်းမရှိသောသူအချို့က တစ်စုံတစ်ရာသောသွန်သင်ခြင်းသည် အသင်းတော်တစ်ပါးအတွက်ကောင်းသော်လည်း သူတို့အသင်းတော်အတွက်မူ မကောင်းကြောင်း စဉ်းစားကောင်းစဉ်းစားလိမ့်မည်ဖြစ်သည်။ ဤကဲ့သို့သော သဘောထားရှိခြင်းသည် အသင်းတော်များအလယ်တွင်ရှိသော မိတ်သဟာယကို ပြီးဆုံးသွားစေမည်ဖြစ်သည်။ အသင်းတော်တစ်ပါးအတွက် ကောင်းသောသွန်သင်ခြင်း တစ်စုံတစ်ရာသည် မြေကြီးပေါ်၌ရှိသော  အသင်းတော်များအားလုံးအတွက် ကောင်းမွန်ပေသည်။ ထိုကဲ့သို့ပင် အသင်းတော်တစ်ပါးအတွက် သွန်သင်ခြင်းသည် မကောင်းပါက၊ အသင်းတော်များအားလုံးသည် ၎င်းကို ငြင်းပယ်ရမည်ဖြစ်သည်။ သွန်သင်ခြင်းသည် အသင်းတော်တစ်ပါးအတွက် ကောင်းသော်လည်း၊ အခြားသောအသင်းတော်များအတွက် မကောင်းကြောင်းကို ဓမ္မသစ်ကျမ်း၌ ဖော်ပြထားခြင်းမရှိပါ။ အသင်းတော်များသည် သွန်သင်ခြင်းများကို တူညီစွာ လက်ခံရရှိခြင်းဖြစ်ကြောင်း ဓမ္မသစ်ကျမ်း၌ ဖွင့်ပြထားသည်။ (*The Conclusion of the New Testament*, pp.2187-2188)

သင်သည် ဧဝံဂေလိဟောပြောရန် မှန်ကန်သောနည်းလမ်းကို လက်တွေ့လုပ်ဆောင်ရန် အမှန်ပင် အလိုဆန္ဒရှိပါက၊ သင်သည် သဘောတညီတညွတ်ရှိရန် လိုအပ်သည်။ ဤသော့မရှိဘဲ၊ မည်သည့်တံခါးကိုမျှ ဖွင့်နိုင်မည်မဟုတ်ပါ။ သဘောတညီတညွတ်ဖြစ်ခြင်းသည် “အခန်းအားလုံးအတွက် အဓိကသော့” ဖြစ်ပြီး၊ ဓမ္မသစ်ခေတ်ကာလ၌ ကောင်းကြီးတိုင်းအတွက် အဓိကသော့ဖြစ်သည်။ ဤသည်မှာ ဧဝေါဒိနှင့်သုန္တုတ်တို့သည် သဘောတညီတညွတ်ရှိဖို့လိုကြောင်း ပေါလုပြောဆိုရခြင်းအကြောင်းဖြစ်သည် (ဖိ၊၄း၂)။ ဤညီအစ်မတို့သည် သခင်ဘုရားကို ချစ်ကြသော်လည်း၊ သူတို့သည် သဘောတညီတညွတ်ပျောက်ကင်းနေကြောင်း ပေါလုသိသည်။

ကျွန်ုပ်တို့လိုအပ်သည့်အရာမှာ ဤသဘောတညီတညွတ်ဖြစ်ခြင်းကို ပြန်လည်ရယူရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏လက်ရှိ လှုပ်ရှားလုပ်ဆောင်မှုနှင့်အတူ လေးနက်စွာဖြင့် ရှေ့ဆက်ရန်ရည်ရွယ်ပါက၊ ဤသဘောတညီတညွတ်ဖြစ်ခြင်းကို လိုအပ်သည်။ မှန်ကန်သောသူသည် အဘယ်အရာကိုမဆို မှန်သည်ဟုမဆိုလိုပါ။ ကျွန်ုပ်တို့လိုအပ်သည့်အရာမှာ ဤသဘောတညီတညွတ်ဖြစ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တူညီသောအသိဉာဏ်၊ တူညီသောစိတ်နှင့်စိတ်နှလုံးနှင့်အတူ တူညီသောရည်ရွယ်ချက်အတွက် တူညီသောအလိုဆန္ဒရှိရန်လိုအပ်သည်။ (*Elders' Training, Book 7: One Accord for the Lord's Move*, pp. 18-19)

ကျွန်ုပ်တို့သည် ခရစ်တော်ရှာဖွေနေသောအရာ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန် သဘောတညီတညွတ်တည်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်၏ဝန်တာကို ယူဆောင်နေချိန်တွင်၊ ကျေးဇူးတော်နှင့် ကောင်းကြီးမင်္ဂလာကို လက်ခံရရှိရန် အသင်းတော်အတွက် နည်းလမ်းကို မြင်တွေ့လာမည်ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်နှင့်ကောင်းကြီးမင်္ဂလာသည် သဘောတညီတညွတ်ရှိသောအခြေအနေမှသာ ရောက်ရှိလာကြောင်းကို ကျွန်ုပ်တို့ လုံးလုံးနားလည်ထားရမည်ဖြစ်သည်။ ဤအခြေအနေသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း ဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ ဆာ၊၁၃၃တွင် "ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဘော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။...ထာဝရဘုရားသည် အစဉ်အမြဲ အသက်ရှင်ခြင်းအခွင့်တည်းဟူသော ကောင်းကြီးမင်္ဂလာကို စီရင်တော်မူ၏" ဟု ပြောဆိုထားသည်။ ဘုရားသခင်သည် တစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည့် သဘောတညီတညွတ်ဖြစ်ခြင်းအပေါ် ကျေးဇူးတော်သက်ရောက်စေပြီး၊ ကောင်းကြီးကို မစလိမ့်မည်ဖြစ်သည်။ (*The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service according to His Pleasure*, p. 18)

*ပို၍ဖတ်ရန်-* *The Conclusion of the New Testament*, msg. 204;*The Oneness and the One Accord according to the Lord's Aspiration and the Body Life and Service accordingtoHisPleasure*,ch.1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

***Hymns,* # E- 1108**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–----------

# အသင်းတော်၌ မှန်ကန်သောသဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ရော၊၁၅း၅–၆။ ၁ကော၊၁း၁၀။ ဖိ၊၁း ၂၇။ ယော၊၃ ၂း၃၉

*Day 1* **I. ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်းရှိမည်ဆိုပါက၊ စိတ်တစ်ခုတည်းဖြင့် တစ်ဝိညာဉ်တည်း၌တည်ရန် သင်ယူရမည်ဖြစ်သည် (ဖိ၊၁း ၂၇)။**

က။ ကျွန်ုပ်တို့သည် ဝိညာဉ်ထံသို့ လှည့်ပြန်ရန်လိုအပ်ပြီး၊ တစ်ဝိညာဉ်တည်းဖြင့် ကျွန်ုပ်တို့၏စိတ်အထဲသို့ ဝင်ရောက်ရန်လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် သဘောတညီတညွတ် တည်းရှိနိုင်မည်ဖြစ်သည် (အငယ်၊၂၇။ ၂း၂၅။ ၄း၂)။

ခ။ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၏ လျှို့ဝှက်ချက်မှာ ကိုယ်ခန္ဓာတော်အသက်တာ၌ စိတ်သဘောတူရန်၊ ခရစ်တော်ယေရှုနှင့်စပ်လျဉ်းသောအရာများကို စစ်မှန်စွာ ဂရုစိုက်ခြင်းရှိရန်ဖြစ်သည် (၁း ၂၇။ ၂း ၂၀)။

၁။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ ကိုယ်ခန္ဓာတော်အဖို့ ပြည့်ဝသောအတိုင်းအတာအထိ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိလိုပါက၊ စိတ်သဘောတူရန် လိုအပ်သည် (အငယ်၊၂၊၁၉–၂၀)။

၂။ တိမောသေသည် ပေါလုနှင့် တူညီသောစိတ်ရှိခဲ့သောကြောင့် သူသည် ကိုယ်ခန္ဓာတော်၌ ခရစ်တော်ကို အဆုံးစွန်အထိ တွေ့ကြုံခံစားခြင်း အနေအထား၌ရှိခဲ့သည် (၁ကော၊၄း၁၆–၁၇။ ၁၆း၁၀)။

*Day 2* **II. ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန် အလို့ငှာ၊ "တူညီသောအသိဉာဏ်နှင့် တူညီသောသဘောတစ်သံတစ်သမတ်တည်း"ရှိကြရမည်ဖြစ်သည် (၁း၁၀)။**

က။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့အား သဘောတညီတညွတ်ဖြစ်ခြင်းကို သိနားလည်ခြင်းမှ အဟန့်အတားဖြစ်စေသည့် ပြဿနာမှာ ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်ဖြစ်သည် (မ၊၁၆း ၂၂–၂၅။ ဖိ၊ ၂း ၂။ ၄း ၂)။

ခ။ သခင်ဘုရား၏ အလုပ်၌၊ အသင်းတော်အသက်တာနှင့် ဝိညာဉ်ရေးရာအသက်တာ၌ အကြီးမားဆုံးသော ဖျက်ဆီးမှုပြုတတ်သည့်အရာမှာ ကျွန်ုပ်တို့၏ထင်မြင်ချက်ဖြစ်သည် (၁ကော၊၁း၁၀–၁၃က)။

ဂ။ သခင်ဘုရား၏ ရှေ့မှောက်၌ ကျွန်ုပ်တို့၏ အသုံးဝင်မှုသည် ထင်မြင်ယူဆချက်အကြောင်းအရာအပေါ်တွင် များစွာမူတည်နေသည် (၇း၂၅၊၄၀)။

ဃ။ ကောရိန္တုယုံကြည်သူတို့သည် အတူတကွ ပြည့်ဝသော ပေါင်းစည်းဆက်နွယ်ခြင်းရှိရန်အလို့ငှာ ပြုပြင်ခံရမည်ဖြစ်သည်။ သို့မှသာ တူညီသောအရာကိုပြောဆိုရန် တူညီသောအသိဉာဏ်နှင့် တူညီသောထင်မြင်ချက်ရှိပြီး၊ တညီတညွတ်တည်းရှိနိုင်မည် ဖြစ်သည် (၁း၁၀၊ ၁၇–၁၉၊ ၂၂–၂၄။ ၂း၂)။

## III.အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် မှန်ကန်သော သဘောတညီတညွတ်ရှိလိုပါက၊ တူညီသောအသိဉာဏ်ရှိပြီး၊ တစ်ခုတည်းသောအရာ၊ တူညီသောအရာကို စဉ်းစားရန်လိုအပ်သည် (ရော၊ ၁၂း၁၆။ ၁၅း၅။ ဖိ၊၂း၂။ ၄း၂)။

က။ သမ္မာကျမ်းစာတစ်အုပ်လုံး၌ နှုတ်တစ်ခုတည်းသာရှိ၍ သမ္မာကျမ်းစာသည် တူညီသောအရာကို ပြောဆိုခြင်းဖြစ်သည် (ဟေဗြဲ၊၁း၁–၂က)။

ခ။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့အားလုံးသည် စကားပြောဆိုရာ၌ ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ယူဆောင်ရန်လိုအပ်သည် (မ၊၁၂း၃၄–၃၇။ ဧ၊၃း၁၇က။ ယော၊၇း၁၆–၁၈။ ၈း၂၈၊ ၃၈က။ ၁၂း၄၉–၅၀။ ၁၄း၁၀)။

**Day 3**

ဂ။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်နှင့် အသက်အဖြစ် ယူဆောင်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် တူညီသောအရာကိုသာ အလိုအလျောက်ပင် ပြောဆိုကြလိမ့်မည်ဖြစ်သည် (ဧ၊၃း ၁၇က။ ကော၊၃း၄။ ၁ကော၊၁း၁၀)။

၁။ အသင်းတော်သည် ခရစ်တော်တည်းဟူသော တစ်ပါးတည်းသောပုဂ္ဂိုလ်၊ လူသစ်တစ်ဦးဖြစ်ပြီး၊ ဤပုဂ္ဂိုလ်တော်သည် ကျွန်ုပ်တို့၏ စကားပြောခြင်းကို ထိန်းချုပ်ပေးသည်။ ထို့ကြောင့် ကိုယ်တော်ပြောဆိုသောအရာတိုင်းသည် အမှန်ပင် "တူညီသောအရာ"ဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် စကားပြောသောအခါ၊ အခြေခံမေးခွန်းကို

ခွဲခြားဆုံးဖြတ်ဖို့လိုသည်။ ဤပြောဆိုခြင်းအကြောင်းအရာ၌– ကျွန်ုပ်သည် ပုဂ္ဂိုလ်ဖြစ်သလော သို့မဟုတ် ခရစ်တော်သည် ပုဂ္ဂိုလ်ဖြစ်သလော။

၃။ အကယ်၍ ကျွန်ုပ်တို့၏စကားပြောခြင်း၌ မိမိကိုယ်ကို ပုဂ္ဂိုလ်အဖြစ်ယူဆောင်ခြင်းမရှိဘဲ၊ ခရစ်တော်ကို ပုဂ္ဂိုလ်အဖြစ် ယူဆောင်မည်ဆိုပါက၊ တစ်ခုတည်းသောနှုတ်ရှိလာပြီး၊ အယောက်စီတိုင်းသည် တူညီသောအရာကို ပြောဆိုကြလိမ့်မည် ဖြစ်သည်။

*Day 4*

ဃ။ သဘောတညီတညွတ်ရှိခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး၌ တစ်လုံးတစ်ဝရှိခြင်းဖြစ်ပြီး၊ ၎င်း၏ရလဒ်မှာ ကျွန်ုပ်တို့၏ အပြင်ပိုင်းစကားပြောဆိုခြင်း၌ တစ်လုံးတစ်ဝရှိခြင်း၌ တည်နေခြင်းဖြစ်သည် (ရော၊၁၅း၅–၆)။

၁။ တစ်ခုတည်းသောအသိဉာဏ်နှင့် တစ်ခုတည်းသောနှုတ်ရှိခြင်းမှာ ကျွန်ုပ်တို့တွင် တစ်ခုတည်းသော ဦးခေါင်းတော်–ခရစ်တော်သာ ရှိခြင်းကို ဆိုလိုသည်။ အကြောင်းမှာ ဦးခေါင်းတော်၌သာလျှင် အသိဉာဏ်တစ်ခုတည်းနှင့် နှုတ်တစ်ခုတည်းရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အသိဉာဏ်ဖြင့် စဉ်းစားဆင်ခြင်ရန်လိုအပ်ပြီး၊ ဦးခေါင်းတော်၏နှုတ်အားဖြင့်လည်း ပြောဆိုကြရမည်ဖြစ်သည် (ကော၊၁း၁၀က။ ဖိ၊၂း၂၊၅။ ၄း၂)။

၂။ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ရှိသောအခါတိုင်း တူညီသောအရာကို ပြောဆိုပြီး၊ ကျွန်ုပ်တို့သည် တစ်ခုတည်းသောနှုတ်ဖြင့် ပြောဆိုရမည်ဖြစ်သည်။

၃။ သဘောတညီတညွတ်ရှိရန်နှင့် နှုတ်တစ်ခုတည်းရှိရန် တစ်ခုတည်းသောနည်းလမ်းသည် ကျွန်ုပ်တို့စိတ်နှလုံး၏ အခန်းတိုင်းနှင့် ကျွန်ုပ်တို့၏နှုတ်၌ ခရစ်တော်ကို အရာခပ်သိမ်းအဖြစ် အခွင့်ပေးခြင်းဖြစ်သည်။ သို့မှသာ ဘုရားသခင်သည် ဘုန်းထင်ရှားခြင်းရှိလိမ့်မည်ဖြစ်သည် (ဧ၊၃း၁၇က၊၂၁)။

*Day 5*

## IV. ကျွန်ုပ်တို့သည် သဘောတညီတညွတ်ရှိလိုပါက၊ တစ်ခုတည်းသော စိတ်နှလုံးနှင့် နည်းလမ်းရှိရန်လိုအပ်သည် (ယေ၊၃၂း၃၉)။

က။ယုံကြည်သူတို့သည် ခရစ်တော်ထက် အခြားကွဲပြားစေသည့် နည်းလမ်းအမျိုးမျိုးကို ယူဆောင်နေကြသောကြောင့် ကွဲပြားရခြင်းဖြစ်

သည် (ယော၊၁၄း၆။ ၁ကော၊၁း၃၀)။

ခ။ ဘုရားသခင်၏ ရွေးချယ်ခံသူများဖြစ်ကြသော ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချစ်ရန်၊ ရှာဖွေရန်၊ အသက်ရှင်ရန်နှင့် စေ့စပ်ထုံးဖွဲ့ခြင်းရှိရန် တစ်ခုတည်းသောစိတ်နှလုံးရှိရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အတွင်းပိုင်းအသက်တရားနှင့်အတူ ၎င်း၏ ဘုရားဆိုင်ရာစွမ်းရည်တည်းဟူသော သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်ဖြစ်သည့် တစ်ခုတည်းသောနည်းလမ်းရှိရမည်ဖြစ်သည် (မ၊၁၂း၃၀။ ယေ၊၃၁း၃၃–၃၄။ ယော၊၁၄း၆က)။

ဂ။ ဤတစ်ခုတည်းသောစိတ်နှလုံးနှင့် တစ်ခုတည်းသောနည်းလမ်းသည် သဘောတညီတညွတ်ဖြစ်ခြင်းဖြစ်သည် (တ၊၁း၁၄။ ၂း၄၆။ ရော၊၁၅း၆)။

ဃ။ကွဲပြားခြင်းသည် ခရစ်တော်ထက် အခြားသောအရာ တစ်စုံတစ်ခုအတွက် စိတ်နှလုံးထားရှိခြင်းနှင့် ခရစ်တော်ထက် အခြားသောနည်းလမ်းကို ယူဆောင်ခြင်းမှ ထွက်ပေါ် လာသည်။

**V. ကျွန်ုပ်တို့သည် သဘောတညီတညွတ်ရှိရန်အလို့ငှာ အသင်းတော်အသက်တာ၌ "အတိုင်းအတာ"တစ်ခုတည်းသာ ရှိရမည်ဖြစ်သည် (တရား၊၂၅း ၁၃–၁၆)။**

က။မတူညီသောအလေးနှင့် အတိုင်းအတာပမာဏများကို မရိုးမသားလုပ်ဆောင်ခြင်းသည် လိမ်ညာ၊ လှည့်စားခြင်းဖြစ်ပြီး၊ ၎င်းသည် စာတန်ထံမှ လာခြင်းဖြစ်သည် (ယော၊၈း၄၄)။

ခ။ ဝိညာဉ်ရေးရာလက်တွေ့ကျင့်သုံးခြင်း၌ တူညီသောအရာတစ်ခုကို အခြားသူများ၌ အပြစ်စီရင်ကာ မိမိကိုယ်ကို၌မူ ဖြောင့်မှန်သည်ဟု ပြောဆိုခြင်းမှာ ကျွန်ုပ်တို့တွင် မတူညီသောအလေးနှင့် ခြင်စရာတန်ဆာများရှိကြောင်းကို ရည်ညွှန်းသည်။ ၎င်းမှာ အခြားသူများကို တိုင်းတာရန်အတွက် ချိန်ခွင်တစ်ခုနှင့် မိမိကိုယ်ကို တိုင်းတာရန်အတွက် အခြားသောချိန်ခွင်ဟူ၍ ခြားနားသည့်ချိန်ခွင်များရှိခြင်းကို ဆိုလိုသည်။

**Day 6**

ဂ။ ဘုရားသခင်၏ အိမ်တော်ဖြစ်သော အသင်းတော်၌ အယောက်စီတိုင်းကိုတိုင်းတာရန် အတိုင်းအတာတစ်ခုသာ အသုံးပြုရမည်ဖြစ်သည် (၁တိ၊၃း၁၅)။

ဃ။မတူညီသောအတိုင်းအတာရှိခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းသည် တညီတညွတ်မရှိခြင်း၏ အရင်းအမြစ်ဖြစ်သည်။ ကျွန်ုပ်တို့၌ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် သဘောတညီတညွတ်ဖြစ်ခြင်းကို စောင့်ထိန်းခြင်း ရှိရမည့်အစား ကွဲပြားခြင်းသာရှိနေသည်။

င။ ကျွန်ုပ်တို့အားလုံးသည် မတူညီသောချိန်ခွင်များမရှိစေရန် ဘုရားသခင်နည်းတူ အယောက်စီတိုင်းအတွက် တူညီသောချိန်ခွင်ရှိရန် သခင်ဘုရားထံမှ ကရုဏာတော်ကို လက်ခံရရှိဖို့လိုသည်။

စ။ ကျွန်ုပ်တို့သည် တစ်ခုတည်းသောချိန်ခွင်ရှိမည်ဆိုပါက၊ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းခြင်းရှိပြီး၊ အသင်းတော်၌ စစ်မှန်သော သဘောတညီတညွတ်တည်း ရှိလိမ့်မည်ဖြစ်သည် (ဧ၊၄း၁–၃။ မ၊၇း၁–၅)။

ဆ။ကျွန်ုပ်တို့သည် တစ်ခုတည်းသော"ချိန်ခွင်"ရှိမည်ဆိုပါက၊ ဘုရားနည်းတူ မျှတသော၊ တရားသော၊ ဖြောင့်မှန်သောသူများဖြစ်ကာ၊ အသင်းတော်၌ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် သဘောတညီတညွတ်ဖြစ်ခြင်းကို စောင့်ထိန်းလိမ့်မည် ဖြစ်သည်။

**VI.သခင်ဘုရား၏ခေတ်နှင့်အညီဖြစ်သောလှုပ်ရှားမှုအတွက် အသင်းတော်များအားလုံးသည် သဘောတညီတညွတ်ရှိရန် လိုအပ်သည် (ယောရှ၊၁း၁၆–၁၈။ ၆း၁–၁၆)။**

က။ ကျွန်ုပ်တို့အားလုံးသည် တူညီသောအရာကို ပြောဆိုရမည်၊ တူညီသောအရာကိုကြွေးကြော်ရမည်၊ တူညီသောအရာကို သွန်သင်ရမည်ဖြစ်သည် (၁ကော၊၄း၁၇။ ၇း၁၇။ ၁၆း၁။ တ၊၂း၄၂။ ရော၊၁၆း၁၇။ ၁တိ၊၁း၄–၅။ ၆း၃)

ခ။ အသင်းတော်များအားလုံးသည်လည်း အလေ့အကျင့်၌ တူညီခြင်းရှိရမည်ဖြစ်သည်။ အကယ်၍ အသင်းတော်များသည် အလေ့အကျင့်၌ တူညီခြင်းမရှိပါက၊ ဤသည်မှာ သဘောတညီတညွတ်ဖြစ်ခြင်းကို ပျက်စီးစေလိမ့်မည်ဖြစ်သည် (၁ကော၊၁၁း၁၆)။

ဂ။ သခင်ဘုရားပြန်လည်ရယူခြင်းနှင့် အထူးသဖြင့် ကိုယ်တော်၏ခေတ်နှင့်အညီဖြစ်သောလှုပ်ရှားမှု၌ ယနေ့ ကျွန်ုပ်တို့၏ အရေးကြီးသောလိုအပ်ချက်မှာ သဘောတညီတညွတ်ဖြစ်ခြင်းဖြစ်ကြောင်းကို မြင်တွေ့ရမည်ဖြစ်သည် (တ၊၁း၁၄)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဖိ၊ ဧဝံဂေလိတရား၏ယုံကြည်ခြင်းနှင့်အတူတကွ ကြိုးစားအားထုတ်ကြ**
**၁း၂၇ သည်အကြောင်းအရာကို ငါရောက်လျှင် သင်တို့နှင့် မျက်မှောက်တွေ့**
**သည်ဖြစ်စေ၊ ကွာလျက်နေသည်ဖြစ်စေ၊ ငါကြားသိရပါမည်အကြောင်း၊**
**ခရစ်တော်၏ဧဝံဂေလိတရားနှင့် ထိုက်သောအပြုအမူ၌ မိမိတို့**
**ကိုယ်ကို ပြုမူ၍သာနေကြလော့။**
**၂း၂၊ သင်တို့သည် သဘောတညီတညွတ်တည်းရှိ၍၊ တူညီသောမေတ္တာ၊**
**တူညီသောစိတ်နှင့်တကွ၊ တစ်ခုတည်းသောအရာကို စဉ်းစားခြင်း**
**အားဖြင့်၊ ငါဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။**

ကျွန်ုပ်တို့သည် သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်သော အခါ၊ စိတ်တစ်ခုတည်းဖြင့် တစ်ဝိညာဉ်တည်း၌တည်ရန် သင်ယူရမည် (ဖိ၊၁း၂၇)။ ကျွန်ုပ်တို့သည် အခန်းတစ်ခန်းတည်း၌ အတူတကွ ထိုင်နေကောင်းထိုင်နေလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဝိညာဉ်၌မရှိပါက၊ ကျွန်ုပ်တို့၏စိတ်၌ တစ်လုံးတစ်ဝမရှိသည်မှာ သေချာပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ထံလှည့်ပြန်ခြင်းဖြင့် သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန် သင်ယူရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် သဘောတညီတညွတ်ရှိမည့်အကြောင်း တစ်ဝိညာဉ်တည်းဖြင့် ကျွန်ုပ်တို့၏စိတ်အထဲသို့ဝင်ရောက်ရန် သင်ယူရမည်ဖြစ်သည်။ (*Elders’Training,Book10:The Eldership and theGod-ordained Way(2)*,p.54)

## ယနေ့ဖတ်စရာ

ဖိလိပ္ပိသြဝါဒစာစောင်သည် ယုံကြည်သူများ၏စိတ်ပိုင်းကို ဆက်ဆံဖြေရှင်းထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဘို့အလို့ငှါ၊ တစ်စိတ်တည်းဖြင့် အတူတကွ ကြိုးစားအားထုတ်ကြရမည်ဖြစ်သည် (၁း၂၇)။ ကျွန်ုပ်တို့သည် စိတ်၌ပေါင်းစည်းဆက်နွှယ်ပြီး၊ တစ်ခုတည်းသောအရာကို စဉ်းစားခြင်းရှိရမည် (၂း၂)။ ကျွန်ုပ်တို့သည် စိတ်သဘောတူညီခြင်းရှိရမည်ဖြစ်ပြီး၊ ယေရှုခရစ်၏ အရာများကို စစ်မှန်စွာ ဂရုစိုက်ကြရမည်ဖြစ်သည်။ ဧဝံဂေလိလုပ်ငန်း၊ ယုံကြည်သူများအလယ်၌ မိတ်သဟာယဖွဲ့ခြင်းနှင့် သခင်ဘုရား၏စိတ်ဝင်စားမှု၌ ကျွန်ုပ်တို့၏စိတ်သည် အမြဲပင် ပြဿနာရှိနေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့၏စိတ်သည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းရှိရမည်ဖြစ်ပြီး၊ အထူးသဖြင့် စိတ်ကိုဦးဆောင်သောအပိုင်းဖြစ်သည့် အသိဉာဏ်၌သည် ပုံသဏ္ဌာန်ပြောင်း

လဲရန် လိုအပ်သည် (ရော၊၁၂း၂)။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အသက်တာ၌ တစ်ခုတည်းသောစိတ်၌ ပေါင်းစည်းဆက်နွယ်ခြင်းနှင့် စိတ်သဘောတူခြင်းရှိလာနိုင်မည် ဖြစ်သည်။

ဖိလိပ္ပိဩဝါဒစာစောင်၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းသည် သော့ချက်ဖြစ်ပြီး၊ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၏ လျှို့ဝှက်ချက်မှာ တစ်ခုတည်းသောစိတ်၌ တည်ခြင်း သို့မဟုတ် စိတ်၌ပေါင်းစည်းဆက်နွယ်ခြင်း ဖြစ်သည်။ ဤစာစောင်အရ ကျွန်ုပ်တို့သည် စိတ်၌ ပေါင်းစည်းဆက်နွယ်ခြင်းမရှိပါက၊ ခရစ်တော်ကို ဆက်လက်၍ တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်၌သာ တစ်လုံးတစ်ဝဖြစ်သော်လည်း၊ စိတ်၌ ပေါင်းစည်းဆက်နွယ်ခြင်းမရှိပါက၊ ခရစ်တော်ကို ဆက်လက်၍တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။

စိတ်၌ရှိခြင်းနှင့် စိတ်၌ တစ်လုံးတစ်ဝရှိခြင်း သို့မဟုတ် စိတ်၌ ပေါင်းစည်း ဆက်နွယ်ခြင်း အကြား ကြီးမားသော ခြားနားချက်ရှိသည်။ ခရစ်တော်ကို တွေ့ကြုံခံစား ခြင်း၏ လျှို့ဝှက်ချက်သည် စိတ်၌တည်ရန်မဟုတ်ဘဲ၊ စိတ်၌ တစ်လုံးတစ်ဝရှိခြင်းဖြစ် သည်။ စိတ်၌ လုံးလုံးရှိသော သင်းကွဲသူများအဖို့ စိတ်၌ တစ်လုံးတစ်ဝရှိရန် မဖြစ်နိုင်ပါ။ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒကို လေ့ကျင့်သောသူတို့သည် စိတ်၌ တစ်လုံးတစ်ဝတည်း မရှိကြပါ။ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိရန်၊ အခြားသူများနှင့် စိတ်၌ တစ်လုံးတစ်ဝရှိရမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် အခြားသူများနှင့် စိတ်သ ဘောတူလာခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလို ဆန္ဒကို လေ့ကျင့်ခြင်းရှိသောအခါ၊ အလွန်ပင် တကိုယ်ကောင်းဆန်သောသူ ဖြစ်လိမ့်မည် ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့သည် စိတ်၌ တစ်လုံးတစ်ဝရှိရန် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်မည်ဆိုပါက၊ ကျွန်ုပ်တို့၏ အသိဉာဏ်သည် တည်ကြည်ခြင်း၊ ကျွန်ုပ်တို့၏ ခံစားမှု သည် ထိန်းချုပ်ခြင်းနှင့် ကျွန်ုပ်တို့၏ အလိုဆန္ဒသည် ပြုပြင်ခံရလိမ့်မည်ဖြစ်သည်။ ထို့ နောက် ကျွန်ုပ်တို့အဖို့ အခြားသောသန့်ရှင်းသူများနှင့် စိတ်၌တစ်လုံးတစ်ဝရှိရန် ဖြစ်နိုင် သည်။

ပေါလု၏ ပြောဆိုသော စိတ်သဘောတူခြင်းအကြောင်းအရာသည် သခင်ဘုရား ပြန်လည်ရယူခြင်း၌ ဆက်လက်တည်ရှိနေသောသူအပေါင်းတို့အား သတိပေးခြင်းဖြစ် သည်။ ကျွန်ုပ်တို့သည် အခြားသူများနှင့် စိတ်သဘောတူခြင်းမရှိပါက၊ အသင်းတော် အသက်တာ၌ ရှိနေသော်ငြားလည်း ခရစ်တော်ကို ပြည့်ဝစွာ မွေ့လျော်ဝမ်းမြောက်ခြင်း ရှိနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ပြဿနာမရှိသော်လည်း၊ ကျွန်ုပ်တို့၏ စိတ်၌ မူကား ကွဲပြားခြင်းများကို ဆုပ်ကိုင်ခြင်းရှိကောင်းရှိလိမ့်မည်။ သင်၏ ထင်မြင်ယူဆချက်

အရ သင်၏ စိတ်၌ရှိသော ခံစားမှုသည် မှန်ကန်လိမ့်မည်ဖြစ်သည်။ သို့သော်လည်း သင်သည် ကွဲပြားခြင်းများကိုဆုပ်ကိုင်နေသောကြောင့် ခရစ်တော်ကို သင်၏ တွေ့ကြုံခံစားခြင်းသည် ကန့်သတ်မှုရှိနေသည်။ ထို့ကြောင့် အသင်းတော်အသက်တာ၌ စိတ်သဘောတူညီရန်လိုအပ်ပြီး၊ ၎င်းကို သင်ယူရန်မှာ ကျွန်ုပ်တို့အားလုံးအဖို့ အရေးကြီးလှသည်။ ကိုယ်ခန္ဓာတော်၌ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းမှ သင့်ကို နောက်ပြန်ဆွဲထားသည့် သင်၏ စိတ်၌ရှိသော ကွဲပြားခြားနားခြင်းများကို ခွင့်မပြုပါနှင့်။ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ စိတ်ကို စွန့်လွှတ်ပူဇော်ရန်၊ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒကို စွန့်လွှတ်ရန် သင်ယူကြပါစို့။ ထို့နောက် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ အခြားသောသူများနှင့် စိတ်သဘောတူလာလိမ့်မည်ဖြစ်သည်။ အကယ်၍ ဤအရာသည် ကျွန်ုပ်တို့၏ အခြေအနေဖြစ်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် ခရစ်တော်ကို မည်မျှတွေ့ကြုံခံစားပြီး၊ ကိုယ်ခန္ဓာတော်၌ ကိုယ်တော့်ကို မည်မျှမွေ့လျော်ဝမ်းမြောက်နိုင်ပြီနည်း။ ကိုယ်ခန္ဓာတော်၌ ပြည့်ဝသောအတိုင်းအတာအထိ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိရန်အလို့ငှာ ကျွန်ုပ်တို့သည် စိတ်သဘောတူညီရန်လိုအပ်ပြီး၊ ကျွန်ုပ်တို့၏ စိတ်ကို စွန့်လွှတ်ရန်လိုအပ်သည်။

ခရစ်တော်၏ ကိုယ်ခန္ဓာတော်အတွက်စဉ်းစားခြင်းရှိသော ပေါလု စေလွှတ်ခြင်းမဟုတ်သော လုပ်ဖော်ဆောင်ဖက် တစ်ဦးတစ်ယောက်သည် ပေါလုတွေ့ကြုံခံစားခဲ့သည့် အဆင့်နည်းတူ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိနိုင်မည် မဟုတ်ပါ။ တိမောသေသည် ပေါလုနှင့် စိတ်သဘောတူညီခဲ့သောကြောင့်၊ ခရစ်တော်ကို ပေါလု တွေ့ကြုံခံစားသကဲ့သို့ သူသည် ကိုယ်ခန္ဓာတော်၌ ခရစ်တော်ကို အဆုံးစွန်အထိ တွေ့ကြုံခံစားခြင်းအနေအထား၌ ရှိခဲ့သည်။ သို့သော်လည်း စိတ်၌ ပေါလုနှင့် ကွဲပြားခြားနားခြင်းရှိခဲ့ကြသောသူတို့သည် ဤကဲ့သို့မြင့်သောအတိုင်းအတာအထိ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းမရှိခဲ့ကြပါ။ သူတို့၏ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းသည် စိတ်၌ရှိသော ကွဲပြားခြားနားခြင်းများအားဖြင့် အကန့်အသတ်ဖြစ်ရသည်။(*Life-study of Philippians*, pp. 125-126, 137-138, 134-135)

*ပို၍ဖတ်ရန်-* *Knowing Life and the Church*, chs. 1-2; *The Organic Aspect of Gog's Salvation*, ch. 1; *The Knowledge of Life*, ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် တူညီသောအရာကို ပြောဆို၍၊ အ**
**၁း၁၀ ချင်းချင်းမကွဲပြားဘဲ၊ တူညီသောအသိဉာဏ်နှင့် တူညီသော သဘော**
**တစ်သံတစ်သမတ်တည်းရှိကြမည်*အကြောင်း*၊ ငါတို့သခင်ယေရှုခရစ်၏**
**နာမအားဖြင့် သင်တို့ကို ငါနှိုးဆော် တောင်းပန်ပါ၏။**
**ဖိ၊ ဧဝေါဒိနှင့် သုန္တုတ်တို့သည် သခင်ဘုရား၌ တူညီသောအရာကို စဉ်း**
**၄း၂ စားကြမည့်အကြောင်း ငါတောင်းပန်သွေးဆောင်ပါ၏။**

အသင်းတော်၌ မှန်ကန်သော သဘောတညီတညွတ်ဖြစ်ခြင်းသည် ကိုယ်ခန္ဓာတော်၏စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည် (မ၊၁၈း၁၉။ တ၊၁း၁၄)။ ယော၊၁၇၌ သခင်ဘုရားသည် တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် ဆုတောင်းခြင်းမရှိမီတွင် မ၊၁၈း၁၉၌ ကိုယ်တော်သည် တပည့်တော်တို့အား သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန် သွန်သင်ခဲ့သည်။

သဘောတညီတညွတ်ဖြစ်ခြင်းကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် တူညီသောအသိဉာဏ်နှင့် သဘောတစ်သံတစ်သမတ်တည်းရှိရမည်ဖြစ်သည် (၁ကော၊၁း၁၀)။ တူညီသောအသိဉာဏ်၌ သဟဇာတရှိရန်မှာ ကျွန်ုပ်တို့၏စိတ်၌ လက်တွေ့ကျစွာ တစ်လုံးတစ်ဝတည်းရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသိဉာဏ်၌ စဉ်းစားတွေးခေါ်ခြင်းသည် ကျွန်ုပ်တို့၏စကားပြောဆိုခြင်း၌ ထင်ရှားသောအခါ၊ ၎င်းသည် ကျွန်ုပ်တို့၏ထင်မြင်ချက်ဖြစ်လာသည်။ ထင်မြင်ချက်များသည် ကျွန်ုပ်တို့၏ အသိဉာဏ်၌ တည်နေသောအခါတွင် ၎င်းတို့သည် ကျွန်ုပ်တို့၏စဉ်းစားခြင်းများပင် ဖြစ်သည်။ ကျွန်ုပ်တို့၏စဉ်းစားခြင်း၌ ကွဲပြားခြင်းများသည် ထင်မြင်ချက်များအဖြစ် ထင်ရှားသောအခါ၊ ၎င်းသည် ပြဿနာကို ဖြစ်ပေါ်စေသည်။

ကောရိန္သုယုံကြည်သူတို့သည် တူညီသောအသိဉာဏ်၌ သဟဇာတဖြစ်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် သူတို့သည် အသွေးအသား၌ ကွဲပြားစွာဖြင့် စကားပြောဆိုခဲ့ကြသည်။ အချို့က "ငါသည် ပေါလုတပည့်ဖြစ်၏"၊ အခြားသူများက "ငါသည် အာပေါလုတပည့်ဖြစ်၏" သို့မဟုတ် "ကေဖတပည့်ဖြစ်၏"ဟု ပြောဆိုခဲ့ကြသည် (၁ကော၊၁း၁၂)။ သူတို့အကြားမှ ဝိညာဉ်ရေးရာရှိသောသူတို့က "ငါသည် ခရစ်တော်၏တပည့်ဖြစ်၏"ဟု ပြောဆိုခဲ့သည်ဆိုကြပါစို့။ ဤအရာသည်လည်း ထင်မြင်ချက်၏ထင်ရှားခြင်းပင်ဖြစ်သည်။ ဤသို့သော ခြားနားသည့်စကားပြောဆိုခြင်းသည် ကောရိန္သုမြို့သားများ အကြား

ကွဲပြားခြင်းများကို ဖြစ်ပေါ်စေသည်။ (*Elders' Training, Book10:The Eldership andthe God-ordainedWay (2)*,pp.53-54)

## ***ယနေ့ဖတ်စရာ***

အိမ်ထောင်ရေးအသက်တာ၌ ရည်မှန်းချက်ရှိခြင်းအပြစ်သည် နေ့တိုင်း ဖြစ်ပေါ်ခြင်းမရှိသော်လည်း ထင်မြင်ချက်ရှိခြင်းပြဿနာသည် နေ့စဉ်တိုင်း အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်နိုင်သည်။ ညီအစ်ကိုနှင့်ညီအစ်မနှစ်ယောက်စလုံးတွင် သူတို့၏ထင်မြင်ချက်များ ရှိကြသည်။ ညီအစ်ကိုသည် ကားမောင်းနေစဉ်တွင် သူ၏ဇနီးသည်က မောင်းနှင်ရမည့် လမ်းကြောင်းကို ထင်မြင်ချက်များစွာ ပေးကောင်းပေးမည်ဖြစ်သော်လည်း သူမ၏ ခင်ပွန်းသည် မိမိ၏ထင်မြင်ချက်အတိုင်း တိတ်ဆိတ်စွာဖြင့် ဆက်လက်မောင်းနှင်လိမ့်မည်ဖြစ်သည်။

သခင်ဘုရား၏ အလုပ်၊ အသင်းတော်အသက်တာနှင့် ဝိညာဉ်ရေးရာအသက်တာ၌ အကြီးမားဆုံးသော ဖျက်ဆီးမှုပြုသည့်အရာမှာ ကျွန်ုပ်တို့၏ထင်မြင်ချက်ဖြစ်သည်။ နှစ်ပေါင်းများစွာ သခင်ဘုရား၏ အလုပ်၌ ကျွန်ုပ်သည် ထင်မြင်ချက်၏ပြဿနာကို တွေ့မြင်ခဲ့ရသည်။ သခင်ဘုရား၏ ရှေ့မှောက်တွင် ကျွန်ုပ်တို့၏ အသုံးဝင်မှုသည် ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်အကြောင်းအရာအပေါ် ကြီးမားစွာ မူတည်နေသည်။ ကျွန်ုပ်တို့သည် ထင်မြင်ချက်ဖြင့် ပြည့်နေမည်ဆိုပါက၊ သခင်ဘုရား၏အလုပ်၌ ကျွန်ုပ်တို့သည် အဆုံးသတ်သွားလိမ့်မည်ဖြစ်သည်။

ခရစ်ယာန်အသက်တာသည် တစ်ဦးချင်းဆိုင်ရာအကြောင်းအရာဖြစ်သည်ဟု ထင်ရသည်။ အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းသည်လည်း ကျွန်ုပ်တို့၏ထင်မြင်ချက်အပေါ်တွင် မူတည်သည်။ ကျွန်ုပ်တို့ကယ်တင်ခံရသောအချိန်မှစ၍ မည်မျှကြီးထွားမှုရှိသည်ဆိုသည်မှာ ကျွန်ုပ်တို့၏ထင်မြင်ချက်ကို မည်မျှဆက်ဆံဖြေရှင်းခြင်းအပေါ်တွင် မူတည်သည်။ ထင်မြင်ချက်သည် ကြီးမားသောအကြောင်းအရာဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ အရိုးအတွင်း၌ရှိသော ခြင်ဆီနှင့်တူညီသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ညီအစ်မတစ်ဦးထံသို့ သွားရောက်ရန် ပြောဆိုမည်ဆိုပါက၊ ကျွန်ုပ်တို့သည် အဆင်သင့်မဖြစ်သေးကြောင်း ပြန်၍ပြောဆိုလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ထင်မြင်ယူဆချက်ပင်ဖြစ်သည်။ (*The Experience and Growth in Life*, pp. 142-143)

၁ကော၊၁း၁၀၌ တူညီသောအသိဉာဏ်နှင့် သဘောတစ်သံတစ်သမတ်တည်းရှိရန် ပြောဆိုထားသည်။ မှတ်စု၊၄၌ *သဟဇာတဖြစ်ခြင်း* ဟူသောစကားလုံးသည် မ၊၄း၂၁ရှိ

ဂရိစကားလုံး *ပြုပြင်ခြင်းနှင့်* တူညီသည်။ ၎င်းသည် *ပြန်လည်ပြင်ဆင်ရန်၊ ပြန်လည်ပြုပြင်ရန်၊ ကိုက်ညီအောင်လုပ်ရန်၊ ပြုပြင်ရန်၊ ကျိုးပဲ့သောအရာကို လုံးလုံး ကောင်းမွန်အောင်ပြုလုပ်ရန်၊ အတူတကွစုံလင်စွာပေါင်းစည်းဆက်နွယ်ရန်*တို့ကို ဆိုလိုခြင်းဖြစ်သည်။ ကောရိန္သုယုံကြည်သူများအားလုံးသည် ကျိုးပဲ့၊ ကွဲပြားနေခဲ့ကြသည်။ သူတို့သည် အတူတကွ စုံလင်စွာပေါင်းစည်းဆက်နွယ်ခြင်းရှိရန်အလို့ငှါ ပြုပြင်ခံရန်လို အပ်ခဲ့သည်။ သို့မှသာ သူတို့သည် တညီတညွတ်တည်း၌ တူညီသောအသိဉာဏ်နှင့်တူညီသောအရာကိုပြောဆိုရန် တူညီသောသဘောထားရှိခြင်းဖြစ်သည်။ ၎င်းမှာ ခရစ်တော်နှင့် ကိုယ်တော်၏ ကားတိုင်ဖြစ်သည်။ သဟဇာတဖြစ်ခြင်းဆိုသည်မှာ စန္ဒယားသည် မှန်ကန်သောသံစဉ်နှင့် တေးသွားထွက်ပေါ်နိုင်ရန် ကြိုးညှိခြင်းခံရသကဲ့သို့ အတူတကွ ပေါင်းစည်းဆက်နွယ်ခြင်းရှိရန်ဖြစ်သည်။ သဟဇာတဖြစ်ရန်၊ ကိုက်ညှိခံရရန်နှင့် ဆုံးမပဲ့ပြင်ခံရရန် သင်ယူပါ။ (*A Word of Love to the Co-workers, Elders, Lovers, and Seekers of the Lord,* p. 58)

သမ္မာကျမ်းစာကို စဉ်းစားဆင်ခြင်ကြည့်ပါ။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းသည် စာစောင်ခြောက်ဆယ်ခြောက်စောင်ပါဝင်ပြီး၊ နှစ်ပေါင်း ၁၅၀၀ သို့မဟုတ် ၁၆၀၀ကျော်အချိန်အတွင်း နေရာဒေသအမျိုးမျိုး၌ စာရေးသူ လေးဆယ်ကျော်အားဖြင့် ရေးသားခဲ့သည်။ ပထမဆုံးစာစောင်ဖြစ်သည့် ကမ္ဘာဦးကျမ်းကို ၁၅၀၀ ဘီစီခန့်တွင် ရေးသားခဲ့ပြီး၊ နောက်ဆုံးစာစောင်ဖြစ်သည့် ဗျာဒိတ်ကျမ်းကို အေဒီ ၉၀ နောက်ပိုင်းတွင် ရေးသားခဲ့သည်။ သမ္မာကျမ်းစာတစ်ခုလုံးသည် မတူညီသည့်နေရာများစွာ၌ လူအမျိုးမျိုးဖြင့် ရှည်လျားစွာသော အချိန်အတောအတွင်း ရေးသားခဲ့ခြင်းဖြစ်သော်လည်း၊ ၎င်း၌ နှုတ်တစ်ခုတည်းသာရှိပြီး၊ တစ်ခုတည်းသောအရာကိုသာ ပြောဆိုထားသည်။ ယခုတွင် နှုတ်တစ်ခုတည်းရှိကာ တူညီသောအရာကိုပြောဆိုခြင်းမှာ မည်သည့်အရာဖြစ်ကြောင်းကို သင်နားလည်နိုင်ပြီဖြစ်သည်။ (*One Body,One Spirit, and One New Man,* pp. 59-60)

*ပို၍ဖတ်ရန်-* *The Experience and Growth in Life*,msg. 22;*A Word of Love to the Co-workers, Elders, Lovers,and Seekers of the Lord,* ch. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ရော၊ ၁၅း၅–၆ ခရစ်တော်ယေရှု၏ အလိုတော်အတိုင်း အချင်းချင်းတူညီသောအသိဉာဏ်ရှိကြမည်အကြောင်း၊ သည်းခံခြင်းနှင့်ခွန်အားပေးခြင်း၏ အရှင်ဘုရားသခင်သည် သင်တို့ကို မစတော်မူပါစေသော။ သင်တို့သည် သဘောတညီတညွတ်တည်းရှိလျက် တစ်ခုတည်းသောနှုတ်ဖြင့် ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်တည်းဟူသော ဘုရားသခင်ကို ချီးမွမ်းခြင်းရှိမည်အကြောင်းတည်း။**

ပြီးခဲ့သောနှစ်များ၌ ဤကျမ်းပိုဒ်(ရော၊၁၅း၅–၆)သည် ကျွန်ုပ်အား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ထောင်သောင်းရှိသောယုံကြည်သူတို့သည် မည်သို့ဖြင့် တစ်ခုတည်းသောအသိဉာဏ်နှင့် တစ်ခုတည်းသောနှုတ်ဖြင့် တူညီသောအရာကို ပြောဆိုနိုင်မည်နည်း။ ယနေ့ ကျွန်ုပ်သည် ဩဝါဒဆိုင်ရာမျှသာမဟုတ်ဘဲ၊ အတွေ့အကြုံအားဖြင့် ကျွန်ုပ်တို့အားလုံးသည် တူညီသောအရာကိုပြောဆိုနိုင်ကြောင်း အပြည့်အဝစိတ်ချမှုရှိပြီဖြစ်သည်။ ယင်းမှာ ကျွန်ုပ်ပြောဆိုသည့် တူညီသောအရာမှာ အရာအားလုံးပါဝင်သောခရစ်တော်ဖြစ်သောကြောင့် ကျွန်ုပ်သည် တူညီသောအရာကို ပြောဆိုနိုင်ပြီဖြစ်သည်။ ကျွန်ုပ်တို့ပြောဆိုသောအရာသည် ဗတ္တိဇံ၊ ခေါင်းဖုံးခြင်း သို့မဟုတ် ခြေဆေးခြင်းတို့နှင့်သက်ဆိုင်သောအရာ မဟုတ်ပါ။ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောခရစ်တော်နှင့် ကိုယ်တော်၏ အသင်းတော်တည်းဟူသော တစ်ခုတည်းသောအရာကိုသာ ပြောဆိုကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်နှင့် ခရစ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်တော်အဖြစ် ယူဆောင်ခြင်းရှိပါက၊ အလိုအလျောက်ပင် တူညီသောအရာကို ပြောဆိုကြလိမ့်မည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် လက်တွေ့ကျစွာဖြင့် လူသစ်ဖြစ်လာလိမ့်မည်ဖြစ်သည်။ သင်သည် အခြားသောနိုင်ငံသို့ သွားသောအခါ၊ ထိုနေရာရှိ သန့်ရှင်းသူသည် သင့်အားတွေ့ဆုံကာ တူညီသောအရာကို ပြောဆိုလိမ့်မည်ဖြစ်သည်။ မြေကြီးပေါ်ရှိ သင်သွားလေရာအရပ်၌ သင်သည် တူညီသောအရာကိုသာ ကြားရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် တူညီသောအရာကို ပြောဆိုနိုင်ပြီး၊ တူညီသောထင်မြင်ချက်၌ သဟဇာတဖြစ်နိုင်သည်။ ကျွန်ုပ်တို့တွင် ခရစ်တော်နှင့်အသင်းတော်တည်းဟူသော တစ်ခုတည်းသော အမြင်သဘောထားရှိလာလိမ့်မည်ဖြစ်သည်။ (*The One New Man*, p. 43)

## ယနေ့ဖတ်စရာ

အသင်းတော်သည် ကိုယ်ခန္ဓာတော်ဖြစ်သည်သာမက၊ လူသစ်တစ်ဦးလည်းဖြစ်သည်။ ကိုယ်ခန္ဓာတော်သည် ၎င်း၏ အသက်အဖြစ် ခရစ်တော်ကိုလိုအပ်သည့်နည်းတူ လူသစ်သည် သူ၏ ပုဂ္ဂိုလ်တော်အဖြစ် ခရစ်တော်ကိုလိုအပ်သည်။ သင်သည် စကားပြောလိုသောအခါ၊ ကျွန်ုပ်သည် စကားပြောလိုသောအခါ၊ ကျွန်ုပ်တို့၌ တစ်စုံတစ်ယောက်သည် စကားပြောလိုသောအခါ၊ အခြေခံမေးခွန်းကို ခွဲခြားဆုံးဖြတ်ရမည်ဖြစ်သည်။ ၎င်းမှာ "ဤနေရာ၌ စကားပြောသောသူသည် မည်သူဖြစ်သနည်း" ဟူသည့် မေးခွန်းဖြစ်သည်။ အကယ်၍ သင်သည် ပြောဆိုသောသူဖြစ်ပါက၊ သင်၌ နှုတ်ရှိမည်ဖြစ်သည်။ ကျွန်ုပ်သည် ပြောဆိုသောသူဖြစ်ပါက၊ ကျွန်ုပ်၏ နှုတ်ရှိသည်။ ထို့ကြောင့် သင်သည် သင်၏ နှုတ်ရှိပြီး၊ ကျွန်ုပ်သည် ကျွန်ုပ်၏ နှုတ်ရှိကာ နှုတ်နှစ်ခုရှိနေခြင်းဖြစ်သည်။ အယောက်စီတိုင်းသည် ပုဂ္ဂိုလ်တစ်ဦးချင်းစီဖြစ်ပြီး၊ မိမိတို့၏ အရေးကိစ္စများကိုသာ ပြောဆိုနေကြသောအခါ ကျွန်ုပ်တို့၌ နှုတ်များစွာရှိသည်။ ဤသည်မှာ အဖွဲ့အစည်း သို့မဟုတ် ဂိုဏ်းဂဏဖြစ်ပြီး၊ ၎င်းမှာ ယနေ့ ကျဆင်းနေသော ခရစ်ယာန်လောကဖြစ်သည်။ သို့သော်လည်း သခင်ဘုရားပြန်လည်ရယူခြင်း၌ အသင်းတော်သည် ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ အသင်းတော်သည် လူသစ်တစ်ဦးဖြစ်သည်။ ကိုယ်ခန္ဓာတော်၌ အသက်ဖြစ်သော ခရစ်တော်ရှိပြီး၊ လူသစ်၌ ပုဂ္ဂိုလ်ဖြစ်သော ခရစ်တော်ရှိသည်။ သင်စကားပြောဆိုသောအခါ၊ စကားပြောသောပုဂ္ဂိုလ်မှာ သင်မဟုတ်ပါ။ ကျွန်ုပ်ပြောဆိုသောအခါတွင် စကားပြောသောပုဂ္ဂိုလ်မှာ ကျွန်ုပ်မဟုတ်ပါ။ တစ်စုံတစ်ယောက်သည် စကားပြောဆိုသောအခါ၊ ထိုသူ၏ ပုဂ္ဂိုလ်မှာ ခရစ်တော်ဖြစ်သည်။ ရလဒ်မှာ အဘယ်နည်း။ ရလဒ်မှာ တစ်ခုတည်းသောနှုတ်ရှိခြင်းဖြစ်သည်။

ဤအကြောင်းကြောင့် ပေါလုက ၁ကော၊၁း၁၀၌ လူအပေါင်းတို့သည် "တူညီသောအရာကိုပြောဆိုရန်" ဖော်ပြထားရခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်သည် နှစ်ပေါင်းများစွာ ကျွန်ုပ်ကို ကြီးစွာ စိတ်အနှောင့်အယှက်ပေးခဲ့သည်။ "ခရစ်ယာန်များအားလုံးသည် မည်သို့ဖြင့် တူညီသောအရာကို ပြောဆိုနိုင်မည်နည်း" ဟု ကျွန်ုပ် စဉ်းစားခဲ့သည်။ ၎င်းသည် မဖြစ်နိုင်ပါဟု ကျွန်ုပ်ထင်ခဲ့သော်လည်း တစ်နေ့တွင် ကျွန်ုပ် နားလည်သဘောပေါက်လာခဲ့သည်။ အသင်းတော်သည် ပုဂ္ဂိုလ်တစ်ပါးတည်းသာရှိသော လူသစ်တစ်ဦးဖြစ်ပြီး၊ ဤပုဂ္ဂိုလ်သည် ကျွန်ုပ်တို့၏ စကားပြောဆိုခြင်းကို ထိန်းချုပ်ပေးသည်။ ထို့ကြောင့် ကိုယ်တော်ပြောဆိုသောအရာတိုင်းသည် အမှန်ပင် "တူညီသောအရာ" ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့အားလုံးသည် လူသစ်တစ်ဦးအဖြစ် ပြောဆိုလိမ့်မည်ဖြစ်သည်။

ယနေ့ ခရစ်ယာန်လောက၌ရှိသည့် တရားဟောဆရာများနှင့် သင်းအုပ်ဆရာများသည် သူတို့ကိုယ်တိုင်ပုဂ္ဂိုလ်များဖြစ်၍ မိမိတို့၏ နှုတ်အားဖြင့် သူတို့၏ ကိုယ်ပိုင်အရာများကိုသာ ပြောဆိုကြသည်။ ထို့ကြောင့် သူတို့၌ နှုတ်များစွာရှိပြီး၊ သူတို့အယောက်တိုင်းသည် ကွဲပြားခြားနားသောအရာကိုသာ ပြောဆိုကြသည်။ သို့သော်လည်း အသင်းတော်သည် ဤကဲ့သို့မဟုတ်ပါ။ အသင်းတော်သည် သူမ၏ ပုဂ္ဂိုလ်တော်ဖြစ်သော ခရစ်တော်နှင့်အတူ လူသစ်တစ်ဦးဖြစ်သည်။ ညီအစ်ကို၊ ညီအစ်မတို့သည် တစ်စုံတစ်ရာကို ပြောဆိုတော့မည့်အချိန်တိုင်း၊ သူတို့သည် မိမိကိုယ်ကို သူတို့၏ ပုဂ္ဂိုလ်အဖြစ်မယူဆောင်ကြပါ။ ထိုအစား၊ သူတို့သည် ခရစ်တော်ကို သူတို့၏ ပုဂ္ဂိုလ်တော်အဖြစ် အခွင့်ပေးကြသည်။ သင်သည် စကားပြောသောအခါ ခရစ်တော်ကို သင်၏ ပုဂ္ဂိုလ်တော်အဖြစ် အခွင့်ပေးပြီး၊ ကျွန်ုပ် စကားပြောသောအခါ ခရစ်တော်ကို ကျွန်ုပ်၏ ပုဂ္ဂိုလ်တော်အဖြစ် အခွင့်ပေးရမည်ဖြစ်သည်။ နောက်ဆုံးတွင် အယောက်စီတိုင်း တူညီသောအရာကို ပြောဆိုကြလိမ့်မည်။

ချစ်သော ညီအစ်ကို၊ ညီအစ်မများ ဤနေရာ၌ သင်တို့နှင့်အတူ ကျွန်ုပ် မိတ်သဟာယဖွဲ့ခဲ့သောအရာသည် ကျွန်ုပ်သိကျွမ်းသော တစ်စုံတစ်ရာဖြစ်သည်။ အကြိမ်ပေါင်းများစွာပင် ကျွန်ုပ်သည် ပြောဆိုရန်အလိုရှိခဲ့သော်လည်း ကျွန်ုပ်၏ အတွင်းပိုင်း၌ စစ်ဆေးခဲ့ပြီး၊ “စကားပြောဆိုလိုသောသူမှာ ကျွန်ုပ်လား သို့မဟုတ် သခင်ဘုရားလား”ဟု မိမိကိုယ်ကို မေးမြန်းခဲ့သည်။ တစ်နည်းအားဖြင့် စကားပြောဆိုရာ၌ သခင်ဘုရားသည် ပုဂ္ဂိုလ်ဖြစ်သလား သို့မဟုတ် ကျွန်ုပ်သည် ပုဂ္ဂိုလ်ဖြစ်သလား။ အကယ်၍ ကျွန်ုပ်ဖြစ်မည်ဆိုလျှင်၊ ပြဿနာရှိလိမ့်မည်။ သို့သော် သခင်ဘုရားဖြစ်မည်ဆိုလျှင်၊ ပြဿနာရှိလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်သည် သခင်ဘုရားကို ပုဂ္ဂိုလ်တော်အဖြစ် အခွင့်ပေးမည်ဆိုပါက၊ ကိုယ်တော်သည် စကားပြောသောရှင် ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ထို့နောက်တွင် နှစ်လခန့်ကြာပြီးနောက် သင်သည် သခင်ဘုရားကို သင်၏ ပုဂ္ဂိုလ်အဖြစ် အခွင့်ပေးမည်ဆိုလျှင်၊ သင်သည် ကျွန်ုပ်ပြောဆိုခဲ့သည့်နည်းတူ တူညီသောအရာကို ပြောဆိုလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ခုတည်းသောနှုတ်ဖြင့် တူညီသောအရာကို ပြောဆိုကြခြင်းဖြစ်သည်။ (*One Body, One Spirit, and One New Man*, pp. 59-60)

*ပို၍ဖတ်ရန် –* *The One New Man*, chs. 3-4; *One Body, One Spirit, and One New Man*, ch. 5

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ ယုံကြည်ခြင်းအားဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏**
**၃း၁၇ အိမ်တော်ဆောက်လုပ်မည့်အကြောင်း၊ မေတ္တာ၌ အမြစ်စွဲ ခြင်းနှင့်**
**အခြေပြုခြင်းရှိမည့်အကြောင်း၊**
**၂၁ အသင်းတော်နှင့် ခရစ်တော်ယေရှု၌ လူမျိုးစဉ်ဆက်အပေါင်းတို့ ထံသို့**
**ကိုယ်တော်သည် ကာလအစဉ်အဆက် ဘုန်းကြီးတော်မူစေသတည်း။**
**အာမင်။**

ရော၊၁၅း၆၌ "သဘောတညီတညွတ်တည်း"၏ ဂရိစကားလုံးသည် *တူညီသော အသိဉာဏ်၊ အလိုဆန္ဒ၊ အကြံအစည်ဖြင့်* ဟု အဓိပ္ပါယ်ရသည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံး၌ တစ်လုံးတစ်ဝတည်းရှိရန်နှင့် ကျွန်ုပ်တို့၏ အပြင်ပိုင်းပြောဆိုခြင်း၌ တစ်လုံးတစ်ဝဖြစ်ခြင်းကိုထွက်ပေါ် စေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် သဘောတစ်ညီ တစ်ညွတ်တည်းရှိသောအခါတိုင်း၊ တစ်ခုတည်းသောနှုတ်ဖြင့် တူညီသောအရာကို ပြောဆို ကြသည်။ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် လူမျိုးအပေါင်းတို့၏ စကားကို ရှုပ်ထွေးစေ၍ ခြားနားသည့် ဘာသာစကားအမျိုးမျိုးပြောဆိုခြင်းများအထဲသို့ ကွဲပြားစေခဲ့သော ဗာဗုလုန်(**Babel**)နှင့် ဆန့်ကျင်ဘက်ဖြစ်သည် (က၊၁၁း၇၊၉)။ သဘောတညီတညွတ်တည်းဖြစ်ရန်နှင့် နှုတ်တစ်ခုတည်းရှိရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် ကျွန်ုပ်တို့၏ နှုတ်၌ အရာသိမ်းအဖြစ် နေရာပေးရန်ဖြစ်သည်။ သို့မှသာ ဘုရားသခင်သည် ဘုန်းထင်ရှားခြင်းရှိနိုင်မည်ဖြစ်သည်။ (Rom.15:6,footnote 1)

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်တို့သည် တစ်ခုတည်းသောအသိဉာဏ်နှင့် နှုတ်တစ်ခုတည်းရှိရန် လိုအပ်သည်။ ဤသည်မှာ ဦးခေါင်းသာလျှင် နှုတ်နှင့် အသိဉာဏ်ရှိသောကြောင့် ကျွန်ုပ်တို့၌ ဦးခေါင်းတော်တစ်ခုတည်းရှိကြောင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့အားလုံးသည် သခင်ယေရှု ကျွန်ုပ်တို့၏ ဦးခေါင်းတော်အဖြစ်ယူဆောင်ကြသည်။ ကိုယ်တော်တစ်ပါးတည်းသာလျှင် အသိဉာဏ်ရှိရန်နှင့် နှုတ်ရှိရန် အပြည့်အဝ အရည်အချင်းပြည့်မီသည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်သောကြောင့် ကျွန်ုပ်တို့၌ အခွင့်အရေးမရှိပါ။ ကျွန်ုပ်တို့သည် နှုတ် သို့မဟုတ် အသိဉာဏ်မရှိသောကြောင့် ခရစ်တော်၏ အသိဉာဏ်အားဖြင့် စဉ်းစားကြရမည်ဖြစ်သည် (ဖိ၊ ၂း ၂။ ၅။ ၄း ၂)။ ထို့နောက် ကျွန်ုပ်တို့သည် ဦးခေါင်းတော်၏ နှုတ်အားဖြင့် ပြောဆိုရမည်ဖြစ်သည်။ နှုတ်သည် ဦးခေါင်းတစ်ခုတည်းသာရှိသည်။

ကျွန်ုပ်တို့သည် ဤအရာကို စဉ်းစားဆင်ခြင်ကြမည်ဆိုပါက၊ ပေါ့ဆစွာ ပြောဆိုခြင်း သို့မဟုတ် လွတ်လပ်စွာ ပြောဆိုခြင်းရှိလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် မိမိတို့ကြိုက်နှစ်သက်သည့်အရာကို ပြောဆိုလိမ့်မည် မဟုတ်ပါ။ သင်သည် ဦးခေါင်းတော်မကြိုက်၊ မနှစ်သက်သည့် တစ်စုံတစ်ရာကို ပြောဆိုကောင်းပြောဆိုလိမ့်မည်ဖြစ်သည်။ သင်သည် နှုတ်မဟုတ်ပါ။ စကြဝဠာတစ်ခုလုံး၌ လူသစ်တစ်ဦးတည်းသာရှိပြီး၊ လူသစ်တစ်ဦး၌ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်းနှင့် ဦးခေါင်းတော်တစ်ခုတည်းရှိသည်။ နှုတ်သည် ကိုယ်ခန္ဓာ၌မရှိပါ၊ သို့သော် ဦးခေါင်း၌ရှိသည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို အလွယ်တကူ မပြောဆိုရန် သင်ယူရမည်ဖြစ်သည်။ သင်၏စကားပြောဆိုခြင်းသည် ဦးခေါင်းတော်၏ နှုတ်ကို ဝင်စွက်ခြင်း သို့မဟုတ် စော်ကားခြင်းဖြစ်စေသည်။ သင်၌ တစ်စုံတစ်ခုသောနှုတ် မရှိပါ။ အသင်းတော်၌ရှိသောနှုတ်သည် ဦးခေါင်းတော်၏ နှုတ်ဖြစ်သည်။

ကျွန်ုပ်တို့အားလုံး တစ်ခုတည်းသောအသိဉာဏ်နှင့် နှုတ်တစ်ခုတည်းရှိခြင်းဆိုသည်မှာ အဘယ်အရာနည်း။ ဤသည်မှာ "ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူခြင်း"ကို ဆိုလိုသည် (ဂလ၊ ၂း ၂၀)။ ကျွန်ုပ်သည် အသက်မရှင်တော့ပါ။ သို့သော်လည်း ဦးခေါင်းတော်ဖြစ်သော ခရစ်တော်သည် ကျွန်ုပ်၌ရှင်တော်မူ၏ ။ ကိုယ်တော်သည် နှုတ်တစ်ခုတည်း၊ အသိဉာဏ်တစ်ခုတည်းရှိပြီး၊ ကျွန်ုပ်သည် ကိုယ်တော့်ကို ကျွန်ုပ်၏ ပုဂ္ဂိုလ်တော်အဖြစ် ယူဆောင်သည်။ ထို့ကြောင့် ကျွန်ုပ်သည် တစ်စုံတစ်ခုကိုပြောဆိုရာ၌ ဘယ်သောအခါမျှ ကျွန်ုပ်၏နှုတ်ကို အသုံးပြုခြင်းမရှိတော့ပါ။ ကွဲပြားသောဘာသာစကားကို ပြောဆိုကြသည့် သန်းပေါင်းများစွာသော ခရစ်ယာန်တို့သည် နှုတ်တစ်ခုတည်းရှိနိုင်ကြောင်းကို မည်သူယုံမည်နည်း။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ဤအကြောင်းအရာကို ပြောဆိုထားပြီး၊ ကျွန်ုပ်တို့သည် စကားပြောဆိုခြင်း၌ တစ်လုံးတစ်ဝရှိရန် တစ်ခုတည်းသောနှုတ်ရှိခြင်းကို လက်တွေ့လုပ်ဆောင်ရန်လိုအပ်သည်။ (*Elders' Training,Book 7: One Accord for the Lord's Move*, pp. 44-45)

ကိုယ်ခန္ဓာတော်သည် အင်္ဂါဝင်များအချင်းချင်း တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာဖြစ်သည်။ သို့သော်လည်း လူသစ်အတွက် လိုအပ်ချက်မှာ ကိုယ်ခန္ဓာတော်လိုအပ်သည့်အရာထက် သာလွန်သည်။ လူတစ်ဦး၌ နှုတ်မည်မျှရှိသနည်း။ နှုတ်တစ်ခုတည်းရှိသည်။ ကျွန်ုပ်တို့အားလုံးသည် အချင်းချင်းအင်္ဂါဝင်များဖြစ်ကြသည်သာမက၊ ကျွန်ုပ်တို့အားလုံးသည် တစ်ခုတည်းသောနှုတ်ဖြင့် ပြောဆိုကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ မည်မျှပင်လိုအပ်မှုရှိကြောင်းကို သင်မြင်တွေ့ပါသလား။ အချင်းချင်းအင်္ဂါဝင်များအဖြစ် ကန့်သတ်ခံရပြီးဖြစ်ရုံသာမက၊ ယခုတွင် ကျွန်ုပ်တို့စကားပြောသောအခါတွင်လည်း နှုတ်တစ်ခုတည်းသာရှိရမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်၏စကားမဟုတ်ပါ။

၎င်းသည် ပေါလုပြောဆိုသော စကားဖြစ်သည်။ လူသစ်တစ်ဦးသည် နှုတ်မည်မျှရှိပါသနည်း။ တစ်ခုတည်းသာရှိသည်။ သို့ဖြစ်လျှင် နှုတ်သည် မည်သူနည်း။ ခရစ်တော်သည် နှုတ်ဖြစ်သည်ဟု သင်ပြောဆိုမည်ဆိုပါက၊ သင်သည် အလွန်ပင် ထူးကဲသာလွန်သောသူဖြစ်သည်။ ဤအကြောင်းအရာကို ဖြေရှင်းရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးနှင့်အတူ လူသစ်တစ်ဦးသာရှိကြောင်း သင်သည် မြင်တွေ့ရမည်ဖြစ်သည်။ ကိုယ်ခန္ဓာတစ်ခုလုံး၌ နှုတ်တစ်ခုတည်းရှိသော်လည်း၊ ဤနှုတ်ကို မည်သူထိန်းချုပ်ထားသနည်း။ ပုဂ္ဂိုလ်သည် နှုတ်ကို ထိန်းချုပ်သောသူဖြစ်သည်။ (*One Body, One Spirit, and One New Man,* pp. 58-59)

ကျွန်ုပ်တို့သည် ယေရှုခရစ်၏ အလိုတော်အတိုင်း အချင်းချင်း တူညီသောအသိဉာဏ်ရှိရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်းဖြင့် အသင်းတော်အသက်တာကို ရှင်ထွက်ရန် ယုံကြည်သူများကို လက်ခံခြင်း၌ ဘုရားသခင်ကို ဘုန်းထင်ရှားစေလိမ့်မည်ဖြစ်သည် (ရော၊၁၅း၅–၇)။ ကျွန်ုပ်တို့သည် သဘောတညီတညွတ်တည်းရှိသောအချိန်တိုင်းတွင် တစ်ခုတည်းသောနှုတ်ဖြင့် တူညီသောအရာကို ပြောဆိုကြသည်။ သဘောတညီတညွတ်တည်းဖြစ်ရန်နှင့် နှုတ်တစ်ခုတည်းရှိရန်အတွက် တစ်ခုတည်းသောနည်းလမ်းမှာ ခရစ်တော်ကို ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် ကျွန်ုပ်တို့၏ နှုတ်၌ အရာသိမ်းအဖြစ် နေရာပေးရန်ဖြစ်သည်။ သို့မှသာ ဘုရားသခင်သည် ဘုန်းထင်ရှားခြင်းရှိနိုင်မည်ဖြစ်သည်။ ဘုရားသခင်သည် ယေရုရှလင်မြို့သစ်ဖြစ်ကြောင်း ကျွန်ုပ်တို့ပြောဆိုခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဘုန်းထင်ရှားစေသောအခါ၊ ယေရုရှလင်မြို့သစ်အဖြစ် ကိုယ်တော့်ကို ယူဆောင်ခြင်းရှိပြီး၊ ဘုန်းအသရေအားလုံးကို ကိုယ်တော့်အားပေးအပ်ကြသည်။ (*The Experience of God's Organic Salvation Equaling Reigning in Christ's Life,* p.63)

*ပို၍ဖတ်ရန်* – *Elders' Training,Book 7: One Accord for the Lord's Move,* chs. 3-4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယေ၊ ၃၂း၃၉ ကိုယ်အကျိုးအလို့ငှါလည်းကောင်း၊ နောက်ဖြစ်လတံ့သောသား သမီးတို့၏ အကျိုးအလို့ငှါလည်းကောင်း။ ငါ့ကိုအစဉ် ကြောက်ရွံ့ စေခြင်းငှါ စိတ်နှလုံးတစ်ခုတည်းနှင့် နည်းလမ်းတစ်ခုတည်းကို ငါ ပေးမည်။**

**ယော၊ ၁၄း၆ ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ စစ်မှန်ခြင်းလည်းဖြစ်၏ အသက် လည်းဖြစ်၏။ ငါ့အားဖြင့်မဟုတ်လျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။**

ယေ၊၃၂း၃၈အတိုင်း အစ္စရေးလူမျိုးတို့သည် ယေဟောဝါဘုရား၏ လူဖြစ်ကြပြီး၊ ကိုယ်တော်သည် သူတို့၏ ဘုရားဖြစ်သည်။ ဤကတိတော်ကို ပေးပြီးနောက် ယေဟောဝါ ဘုရားက "ကိုယ်အကျိုးအလို့ငှါလည်းကောင်း၊ နောက်ဖြစ်လတံ့သော သားသမီးတို့၏ အကျိုးအလို့ငှါလည်းကောင်း၊ ငါ့ကိုအစဉ်ကြောက်ရွံ့စေခြင်းငှါ စိတ်နှလုံးတစ်ခုတည်းနှင့် နည်းလမ်းတစ်ခုတည်းကို ငါပေးမည်"ဟု ပြောဆိုခဲ့သည် (အငယ်၊၃၉)။

ဘုရားသခင်၏ ရွေးချယ်ခံများဖြစ်သော ကျွန်ုပ်တို့အားလုံးသည် တစ်ခုတည်း သောစိတ်နှလုံးနှင့် တစ်ခုတည်းသောနည်းလမ်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရား ကို ချစ်ရန်၊ ရှာဖွေရန်၊ အသက်ရှင်ရန်နှင့် စေ့စပ်ထုံးဖွဲ့ခံရန် တစ်ခုတည်းသောစိတ်နှလုံး ရှိရမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုထင်ရှားရန် နှစ်သက်မြတ် နိုးကြောင်းကို ဆိုလိုသည်။ တစ်ခုတည်းသောနည်းလမ်းမှာ သုံးပါးတစ်ပါးဘုရားပင် ဖြစ် သည်။ သခင်ယေရှုက "ယေရှုက ငါသည် လမ်းခရီးဖြစ်၏"ဟု ပြောဆိုခဲ့သည် (ယော၊၁၄း ၆က)။(*Life-study of Jeremiah,* pp. 188-189)

## *ယနေ့ဖတ်စရာ*

ယနေ့ ခရစ်ယာန်တို့သည် ခရစ်တော်ထက် အခြားအမျိုးမျိုးသော နည်းလမ်း များကို ယူဆောင်ခြင်းရှိသောကြောင့် သူတို့သည် ကွဲပြားခြင်းရှိကြသည်။ ကာသိုလစ် အသင်းတော်သည် ကာသိုလစ်ဆိုင်ရာနည်းလမ်းရှိပြီး၊ ရှေးရိုးခရစ်ယာန်အသင်းတော် သည် ရှေးရိုးခရစ်ယာန်ဆိုင်ရာနည်းလမ်းရှိကြသည်။ ဂိုဏ်းဂဏနှင့် လွတ်လပ်သောအုပ်စု တိုင်းသည် သူတို့၏ နည်းလမ်းရှိကြသည်။ ပရက်စ်ဘီတေးရီးယန်းသည် နည်းလမ်းတစ်ခု ရှိပြီး၊ ပင်တေကုတ္တေအသင်းသည်လည်း အခြားသောနည်းလမ်းရှိသည်။

ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့၏ နည်းလမ်းမှာ အဘယ်အရာဖြစ်မည်

နည်း။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သော ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ စွမ်းရည်နှင့် အတူ သုံးပါးတစ်ပါးဘုရားတည်းဟူသော အတွင်းပိုင်းတရား၏ နည်းလမ်းကို ယူဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော့်ကိုချစ်ရန် တစ်ခုတည်းသောစိတ်နှလုံးရှိကာ၊ ကိုယ်တော့်ကို ကျွန်ုပ်တို့၏ အသက်နှင့်နည်းလမ်းအဖြစ် ယူဆောင်ရမည်ဖြစ်သည်။ ဤတစ်ခုတည်းသောစိတ်နှလုံးနှင့် တစ်ခုတည်းသောနည်းလမ်းသည် သဘောတညီတညွတ်တည်းဖြစ်ခြင်းဖြစ်သည် (တ၊ ၁း၁၄)။ ကျွန်ုပ်တို့သည် တစ်ခုတည်းသောစိတ်နှလုံးနှင့် တစ်ခုတည်းသောနည်းလမ်းမရှိပါက၊ သဘောတညီတညွတ်တည်းရှိနိုင်မည်မဟုတ်ပါ။

ယေရုရှလင်မြို့သစ်၌ ထာဝရကာလတိုင် တစ်ခုတည်းသောနည်းလမ်းသာ ရှိမည်ဖြစ်သည်။ ယောဟန်က "တစ်ဖန် ကျောက်သလင်းကဲ့သို့ကြည်လင်၍၊ ဘုရားသခင်နှင့် သိုးသူငယ်၏ ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်သည် မြို့လမ်းမအလယ်တစ်လျှောက် စီးဆင်းသည်ကို ထိုသူသည် ငါ့အား ပြလေ၏ ။ ထိုမြစ်၏ တစ်ဘက်တစ်ချက်၌ အသက်ပင်ရှိ၏ ။ ထိုအသက်ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကို သီးတတ်၏ "ဟု ကျွန်ုပ်တို့အား ပြောဆိုထားသည် (ဗျာ၊ ၂၂း၁–၂က)။ မြို့လမ်းမအလယ်၌ အသက်ရေမြစ်များရှိပြီး၊ ထိုမြစ်၌ အသက်ပင်သည် ကြီးထွားလျက်ရှိသည်။ ဤသည်မှာ နည်းလမ်း၊ အသက်နှင့် အသက်မစထောက်ပံ့ခြင်းအားလုံးသည် တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းကို ရည်ညွှန်းသည်။ ၎င်းမှာ ယနေ့ ကျွန်ုပ်တို့၏ နည်းလမ်းဖြစ်သင့်ကြောင်းကိုလည်း ညွှန်ပြခြင်းဖြစ်သည်။ သခင်ဘုရားပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏ နည်းလမ်းမှာ အသက်ဖြစ်သည်။ ၎င်းမှာ အတွင်းပိုင်းအသက်၏ တရားဖြစ်သည်။ ၎င်းသည် သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်ဖြစ်သည်။

လွန်ခဲ့သောနှစ်များတွင် ကျွန်ုပ်တို့ကြား၌ ပြဿနာရှိခဲ့ပြီး၊ ဤပြဿနာသည် ကွဲပြားခြင်းကို ယူဆောင်လာခဲ့ကြောင်း ပြောဆိုရန် စိတ်မကောင်းဖြစ်မိသည်။ ဤပြဿနာဖြစ်ခြင်း၏ အကြောင်းရင်းမှာ အချို့သောသူတို့သည် အသက်ထက် အခြားသောနည်းလမ်းကိုယူဆောင်ခြင်းနှင့် ခရစ်တော်၊ သုံးပါးတစ်ပါးဘုရား၊ အတွင်းပိုင်းတရားထက် အခြားသောနည်းလမ်းကို ယူဆောင်ရန်အလိုရှိခဲ့သောကြောင့်ဖြစ်သည်။ ကွဲပြားခြင်းသည် အစဉ်အမြဲပင် ခရစ်တော်ထက် အခြားသောနည်းလမ်းကို ယူဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ခုတည်းသောနည်းလမ်း၌ မိမိကိုယ်ကို စောင့်ထိန်းမည်ဆိုပါက၊ ကွဲပြားခြင်းရှိလိမ့်မည်မဟုတ်ပါ။ ကိုယ်တော်၏ ပြန်လည်ပြုပြင်ရယူခြင်း၌ ကိုယ်တော်သည် မိမိ၏ လူအပေါင်းတို့အား သူ့ကို ချစ်ခြင်းနှင့် ထင်ရှားခြင်း

အတွက် တစ်ခုတည်းသောစိတ်နှလုံးနှင့် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ရန် တစ်ခုတည်းသောနည်းလမ်းတို့ကို ပေးလိမ့်မည်ဖြစ်သောကြောင့် သခင်ဘုရားကို ချီးမွမ်းပါ၏။ (*Life-study of Jeremiah*, pp. 189-190)

တရား၊ ၂၅း၁၃–၁၆သည် အလေးနှင့်ခြင်စရာတန်ဆာ ကိရိယာနှင့်ပတ်သက်၍ စီရင်ခြင်းကို ခြုံငုံဖွင့်ပြထားသည်။ အစ္စရေးလူမျိုးသည် သူတို့၏ အိတ်၌ ကြီးသောအလေး၊ ငယ်သောအလေးတည်းဟူသော ခြားနားသောအလေးများ သို့မဟုတ် သူတို့၏ အိမ်၌ ခြားနားသောခြင်စရာတန်ဆာအကြီးအငယ်များမရှိရပါ (အငယ်၊၁၃–၁၄)။ ဤအရာများကို ပြုသောသူတိုင်း၊ မတရားသဖြင့် ပြုသောသူအပေါင်းတို့ကို သူတို့၏ ဘုရားသခင် ယေဟောဝါစက်ဆုပ်ရွံ့ရှာတော်မူ၏ (အငယ်၊၁၆)။

ခြားနားသောအလေးနှင့် ခြင်စရာတန်ဆာရှိရန်မှာ လိမ်ညာခြင်းဖြစ်ပြီး၊ လိမ်ညာခြင်းများအားလုံးသည် စာတန်ဖြစ်သောရန်သူမှ လာခြင်းဖြစ်သည်။ ခြားနားသောအလေးနှင့် ခြင်စရာတန်ဆာရှိခြင်းကို မရိုးမသားလုပ်ဆောင်မှုသည် အမှန်ပင် စာတန်မှ လာခြင်းဖြစ်သည်။

အစ္စရေးလူမျိုးတို့သည် ဘုရားသခင်ထာဝရဘုရား ပေးတော်မူသောပြည်၌ သူတို့၏ အသက်တာရှည်မည့်အကြောင်း ပြည့်ဝ၊ ဖြောင့်မှန်သောအလေးရှိပြီး၊ ပြည့်ဝ၊ ဖြောင့်မှန်သော ခြင်စရာတန်ဆာပလာ ရှိကြရမည်ဖြစ်သည် (အငယ်၊၁၅)။ ဤနေရာ၌ အသက်တာရှည်ခြင်းသည် ဖြောင့်မှန်ခြင်းနှင့် ဆက်နွယ်နေသည်။ ရှည်လျားသော အသက်တာကို အသက်ရှင်ခဲ့ကြသောသူတို့သည် မိမိတို့အသက်တာရှည်ရေးအတွက် ကျန်းမာရေးကို ဂရုစိုက်ခြင်း၊ လုံလောက်စွာ အိပ်စက်အနားယူခြင်းနှင့် မှန်ကန်စွာ ချင့်ချိန်စားသုံးခြင်းစသည်တို့ကဲ့သို့သော အကြောင်းအရာများကို အမြဲလိုက်နာမှတ်သားကြသည်။ တစ်စုံတစ်ဦးသည် မျှတခြင်း၊ တရားခြင်း၊ ဖြောင့်မှန်ခြင်းအတွက် အသက်တာရှည်ခြင်းကို လိုက်နာကျင့်သုံးသည်ကို သင်ကြားဖူးပါသလား။ ဤအခန်းငယ်၌ မြေပေါ်၌ အသက်တာရှည်ခြင်းသည် ပြည့်ဝပြီး ဖြောင့်မှန်သော အလေးနှင့် အတိုင်းအတာရှိခြင်းနှင့် လုံးလုံးဆက်နွယ်နေကြောင်း ဖော်ပြထားသည်။ (*Life-study of Deuteronomy*, p. 134)

*ပို၍ဖတ်ရန် –* *Life-study of Jeremiah*, msg. 27; *Life-study of Romans*, msg. 29

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တရား၊ ၂၅:၁၅** **သင်၏ဘုရားသခင် ယေဟောဝါပေးတော်မူသောပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း၊ မှန်ကန်သောအလေး၊ မှန်ကန်သောခြင်စရာတန်ဆာများကိုသာ သုံးရမည်။**

**၁ကော၊ ၄း၁၇** **ငါ၏ချစ်သား တိမောသေကို သင်တို့ဆီသို့ ငါစေလွှတ်၏။ ခပ်သိမ်းသောအရပ်တို့၌ ခပ်သိမ်းသောအသင်းတော်တို့ကို ငါသွန်သင်သည်နှင့်အညီ၊ ခရစ်တော်၌ ငါလျှောက်သောနည်းလမ်းများကို သင်တို့သည် မှတ်မိစေခြင်းငှါ သူသည် ပြသတိုက်တွန်းလိမ့်မည်။**

ခြားနားသောအလေးနှင့် ခြင်စရာတန်ဆာများရှိသော သူတို့သည် အမှန်ပင် ခြားနားသောချိန်ခွင်များရှိကြသည်။ ယနေ့ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် အခြားသူများကို တိုင်းတာရန် ချိန်ခွင်တစ်ခုနှင့် မိမိကိုယ်တိုင်ကို တိုင်းတာရန်အခြားသောချိန်ခွင်ဟူ၍ ကွဲပြားသော ချိန်ခွင်များရှိကောင်းရှိလိမ့်မည်ဖြစ်သည်။ မတူခြားနားသော ချိန်ခွင်များရှိသော ကျွန်ုပ်တို့သည် အခြားသူများကို တစ်စုံတစ်ခုသောအရာ၌ အပြစ်တင်ကာ၊ မိမိတို့ကိုယ်တိုင်မှာမူ မှန်ကန်မှုရှိသည်ဟု ပြောကောင်းပြောလိမ့်မည်ဖြစ်သည်။ အချို့သောသန့်ရှင်းသူတို့သည် ဦးဆောင်သူများနှင့် လုပ်ဖော်ဆောင်ဖက်များ၏ အပြုအမူများကို တိုင်းတာရန် ချိန်ခွင်တစ်ခုကို အသုံးပြုပြီး၊ မိမိတို့၏ အပြုအမူများကို တိုင်းတာ ခြင်း၌မူ ခြားနားသောချိန်ခွင်ကို အသုံးပြုခြင်းရှိကောင်းရှိလိမ့်မည်ဖြစ်သည်။ သူတို့သည် ချိန်ခွင်တစ်ခုဖြင့် ဦးဆောင်သူများနှင့် လုပ်ဖော်ဆောင်ဖက်များကို တိုင်းတာပြီး၊ ခြားနားသောချိန်ခွင်ဖြင့် သူတို့ကိုယ်သူတို့ တိုင်းတာသောကြောင့် သူတို့သည် ဦးဆောင်သူများနှင့် လုပ်ဖော်ဆောင်ဖက်များ၏ မှားယွင်းမှုများကို တွေ့ရှိကြသော်လည်း၊ သူတို့ကိုယ်သူတို့ ဖြောင့်မှန်သည်ဟု ထင်မှတ်ကြသည်။

အသင်းတော်တည်းဟူသော ဘုရားသခင်၏ အိမ်တော်၌ ချိန်ခွင်တစ်ခုတည်းသာ ရှိသင့်သည်။ ဤသည်မှာ တစ်ခုတည်းသောချိန်ခွင်ဖြင့် အယောက်စီတိုင်းကို တိုင်းတာရမည်ဖြစ်ကြောင်းဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ ချိန်ခွင်တစ်ခုတည်းသာရှိပါက၊ ဘုရားသခင်နည်းတူ တရားမျှတခြင်း၊ ဖြောင့်မှန်ခြင်းနှင့် မှန်ကန်ခြင်းရှိလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် တရားမျှတခြင်း၊ ဖြောင့်မှန်ခြင်းနှင့် မှန်ကန်ခြင်းရှိသောကြောင့် ကိုယ်တော်သည် တစ်ခုတည်းသောချိန်ခွင်ဖြင့် အယောက်စီတိုင်းကို တိုင်းတာသည်။ ကိုယ်တော်၌ အလေးနှင့်ခြင်စရာတန်ဆာများမရှိပါ။ ထာဝရကာလတိုင် ကိုယ်တော်သည် ချိန်ခွင်တစ်ခုတည်းကို အသုံးပြုမည်ဖြစ်သည်။ အမျိုးမျိုးသောအလေးနှင့် ခြင်စရာတန်ဆာများမရှိပါ။ (*Life-study of Deuteronomy,* pp.134-135)

## ယနေ့ဖတ်စရာ

လူများသည် ချိန်ခွင်အမျိုးမျိုးကို အသုံးပြုကြသောကြောင့် လူ့အဖွဲ့အစည်း၌ တရားမျှတမှုသည် လွန်စွာ ရှားပါးလျက်ရှိသည်။ ဥပမာအနေဖြင့် ခင်ပွန်းသည်နှင့် ဇနီးသည်တို့သည် သူတို့၏ အိမ်ထောင်အသက်တာ၌ မတူသောချိန်ခွင်ကို အသုံးပြုကြသည်။ ဤမတူသောချိန်ခွင်သည် ခင်ပွန်းသည်နှင့် ဇနီးသည်တို့အကြား၌ စကားများခြင်း၏ အကြောင်းရင်းဖြစ်သည်။ ခင်ပွန်းသည်နှင့် ဇနီးသည်နှစ်ဦးလုံးသည် ချိန်ခွင်နှစ်မျိုးရှိကြသည်။

အသင်းတော်အသက်တာ၌ မိမိကိုယ်ကို တိုင်းတာရန် ချိန်ခွင်တစ်ခုနှင့် ညီအစ်ကို၊ ညီအစ်မများကို တိုင်းတာရန် အခြားသောချိန်ခွင်တစ်ခုဟူ၍ မတူသောချိန်ခွင်များ မရှိသင့်သော်လည်း၊ ကျွန်ုပ်တို့အားလုံးသည် ဤအကြောင်းအရာ၌ ကျရှုံးခဲ့ကြသည်။ မည်သူတစ်ဦးမျှ လွတ်ကင်းခြင်းမရှိပါ။ ဘဏ်စာရင်းအသုံးအနှုန်းကို အသုံးပြုကာပြောရလျှင် ကျွန်ုပ်တို့အဖို့ အခြားသူများကို "မြီစား"ဖြစ်စေကာ မိမိကိုယ်ကို "မြီရှင်"ဖြစ်ရန် လွယ်ကူကြောင်း ပြောဆိုပေလိမ့်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်မည့်အစား၊ ကျွန်ုပ်တို့သည် အခြားသူများကို ပို၍ *အကြွေးပေးရန်ရှိသူများ* ဖြစ်စေကာ၊ မိမိကိုယ်ကို *ပေးရန်ရှိသူ* ဖြစ်စေရမည်။ ဥပမာအနေဖြင့် ညီအစ်မတစ်ဦးသည် ဦးဆောင်သူများကို ချိန်ခွင်တစ်ခုဖြင့် တိုင်းတာပြီး၊ သူတို့ကို *ပေးရန်ရှိသူများ* ဖြစ်စေကာ၊ မိမိကိုယ်ကို အခြားသော ချိန်ခွင်ဖြင့် တိုင်းတာပြီး မိမိကိုယ်ကို *ရရန်ရှိသူများ* ဖြစ်စေသည်။ သူမသည် ဦးဆောင်သူများကို ပို၍ အလေးပေးကာ မိမိကိုယ်ကို ပို၍နှိမ့်ချမည်ဆိုလျှင် သူမ၏ဒေသန္တရ၌ ရှိသော ဦးဆောင်သူများနှင့်အသင်းတော်ကို အကောင်းဘက်မှပို၍ မြင်တတ်လာမည်ဖြစ်သည်။

မတူခြားနားသောချိန်ခွင်များကို အသုံးပြုနေကြသော သန့်ရှင်းသူအချို့တို့သည် ဒေသန္တရတစ်ပါးမှ အခြားသောဒေသန္တရသို့ ပြောင်းရွှေ့ခြင်းရှိကောင်းရှိလိမ့်မည်ဖြစ်ပြီး၊ ကျေနပ်အားရဖွယ်ကောင်းသည့် ဦးဆောင်သူများရှိသော ပိုမို ကောင်းမွန်သင့်တင့် သော အသင်းတော်ကို တွေ့ရှိရန် မျှော်လင့်ခြင်းရှိကောင်းရှိကြလိမ့်မည်။ သို့သော်လည်း ဤသန့်ရှင်းသူတို့သည် ခြားနားသောချိန်ခွင်များရှိသောကြောင့် သူတို့သည် မည်သည့် နေရာသို့ သွားရောက်သည်ဖြစ်စေ၊ သူတို့သည် ကျေနပ်အားရဖွယ်ကောင်းသည့် အသင်းတော်နှင့် ဦးဆောင်သူများကို တွေ့ရှိလိမ့်မည်မဟုတ်ပါ။

ကျွန်ုပ်သည် ခြားနားသော ချိန်ခွင်များရှိခြင်းအလေ့အကျင့်ကို အလေးထား ဖော်ပြရခြင်းမှာ ဤအလေ့အကျင့်သည် အသင်းတော်အသက်တာ၌ ဖျားနာခြင်း၊ အနာ

ရောဂါဖြစ်သောကြောင့်ဖြစ်သည်။ ဤသည်မှာ သဘောတညီတညွတ်တည်းမရှိခြင်း၏ အရင်းအမြစ်ဖြစ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် သဘောတညီတညွတ်တည်းဖြစ်ခြင်းကို စောင့်ထိန်းခြင်းရမည့်အစား၊ ကျွန်ုပ်တို့၌ ကွဲပြားခြင်းသာရှိနေသည်။ ကျွန်ုပ်တို့၌ ချိန်ခွင်အမျိုးအမျိုးမရှိတော့ဘဲ၊ ဘုရားသခင်နည်းတူ အယောက်စီတိုင်းအတွက် တူညီသောချိန်ခွင်ရှိရန် သခင်ဘုရားထံမှ ဂရုဏာကို လက်ခံရရှိနိုင်ကြပါစေ။ (*Life-study of Deuteronomy*, pp. 135-136)

လက်တွေ့လုပ်ဆောင်ခြင်း၌ အသင်းတော်များအားလုံးသည်လည်း တစ်လုံးတစ်ဝ ရှိကြရမည်ဖြစ်သည် (၁ကော၊၁၁း၁၆။ ၁၄း၃၃ခ–၃၄)။ လက်တွေ့လုပ်ဆောင်ခြင်း၌ အသင်းတော်များသည် မတူညီကြပါက၊ ဤအရာသည် သဘောတညီတညွတ်တည်းဖြစ်ခြင်းကို ပျက်စီးစေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အချိန်ပြည့်အမှုဆောင်သူများကို ဘုရားစီမံထားသောနည်းလမ်း၌ သွန်သင်မည်ဆိုပါက၊ ပြဿနာများကိုဖြစ်ပေါ် စေနိုင်သည့် ခြားနားစွာလေ့ကျင့်လုပ်ဆောင်သူများကို သူတို့သည် အသင်းတော်သို့ ပြန်လည်ခေါ် ဆောင်လာနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ဆန့်ကျင်ဘက်ပြုရမည်ဖြစ်သည်။ သင်တန်းသားများအားလုံးသည် မိမိတို့၏အသင်းတော်များထံသို့ ပြန်ကြသောအခါ အလွန်ပင် အသုံးဝင်ကြလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့အားလုံးသည် တူညီသောနည်းလမ်းကို လက်တွေ့ လုပ်ဆောင်ကြသောကြောင့်ဖြစ်သည်။

အသင်းတော်အသက်တာ၏ အစောပိုင်းနေ့ရက်များ၌ အသင်းတော်များသည် လက်တွေ့လုပ်ဆောင်ခြင်း၌ တူညီခဲ့ကြသည်။ သို့သော်လည်း ပေါလုသည် ယေရုရှလင်မြို့သို့သွားသောအခါ၊ သူသည် ခြားနားသောအရာကို တွေ့မြင်ခဲ့သည် (တ၊၂၁း၂၀။ ယာ၊၂း၁၀၊ မှတ်စု၊၁ကို ကြည့်ပါ)။ နောက်ဆုံးတွင် သခင်ဘုရားသည် ယေရုရှလင်မြို့၌ ရှိသောခြားနားခြင်းကို သုတ်သင်ခဲ့သည်။ သခင်ဘုရားပြန်လည်ရယူခြင်း၌ တစ်ပါးတည်းသောကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် အမှုတော်တစ်ပါးတည်းနှင့်အတူ တစ်ခုတည်းသော လှုပ်ရှားလှုပ်ဆောင်မှု၌ တစ်ခုတည်းသောအလုပ်သာ ရှိသင့်သည်။ (*Elders' Training, Book 9: The Eldership and the God-ordained Way (1)*, pp. 16-17)

*ပို၍ဖတ်ရန်* – *Life-study of Deuteronomy*, msg. 19; *Elders' Training, Book 10: The Eldership and the God-ordained Way (2)*, ch. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————
————————————————————————————————
————————————————————————————————

***Hymns*, # E- 1243**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ယနေ့ သခင်ဘုရား၏လှုပ်ရှားလုပ်ဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၁၆း၁၈။ ရော၊၁၅း၁၆။ ၁ပေ၊၂း၅။ တ၊၅း၂၄။ ဧ၊၄း၁၂။
၁ကော၊၁၄း၁၊ ၃–၅၊ ၂၆၊ ၃၁။

*Day 1* **I. ကျွန်ုပ်တို့၏ဘုရားသခင်သည်အသက်ရှင်သော ဘုရားဖြစ်သည် (၁သက်၊၁း၁၅။ ဟေ၊၃း၁၂)။ ကျွန်ုပ်တို့၏သခင်ဘုရားသည် လှုပ်ရှားလုပ်ဆောင်သော ဘုရားဖြစ်သည် (မ၊၁၆း၁၈)။ ဝိညာဉ်တော်သည် အလုပ်လုပ်သောဘုရားဖြစ်သည် (ဗျ၊၅း၆ခ)။ မိမိတို့ဘုရားသခင်ကို သိသောသူတို့မူကား၊ ကြီးစွာသောအားနှင့် ပြုကြလိမ့်မည် (ဒံ၊၁၁း၃၂)။**

**II. ယနေ့ သခင်ဘုရား၏လှုပ်ရှားလုပ်ဆောင်ခြင်းသည် သူ၏လူများကို အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်ရန်အတွက် ဖြစ်သည်။**

က။ ဘုရားသခင်ရွေးချယ်ခံရသောလူများအလယ်တွင် အမြဲတမ်းနိုးကြားရန် ပြင်းပြသောအလိုဆန္ဒရှိသူများပါဝင်သည် (ဟဗ၊၃း၂က။ ဟော၊၆း၂။ ရော၊၈း၂၀၊ ၂၂)။

ခ။ ကျွန်ုပ်တို့သည် ခေတ်ကာလ၏ အမှုတော်အားဖြင့် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ ရောက်ခြင်းဖြင့် အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

၁။ ကျွန်ုပ်တို့အား ဘုရားသခင်ပေးအပ်ထားသော ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သည် ဘုရားသခင်၏ ထာဝရစီမံကိန်းကိုဖွင့်ပြခြင်း ဖြစ်သည်။

၂။ ဘုရားသခင်၏ထာဝရစီမံကိန်းကို ရှင်းလင်းဖော်ပြထားသော ကျမ်းစာတစ်အုပ်လုံးသည် ထာဝရကာလ၏ အပိုင်းနှစ်ပိုင်းနှင့် အချိန်၏ပေါင်းကူးတံတား၌ မြင်တွေ့ရသော၊ သုံးပါးတစ်ပါးဘုရား၏ အတ္ထုပ္ပတ္တိအကြောင်းအရာဖြစ်သည်။ (ယော၊၁း၁၊၃၊ ၁၄၊ ၂၉၊၃၂၊၄၂၊၅၁)။

၃။ ဘုရားသည် လူဖြစ်လာသည့်အတွက် လူသည် ကိုးကွယ်ခံအရာ၌ မဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်နိုင်ခြင်းသည် ကျမ်းစာတစ်အုပ်လုံး၏ အနှစ်သာရ၊ ကျမ်းစာ၏ "သေတ္တာ"

ထဲရှိ“စိန်”၊ ဘုရားသခင်၏ ထာဝရစီမံကိန်းဖြစ်သည် (ကၤ၁း ၂၆။ ယော၁၂း၂၄။ ရော၈း၂၉)။

၄။ ခေတ်ကာလတိုင်း၌ ထိုခေတ်၏ ရုပ်ပုံရှိပြီး၊ ကျွန်ုပ်တို့သည် ခေတ်ကာလ၏ ရုပ်ပုံအတိုင်း ဘုရားသခင်ကို အစေခံရမည်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် တစ်ခုတည်းသောရုပ်ပုံ၊ ခေတ်နှင့်အညီ၊ အရာအားလုံးကို အမွေခံရသောရုပ်ပုံ၊ ဘုရားသခင်၏ ထာဝရစီမံကိန်းရုပ်ပုံရှိသောကြောင့် သဘောတညီတညွတ်တည်း၌ရှိနိုင်ကြခြင်းဖြစ်သည် (ကၤ၁း ၂၆။ ယော၁၂း၂၄။ ရော၈း၂၉)။

၅။ “မြေကြီးတစ်ပြင်လုံးရှိ အသင်းတော်များအားလုံး၌ရှိသောသန့်ရှင်းသူများ၊ အထူးသဖြင့် လုပ်ဖော်ဆောင်ဖက်များနှင့် ဦးဆောင်သူများတို့သည် ဤဖွင့်ပြခြင်းကို တွေ့မြင်လိမ့်မည်ဖြစ်ပြီး၊ သမိုင်း၌မှတ်တမ်းတင်ထားခြင်းမရှိသော နိုးကြားမှု–အသစ်သောနိုးကြားမှုကို ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးအပ်လာရန်အတွက် ဆုတောင်းရန် နိုးထမှုရှိလာမည်ဖြစ်ကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်”(*Life-study of 1and 2 Chronicles, p.15*)

***Day 2*** ဂ။ ကျွန်ုပ်တို့သည် ဘုရား–လူအသက်တာကို လေ့ကျင့်အသက်ရှင်မည်ဆိုလျှင်၊ ဘုရားသခင်၏ စီမံကိန်း၌ အသက်ရှင်သောလူတို့၏ ပေါင်းစည်းသောပုံစံနမူနာသည် အလိုအလျောက်တည်ဆောက်လာလိမ့်မည်ဖြစ်သည်။ ဤပုံစံနမူနာသည် သခင်ဘုရားပြန်ကြွလာရန် အသင်းတော်သမိုင်း၌ အကြီးမားဆုံးနိုးကြားမှုဖြစ်လိမ့်မည်ဖြစ်သည် (ဖိ၁း၁၉–၂၁က။ ၃း၁၀)။

၁။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်ရှင်ခြင်း သွင်ပြင်လက္ခဏာများဖြစ်သည့် ယေရှု၏ ပုံသက်သေကို ယူဆောင်ခြင်းဖြင့် သခင်ယေရှု၏ ပုံစံနမူနာ နောက်လိုက်ဖို့လိုအပ်သည် (ဂလ၆း၁၇)။

၂။ ကျွန်ုပ်တို့သည် ယေရှုခရစ်ဝိညာဉ်တော်၏ ကြွယ်ဝစွာမစခြင်းဖြင့် ကိုယ်တော့်ကို ကြီးမားထင်ရှားစေခြင်းအတွက် ခရစ်တော်ကို အသက်ရှင်ရန် လိုအပ်သည် (ဖိ၁း၁၉–၂၁က)။

၃။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထမြောက်ခြင်းတန်ခိုးတော်အားဖြင့် ခရစ်တော်၏ အသေခံတော်မူခြင်းသို့ ပုံသဏ္ဍာန်တူညီလာ

ခြင်းကိုခံယူဖို့ လိုအပ်သည် (၃း၁၀)။

၄။ "ကျွန်ုပ်တို့သည် ဘုရား–လူ၏ အသက်တာကို အသက်ရှင်ရန် အလိုရှိကြောင်း လုံးလုံးကြွေးကြော်ရမည်ဖြစ်သည်။ နောက်ဆုံးတွင် ဘုရား–လူတို့သည် အောင်နိုင်သူများ၊ အောင်မြင်သူများ၊ ယေရုရှလင်မြို့အတွင်း၌ ဇီအုန်တောင် ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤအရာသည် သမိုင်းကြောင်း၌ ဘယ်သောအခါမျှ မမြင်ဘူးသော နိုးကြားမှုအသစ်ကို စတင်ဖြစ်လာစေလိမ့်မည်ဖြစ်ပြီး၊ ဤခေတ်၏ နောက်ဆုံးလည်း ဖြစ်ပေလိမ့်မည်" (*Life-study of 1 and 2 Chronicles, p.28*)။

**Day 3**

ဃ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဖခမည်းတော်၏ချစ်ခြင်းနှင့် ခွင့်လွှတ်သော စိတ်နှလုံးရှိခြင်း၊ ကျွန်ုပ်တို့၏ ကယ်တင်ရှင်ခရစ်တော်၏ ထိန်းကျောင်းခြင်းနှင့် ရှာဖွေခြင်းဝိညာဉ်ရှိခြင်းဖြင့် ဘုရားသခင်၏ အလိုတော်အတိုင်း လူများကိုထိန်းကျောင်းခြင်းအားဖြင့် အသစ်သော နိုးကြားခြင်းအထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည် (၁ပေ၊၅း၂–၃။ လု၊၁၅း၂၀၊၄။ တ၊၂၀း၂၀)။

၁။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ထာဝရစီမံကိန်းကို သယ်ဆောင်ရန်အတွက် ကိုယ်တော်၏ အမှုတော်၌ သခင်ယေရှု၏ ပုံစံနမူနာအတိုင်း လူများကိုထိန်းကျောင်းရန် လိုအပ်သည် (မ၊၉း၃၆။ ယော၊၁၀း၁၁။ ဟေ၊၁၃း၂၀။ ၁ပေ၊၅း၄)။

က။ ကိုယ်တော်၏ ပြည့်စုံသောကယ်တင်ခြင်း၌ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းတစ်ခုလုံး၌ ပါဝင်သောအကြောင်းအရာမှာ ကျွန်ုပ်တို့ကို ပြုစုယုယနေသောလူသားတော်နှင့် ကျွန်ုပ်တို့ကို ကျွေးမွေးနေသော ဘုရားသခင်၏ သားတော်တည်းဟူသော ခရစ်တော်ဖြစ်သည် (ဧ၊၅း၂၉)။

ခ။ ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုဆောင်ခြင်း၌ ရင်တော်တွင်ရွှေခါးပန်းကိုစည်းလျက် ယဇ်ပုရောဟိတ်မင်းကြီးဖြစ်တော်မူသော ခရစ်တော်သည် အသင်းတော်များကို ပြုစုခြင်းဖြင့် ကျွေးမွေးနေသည် (ဗျာ၊၁း၁၂–၁၃)။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သိုးစုကို ကျွေးမွေးခြင်းဖြင့်

ကောင်းသောထိန်းဖြစ်သည့် တမန်တော်ပေါလု၏ပုံသက်သေ အတိုင်း လူများကိုထိန်းကျောင်းရန် လိုအပ်သည်(၁တိ၊၁း၁၆။ တ၊၂၀း၂၈)။

၃။ "ကျွန်ုပ်တို့သည် ဤထိန်းကျောင်းခြင်းဝန်တာကို ယူခြင်းဖြင့် ကျွန်ုပ်တို့အလယ်တွင် စစ်မှန်သောနိုးကြားမှု ရှိလာလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ အသင်းတော်များအားလုံးသည် ခရစ်တော်၏ အံ့ဩဖွယ်ထိန်းကျောင်းခြင်း၌ ပါဝင်ဆက်ဆံရန် ဤသွန်သင်ခြင်းကိုခံယူမည်ဆိုလျှင် ပြန်လည်ရယူခြင်း၌ ကြီးမားသောနိုးကြားမှု ဖြစ်လာလိမ့်မည်ဖြစ်သည်" (*The Vital Groups, p.40*)။

*Day 4*
*&*
*Day 5*

**III. ယနေ့ သခင်ဘုရား၏လှုပ်ရှားလုပ်ဆောင်မှုသည် ဓမ္မသစ်ရှိ ဧဝံဂေလိတရားယဇ်ပုရောဟိတ်အရာကို ပြန်လည်ရယူခြင်းဖြင့်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည့် ရှင်သန်သောအသင်းတော်တည်ဆောက်ခြင်းအတွက် ဖြစ်သည် (ရော၊၁၅း၁၆။ ၁ပေ၊၂း၅၊၉။ ရော၊၁၂း၁။ ကော၊၁း၂၈–၂၉။ မ၊၁၆း၁၈။ ဧ၊၄း၁၆)။**

က။ ကျွန်ုပ်တို့သည် သွားရောက်လည်ပတ်ခြင်းအားဖြင့် ဧဝံဂေလိတရားဟောပြောရမည်ဖြစ်သည် (လု၊၁၀း၁–၆)။

ခ။ ကျွန်ုပ်တို့သည် အသစ်သောယုံကြည်သူများ၏ အိမ်သို့ သွားရောက်ကာ စည်းဝေးခြင်းဖြင့်၊ သူတို့ကို ချစ်ခင်ယုယစွာ ကျွေးမွေးရမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် တည်ကြည်သောအသီးကို သီးနိုင်မည်ဖြစ်သည် (တ၊၅း၄၂။ ယော၊၁၅း၁၆)။

ဂ။ ကျွန်ုပ်တို့သည် ဓမ္မသစ်အမှုတော်၏ အလုပ်အဖို့အလို့ငှါလည်းကောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအဖို့အလို့ငှါလည်းကောင်း၊ နိုးကြားသောအုပ်စုအစည်းအဝေးများအားဖြင့် သန့်ရှင်းသူများကို သွန်သင်ခြင်းနှင့် စုံလင်ခြင်းရှိလာစေရမည်ဖြစ်သည် (ဟေ၊၁၀း၂၄ –၂၅။ ဧ၊၄း၁၁–၁၂)။

၁။ နိုးကြားသောအုပ်စု၏ အစည်းအဝေးများ၌ ယုံကြည်သူများသည် ဧဝံဂေလိတရားဟောပြောမှု တိုးတက်လာခြင်း၊ အသစ်သောယုံကြည်သူများကို ဂရုစိုက်ခြင်း၊ နိုးကြားသောအုပ်စု၏

အစည်းအဝေးများ၌ ဦးဆောင်မှုပြုခြင်းနှင့် အသင်းတော် အသက်တာ၌ အခြားသောအစေခံခြင်းအမျိုးမျိုးအတွက် အပြန်အလှန် မိတ်သဟာယဖွဲ့ခြင်းနှင့် ကြားခံတောင်းလျှောက်ပေးခြင်း၊ အပြန်အလှန်ဂရုစိုက်ခြင်းနှင့် ထိန်းကျောင်းခြင်း၊ အပြန်အလှန် သွန်သင်ခြင်းနှင့် သမ္မာတရားလေ့လာခြင်း၊ ဝိညာဉ်ရေးဆိုင်ရာအသက်၌ ကြီးထွားမှုနောက်လိုက်ခြင်းဖြင့် အပြန်အလှန်တည်ဆောက်ခြင်း ရှိကြရမည်ဖြစ်သည်။

၂။ နိုးကြားသောအုပ်စု၏စည်းဝေးခြင်းများသည် အဓိကအသက်၏ အစိတ်အပိုင်းနှင့် အသင်းတော်ကို အစေခံခြင်းဖြစ်သည်။

ဃ။ ကျွန်ုပ်တို့သည် အသင်းတော်အစည်းအဝေးများ၌ ပရောဖက်ပြုခြင်း၊ သခင်ဘုရားအတွက် စကားပြောခြင်း၊ သခင်ဘုရားကို ပြောထွက်ခြင်း၊ သခင်ဘုရားအား အခြားသူများကို မစထောက်ပံ့ပေးခြင်းနှင့် သန့်ရှင်းသူများနှင့် အသင်းတော်တည်ဆောက်ခြင်းအတွက် အပြန်အလှန်တစ်ဦးနှင့်တစ်ဦး စကားပြောခြင်းနှင့် နားထောင်ခြင်းပြီးနောက်၊ အလိုဆန္ဒရှိစွာနောက်တော်သို့လိုက်ရန် သန့်ရှင်းသူများကို ဦးဆောင်မှုပြုပေးရမည်ဖြစ်သည် (ကော၊၁၄း၁။ ၃–၅)။

၁။ ဤပရောဖက်ပြုခြင်းမျိုးသည် ယုံကြည်သူတိုင်း လုပ်ဆောင်နိုင်သည့်အရာ၊ လုပ်ဆောင်သင့်သည့်အရာ ဖြစ်သည် (အငယ်၊ ၃၁၊ ၂၄)။

၂။ ဤပရောဖက်ပြုခြင်းမျိုးသည် ရှင်သန်သော ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် အထွတ်အထိပ်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ ဘုရားဆိုင်ရာစီမံကိန်းအတိုင်း ဘုရားသခင်၏ ထာဝရအစီအမံကို ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် (အငယ်၊၁၊ ၃၊ ၄က၊ ၁၂၊ ၃၁။ cf. မ၊၁၆း၁၈)။

၃။ ပရောဖက်ပြုခြင်းကို တားမြစ်ခြင်းသည် ဘုရားသခင်ရှေ့တော်၌ အပြစ်ဖြစ်သည် (အာ၊ ၂း၁၂ခ၊ ၇း၁၂–၁၇။ ယေ၊၁၁း ၂၁–၂၃)။

**Day 6**

၄။ ပရောဖက်ပြုရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ပရောဖက်ပြုခြင်း၏ ဒြပ်သဘာဝနှင့် စေ့စပ်ထုံးဖွဲ့ခြင်းဖြင့် စကားပြောဆိုရန် ကျွန်ုပ်

တို့၏ ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်၊– သန့်ရှင်းသော ဝိညာဉ်တော်၏ နှိုးဆော်ခြင်းနှင့် ကိုယ်တော်၏ အလင်းပေးခြင်း အောက်၌ ကျွန်ုပ်တို့မြင်တွေ့ရသည့် ဤအသက်၏ အသက်ရှင် သောနှုတ်ကပတ်တော်ကို ပြောဆိုခြင်းဖြစ်သည်။ (တ၊၅း ၂၀)။

က။ ပရောဖက်ပြုခြင်းသည် ဘုရားသခင်၏ဗျာဒိတ်တော်ကို ဟောပြောခြင်းဖြစ်သည် (ဘုရား၏ စကားပြောခြင်း၊ ဘုရား၏ မိန့်မြွက်ခြင်း၊ ဘုရားဆိုင်ရာ၏ ဖွင့်ပြခြင်းကို သယ် ဆောင်ခြင်း) (၁ပေ၊၄း၁၁။ cf. ၁ကော၊၁၄း ၂၄–၂၅)။

ခ။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို လူသားအနေဖြင့် သင် ယူခြင်း၊ ဘုရားဆိုင်ရာဝိညာဉ်တော်၏ နှိုးဆော်ခံရခြင်းနှင့် ဘုရားဆိုင်ရာအလင်း၏ ဖွင့်ပြခံရခြင်းအားဖြင့် ရှင်းလင်း သောမြင်ကွင်းရှိလာသောအခါ၊ ပရောဖက်ပြုရန် ကျွန်ုပ်တို့ တတ်စွမ်းနိုင်လိမ့်မည်ဖြစ်သည် (အငယ်၊၃၁။ ၂း၁၁ –၁၆)။

င။ သခင်ဘုရား၏ အလိုဆန္ဒမှာ ကိုယ်တော်ကိန်းဝပ်ရာအတွက် ဝိညာဉ် ဆိုင်ရာအိမ်တော်၊ ကိုယ်တော်၏ အစေခံခြင်းအတွက် ယဇ်ပုရော ဟိတ်ဆိုင်ရာခန္ဓာနှင့်၊ ခရစ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းနှင့် ထင် ရှားခြင်းအတွက် ရှင်သန်သောခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်း ဟူသော၊ အသင်းတော်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ မ၊၁၆း၁၈။ ၁ပေ၊ ၂း၅။ ဧ၊၄း၁၁–၁၆နှင့် ၁ကော၊၁၄း ၂၆၌ရှိသော ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ပြီးမြောက်ပြည့်စုံစေရန်ဖြစ်သည်။

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁တိ၊ …သင်သည် ဘုရားသခင်၏ အိမ်တော်၌အဘယ်သို့ ကျင့်ကြံပြုမူရမည်**
**၃း၁၅ ကို သိစေခြင်းငှါ ဤသို့ငါရေး၍ပေးလိုက်၏။ ထိုအိမ်တော်ကား၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ အသင်းတော်ဖြစ်၏။ ထို အသင်းတော်ကား၊ သမ္မာတရား၏ တိုင်ဖြစ်၏။ သမ္မာတရား၏ အခြေ တည်ရာလည်းဖြစ်၏။**

**ဒံ၊ …သို့သော် မိမိတို့ဘုရားသခင်ကို သိသောသူတို့မူကား၊ ကြီးစွာသော**
**၁၁း၃၂ အားနှင့် သူ့ကို လှန်ကြလိမ့်မည်။**

**ဟဗ၊ …အို ထာဝရဘုရား၊ ယခုနှစ်များအတွင်းတွင် အမှုတော်ကို ပြုပြင်**
**၃း၂ တော်မူပါ။ ယခုနှစ်များအတွင်းတွင် ထင်ရှားစေတော်မူပါ။ အမျက် ထွက်သော်လည်း ကရုဏာတရားကို အောက်မေ့တော်မူပါ။**

ယနေ့ သခင်ဘုရား၏ လှုပ်ရှားလုပ်ဆောင်မှု၏ လမ်းကြောင်းနှင့်စပ်လျဉ်း၍၊ ကျွန်ုပ်တို့၏ ဘုရားသခင်သည် အသက်ရှင်တော်မူကြောင်း (၁တိ၊၃း၁၅။ ဟေ၊၃း၁၂)၊ ကျွန်ုပ်တို့၏ သခင်ဘုရားသည် လှုပ်ရှားနေကြောင်း (မ၊၁၆း၁၈)၊ ဝိညာဉ်တော်သည် အလုပ်လုပ်နေကြောင်း၊ ကျွန်ုပ်လုံးလုံးယုံကြည်ပါသည် (ဗျာ၊၅း၆ခ)။ ကျွန်ုပ်တို့၏ ဘုရား သခင်သည် အသက်ရှင်သောဘုရားဖြစ်ပြီး၊ ကျွန်ုပ်တို့၏ သခင်ဘုရားသည် လှုပ်ရှားနေ သောဘုရားဖြစ်ကာ၊ ဝိညာဉ်တော်သည် အလုပ်လုပ်နေသောကြောင့်၊ ကျွန်ုပ်တို့၏ သုံးပါး တစ်ပါးဘုရားသည် ကိုယ်တော်၏ ထာဝရစီမံကိန်းပြီးမြောက်အောင်မြင်ခြင်းအတွက် သူ၏ တုန့်ပြန်ရာမဲ့အလုပ်ကို ယခုတိုင်အောင်ဆက်လက်လုပ်ဆောင်နေသည်။ ထိုကဲ့သို့ပင် ကိုယ်တော်သည် ပြီးခဲ့သောခေတ်ကာလများနှင့် ရာစုနှစ်များ၌ ထိုအရာအတွက် အလုပ် လုပ်ခဲ့သည်။ ယနေ့ ဤမြေကြီးပေါ်တွင် ကျွန်ုပ်တို့၏ အသက်ရှင်သော၊ လှုပ်ရှားနေသော၊ အလုပ်လုပ်နေသော ဘုရားသခင်သည် မည်သည့်အရာကို လုပ်ဆောင်နေကြောင်း၊ ကျွန်ုပ် တို့ရှာဖွေသိရှိဖို့ လိုအပ်သည်။ ကိုယ်တော်၏ ထာဝရစီမံကိန်းအတွက် သူ၏ အလုပ်ပြီးပြည့် စုံစေရန် ယနေ့ ဤမြေကြီးပေါ်တွင် ကိုယ်တော်လုပ်ဆောင်နေသောအရာမှာ ခရစ်တော် ၏ ရှင်သန်သော ကိုယ်ခန္ဓာတော်တည်ဆောက်ရန် ဖြစ်သည်။ (*Elders' Training, Book 10: The Eldership and the God-ordained Way (2), p.27*)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်ရွေးချယ်ခြင်းခံရသောလူတို့အလယ်တွင် ပြန်လည်နိုးကြားရန် ပြင်းပြ သောဆန္ဒရှိသူများ အမြဲပါရှိသည်။ သင်သည် ကယ်တင်ခံရသောသူဖြစ်သည့်အတွက်၊

နေ့စဉ်နေ့တိုင်း သတိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သင်၏ အတွင်းထဲ၌ အလိုအလျောက် ဆုတောင်းခြင်းနှင့် အတူ ပြင်းပြသောဆန္ဒရှိနေမည်ဖြစ်သည်။ "အို သခင်ဘုရား ကျွန်ုပ်တို့ကို ပြန်လည်နိုးထစေတော်မူပါ"။ ထိုအရာကို ကျွန်ုပ်တို့ မသိနိုင်သော်ငြားလည်း၊ ထိုကဲ့သို့ပြင်းပြသောဆန္ဒသည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၏ နှစ်များတစ်လျှောက်လုံး ကျွန်ုပ်တို့အတွင်းထဲ၌ ရှိနေခြင်းဖြစ်သည်။

ဟဗ၊၃း ၂၌ နိုးကြားခြင်းအတွက် ဟဗက္ကုတ်၏ ဆုတောင်းခြင်းသည် သူ့အတွက်ကောင်းမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့အတွက် အချည်းနှီးဖြစ်ကြောင်း၊ ကျွန်ုပ်တို့ စဉ်းစားကောင်းစဉ်းစားမည်ဖြစ်သည်။ သို့သော်ငြားလည်း၊ သူ၏ ဆုတောင်းခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၌ အချိန်ဆိုသည့် ဒြပ်သဘောသဘာဝမရှိကြောင်း ကျွန်ုပ်တို့ သိနားလည်ရန် လိုအပ်သည်။ ဘုရားသခင်အမြင်၌ သူ၏ ရွေးချယ်ခံများအထဲမှ ပုဂ္ဂိုလ်တစ်ဦးသည် အားလုံးကို ကိုယ်စားပြုခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ၏ ရွေးချယ်ခံများကို စုပေါင်းထားသောကိုယ်ခန္ဓာတော်အဖြစ် အမြဲစဉ်းစားသည်။ ဤသည်မှာ ဟဗက္ကုတ်နှင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရွေးချယ်ခံအုပ်စု၌ တစ်စုတည်းဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ဟဗက္ကုတ်သည် နိုးကြားခြင်းအတွက် ဆုတောင်းသောအခါ၊ ကျွန်ုပ်တို့လည်း ဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာကတည်းကပင် နိုးကြားခြင်းအတွက် ဆုတောင်းခဲ့ကြပြီးဖြစ်သည်။ ထိုကဲ့သို့ ဆုတောင်းခြင်းသည် ထာဝရဆုတောင်းခြင်းဖြစ်သည်။

အကြိမ်များစွာ ကျွန်ုပ်သည် ဘုရားသခင်၏ စီမံထားသောနည်းလမ်းကို လက်တွေ့အသက်ရှင်ခြင်းအထဲသို့ ယူဆောင်ရန် သန့်ရှင်းသူများကို တိုက်တွန်းပါသည်။ နိုးကြားမှုမရှိပါက၊ ကျွန်ုပ်တို့သည် မည်သည့်အရာကို အသက်ရှင်မည်နည်း။ ကျွန်ုပ်တို့သည် နိုးကြားမှုမရှိဘဲ၊ ဘုရားသခင်စီမံထားသော နည်းလမ်း၏ ပထမအဆင့်သာဖြစ်သည့်–ဧဝံဂေလိတရားအတွက် လူတို့ထံသို့သွားရောက်ရန်–လက်တွေ့လုပ်ဆောင်ခြင်းကို ကြိုးစားအားထုတ်မည်ဆိုလျှင်၊ နိုးကြားမှုမရှိပါက၊ မည်သူမျှ ဤကြီးလေးသောဝန်တာကို သယ်ဆောင်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရပြီးနောက်၊ –လူမျိုးတကာထံသို့သွား၍ တပည့်ဖြစ်စေရန်၊ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်နှင့် မြေကြီးစွန်းတိုင်အောင်သွားရောက်ရန်–ဤတစ်စုံတစ်ရာကို မြေကြီးပေါ်တွင် လုပ်ဆောင်ရမည်ဖြစ်သည် (တ၊၁း၈)။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ပညာရေး၊ ကျွန်ုပ်တို့၏ အလုပ်၊ ကောင်းသောလက်ထပ်ခြင်း သို့မဟုတ် ကောင်းသောအိမ်အတွက် အသက်ရှင်မည်ဆိုလျှင်၊ ထိုအရာသည် အနတ္တသက်သက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အိမ်နီးနား

ချင်းမှစ၍ ကမ္ဘာလောကတစ်ခုလုံးသို့ သခင်ယေရှုကိုပျံ့နှံ့ခြင်းအတွက် အသက်ရှင်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအရာကိုလုပ်ဆောင်လိုပါက၊ နိုးကြားဖို့ လိုအပ်သည်။ ဤသည်မှာ သခင်ဘုရားသည် နံနက်ခင်းနိုးကြားရေးကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ်တို့ကို ဦးဆောင်ရခြင်းအကြောင်း ဖြစ်သည်။ (*Life-study of Malachi, pp.19-20*)

ဘုရားသခင်သည် လူနှင့်အတူ ပေါင်းစည်းခြင်းနှင့် လူနှင့်ရောနှောပေါင်းစည်းခြင်းအတွက် နည်းလမ်းရှိခြင်းမှာ လွန်စွာနက်နဲ၊ လွန်စွာအံ့ဩဖွယ်ဖြစ်ပေသည်။ ဘုရားသခင်သည် လူဖြစ်လာခြင်းကြောင့်၊ လူသည် ဘုရားဖြစ်လာနိုင်ခြင်းဖြစ်သည်။ ထိုသို့သောစီမံကိန်းကို ကောင်းကင်တမန်များနှင့် လူနှစ်မျိုးလုံး နားမလည်နိုင်ပါ။ ဤစီမံကိန်းသည် ဘုရားသခင်၏ အလိုဆန္ဒဖြစ်ပြီး၊ ဘုရားသခင်ပန်းတိုင်၏ အမြင့်ဆုံးအထွတ်အထိပ်ကို အောင်မြင်ရယူခြင်းဖြစ်ပေလိမ့်မည်။ နောက်ဆုံးတွင် သန့်ရှင်းသောမြို့တော်ဖြစ်သည့် ယေရုရှလင်မြို့သည် သမ္မာကျမ်းစာတစ်လျှောက်လုံး၏ ဖွင့်ပြခြင်းနှင့်ရုပ်ပုံအားလုံး စုပေါင်းခြင်းဖြစ်ပေလိမ့်မည်။ သုံးပါးတစ်ပါးဘုရားနှင့် သုံးပိုင်းရှိသောလူသည် ဘုရားဖြစ်လျက်ပင် လူသားအဖြစ် ထာဝရကာလ၌ ချစ်ခင်သောစုံတွဲဖြစ်လာလိမ့်မည်ဖြစ်သည်။ ဘုရားဇာတိနှင့် လူဇာတိသည် အပြန်အလှန်ကိန်းဝပ်ခြင်း ဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ ဘုရားသခင်၏ ဘုန်းအသရေသည် အဆုံးစွန်ခံ့ညားထယ်ဝါခြင်း၌ တောက်ပစွာလူသားဇာတိ၌ ထင်ရှားခြင်းခံရလိမ့်မည်ဖြစ်သည်။

မြေကြီးတစ်ပြင်လုံးရှိ အသင်းတော်များအားလုံး၌ရှိသော သန့်ရှင်းသူများ၊ အထူးသဖြင့် လုပ်ဖော်ဆောင်ဖက်များနှင့် ဦးဆောင်သူများတို့သည် ဤဖွင့်ပြခြင်းကို တွေ့မြင်လိမ့်မည်ဖြစ်ပြီး၊ သမိုင်း၌ မှတ်တမ်းတင်ထားခြင်းမရှိသော နိုးကြားမှု၊—အသစ်သောနိုးကြားမှုကို ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးအပ်လာရန်အတွက် ဆုတောင်းရန် နိုးထမှုရှိလာမည်ဖြစ်ကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ (*Life-study of 1 and 2 Chronicles, p.15*)

*ပို၍ဖတ်ရန် – Eders' Training, Book 10: The Eldership and the God-ordained Way (2), ch.2;Life-study of Malachi, msg.4; The Vision of the Age, ch.2*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဖိ၊ ငါမျှော်လင့်အားကြီး၍တောင့်တသည်နှင့်အညီ၊ ငါသည်အလျှင်းရှက်**
**၁း၂၀ ကြောက်ခြင်းမရှိ၊ ရဲရင့်ခြင်းနှင့်ပြည့်စုံ၍၊ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ငါ့ကိုယ်ခန္ဓာ၌ ခရစ်တော်သည် အစဉ်မပြတ် ထင်ရှားတော်မူသကဲ့သို့၊ ယခုပင် ကြီးမားထင်ရှားတော်မူလိမ့်မည်။**
**၃း၁၀ ထိုသခင်ကိုလည်းကောင်း၊ ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုးတော်ကိုလည်းကောင်း၊ ကိုယ်တော်၏ဆင်းရဲဒုက္ခခံခြင်းကို မိတ်သဟာယဖွဲ့ခြင်းကိုလည်းကောင်း၊ သိကျွမ်းခြင်းငှါ၊ ကိုယ်တော်၏အသေခံတော်မူခြင်းသို့ သဏ္ဌာန်တူ၍၊**

ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးကို မြင်တွေ့ပြီးဖြစ်၍၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့မြင်တွေ့ပြီးသောအရာကို လက်တွေ့လုပ်ဆောင်ခြင်းအထဲသို့ ယူဆောင်ရန်လိုအပ်သည်။ ကျွန်ုပ်တို့၏ လက်တွေ့လုပ်ဆောင်ခြင်းသည် အောင်မြင်ခြင်းရှိလိမ့်မည်ဖြစ်ပြီး၊ ထိုအောင်မြင်ခြင်းသည် အသစ်သောနိုးကြားခြင်း၊– အမြင့်ဆုံးနိုးကြားခြင်းနှင့် သခင်ဘုရားပြန်မကြွလာမီ နောက်ဆုံးသောနိုးကြားခြင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ဘုရား–လူအသက်တာကို အသက်ရှင်သောလူတစ်ဦး၊ ကိုယ်ခန္ဓာတော်၊ စုပေါင်းထားသောပုံစံနမူနာကို လိုအပ်သည်။ ယနေ့မှစ၍ ကျွန်ုပ်တို့၏ လက်တွေ့လုပ်ဆောင်ခြင်းသည် ကိုယ်တော်ပြုသကဲ့သို့ သူ၏လက်ဝါးကပ်တိုင်ယူဆောင်ရန်၊ အသေခံရန်၊ ကိုယ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဌာန်တူရန်၊ နေ့တိုင်း အခြားသူတစ်ဦး၏ အသက်တာကို အသက်ရှင်ရန်၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်ကို သိနားလည်ခြင်းဖြင့် ဘုရား–လူအသက်တာကို အသက်ရှင်ခြင်းဖြစ်ရပေမည် (ဖိ၊၃း၁၀။ ၁း၂၁။ ဂ၊၂း၂၀)။ ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ အတ္တ၊ ကျွန်ုပ်တို့၏ အသွေးအသား၊ ကျွန်ုပ်တို့၏ ဇာတိလူနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းကို ကိုယ်တော်အားဖြင့် ကားတိုင်သို့ ယူဆောင်ခဲ့ပြီးဖြစ်သည်။ ယခု ကျွန်ုပ်တို့သည် ကိုယ်တော့်ကို အသက်ရှင်နေပြီဖြစ်၍၊ ကျွန်ုပ်တို့အသက်တာ၏ အစိတ်အပိုင်းတိုင်း၌ အချိန်တိုင်း ကိုယ်တော်၏ အသေခံခြင်းပုံစံသို့ ပုံသဏ္ဌာန်တူလာ စေရန် ကိုယ်တော်၏ အသေခံခြင်း၌ ကျွန်ုပ်တို့တည်နေရမည် ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့အား ရှင်ပြန်ထမြောက်ခြင်းဖြစ်သော ကိုယ်တော့်ကို အလိုအလျောက် အသက်ရှင်ရန် ဖြစ်စေလိမ့်မည်ဖြစ်သည် (ယော၊၁၁း၂၅)။ ဤသည်မှာ ဘုရား–လူ၏ အသက်ရှင်ခြင်းဖြစ်သည်။ *(Living a Life according to the High Peak of God's Revelation, pp.39-40)*

## ***ယနေ့ဖတ်စရာ***

ကျွန်ုပ်တို့၏လက်တွေ့လုပ်ဆောင်မှုသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ မည်သည့်ဇာတိလူ၏ အသက်ကိုမျှ အသက်ရှင်ရန်မဟုတ်ပါ။ ကျွန်ုပ်တို့၏လက်တွေ့လုပ်ဆောင်မှုသည် ဘုရား–လူအသက်တာကို အသက်ရှင်ခြင်း ဖြစ်သည်။ ဘုရား–လူသည် သူ၏ အသက်၊ သူ၏ပုဂ္ဂိုလ်နှင့် သူ၏ အရာခပ်သိမ်းအဖြစ် ဘုရားသခင်ကိုယူဆောင်၍၊ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ရန် အသစ်တစ်ဖန်မွေးဖွားခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းကိုခံယူသောလူ ဖြစ်သည်။ နောက်ဆုံးတွင် ထိုလူသည် ကိုးကွယ်ခံအရာ၌ မဟုတ်ဘဲ၊ ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်ခြင်းဖြစ်သည်။ ဤသည်မှာ ဘုရား–လူ ဖြစ်သည်။ ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့သည် ထိုဘုရား–လူအသက်တာကို အသက်ရှင်ရန် လက်တွေ့လုပ်ဆောင်ရမည်ဖြစ်သည်။ ဤအသက်သည် ရှင်ပြန်ထမြောက်ခြင်းအားဖြင့်၊ ရှင်ပြန်ထမြောက်ခြင်း၌ ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ အသေခံခြင်းအသက်တာ ဖြစ်သည်။ ငါအသက်ရှင်ခြင်းမှာ ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်းမှာ အသေခံခြင်းဖြစ်ပြီး၊ ငါသည် ကိုယ်တိုင်အသက်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏ (ဂလ၊ ၂း ၂၀)။ ကိုယ်တော်သည် ငါ၌ အသက်ရှင်ပြီး၊ ငါနှင့်အတူ အသက်ရှင်သောကြောင့်၊ ငါသည် ကိုယ်တော်နှင့်အတူ အသက်ရှင်နိုင်ခြင်းဖြစ်သည် (ယော၊၁၄း၁၉)။ ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ အသက်ရှင်၍၊ ငါသည် ကိုယ်တော်နှင့်အတူ အသက်ရှင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့နှစ်ဦးသည် ဘုရားနှင့်လူ ရောနှောပေါင်းစည်းခြင်း၊ ရောနှောပေါင်းစည်းခြင်းနည်းလမ်း၌ အတူတကွ အသက်ရှင်ကြသည်။

ကျွန်ုပ်တို့သည် ထိုသို့အသက်ရှင်ပါက၊ ဧဝံဂေလိတရားဟောပြောခြင်းအတွက် လူများကိုဆက်သွယ်ရန် သွားနိုင်မည်မှာ အမှန်ပင်ဖြစ်သည်။ နိုးကြားသောအုပ်စုသည် ထိုသို့သောလူမျိုး၏ အုပ်စု ဖြစ်သည်။ နိုးကြားသောအုပ်စုများကို တခမ်းတနား လုပ်ထုံးအတိုင်း မလုပ်ဆောင်သင့်ပေ။ သူတို့သည် ဘုရား–လူအသက်တာကို အသက်ရှင်သောလူအုပ်စုများ ဖြစ်ရမည်။ ဤအရာသည် လူများကိုကယ်တင်ခြင်း၊ အခြားသူများကို မြှင့်တင်ခြင်းနှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ဒေသန္တရအသင်းတော်များကိုပင် တည်ဆောက်ခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့ကြားသိရသောအရာကို လက်တွေ့လုပ်ဆောင်မည်ဆိုလျှင်၊ အလိုအလျောက် ပုံစံနမူနာကို တည်ဆောက်နိုင်လိမ့်မည်ဖြစ်သည်။ ယင်းပုံစံနမူနာမှာ အသင်းတော်သမိုင်းကြောင်း၌ အကြီးမားဆုံးနိုးကြားမှု ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤနိုးကြားမှုသည် သခင်ဘုရားပြန်ကြွလာခြင်းကို ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည် ပါသည်။ (*Living a Life according to the High Peak of God's Revelation, pp.40-41*)

(ရော၊ဂ း၁၃အရ) သင်၏ခန္ဓာလုပ်ဆောင်သောအရာတိုင်းသည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဝိညာဉ်တော်အားဖြင့် အသေခံခြင်းကို ယူဆောင်ရမည်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုးတော်အားဖြင့် ခရစ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဌာန်တူလာခြင်းဖြစ်သည်။ ဇာတိအသက်၌ မည်သူမျှ သူ၏ကိုယ်ခန္ဓာသေသောအခါ၊ မည်သည့်အရာမျှ ယူဆောင်မသွားနိုင်ပေ။ သို့သော် ဘုရား–လူများဖြစ်သော ကျွန်ုပ်တို့သည် ပုံတူမှုပွားကို ပြန်လည်ထုတ်လုပ်နိုင်သူများ ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုးတော်ကိုလည်းကောင်း၊ ကိုယ်တော်၏ အသေခံတော်မူခြင်းသို့ ပုံသဏ္ဌာန်တူလာခြင်းဖြစ်သည့် ကိုယ်တော်၏ ဆင်းရဲဒုက္ခခံခြင်း၏ မိတ်သဟာယကိုလည်းကောင်း၊ သိကျွမ်းနိုင်သည်။ ခရစ်ယာန်အသက်တာသည် လူများကိုချစ်ခြင်း၊ လူ၏ကျင့်ဝတ်၌ နူးညံ့သိမ်မွေ့ခြင်းနှင့်သည်းခံခြင်းဖြစ်သည့် အပြင်ပိုင်းအကြောင်းအရာမဟုတ်ပါ။ ကျွန်ုပ်တို့သည် နေ့တိုင်း အသေခံဖို့လိုသည် (၁ကော၊ ၁၅း၃၁)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရစီမံကိန်းကို သယ်ဆောင်ရန် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် တည်ဆောက်ခြင်းတန်ဆာပလာဖြစ်သည့် ဘုရား–လူများစွာဖြစ်လာနိုင်ရန်အလို့ငှါ၊ အသက်ရှင်ရန် အသေခံဖို့လိုသည်။ (*The Practical Way to Live a Life according to the High Peak of the Divine Revelation in the Holy Scriptures, pp. 28-29*)

ကျွန်ုပ်တို့သည် ဘုရား–လူ၏အသက်တာကို အသက်ရှင်ရန်အလိုရှိကြောင်း လုံးလုံးကြွေးကြော်ရမည်ဖြစ်သည်။ နောက်ဆုံးတွင် ဘုရား–လူတို့သည် အောင်နိုင်သူများ၊ အောင်မြင်သူများ၊ ယေရုရှလင်မြို့အတွင်း၌ ဇိအုန်တောင် ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဤအရာသည် သမိုင်းကြောင်း၌ ဘယ်သောအခါမျှ မမြင်ဘူးသောနိုးကြားမှုအသစ်ကို စတင်ဖြစ်လာစေလိမ့်မည် ဖြစ်ပြီး၊ ဤခေတ်၏နောက်ဆုံးလည်း ဖြစ်ပေလိမ့်မည်။ (*Life-study of 1 and 2 Chronicles, p.28*)

*ပို၍ဖတ်ရန် – Living a Life according to the High Peak of God's Revelation, ch.5; Life-study of 1 & 2 Chronicles, msgs.2,4*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁၀ပေ၊ ၅း၂–၄ သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကို ထိန်းခြင်းအမှုမှာ အနိုင်အထက်စေခိုင်းခြင်းခံရသောကြောင့်မဟုတ်၊ စီးပွားကိုရှာဖွေခြင်းအားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်အတိုင်း အလိုလိုစိတ်အားထက်သန်စွာ ကြည့်ရှုစောင့်ထိန်းကြလော့။ အသီးအသီးတို့အပေါ် အစိုးတရပြုသည်မဟုတ်ဘဲ၊ သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြုသောသူများဖြစ်ကြလော့။ သို့ဖြစ်လျှင်၊ သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊ သင်တို့သည် မညှိုးမနွမ်းတတ်သောဘုန်းသရဖူကို ခံရကြလော့။**

ကျွန်ုပ်တို့သည် ကိုယ်တော်၏ဘုရားဖြစ်ခြင်း၌ အဖခမည်းတော်၏ချစ်ခြင်းနှင့် ခွင့်လွှတ်သောစိတ်နှလုံးရှိခြင်း၊ ကိုယ်တော်၏လူသားဇာတိ၌ ကယ်တင်ရှင်ခရစ်တော်၏ ထိန်းကျောင်းခြင်းနှင့် ရှာဖွေခြင်းဝိညာဉ်ရှိခြင်းဖြင့် ထိန်းကျောင်းရမည်ဖြစ်သည်။ ကျွန်ုပ်၌သည် ခရစ်တော်၏ဘုရားဆိုင်ရာနှင့် နက်နဲသောသွန်သင်ခြင်းများအားလုံးပါဝင်သည့် ကောင်းကင်ဆိုင်ရာရူပါရုံကိုလည်း ရရှိရမည်ဖြစ်သည်။ ထိန်းကျောင်းခြင်းနှင့် သွန်သင်ခြင်းသည် နိုးကြားသောအုပ်စုများ၏ဝန်တာဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်ကိုပြီးမြောက်ပြည့်စုံစေရန် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ဘုရားစီမံထားသော အခြေခံနည်းလမ်းဖြစ်သည်။

ကျွန်ုပ်တို့၏ဘုရားသခင်သည် ဘုရင်အဖြစ် မွေးဖွားခဲ့မည်ဆိုလျှင် လူအနည်းငယ်သာ ကိုယ်တော်ထံသို့ ချဉ်းကပ်နိုင်လိမ့်မည်ဖြစ်သည်။ သို့သော် ကိုယ်တော်သည် ဆင်းရဲသောလူတစ်ဦးအဖြစ် မွေးဖွားလာကာ၊ လူတန်းစားတိုင်း အထူးသဖြင့် ဆင်းရဲသောသူနှင့် ဖျားနာသောသူတိုင်းသည် ကိုယ်တော်ကို ချဉ်းကပ်နိုင်ပြီး၊ ကိုယ်တော်သည် သူတို့၏မိတ်ဆွေဖြစ်လာသည်။ လူ့ဇာတိ၌ ကိုယ်တော်ကြွလာခြင်းသည် ကိုယ်တော်အားအလွန်ပင် ချစ်ခင်မြတ်နိုးဖွယ်ကောင်းသောလူဖြစ်စေခဲ့သည်။ လူအပေါင်းတို့သည် သူတို့ကို ချစ်ခင်ယုယရန်၊ သူတို့ကို ပျော်ရွှင်စေရန်၊ ကျေနပ်နှစ်သိမ့်စေရန်နှင့် သူတို့ကို နားခိုခြင်းပေးရန် ကိုယ်တော်ကို လိုအပ်ကြသည်။ ကိုယ်တော်သည် သူ၏ဘုရားဂုဏ်ဒြပ်ဖြင့် ကျွန်ုပ်တို့ထံသို့ကြွလာခဲ့မည်ဆိုလျှင် ယင်းသည် ကျွန်ုပ်တို့ကို ကြောက်လန့်စေလိမ့်မည်ဖြစ်သည်။ သို့သော် အပြစ်အများဆုံး အခွန်ခံများသည်ပင်လျှင် သူတို့၏မိတ်ဆွေအဖြစ် ကိုယ်တော်နှင့်အတူထိုင်ခြင်း၊ စားသောက်ခြင်း၊ စကားပြောခြင်းရှိခဲ့သည် (လု၊၁၅း၁။ မ၊၉း၁၀)။

ကိုယ်တော်၏ အမှုတော် ပထမအဆင့်ဖြစ်သော လူ့ဇာတိခံခြင်းသည် လူများကို ပြုစုယုယရန်၊ လူတို့ကို သူ့ထံသို့နီးစေရန်နှင့် ဆွဲဆောင်ရန်ဖြစ်သည်။ ကားတိုင်ပေါ် ကိုယ်တော်၏ အသေခံခြင်းသည် ကျွန်ုပ်တို့ကို ရွေးနုတ်ရန် အကြီးမားဆုံးသော ချစ်ခင်ယုယခြင်းဖြစ်သည်။ ကိုယ်တော်၏ ရွေးနုတ်ခြင်းမရှိဘဲ၊ ကိုယ်တော့်ထံသို့ မည်သူသွားနိုင်မည်နည်း။ ကျွန်ုပ်တို့ သည် ကားတိုင်ပေါ် ကိုယ်တော်၏ အသေခံခြင်းအဖြစ်အပျက်ကို ကြားရသောအခါ၊ မျက်ရည်ကျလာသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် ဆွဲဆောင်ခြင်းခံကြရသည်။ ဤသည်မှာ ခရစ်ဝင်လေးကျမ်း၌ရှိသော ကိုယ်တော်၏ အမှုတော်ဖြစ်သည် (*The Vital Group, pp. 55-56, 81-82*).

## ***ယနေ့ဖတ်စရာ***

ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်၊ ကြွယ်ဝစွာမစပေးသောဝိညာဉ်တော်ဖြစ်လာရန် အဆင်းသဏ္ဍာန်ပြောင်းလဲခဲ့သည် (၁ကော၊၁၅း၄၅ခ။ ဖိ၊၁း၁၉)။ ထိုဝိညာဉ်တော်သည် ကျွေးမွေးခြင်းအတွက် ဖြစ်သည်။ တမန်တော်ဝတ္ထုမှ ဒြဝ်ါဒစာစောင်များအထိ အရာအားလုံးပါဝင်သော ဝိညာဉ်တော်တည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့ကို ကျွေးမွေးသည်။ ဤကျွေးမွေးခြင်းသည် အသင်းတော်ကို ထုတ်လုပ်ကာ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ပြီး၊ ယေရှုရှလင်မြို့သစ်အဖြစ် ပြီးမြောက်ပြည့်စုံစေလိမ့်မည်ဖြစ်သည်။ အသင်းတော်ကျဆင်းခြင်းကြောင့် ခရစ်တော် ၏ ကျွေးမွေးခြင်းသည် ဘုရားသခင်၏ ထာဝရပန်းတိုင်၊ ယေရှုရှလင်မြို့သစ်ကို ယူဆောင်လာရန် ဗျာဒိတ်ကျမ်း၌ အရှိန်အဟုန်ခုနစ်ဆဖြစ်လာသည်။ ကိုယ်တော်၏ ကျွေးမွေးခြင်း အားလုံးသည် ဤစကြဝဠာမြို့တော်ဖြစ်လိမ့်မည်ဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်၏ ကြီးမားကျယ်ပြန့်ခြင်းနှင့် ထင်ရှားခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ပြုစုခြင်းနှင့် ကျွေးမွေးခြင်းဟူ၍ အပိုင်းကဏ္ဍနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ဤဖွင့်ပြခြင်းနှင့်အတူ ဓမ္မသစ်ကျမ်းတစ်ခုလုံးသည် ကျွန်ုပ်အဖို့ အသစ်သောစာစောင်ဖြစ်လာသည်။

ခရစ်တော်သည် ဗျာ၊၁း၁၂–၁၃၌ မြင်သကဲ့သို့ ပြုစုခြင်းနှင့် ကျွေးမွေးခြင်း၏ အကောင်းဆုံးပုံစံနမူနာအဖြစ်။ ဤကျမ်းပိုဒ်က ထိုခရစ်တော်သည် ရှည်သောဝတ်လုံကို ဝတ်ဆင်သော လူသားတော်အဖြစ် မီးခုံတိုင်များကို ဂရုစိုက်ပေးနေခြင်းဖြစ်သည်။ ဤဝတ်လုံသည် ယဇ်ပုရောဟိတ်ဝတ်ရုံဖြစ်၍(ထွ၊ ၂၈း၃၃–၃၅)၊ ယင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကြီးမြတ်သော ယဇ်ပုရောဟိတ်မင်းဖြစ်ကြောင်းပြသနေသည်။ ကိုယ်တော်သည် ရင်တော်၌ ရွှေခါးပန်းကိုလည်း စည်းထားသည်။ ဤခါးပန်းက ခရစ်တော်၏

ဘုရားဖြစ်ခြင်းသည် ကိုယ်တော်၏ ခွန်အားဖြစ်ကြောင်းကို ပုံဆောင်ပြီး၊ ရင်တော်သည် ဤခိုင်ခံ့မြဲမြံသောခွန်အားမှာ ကိုယ်တော်၏ မေတ္တာတော်အားဖြင့် လှေ့ကျင့်ခြင်းနှင့် လုပ်ရှားလုပ်ဆောင်ခြင်းကိုပုံဆောင်သည်။ ကိုယ်တော်၏ ဘုရားဆိုင်ရာခွန်အားသည် အသင်းတော်များကို ကျွေးမွေးရန် ကိုယ်တော်၏ မေတ္တာတော်အားဖြင့် လေ့ကျင့်ခြင်းလုပ်ဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းတည်းဟူသော ခရစ်တော်သည် မီးခုံတိုင်၏ မီးခွက်များကို ပြင်ဆင်ခြင်းအားဖြင့် ကိုယ်တော်၏ လူသားဇာတိ၌ ပထမဆုံး ကိုယ်တော်တည်ဆောက်ခဲ့သော အသင်းတော်များကို ကျွေးမွေးရန်၊ ပျော်ရွှင်စေရန်၊ ကျေနပ်အားရစေရန်နှင့် သက်တောင့်သက်သာရှိစေရန် အသင်းတော်များကို ကြည့်ရှုဂရုစိုက်နေသည်။ မီးခွက်များကို ပြင်ဆင်ခြင်းသည် သူတို့ကို မှန်ကန်လာစေရန် ဖြစ်သည်။

တ၊ ၂၀၌ ပေါလုသည် ယေရုရှလင်မြို့သို့ သွားရာလမ်းတွင် သူသည် ဖေက်မြို့သို့ စကားမှာခဲ့ပြီး၊ အသင်းတော်၏ ဦးဆောင်သူများကို တွေ့ဆုံခဲ့သည်။ ဘုရားသခင်သည် မိမိအသွေးတော်ဖြင့် ရွေးဝယ်ထားသောဘုရား၏ သိုးတော်စုကို ထိန်းကျောင်းရန် ထိုသူတို့အား ပြောဆိုခဲ့သည် (အငယ်၊ ၂၈)။ ဘုရားသခင်၏ သိုးတော်စုကို ထိန်းကျောင်းခြင်းသည် ပေါလု၏ စိတ်နှလုံး၌ရှိသောအရာဖြစ်သည်။

ကျွန်ုပ်တို့သည် ဤထိန်းကျောင်းခြင်းဝန်တာကို ယူခြင်းဖြင့် ကျွန်ုပ်တို့အလယ်တွင် စစ်မှန်သောနိုးကြားမှု ရှိလာလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ အသင်းတော်များအားလုံးသည် ခရစ်တော်၏ အုံ့ဩဖွယ်ထိန်းကျောင်းခြင်း၌ ပါဝင်ဆက်ဆံရန် ဤသွန်သင်ခြင်းကို ခံယူမည်ဆိုလျှင် ပြန်လည်ရယူခြင်း၌ ကြီးမားသောနိုးကြားမှု ဖြစ်လာလိမ့်မည်ဖြစ်သည်။ (*The Vital Groups, pp. 82, 105-106, 61-62, 40*)

*ပို၍ဖတ်ရန်* – *God'sNewTestament Economy*,ch.20;*TheTestimony of Jesus*, ch. 5; *A General Sketch of the New Testament in the Light of Christ and the Church, Part 4: Revelation*, ch. 32

***အလင်းဖွင့်ပြခံရခြင်းနှင့်နိူးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ရော၊ ၁၅း၁၆ အဘယ်သို့နည်းဟူမူကား၊ သန့်ရှင်းသောဝိညာဉ်တော်၌ သန့်ရှင်းစင်ကြယ်စေ၍ နှစ်သက်လက်ခံဖွယ်ရာပူဇော်သက္ကာတည်းဟူသော တစ်ပါးအမျိုးသားတို့ကို ပူဇော်ခြင်းငှါ ငါသည် ဘုရားသခင်၏ဧဝံဂေလိတရားတော်ကိုဆောင်သော ယဇ်ပုရောဟိတ်အဖြစ် တစ်ပါးအမျိုးသားတို့တွင် ခရစ်တော်ယေရှု၏ အမှုတော်ဆောင်ဖြစ်မည်အကြောင်းတည်း။**

**၁ပေ၊ ၂း၅ ယေရှုခရစ်အားဖြင့် ဘုရားသခင်လက်ခံတော်မူရာ ဝိညာဉ်ဆိုင်ရာယဇ်များကိုပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်အရာအထဲသို့ သင်တို့ကိုယ်တိုင်လည်း အသက်ကျောက်များကဲ့သို့ ဝိညာဉ်ဆိုင်ရာအိမ်အဖြစ် တည်ဆောက်ခံရကြ၏။**

သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် အသင်းတော်သမိုင်း၏ ရာစုနှစ်များတစ်လျှောက် အဆင့်ဆင့်တိုးတက်နေပြီး၊ အမြင့်ဆုံးသောအထွတ်အထိပ်သို့ မရောက်ရှိသေးသောကြောင့် ဆက်လက်သွားနေဆဲဖြစ်သည်။ အသင်းတော်သမိုင်း၏ ရာစုနှစ်များတစ်လျှောက် ပြန်လည်ရယူခြင်းသည် အမြဲတမ်းတိုးတက်မှုရှိပြီး၊ ၎င်းသည် ပြီးမြောက်ပြည့်စုံခြင်းသို့ ရောက်ရှိသည့်တိုင်အောင် ဆက်လက်တိုးတက်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အကြားတွင်လည်း လွန်ခဲ့သောနှစ်ခြောက်ဆယ်အတွင်း တိုးတက်မှု အတော်များများရှိခဲ့သည်။ ဤနှစ်များအတွင်း သခင်ဘုရားသည် သူ၏ဆက်လက်သွားခြင်း၌ ပို၍များစွာသောအရာကို ကျွန်ုပ်တို့အားပြသခဲ့သည်။ ကျွန်ုပ်တို့အား သခင်ဘုရား ပြသခဲ့သော အဓိကကျသောအချက်လေးချက်မှာ ဓမ္မသစ်ကျမ်း၌ ဧဝံဂေလိတရား၏ ယဇ်ပုရောဟိတ်အရာ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ ရှင်သန်သောတည်ဆောက်ခြင်း၊ ဆုကျေးဇူးများအားဖြင့် သန့်ရှင်းသူများကို စုံလင်စေခြင်းနှင့် ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းအတွက် ပရောဖက်ပြုခြင်း စသည်တို့ဖြစ်သည်။ ဤအဓိကကျသော အချက်လေးချက်သည် ယနေ့သခင်ဘုရား ပြန်လည်ရယူခြင်း၏တိုးတက်မှုဖြစ်သည်။ (*The Advance of the Lord's Revovery; pp. 7-8*)

## ယနေ့ဖတ်စရာ

စည်းဝေးခြင်းနှင့် အစေခံခြင်းနည်းလမ်းနှင့်စပ်လျဉ်း၍ သခင်ဘုရားထံမှ ကျွန်ုပ်တို့လက်ခံရရှိခဲ့သော အလင်းနှင့် ဖွင့်ပြခြင်းနှင့်ပတ်သက်ပြီး အရေးကြီးသော အချက်(၄)ချက်ရှိသည်။ ပထမမှာ ဧဝံဂေလိတရားဟောပြောခြင်းနှင့် လူများထံသွားရောက်ခြင်း

ဖြင့် လူတို့ကို ကယ်တင်ခြင်းဖြစ်သည် (လု၊၁၀း၁–၆)။ ဒုတိယမှာ ကျွန်ုပ်တို့၏ အသီးသည် တည်ကြည်ခြင်းရှိရန် အသစ်သောယုံကြည်သူများ၏ အိမ်၌ စည်းဝေးခြင်း၊ သူတို့ကို ကျွေးမွေးခြင်းနှင့် ပြုစုခြင်းဖြစ်သည် (တ၊၅း၄၂။ ယော၊၁၅း၁၆)။ တတိယမှာ အုပ်စုငယ်၏ စည်းဝေးခြင်းဖြင့် သန့်ရှင်းသူတို့ကို ဓမ္မသစ်အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာလည်းကောင်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာလည်းကောင်း သွန်သင်ခြင်းနှင့် စုံလင်စေခြင်းဖြစ်သည် (ဟေဗြဲ၊၁၀း၂၄–၂၅။ ဧ၊၄း၁၁–၁၂)။ အုပ်စုငယ်၏ အစည်းအဝေးများ၌ ယုံကြည်သူများသည် ဧဝံဂေလိဟောပြောမှု တိုးတက်လာခြင်း၊ အသစ်သောယုံကြည်သူများကို ဂရုစိုက်ခြင်း၊ နိုးကြားသောအုပ်စု၏ အစည်းအဝေးများ၌ ဦးဆောင်မှုပြုခြင်းနှင့် အသင်းတော်အသက်တာ၌ အခြားသောအစေခံခြင်းအမျိုးမျိုးအတွက် အပြန်အလှန် မိတ်သဟာယဖွဲ့ခြင်းနှင့် ကြားဝင်ဖြန်ဖြေခြင်း၊ အပြန်အလှန်ဂရုစိုက်ခြင်းနှင့် ထိန်းကျောင်းခြင်း၊ အပြန်အလှန် သွန်သင်ခြင်းနှင့် သမ္မာတရားလေ့လာခြင်း၊ ဝိညာဉ်ရေးဆိုင်ရာအသက်၌ ကြီးထွားမှုနောက်လိုက်ခြင်းဖြင့် အပြန်အလှန်တည်ဆောက်ခြင်းရှိကြရမည်ဖြစ်သည်။ နိုးကြားသောအုပ်စု၏ စည်းဝေးခြင်းများသည် အသက်၏ အဓိကအပိုင်းနှင့် အသင်းတော်ကို အစေခံခြင်းဖြစ်သည်။ စတုတ္ထမှာ သန့်ရှင်းသူများသည် အသင်းတော်စည်းဝေးများ၌ ပရောဖက်ပြုခြင်း၊ သခင်ဘုရားအတွက် စကားပြောခြင်း၊ သခင်ဘုရားကို ပြောထွက်ခြင်း၊ သခင်ဘုရားကို အခြားသူများထံ မစပေးခြင်း၊ သန့်ရှင်းသူများနှင့်အသင်းတော်ကို တည်ဆောက်ရန် အပြန်အလှန် တစ်ဦးကိုတစ်ဦး စကားပြောခြင်းနှင့်နားထောင်ခြင်းကို အလိုရှိကြရန် ဦးဆောင်ရမည်ဖြစ်သည် (၁ကော၊၁၄း၁။ ၃–၅)။ ဤသို့သော ပရောဖက်ပြုခြင်းမျိုးကို သန့်ရှင်းသူအယောက်စီတိုင်း လုပ်ဆောင်နိုင်ရမည်၊ လုပ်ဆောင်ရမည်ဖြစ်သည် (၁ကော၊ ၁၄း၃၁။ ၂၄)။ ဤသို့သော ပရောဖက်ပြုခြင်းသည် အသင်းတော်တည်ဆောက်ခြင်းအတွက် ဖြစ်ပြီး၊ ဆုကျေးဇူးများအားလုံးထက် ထူးကဲကောင်းမြတ်ကာ၊ ၁ကော၊၁၄ ၌ တမန်တော်ပေါလုအားဖြင့် အမြင့်ဆုံးမှတ်ယူကာ ထောက်ခံပေးထားသည် (အငယ်၊၁၂၊ ၃၉)။

ဧဝံဂေလိတရားဟောပြောခြင်းကို အခြားသူများ၏ အိမ်များသို့ သွားရောက်ခြင်းဖြင့် လူတိုင်းလုပ်ဆောင်ရမည်ဖြစ်သည်။ ဧဝံဂေလိဟောပြောခြင်းကို ကြီးမားသော ဧဝံဂေလိလှုပ်ရှားမှုများဖြင့် မလုပ်ဆောင်သင့်ပေ။ ဧဝံဂေလိဟောပြောခြင်းလှုပ်ရှားမှုများသာရှိမည်ဆိုလျှင်၊ ယုံကြည်သူများကို လေဝိလူများကဲ့သို့ အစေခံခြင်းသို့ ကျဆင်းသွားစေလိမ့်မည်ဖြစ်ပြီး၊ ထိုနောက် အနည်းငယ်သာလျှင် ဧဝံဂေလိတရား၏ အထူးယဇ်ပုရောဟိတ်များအဖြစ် အစေခံနိုင်လိမ့်မည်ဖြစ်သည်။ ယုံကြည်သူများအားလုံး၏ ဝိညာဉ်ဆိုင်ရာ

လုပ်ဆောင်ခြင်းသည် ဇိဝံဂေလိယဇ်ပုရောဟိတ်များကဲ့သို့ သေသွားလိမ့်မည် ဖြစ်သည်။

ကျွန်ုပ်တို့သည် ညီအစ်ကို၊ ညီအစ်မများအား ပရောဖက်ပြုရန် သွန်သင်ခြင်း၌ အလျင်တဆောမပြုသင့်ပေ။ သင်သည် သူငယ်တန်းကလေးကို စာစီစာကုံးရေးဖွဲ့ရန် သွန်သင်၍မရနိုင်ပေ။ ရှေ့ဦးစွာ သူသည် မူလတန်းကျောင်းသို့သွားကာ စာရေးခြင်းကို လက်တွေ့လေ့ကျင့်ရမည်ဖြစ်သည်။ ထို့ပြင် သူသည် ဝါကျဖွဲ့စည်းခြင်းကိုလည်း သင်ယူရမည်။ သူသည် ဝါကျတစ်ကြောင်းပြီးတစ်ကြောင်းရေးဖွဲ့ရန် လေ့လာသင်ယူပြီးမှသာလျှင် သူသည် စာစီစာကုံးရေးဖွဲ့ရန် တတ်နိုင်လိမ့် မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသစ်များကို ရယူပြီးနောက် သူတို့ကို ကျွေးမွေးရန်နှင့် ပြုစုယုယရန် ဦးစွာ အိမ်ထောင်စည်းဝေးခြင်း ရှိရမည်ဖြစ်သည်။ သူတို့သည် ကြီးရင့်လာပြီးနောက် ကျွန်ုပ်တို့သည် သူတို့ကို အုပ်စုငယ် စည်းဝေးခြင်းသို့ ခေါ်ဆောင်ရမည်ဖြစ်သည်။ ဤအုပ်စုငယ်စည်းဝေးခြင်းသည် သမ္မာတရားကို အပြန်အလှန်သွန်သင်ခြင်းနှင့်သင်ယူခြင်း၊ အသက်၌ကြီးထွားခြင်းကို ဆည်းပူးလေ့လာခြင်းရှိရမည်ဖြစ်သည်။ အသက်ကို တွေ့ကြုံခံစားခြင်းနှင့် သမ္မာတရားကို သိကျွမ်းခြင်းအပေါ် အခြေခံ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပြောဆိုသူတိုင်းသည် ပရောဖက်ပြုခြင်းဖြစ်သည်။ (*The New Testament Priests of the Gospel, pp. 111-112, 125, 122*)

*ပို၍ဖတ်ရန် – The Advace of the Lord's Recovery Today, chs. 1, 2, 8-10; The New Testament Priests of the Gospel, ch. 10*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ ...ထာဝရဘုရား၏လူအပေါင်းတို့သည် ပရောဖက်ဖြစ်ကြပါစေသော။**
**၁၁း၂၉ ထာဝရဘုရားသည် ဝိညာဉ်တော်ကို သူတို့အပေါ်မှာ တင်တော်မူပါစေ သောဟု ဆိုပြီးမှ၊**
**၁ကော၊ အကြောင်းမူကား၊ သင်တို့ရှိသမျှတို့သည် သင်ခြင်းငှါလည်းကောင်း၊**
**၁၄း၃၁ ရှိသမျှတို့သည် သက်သာခြင်းငှါလည်းကောင်း၊ သင်တို့အသီးသီးတစ် ယောက်နောက်ယောက်ပရောဖက်ပြုရသောအခွင့်ရှိကြ၏။**
**၁ ချစ်ခြင်းမေတ္တာကိုမီအောင်လိုက်ကြလော့။ ဝိညာဉ်ဆုကျေးဇူးတို့ကို အလွန်အလိုရှိသည်တွင်၊ ပရောဖက်ပြုရသောအခွင့်ကို သာ၍လိုချင် သောစိတ်ရှိကြလော့။**
**၄ ...ပရောဖက်ပြုသောသူမူကား၊ အသင်းတော်ကို တည်ဆောက်၏။**

မောရှေက ဘုရားသခင်၏လူအပေါင်းတို့သည် ပရောဖက်ပြုသော ပရောဖက်များဖြစ်စေရန် အလိုရှိခဲ့သည် (တော၊၁၁း၂၉ခ)။ ကျွန်ုပ်တို့အားလုံး ပရောဖက်ပြုနိုင်ကြောင်း တမန်တော်ပေါလုက သွန်သင်ခဲ့သည် (၁ကော၊၁၄း၃၁)။ ဘုရားသခင်သည် ယုံကြည်သူတိုင်းကို ကိုယ်တော့်အတွက်ပြောဆိုရန်နှင့် ကိုယ်တော့်အတွက် ပြောထွက်ရန်ဖြစ်သည့် ပရောဖက်ပြုခြင်းကို အလိုဆန္ဒရှိသည်။ ၎င်းမှာ ကိုယ်တော်အတွက်နှင့် ကိုယ်တော်ထံသို့ စကားပြောခြင်းဖြစ်သည်။ ပေါလုသည် ကျွန်ုပ်တို့အား ပရောဖက်ပြုခြင်းကို မထီမဲ့မြင်မပြုကြနှင့်ဟု တိုက်တွန်းခဲ့သည် (၁သက်၊၅း၂၀)။ ယနေ့ သခင်ဘုရား၏ အမှုတော်၊ သခင်ဘုရား၏စကားတော်ကို ငြင်းပယ်သောသူတို့သည် ပရောဖက်ပြုခြင်းကို မထီမဲ့မြင်ပြုနေသူများဖြစ်ကြသည်။

ပရောဖက်ပြုခြင်းကို တားမြစ်ခြင်းသည် ဘုရားသခင်ရှေ့တော်၌ အပြစ်ဖြစ်သည် (အာ၊၂း၁၂ခ။ ၇း၁၂–၁၃။ ယေ၊၁၁း၂၁)။ ယဇ်ပုရောဟိတ်အာမဇိသည် ပရောဖက်ပြုခြင်းကို ရပ်တန့်ရန်၊ စကားပြောခြင်းကို ရပ်တန့်ရန် အာမုအား အမိန့်ပေးတားမြစ်ခဲ့သည်။ ဤအကြောင်းကြောင့် အာမဇိသည် ကျိန်ခြင်းကို ခံစားရသည် (အာ၊၇း၁၆–၁၇)။ ယေရမိကိုပရောဖက်ပြုခြင်းမှ ရပ်တန့်စေသောသူတို့သည်လည်း ဘေးဒုက္ခခံစားခဲ့ရသည် (ယေ၊၁၁း၂၁–၂၃)။ (*The Practice of the Church Life according to the God-ordained Way, pp. 53-54*)

# ယနေ့ဖတ်စရာ

ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းနှစ်ခုလုံး၌ ဘုရားသခင်စီမံထားသောအမှုတော်သုံးမျိုးသာရှိသည် –ပရောဖက်များ၊ ယဇ်ပုရောဟိတ်များနှင့် ဘုရင်များ၏ အမှုတော်များ။ ဓမ္မသစ်ကျမ်း၌ ယုံကြည်သူအားလုံးသည် ယဇ်ပုရောဟိတ်များနှင့် ဘုရင်များဖြစ်ရန် အသစ်တစ်ဖန်မွေးဖွားခံကြရသည် (၁ပေ၊ ၂း၅၊၉။ ဗျာ၊၁း၆)။ သို့သော် ပရောဖက်ဖြစ်ရန်မှာ ကျွန်ုပ်တို့၏ ရှာဖွေခြင်းအပေါ် တွင် မူတည်သည်။

ပရောဖက်၊ ယဇ်ပုရောဟိတ်နှင့် ဘုရင်တို့၏ လုပ်ရှားလုပ်ဆောင်မှုသုံးခုထဲ၌ ပရောဖက်၏ လုပ်ရှားလုပ်ဆောင်မှုသည် အမြင့်မားဆုံးဖြစ်သည်။ အကြောင်းမှာ ဤလုပ်ရှားလုပ်ဆောင်မှုသုံးခုလုံးသည် ဘုရားသခင်၏ စကားတော်အပေါ် မူတည်သောကြောင့်ဖြစ်သည်။ ဓမ္မဟောင်းခေတ်မှ ဘုရင်များသည် ဘုရားသခင်၏ စကားတော်ကို တိုက်ရိုက်လက်ခံခြင်း မရှိနိုင်ပါ။ ယဇ်ပုရောဟိတ်သည် ဘုရားသခင်၏ စကားတော်ကို လက်ခံရရှိနိုင်သော်လည်း တိုက်ရိုက်မဟုတ်ပါ။ သူတို့သည် ဘုရားသခင်၏ စကားတော်ကို ဥရိမ်နှင့် သုမိမ်ပါရှိသော ရင်ဖုံးအားဖြင့် သွယ်ဝိုက်လက်ခံရရှိခြင်းဖြစ်သည် (ထွ၊ ၂၈း၃၀)။ သို့သော်လည်း ဓမ္မဟောင်းခေတ်၌ပင်လျှင် ပရောဖက်များသည် ဘုရားသခင်၏ စကားတော်ကို တိုက်ရိုက် လက်ခံရရှိခဲ့သည်။ ဤအကြောင်းကြောင့် ပရောက်ဖက်များသည် ဘုရင်များကို အပြစ်တင်ခြင်း၊ ညွှန်ကြားပေးခြင်းနှင့် သွန်သင်ခြင်းပြုနိုင်ပြီး (၂ဘုရင်၊၁၂း၁–၁၄)၊ ယဇ်ပုရောဟိတ်များကိုလည်း သွန်သင်ပေးနိုင်သည် (ဟဂ္ဂဲ၊ ၂း၁၀–၁၉။ မာလ၊၁း၆–၂း၉)။ သူတို့သည် ဘုရားသခင်၏ စကားတော်ကို တိုက်ရိုက်အသေအချာလက်ခံရရှိသောကြောင့် ပရောဖက်များ၌ အမြင့်ဆုံးသော လုပ်ဆောင်ချက်ရှိရခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ဤလုပ်ဆောင်ချက်(ပရောဖက်ပြုခြင်း)ကို ရှာဖွေခြင်းဖြင့် ရယူနိုင်သည်။ ၁ကော၊၁၄း၁၌ အလိုဆန္ဒဆိုသည့်စကားလုံးမှာ ပြင်းထန်သော စကားလုံးဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် စကားပြောရန် အလိုဆန္ဒရရှိမည်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းအတွက် အသုံးဝင်သော လှုပ်ရှားလုပ်ဆောင်မှုမှာ ပရောဖက်ပြုခြင်းဖြစ်သည် (အငယ်၊ ၃–၅)။

ဓမ္မသစ်ကျမ်းအရ ပရောဖက်(၃)မျိုးရှိသည်။ ယင်းမှာ ဧ၊၂နှင့်၄၊တ၊၂၁နှင့် ၁ကော၊၁၄ ၌ ဖော်ပြထားသော ပရောဖက်တို့ဖြစ်ကြသည်။ (ဧ၊၂း၂၀နှင့် ၄း၁၁–၁၂)၌ ဖော်ပြထားသော ပရောဖက်တို့သည် အထူးသဖြင့် ဘုရားသခင်အားဖြင့် ဘိသိက်ပေးခံရသူများဖြစ်သည်။ ဒုတိယပရောဖက်မှာ ဖိလိပ္ပုသမီးများကဲ့သို့ အနာဂတ်ကိုဟောနိုင်သည့်သူများဖြစ်သည် (တ၊၂၁း၈–၉)။ တတိယပရောဖက်သည် အသင်းတော်တည်ဆောက်

ခြင်းအတွက် အသင်းတော်စည်းဝေးခြင်းများ၌ ဘုရားအတွက် စကားပြောကာ၊ ဘုရားကို ပြောထွက်သောသူဖြစ်သည် (၁ကော၊၁၄း၃–၅)။

ပထမဆုံးသောပရောဖက်မျိုးသည် ဘုရားသခင် ဘိသိက်ပေးခြင်းခံရသော ပရောဖက်ဖြစ်သည်။ ယုံကြည်သူတိုင်းသည် ဤပထမဆုံးသော ပရောဖက်မျိုးမဟုတ်ကြပါ။ ဤပထမဆုံးသော ပရောဖက်မျိုးနှင့်ပတ်သက်၍ ၁ကော၊၁၂း၂၉ ၌ ပေါလုက "ရှိသမျှတို့သည် ပရောဖက်ဖြစ်ကြသလော"ဟု ပြောခဲ့သည်။ ယုံကြည်သူများအားလုံးသည် ဘုရားသခင်အားဖြင့် အထူးဘိသိက်ပေးထားသော ပရောဖက်များမဟုတ်ကြပါ။ သို့သော်လည်း ယုံကြည်သူများအားလုံးသည် တတိယ ပရောဖက်အမျိုးအစား ဖြစ်နိုင်ပါသည် (၁ကော၊၁၄း၁၊၅၊၃၁)။ အခန်း၊၁၂တွင် ယုံကြည်သူများအားလုံးသည် ပရောဖက်များမဟုတ်ကြပါဟု ရည်ညွှန်းထားသော်လည်း အခန်း၊၁၄တွင် ယုံကြည်သူများအားလုံးသည် ပရောဖက်ပြုနိုင်ကြောင်း ရည်ညွှန်းထားသည်။ ပရောဖက်အမျိုးမျိုးရှိကြောင်းကို သိနားလည်ခြင်းဖြင့် ဤသိသာထင်ရှားသော ငြင်းဆိုခြင်းများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ပရောဖက်ပြုခြင်းသည် ကြိုတင်ဟောပြောရန် အဓိကဆိုလိုခြင်း မဟုတ်ပါ။ *Wuest* က သူ၏ဓမ္မသစ်ကျမ်းဘာသာပြန်ခြင်း၌ *ပရောဖက်ပြုခြင်း*ဟူသောစကားလုံးသည် "အခြားသူများအထဲသို့ ဘုရားဆိုင်ရာဖွင့်ပြခြင်းကို ထည့်သွင်းပေးခြင်း"ဟု ပြန်ဆိုထားသည် (၁ကော၊၁၄း၄ခ)။ ပရောဖက်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို တိုက်ရိုက်အသေအချာလက်ခံရရှိကာ၊ ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းအတွက် ဤနှုတ်ကပတ်တော်ကို ပြောထွက်ရခြင်းဖြစ်သည်။ (*The Practice of the Church Life accordin to the God-ordained Way, pp. 54-57*)

*ပို၍ဖတ်ရန်* – *The Practice of the Church Life accordin to the God-ordained Way*, ch. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ၅း၂၀ သင်တို့သွားကြလော့။ ဗိမာန်တော်၌ရပ်၍ ဤအသက်၏နှုတ်ကပတ်တော် အလုံးစုံကို လူများတို့အား ဟောပြောကြလော့ဟု မှာထား၏။**

**၁ကော၊ ၁၄း၂၄ သို့မဟုတ် အားလုံးတို့သည် ပရောဖက်ပြု၍ နေကြစဉ်တွင်၊ မယုံကြည်သောသူ၊ မတတ်သောသူသည် ဝင်လာလျှင်၊ သူသည် အားလုံးဖြင့် အပြစ်ကိုဖော်ပြခြင်း၊ စစ်ကြောခြင်းခံရ၏။**

**၁ပေ၊ ၄း၁၁ ဟောပြောသောသူသည် ဘုရားသခင်၏ဗျာဒိတ်တော်နှင့် အညီဟောပြောစေ...**

အလေ့အလာ၌ ကျွန်ုပ်တို့၏ စည်းဝေးခြင်းသည် လောကနှင့်ဆိုင်သော ထုံးတမ်းစဉ်လာ သို့မဟုတ် သာမန်နည်းလမ်းအတိုင်း မဖြစ်သင့်ဘဲ၊ သမ္မာကျမ်းစာ၏ ဖွင့်ပြခြင်းအတိုင်းဖြစ်သင့်ပါသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ အင်္ဂါဝင်များအားလုံးကို လှုပ်ရှားလုပ်ဆောင်ရန် အခွင့်ပေးရမည်ဖြစ်သည်။ လှုပ်ရှားလုပ်ဆောင်ခြင်းနှင့်အတူ ဝိညာဉ်လေ့ကျင့်ခြင်းလည်းရှိရမည်ဖြစ်သည်။ ဝိညာဉ်လေ့ကျင့်ရန် ကျွန်ုပ်တို့သည် လူ့စကားကို အသုံးမပြုရဘဲ၊ သမ္မာကျမ်းစာရှိ နှုတ်ကပတ်တော်ကို အသုံးပြုရမည်ဖြစ်သည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ နှုတ်ကပတ်တော်နှင့် ရင်းနှီးကျွမ်းဝင်ရန်၊ သခင်ဘုရား၏ နှုတ်ကပတ်တော်၌ မိမိတို့ကိုယ်ကို နှစ်မြှုပ်ရန် လိုအပ်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့၏ နှုတ်ကို ဖွင့်သောအခါ၊ သခင်ဘုရားကို ပြောထွက်နိုင်မည်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရားအတွက် ပရောဖက်ပြုခြင်းဖြစ်သည်။ သင်သည် အိမ်ထောင်စည်းဝေးခြင်း၊ အုပ်စုငယ်စည်းဝေးခြင်းနှင့် ဒေသအလိုက် *(district)* စည်းဝေးခြင်းတို့ကို သွားရောက်သောအခါ၊ သင်သည် ထုံးတမ်းစဉ်လာမှ လွတ်မြောက်ရန် ကြိုးစားလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ သင်သည် လောကဆိုင်ရာ ရိုးရာဓလေ့အတိုင်း သို့မဟုတ် သင်၏ ဇာတိနှစ်သက်မှုအတိုင်း မလုပ်ဆောင်သင့်ပေ။ သင်သည် သင်၏ ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်ပြီး၊ သမ္မာကျမ်းစာ၏ နှုတ်ကပတ်တော်အတိုင်း လှုပ်ရှားလုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ပြင် သင်သည် အဆင်သင့်ဖြစ်သော နှိုးဆော်ခြင်းလည်းရှိရမည်ဖြစ်သည်။ ဤနည်းလမ်း၌ သင်သည် အခြားသူများကို ရှင်သန်သောနည်းလမ်း၌ ထောက်ပံ့မစခြင်းနှင့် ကျွေးမွေးခြင်းရှိလာလိမ့်မည်ဖြစ်သည်။ (*The New Testament Priest of the Gospel, pp. 73-74*)

# ယနေ့ဖတ်စရာ

သမ္မာတရားအထဲသို့ ဒိုင်ဗင်ထိုးချရန်နှင့် အသက်ကို လေ့လာသင်ယူပြီး တွေ့ကြုံခံစားရန်အတွက် သင်သည် ရှင်သန်သောလုပ်ဆောင်မှု၏ ဤအချက်များကို အထူးအလေးပေးကာ၊ တာဝန်ရှိစွာ သင်ယူရမည်ဖြစ်သည်။ သင်သည် လူတို့ကို တိုက်ရိုက်ဆက်သွယ်ရန်သွားခြင်း၊ ဧဝံဂေလိယဇ်ပုရောဟိတ်ဝန်တာကို ပြည့်စုံစေခြင်းနှင့် အပြစ်သားများကို ယဇ်အဖြစ် ဘုရားသခင်ထံဆက်ကပ်ခြင်းဖြင့် ကယ်တင်ခြင်းဖြစ်သည့် ဓမ္မသစ် ဧဝံဂေလိယဇ်ပုရောဟိတ်ဖြစ်လာရန် သင်ယူရမည်ဖြစ်သည်။ ထို့အပြင် သူနာပြုသည် သူမ၏ ကလေးများကို ပြုစုယုယသကဲ့သို့ သင်သည် ယုံကြည်သူအသစ်များကို ဆက်လက်ကျွေးမွေးရမည်ဖြစ်သည်။ သို့မှသာ သူတို့သည် အသက်ရှင်သောယဇ်များအဖြစ် ဘုရားသခင်ထံဆက်သရန် ကြီးထွားခြင်းနှင့် ဦးဆောင်ခြင်းခံရမည်ဖြစ်သည်။ ထို့နောက် သင်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် အပြည့်အဝကြီးရင့်သောလူအဖြစ်သို့ ရောက်ရှိသည့်တိုင်အောင် သူတို့ကို ဆက်လက်စုံလင်စေရမည်ဖြစ်သည်။ ဤနည်းလမ်း၌ အယောက်စီတိုင်းအဖို့ ပရောဖက်ပြုရန် လွယ်ကူလိမ့်မည်ဖြစ်ပြီး၊ အသင်းတော်သည် တည်ဆောက်ခံရလိမ့်မည်ဖြစ်သည်။ သင်သည် ထိုရှင်သန်သောအလုပ်၏ အချက်(၄)ချက်အထဲသို့ရောက်ရှိရန် ဆက်လက်လုပ်ဆောင်လိမ့်မည် ဖြစ်ကြောင်းနှင့် ဇာတိနည်းလမ်းအတိုင်း မဟုတ်ဘဲ ရှင်သန်သောနည်းလမ်းအတိုင်း လှုပ်ရှားလုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ (*The New Testament Priest of the Gospel, p. 74*)

ကျွန်ုပ်တို့၏ ပရောဖက်ပြုခြင်း၌ ကျွန်ုပ်တို့သည် ပရောဖက်ပြုခြင်းအား စေ့စပ်ထုံးဖွဲ့ထားသော ဒြပ်သဘာဝ(၃)ခုနှင့်အတူ ပြောဆိုရမည်ဖြစ်သည်။ ပထမမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိကျွမ်းသောပညာရှိရမည်ဖြစ်သည်–လူ၏ သဘောသဘာဝဖြင့် သင်ယူရရှိခြင်း (၂တိ၊၃း၁၆–၁၇။ ယေဇ၊၃း၁–၄)။ ဒုတိယမှာ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ချက်ချင်းသိနိုင်သော လှုံ့ဆော်ခံရခြင်းရှိရမည်ဖြစ်သည် –ဘုရားဆိုင်ရာဒြပ်သဘာဝကို ခံစားသိရှိခြင်း (၁ကော၊၁၄း၃၂။ ၃၇က။ ၁ယော၊၁း၆–၇။ ရော၊၈း၄)။ တတိယမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စိတ်ဝင်စားမှုနှင့် စီမံကိန်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်၊ ဒေသန္တရအသင်းတော်များ၊ ကမ္ဘာလောက၊ တစ်ဦးချင်းဆိုင်ရာ သန့်ရှင်းသူများနှင့် မိမိကိုယ်မိမိနှင့်ဆိုင်သည့် ရူပါရုံရှိရမည် – ဘုရားဆိုင်ရာ အလင်းဖွင့်ပြခြင်းခံရသောမြင်ကွင်း (ဧ၊၁း၁၇။ ၁ကော၊၂း၁၁–၁၂)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလင်းဖွင့်ပြခံရခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်

၏ နှိုးဆော်ခံရခြင်းအောက်၌ ထိုအသက်၏ အသက်ရှင်သော နှုတ်ကပတ်တော်နှင့်အတူ ကျွန်ုပ်တို့မြင်သည့်အရာကို ပြောဆိုရမည်ဖြစ်သည် (တ၊၅း ၂၀)။ အသင်းတော်တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အထဲတွင် ကြွယ်ဝစွာတည်နေရန် အခွင့်ပေးခြင်းအားဖြင့် သခင်ဘုရား၏ နှုတ်ကပတ်တော်ကို ပြောဆိုခြင်းအလေ့အကျင့်တည်ဆောက်ရန် လိုအပ်သည် (ကော၊၃း၁၆။cf.၁တိ၊ ၆း ၂၀)။ (*Crystallzation- study Outlines– 1 Corinthians, pp. 40-41*)

ပရောဖက်ပြုရန်ဟူသည်မှာ ဘုရား၏ စကားပြောခြင်း၊ ဘုရား၏ မိန့်မြွက်ခြင်း၊ ဘုရားဆိုင်ရာ၏ ဖွင့်ပြခြင်းကို သယ်ဆောင်ပေးခြင်းတည်းဟူသော ဘုရားသခင်၏ ဗျာဒိတ်တော်ရှိရမည်ဖြစ်သည် (၁ပေ၊၄း၁၁။ cf. ၁ကော၊၁၄း ၂၄–၂၅)။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို လူ၏ သင်ယူခြင်း၊ ဘုရားဆိုင်ရာဝိညာဉ်တော်၏ နှိုးဆော်ခံရခြင်းနှင့် ရှင်းလင်းသောမြင်ကွင်းရှိသောအခါ၊ ကျွန်ုပ်တို့သည် ပရောဖက်ပြုရန် တတ်နိုင်လိမ့်မည် ဖြစ်သည်။ ပရောဖက်ပြုခြင်းကို ဤအသက်၏ ရှင်သန်သော နှုတ်ကပတ်တော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နှိုးဆော်ခြင်းနှင့် ဘုရားဆိုင်ရာအလင်း၏ အလင်းဖွင့်ပြခံရခြင်းအားဖြင့် ရှင်းလင်းသောမြင်ကွင်းတို့ဖြင့် အမြဲ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ (*Prophesying in the Church Meetings for the Organic Building Up of the Church as the Body of Christ (Outlines), p. 42*)

*ပို၍ဖတ်ရန် – The NewTestament Priests of the Gospel, ch. 6; Prophesying in the Church Meetings for the Organic Building Up of the Church as the Body of Christ (Outlines), outline 1,6*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

### *Hymns*, # E-864, M-256, K-624

၁။ ကျွန်ုပ်နှင့် ကိုယ်တော် တွေ့စဉ်တိုင်း
ကိုယ်တော်၏ ပြည့်စုံပိုလျှံခြင်း
ဘုရားကို အစာဖြစ်ပူဇော်
ခရစ်တော်ပြသမည်။
ခရစ်တော် ပြကြစို့
ခရစ်တော် ပြကြစို့
ပိုလျှံခြင်း သင်းတော်သို့ယူဆောင်
ခရစ်တော် ပြကြစို့။

၂။ ကိုယ်တော်၌ရှင် ကိုယ်တော်နှင့်တိုက်
နေ့နှင့်ည ကိုယ်တော်ပေါ် လုပ်ဆောင်
ကိုယ်တော့် ပြည့်လျှံခြင်းနှင့်ပေါင်းစည်း
ခရစ်တော် ပြသမှန်။

၃။ ကျွန်ုပ်အသက်တာ လုပ်ဆောင်ရာ
ကိုယ်တော်သာ စစ်မှန်ခြင်းဖြစ်ရာ
ချိန်တိုင်း အသစ်သာမြင်ဖို့ရန်
ခရစ်တော် ပြသမည်။

၄။ စည်းဝေးများ၌ ကိုယ်တော်ထင်ရှား
အချင်းချင်း ခရစ်တော် ဝေငှ
ခရစ်တော် ဘုရားဝမ်းမြောက်ရာ
ခရစ်တော် ပြကြစို့။

၅။ ကိုယ်တော်ကို ဘုရားထံယူဆောင်
တက်ကြွသော ကိုယ်တော်ကိုပူဇော်
ဘုရားဝမ်းမြောက်မည် အမှန်ပင်
ခရစ်တော် ပြကြစို့။

၆။ လူ့ဝန်းကျင်၌ အမှုဆောင်ခြင်း
စစ်မှန်ခြင်းနှင့် အလယ်ဗဟို
ကျွန်ုပ်တို့၏ စည်းဝေးခြင်းများ
ခရစ်တော် ပြခြင်းဖြစ်။

၇။ သက်သေခံခြင်းနှင့် ဆုတောင်းခြင်း
အားလုံးသော မိတ်သဟာယများ
ဆုကျေးဇူးများ၏ လေ့ကျင့်ခြင်း
ခရစ်တော် ပြရန်သာ။
၈။ ခမည်းတော်ဘုန်းကို ထင်ရှားစေ
ခရစ်တော်ကို ချီးမြှောက်ခြင်းဖြင့်
စည်းဝေးခြင်း ကျေနပ်နှစ်သိမ့်မည်
ခရစ်တော် ပြသစို့။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ***----------

## *ယနေ့သခင်ဘုရားလှုပ်ရှားမှု၏ဦးတည်ရာ*

ဖတ်ရန်ကျမ်း။ ဧ၊၄း၁၂၊၁၆။ ဗျာ၊၁၉း၇–၉။ ၂၂း၁၇။ ဒံ၊၂း၃၄–၃၅၊ ၄၄–၄၅။ ဗျာ၊၁၁း၁၅။

*Day 1*

**I. ယနေ့သခင်ဘုရားလှုပ်ရှားမှု၏ဦးတည်ရာသည် ကိုယ်တော်၏ ပြည့်ဝစွာ ထင်ရှားခြင်းအတွက် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အဆင့်ဆင့်ဖြတ်ကျော်ကာ ဖြန့်ဖြူးပေးနေသော ဘုရားသခင်၏ ရှင်သန်သောဖွဲ့စည်းမှုဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်ဖြစ်သည် (ဧ၊၃း၉။ ၄း၁၂၊ ၁၆။ ယော၊၁၅း ၁၅)။**

က။ ဘုရားသခင်၏ စီမံကိန်း၌ အမြင့်ဆုံးအထွတ်အထိပ်မှာ ခရစ်တော် ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည် (ဧ၊၃း၉။ ၄း၄–၆၊ ၁၆)။

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်နှင့်တူညီစေရန် ကျွန်ုပ်တို့အတွင်း၌ မိမိကိုယ်တော်တိုင်လုပ်ဆောင်နေသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော် ပေါင်းစပ်ဖွဲ့စည်းမှု ဖြစ်လာကာ၊ ကိုယ်တော်နှင့်တစ်လုံးတစ်ဝ ဖြစ်ပြီး ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းအတွက် ကိုယ်တော် ကိုအသက်ရှင်မည်ဖြစ်သည် (ရော၊၈း၂၊၆၊၁၀–၁၁၊ ၂၉။ ဧ၊ ၄း၄–၆)။

၂။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် စုပေါင်းခြင်း၊ ခရစ်တော်ထင်ရှားခြင်း၊ ဘုရား–လူ အသက်ရှင်ခြင်းဖြစ်သည်။ ဤစစ်မှန်ခြင်းသည် ဤခေတ်ကာလ၊ အသင်းတော် ခေတ်ကာလကို အဆုံးသတ်ကာ ခရစ်တော်ကို ပြန်လည်ကြွလာစေမည်ဖြစ်ပြီး ကိုယ်တော်သည် နိုင်ငံတော်ခေတ်၌ ဤမြေကြီးကို ရယူပိုင်ဆိုင်ကာ အုပ်စိုးနိုင်မည်ဖြစ်သည် (ဖိ၊၁း၁၉–၂၁က။ ၃း၁၀–၁၄။ ဂလ၊၂း ၂၀။ ဗျာ၊၁၉း၇–၉။ ၂၀း၆။ မ၊၂၈း ၂၀ခ)။

ခ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် အသင်းတော်၏ မူလအဓိပ္ပါယ် ဖြစ်သည်။ ဘုရားသခင်၏ အသင်းတော်သည် ဘောင်ဖြစ်ပြီး၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ရှင်သန်သော ဖွဲ့စည်းမှုဖြစ်သည် (၁ကော၊၁း၂။ ၁၂း၁၂–၁၃၊ ၂၇။ ရော၊၁၂း၄–၅။ ၁၆း၁၊ ၄–၅)။

*Day 2*

ဂ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် သုံးပါးတစ်ပါးဘုရားနှင့် ခရစ်တော်၌ယုံကြည်သူများ၏ ဘုရားဆိုင်ရာစေ့စပ်ထုံးဖွဲ့မှုဖြစ်သည် (ဧ၊၄း၄–၆)။

၁။ ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်နှင့် လူတို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်လာရန် အတူတကွ ပေါင်းစည်းကာ တည်ဆောက်ကြခြင်းဖြစ်သည်။

၂။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ခရစ်တော်ကို ထင်ရှားရန် ဘုရားနှင့်လူနှစ်ဦးလုံး၏ ရှင်သန်သောဖွဲ့စည်းမှုဖြစ်သည် (၁း၂၃)။

ဃ။ ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းသည် ကိုယ်ခန္ဓာတော်၏ တည်ဆောက်ခြင်းပင်ဖြစ်သည် (၄း၁၆။ ကော၊၂း၁၉)။

၁။ ကိုယ်ခန္ဓာတော်၏ ကြီးထွားမှုသည် ကျွန်ုပ်တို့၌ ဘုရားသခင်၏ ကြီးထွားခြင်း၊ ဘုရားသခင်၏ ပေါင်းထည့်ခြင်း၊ ဘုရားသခင်၏ တိုးပွားခြင်းအပေါ် တွင်မူတည်သည် (အငယ်၊၁၉)။

၂။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းသည် အသင်းတော်၌ ခရစ်တော်၏ တိုးပွားခြင်းဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်သည် မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းရလဒ်ကို ထွက်ပေါ် စေသည် (ဧ၊၃း၁၇က။ ၄း၁၆)။

က။ ခရစ်တော်သည် သန့်ရှင်းသူများအထဲသို့ ဝင်ရောက်ကာ သူတို့အတွင်း၌ အသက်ရှင်သောအခါ သန့်ရှင်းသူများအတွင်း၌ရှိသော ခရစ်တော်သည် အသင်းတော်ဖြစ်လာသည် (ကော၊၃း၁၀–၁၁)။

ခ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့အတွင်း၌ ခရစ်တော်ကြီးထွားခြင်းအားဖြင့် ကြီးထွားလာပြီး ဤနည်းလမ်းအတိုင်းတည်ဆောက်ခြင်းရှိလာသည် (၁း၁၈။ ၂း၁၉)။

(၁) ခရစ်တော်အထဲသို့ကြီးထွားခြင်းသည် ကြီးရင့်သောလူအဖြစ်သို့ရောက်ရှိသည့်တိုင် ကျွန်ုပ်တို့၌ ခရစ်တော်တိုးပွားလာခြင်းဖြစ်သည် (ဧ၊၄း၁၃၊ ၁၅)။

(၂) ရှေ့ဦးစွာ ကျွန်ုပ်တို့သည် ဦးခေါင်းတော်အထဲသို့ ကြီးထွားကြပြီး၊ ထို့နောက် ဦးခေါင်းတော်မှ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် တစ်စုံတစ်ရာကို ကျွန်ုပ်တို့ရရှိကြသည် (အငယ်၊၁၅–၁၆)။

ဂ။ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်း၌ရှိသော မေတ္တာသည် ကျွန်ုပ်တို့၏ကိုယ်ပိုင်မေတ္တာမဟုတ်ဘဲ၊ ခရစ်တော်၌ရှိသော ဘုရားသခင်၏ မေတ္တာဖြစ်ပြီး၊ ကျွန်ုပ်တို့၌ရှိသော ခရစ်တော်၏ မေတ္တာဖြစ်လာကာ၊ ယင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကိုချစ်ကာ ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်ချင်းများနှင့် မိတ်သဟာယဖွဲ့ကြသည် (၁ယော၊၄း၇–၈၊ ၁၁၊၁၆၊၁၉။ ရော၊၅း၅။ ၈း၃၉)။

**Day 3** **II. ယနေ့သခင်ဘုရားလှုပ်ရှားမှု၏ဦးတည်ရာသည် ရွေးနုတ်ပေးသော ဘုရားသခင်နှင့် ရွေးနုတ်ခံများ၏ထာဝရလက်ထပ်ပွဲအတွက် သတို့သား၏ အဖော်ဖြစ်သော သတို့သမီးကို ပြင်ဆင်ရန်ဖြစ်သည် (ဗျာ၊၁၉း၇–၉။ ၂၂း၁၇။ ၂၁း၁–၂၊ ၉–၁၀)။**

က။ သိုးသငယ်၏လက်ထပ်ခြင်းသည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းပြီးမြောက်ပြည့်စုံခြင်း၏ ရလဒ်ဖြစ်သည်။ ယင်းမှာ ကိုယ်တော်၏ စီရင်ခြင်းဆိုင်ရာရွေးနုတ်ခြင်းနှင့် ဘုရားအသက်၌ ရှင်သန်သော ကယ်တင်ခြင်းအားဖြင့် ခရစ်တော်အဖို့ သတို့သမီးဖြစ်သော အသင်းတော်ကို ရယူရန်ဖြစ်သည် (က၊၂း၂၂။ ရော၊၅း၁၀။ ဗျာ၊၁၉း၇–၉။ ၂၁း၂၊ ၉–၁၁)။

ခ။ ခရစ်တော်၏ သတို့သမီးဖြစ်သော အသင်းတော်သည် ကျေနပ်နှစ်သိမ့်ခြင်းနှင့် မေတ္တာ၌နှားခိုခြင်း အကြောင်းအရာဖြစ်သည် (က၊၂း၂၁–၂၃။ ဇေ၊၃း၁၇)။

ဂ။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ကိုယ်တော်၏ အောင်မြင်သူများ အားလုံးနှင့် ဖွဲ့စည်းထားသော ခရစ်တော်၏ သတို့သမီးကို ပြင်ဆင်ခြင်းအတွက်ဖြစ်သည် (ဗျာ၊၁၉း၇–၉)။

၁။ အောင်မြင်သူများအားလုံးသည် အနှစ်တစ်ထောင်ကာလတွင် ၎င်း၏ အစပြုခြင်းနှင့်သစ်လွင်သောအဆင့်၌ ယေရုရှ

လင်မြို့သစ်တည်းဟူသော ခရစ်တော်၏ သတို့သမီး ဖြစ်လိမ့်မည်ဖြစ်သည် (အငယ်၊၇)။

၂။ နောက်ဆုံးတွင် ယုံကြည်သူများ အားလုံးသည် အောင်မြင်သူများနှင့်အတူ ပေါင်းစည်းကာ ကောင်းကင်သစ်နှင့်မြေကြီးသစ်၌ ထာဝရကာလတိုင် ခရစ်တော်၏ သတို့သမီးအဖြစ် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ကာ ပြည့်စုံစေမည်ဖြစ်သည် (၂၁း၂၊ ၉–၁၀)။

ဃ။ စုပေါင်းထားသော သတို့သမီး၏ အဆင်သင့်ဖြစ်မှုသည် အောင်မြင်သူများ၏ အသက်၌ ကြီးရင့်မှုရှိခြင်းအပေါ် တွင် မူတည်သည် (၁၉း၇။ ဟေဗြဲ၊၆း၁။ ဖိလိ၊၃း၁၂–၁၅။ ဧ၊၄း၁၃)။

၁။ ဓမ္မသစ်ကျမ်း၌ *ရင့်ကျက်ခြင်း*ဟူသောစကားလုံးသည် ယုံကြည်သူများ၏ ဘုရားအသက်၌ကြီးရင့်သောအရွယ်နှင့် စုံလင်မှုရှိခြင်းကို ရည်ညွှန်းရန် အသုံးပြုခြင်းဖြစ်ကာ၊ ကျွန်ုပ်တို့သည် ဘုရားအသက်၌ စုံလင်ခြင်းသို့တိုင်အောင် ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းရှိရန်လိုအပ်ကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည် (မ၊၅း၄၈)။

**Day 4**

၂။ ကျွန်ုပ်တို့သည် ကြီးရင့်သောလူဖြစ်လာရန်၊ ခရစ်တော်၏ ပြည့်ဝခြင်း အရပ်ပမာဏတိုင်အောင် ဘုရားအသက်၌ ရင့်ကျက်လာသည်အထိ ဆက်လက်ကြီးထွားရန် လိုအပ်သည်(ဧ၊၄း၁၃)။

င။ အောင်မြင်သောသူများသည် သီးခြားတစ်ဦးချင်းမဟုတ်ဘဲ၊ ဤတည်ဆောက်ခြင်းအတွက် လိုအပ်သော စုပေါင်းထားသော သတို့သမီးဖြစ်သည် (မ၊၁၆း၁၈။ ဧ၊၂း၂၁–၂၂။ ၄း၁၅–၁၆)။

၁။ အောင်မြင်သူများသည် အသက်၌ ကြီးရင့်ရုံသာမက သတို့သမီးတစ်ဦးတည်းအဖြစ်လည်း အတူတကွတည်ဆောက်ခြင်းရှိသည် (ဗျာ၊၁၉း၇–၉။ ၂၁း၂၊ ၉–၁၁)။

၂။ သမ္မာကျမ်းစာ၏ အလယ်ဗဟိုနှင့် ဘုရားဆိုင်ရာစဉ်းစားခြင်းမှာ ကိုယ်တော်၏ ထာဝရနှင့် စုပေါင်းထင်ရှားခြင်းအတွက် မိမိကိုယ်တော်တိုင်နှင့် လူသားဇာတိတို့ ရာနှောပေါင်းစည်းထားခြင်းဖြစ်သည့် အဆောက်အဦးကို ဘုရားသခင် ရှာဖွေနေခြင်းပင်ဖြစ်သည် (က၊၂း၂၂–၂၃။ ဗျာ၊၂၁း၂၊ ၉–၁၁)။

စ။ သတို့သမီးဖြစ်သော အသင်းတော်သည် လှပခြင်းကို လိုအပ်သည် (ဧ၅း၂၇။ သီ၊၄း၇–၁၅)။

၁။ သတို့သမီး၏ လှပခြင်းသည် သတို့သားအဖို့ သတို့သမီးကို ဆက်သရန်အတွက်ဖြစ်သည် (ဧ၅း၂၇)။

၂။ သတို့သမီး၏ လှပခြင်းသည် အသင်းတော်အထဲသို့ ယူဆောင် ခံရသော၊ အသင်းတော်မှတစ်ဆင့် ထင်ရှားသော ခရစ်တော် ထံမှ လာခြင်းဖြစ်သည် (၃း၁၇က)။

*Day 5* III.**ယနေ့သခင်ဘုရားလှုပ်ရှားမှု၏ဦးတည်ရာသည် ကိုယ်တော်၏ထာဝရ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်း၌ ဘုရားသခင်၏ထာဝရစီမံခန့်ခွဲခြင်း အတွက် ဘုရားအသက်၏ပျံ့နှံ့ခြင်းဖြစ်သော ဘုရားသခင်၏နိုင်ငံ တော်ကို ယူဆောင်လာရန်ဖြစ်သည် (လု၊၁၉း၁၂၊ ၁၅က။ ဒံ၊၂း၃၄– ၃၅၊ ၄၄–၄၅။ ဗျာ၊၁၁း၁၅)။**

က။ ဘုရားသခင်၏နိုင်ငံတော်သည် ကျွန်ုပ်တို့အထဲသို့ စိုက်ပျိုးခြင်းခံရ သော၊ ကျွန်ုပ်တို့၌ ကြီးထွားလာသော၊ ကျွန်ုပ်တို့၌ ပျံ့နှံ့ခြင်းရှိကာ နိုင်ငံတော်ထင်ရှားခြင်းတည်းဟူသော စပါးရိတ်သိမ်းချိန်အထိတိုင် ကျွန်ုပ်တို့၌ ကြီးထွားရင့်မှည့်လာသော အသက်၏မျိုးစေ့ဖြစ်သည့် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည် (မာ၊၄း၂၆–၂၉။ မ၊၁၃း၄၃)။

၁။ ဘုရားသခင်၏နိုင်ငံတော်သည် အမှန်တွင် ဘုရား–လူဖြစ် သောသခင်ယေရှုသည် ယုံကြည်သူများအထဲသို့ မျိုးစေ့အ ဖြစ် စိုက်ပျိုးခံရကာ ဘုရားအသက်၌ ကိုယ်တော်၏နိုင်ငံ တော်အဖြစ် ဘုရားသခင်အုပ်စိုးနိုင်မည့် နယ်ပယ်အဝန်း အဝိုင်းအထဲသို့ ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်သည် (လု၊ ၁၇း၂၀–၂၁။ မ၊၁၃း၃–၂၃)။

က။ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သော သခင်ယေရှုသည် နိုင်ငံတော်၏မျိုးစေ့ဖြစ်သော မိမိ ကိုယ်တော်တိုင်ကို ဘုရားသခင်၏ရွေးချယ်ခံလူများ အထဲသို့ စိုက်ပျိုးခြင်းအားဖြင့် ဘုရားသခင်၏နိုင်ငံ တော် ဖြစ်လာခြင်းဖြစ်သည် (ကော၊၂း၉။ လု၊၁၇း၂၀– ၂၁။ မ၊၁၃း၃–၂၃)။

ခ။ ခရစ်တော်သည် အသက်၏မျိုးစေ့အဖြစ် မိမိကိုယ်တော်

တိုင်ကို ယုံကြည်သူများအထဲသို့ စိုက်ပျိုးခြင်းအားဖြင့် နိုင်ငံတော်ကို တည်ထောင်သည်။ သို့မှသာ နိုင်ငံတော် သည် ကြီးထွားခြင်းရှိမည်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုမဟုတ်ဘဲ၊ အသက်၌ကြီးထွား ခြင်းအကြောင်းအရာ လုံးလုံးဖြစ်သည် (၁ပေ၊၁း၂၃။ ၁ယော၊၃း၉။ မ၊၁၃း၃)။

ဂ။ အသစ်မွေးဖွားခြင်းသည် ဘုရားသခင်၏နိုင်ငံတော် အထဲသို့ ဝင်ပေါက်ဖြစ်၍၊ ယုံကြည်သူများအတွင်း၌ ဘုရားအသက်ကြီးထွားခြင်းသည် ဘုရားသခင်၏နိုင်ငံ တော်ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည် (ယော၊၃း၃၊၅။ ၂ပေ၊၁း၃–၁၁။ ဒံ ၂း၃၅၊၄၄။ ဗျာ၊၁၁း၁၅)။

၂။ ယုံကြည်သူများအထဲသို့ ဤမျိုးစေ့ကို စိုက်ပျိုးထားပြီးနောက် သူတို့အထဲ၌ ဘုရားသခင်၏နိုင်ငံတော်အဖြစ်သို့ ကြီးထွားကာ တိုးတက်လာမည်ဖြစ်သည်၊ ယင်းမှာ ဘုရားသခင်၏ ထာဝရ အကြံအစည်နှင့် ပြီးပြည့်စုံခြင်းရှိရန်နှင့် သူတို့၏ ကောင်းကြီး မင်္ဂလာနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက်လည်းဖြစ်သည် (ကော၊၁း၁၃)။

**Day 6**

ခ။ ကျောက်တုံးသည် ကြီးမားသောတောင်အဖြစ်သို့ ကြီးထွားလာခြင်း မှာ ခရစ်တော်သည် ကိုယ်တော်၏ စီမံခန့်ခွဲခြင်း၌ ဘုရားသခင်၏ နိုင်ငံတော်အဖြစ်သို့ ကြီးထွားလာခြင်းကို ပုံဆောင်သည်။ အသင်း တော်သည် အသက်၌ ခရစ်တော်၏ တိုးပွားခြင်းဖြစ်သော်လည်း၊ ဘုရားသခင်၏ ထာဝရနိုင်ငံတော်သည် စီမံခန့်ခွဲခြင်း၌ ဘုရားသခင် ၏ တိုးပွားခြင်းဖြစ်သည်။ ထို့ကြောင့် ခရစ်တော်သည် အသင်းတော် ဖြစ်ရုံသာမက နိုင်ငံတော်လည်းဖြစ်သည် (ဒံ၊ ၂း၃၅၊ ၄၄။ ယော၊ ၃း ၂၉–၃၀။ ၁ကော၊၁ ၂း၁ ၂။ မာ၊၄း ၂၆– ၂၉။ လု၊၁၇း ၂၁)။

ဂ။ ခရစ်တော်၏ ကြွလာခြင်းသည် ဘုရားသခင်၏ ထာဝရနိုင်ငံတော် ကို ဖွင့်ပေးခြင်းဖြစ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏ ကြွ လာခြင်းသည် လူသားအစိုးရကို အဆုံးသတ်ရန်နှင့် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို ယူဆောင်လာမည့် အမှတ်လက္ခဏာဖြစ်လိမ့် မည်ဖြစ်သည် (ဗျာ၊၁၁း၁၅)။

၁။ ဘုရားသခင်၏ စီမံကိန်း၌ ခရစ်တော်ပေါ် ထွန်းလာသော အခါ၊ လူသားအစိုးရအားလုံးကို ရိုက်ချိုးဖျက်ဆီးကာ ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို တည်ထောင်မည်ဖြစ်သည် (ဒံ၊ ၂း၃၄–၃၅)။

၂။ ကြီးမားသောလူသားရုပ်တုသည် ကြီးမားသောတောင်ဖြင့် အစားထိုးခံရခြင်းသည် မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းသော ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို ပုံဆောင်သည်။ ဆိုလိုသည်မှာ ခရစ်တော်သည် လူသားအစိုးရအားလုံးကို ရိုက်ချိုးဖျက်ဆီးပြီးနောက် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို မြေကြီးပေါ် သို့ ယူဆောင်လာမည်ဖြစ်သည် (အငယ်၊၄၄း၄၅)။

၃။ လူ့သမိုင်း၌ရှိသော ဘုရားဆိုင်ရာသမိုင်း၏ ပန်းတိုင်မှာ ခရစ်တော်နှင့်သူ၏ အောင်မြင်သူများတည်းဟူသော ဤခေတ်ကာလကိုအဆုံးသတ်ရန်နှင့် ကြီးမားသောတောင်တည်းဟူသော ဘုရားသခင်၏ နိုင်ငံတော်ဖြစ်လာရန် ကိုယ်တော်၏ ဝေငှဖြန့်ဖြူးခြင်းဆိုင်ရာ တန်ဆာပလာဖြစ်သည့် ဖျက်ဆီးတတ်သောကျောက်တည်းဟူသော စုပေါင်းထားသော ခရစ်တော်ကို ရရှိရန်ဖြစ်သည် (အငယ်၊ ၂၀၊၃၁–၄၅။ ဗျာ၊၁၂း ၁–၂၊၅၊၁၀–၁၁။ ၁၄း၁–၅။ ၁၉း၇–၂၁)။

၄။ အသင်းတော်ခေတ်ကာလအတောအတွင်း၌ ခရစ်တော်သည် ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်ကို သတို့သမီး အဖြစ် တည်ဆောက်နေပြီး၊ ကိုယ်တော်သည် အောင်မြင်သောသတို့သမီးနှင့်အတူ ဖျက်ဆီးသောကျောက်အဖြစ် လူသားအစိုးရအားလုံးကို ဖျက်ဆီးကာ မြေကြီးတစ်ပြင်လုံး အပေါ် ဘုရားသခင်၏ အုပ်စိုးခြင်းသက်ရောက်မည့် ခေတ်ကာလကို ယူဆောင်လာမည်ဖြစ်သည် (မ၊၁၆း၁၈။ ဒံ၊ ၂း၃၄–၃၅၊ ၄၄–၄၅။ ဗျာ၊၁၁း၁၅–၁၇)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဖိလိ၊ ထိုသခင်ကိုလည်းကောင်း၊ ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုးတော်ကို**
**၃း၁၀ လည်းကောင်း၊ ကိုယ်တော်၏ဆင်းရဲဒုက္ခခံခြင်းကို မိတ်သဟာယဖွဲ့ခြင်းကို လည်းကောင်း၊ သိကျွမ်းခြင်းငှါ၊ ကိုယ်တော်၏အသေခံတော်မူခြင်းသို့ သဏ္ဍာန်တူ၍၊**

**ဧ၊ ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသောအားဖြည့်ခြင်းနှင့်**
**၄း၁၆ အင်္ဂါအသီးသီး ကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှါ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။**

ယနေ့သခင်ဘုရား၏လှုပ်ရှားမှု၌ ဦးတည်ရာရှိသည်။ ယနေ့ သခင်ဘုရားလှုပ်ရှားမှု၏ ဦးတည်ရာသည် ရှေ့ဦးစွာ ကိုယ်တော်တိုင်၏ ကိုယ်ခန္ဓာတော်ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော် (ဧ၊၄း၁၂)တည်ဆောက်ရန်နှင့် ခရစ်တော်၏ ရှင်သန်သော ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၏ အနှစ်သာရ၊ ဒြပ်သဘာဝနှင့်စစ်မှန်ခြင်းတည်းဟူသော အသက်ပေးဝိညာဉ်တော်ဖြစ်သည့် ကိုယ်တော်ကိုယ်တိုင်နှင့် တည်ဆောက်ရန်ဖြစ်သည်။ ကိုယ်ခန္ဓာတော်သည် ကိုယ်တော်ကိုယ်တိုင်နှင့်ပြည့်ဝကာ၊ ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်(ဧ၊၄း၄က)ဖြစ်သည့် အသင်းတော်၏ အနှစ်သာရ၊ ဒြပ်သဘာဝနှင့် စစ်မှန်ခြင်းဖြစ်သည့် အသက်ပေးသောဝိညာဉ်တော်တည်းဟူသော မိမိကိုယ်တော်တိုင်(ကော၊၃း၁၁)ဖြင့် တည်ဆောက်ထားသည်။ ထိုသို့သောကိုယ်ခန္ဓာတော်သည် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဘုရား၏ ရှင်သန်သောဖွဲ့စည်းမှု ဖြစ်လာသည် (ယော၊၁၅း၁၊၅၊၇က)။ ကိုယ်တော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ရှင်သန်စွာ စိမ့်ဝင်ပျံ့နှံ့ရန် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၌ (၂ကော၊၁၃း၁၄) မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးနေသည်။ ထိုသို့ဖြင့် ကိုယ်ခန္ဓာတော်သည် စကြဝဠာ၌ ကိုယ်တော်၏ ပြည့်ဝသောထင်ရှားခြင်းဖြစ်လာမည်ဖြစ်သည်။ (*Elders' Training, Book 10: The Eldership and the God-ordained Way (2)*, p.30)

## ယနေ့ဖတ်စရာ

ဘုရားသခင်၏စီမံကိန်း၌ အမြင့်ဆုံးအထွတ်အထိပ်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် *ခရစ်တော်၏ကိုယ်ခန္ဓာတော်*ဟူသော ဝေါဟာရ

ကိုသိကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ ဖွင့်ပြခြင်းကိုပင် မြင်ကောင်းမြင်မည်ဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သောနှစ်ပေါင်းခုနစ်ဆယ့်နှစ်နှစ်အတွင်း၊ ကြာညောင်းလှသည့်အချိန်အတွင်းတွင် ကျွန်ုပ်တို့အတွင်းနှင့် ကျွန်ုပ်တို့အလယ်၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းကို အနည်းငယ်သာတွေ့မြင်ရကြောင်း ကျွန်ုပ်တို့ဝန်ခံရမည်ဖြစ်သည်။ ကျွန်ုပ်သည် ဖွင့်ပြခြင်းကိုလည်းကောင်း၊ ရူပါရုံကိုလည်းကောင်း ပြောဆိုနေခြင်းမဟုတ်ဘဲ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းကိုသာ ပြောဆိုနေခြင်းဖြစ်သည်။ ဤစစ်မှန်ခြင်းသည် မည်သည့်အဖွဲ့အစည်းမျိုးနှင့်သော်လည်းကောင်း၊ အဖွဲ့အစည်း၏သဘောသဘာဝ၌ရှိ မည်သည့်အရာနှင့်မျှသော်လည်းကောင်း လုပ်ဆောင်ခြင်းမျိုးမဟုတ်ပါ။ နည်းစနစ်သည် ရှင်သန်ခြင်းမဟုတ်သောကြောင့် ခရစ်တော်ကိုယ်ခန္ဓာတော်သည်လည်း နည်းစနစ်မဟုတ်ပါ။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် လုံးလုံးပင်ရှင်သန်မှုအပြည့်ရှိသောအရာဖြစ်သည်။ (*The Practical Points concerning Blending*, p.30)

ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အတွင်းပိုင်း၌ ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝကိုရရှိထားကာ၊ အပြင်ပိုင်း၌ ကိုယ်တော်၏ ပုံသဏ္ဍာန်တော်နှင့်တစ်ညီတည်းဖြစ်သော လူသားအုပ်စုတစ်စုကို ရရှိရန်ဖြစ်သည်။ ဤလူတစ်စုသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော စုပေါင်းထားသောအဆောက်အအုံဖြစ်ကာ၊ ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းအတွက် ကိုယ်တော်နှင့်တစ်လုံးတစ်ဝရှိပြီး၊ ကိုယ်တော့်ကို အသက်ရှင်ရန်ဖြစ်သည်။ ဘုရားသခင်သည် ကိုယ်ခန္ဓာတော်အားဖြင့်သာထင်ရှားခြင်းမဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်မှတစ်ဆင့် ဘုန်းထင်ရှားခြင်းရှိသည်။ ကိုယ်တော်သည် ဘုန်းထင်ရှားသောအခါ ကိုယ်တော်၏ ဘုန်းထင်ရှားခြင်း၌ ကိုယ်တော်၏ လူများသည်လည်း ဘုန်းထင်ရှားကြသည်။ ဤနည်းလမ်းဖြင့် ဘုရားသခင်နှင့်လူသည် ဘုန်းတော်၌ တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ သို့သော်လည်း ဘုရားသခင်နှင့်မည်သို့ပင်တစ်လုံးတစ်ဝဖြစ်စေကာမူ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဦးခေါင်းအရာကို ရယူမျှဝေခြင်းမရှိသလို နောက်လည်း မည်သောအခါမျှ ရယူမျှဝေမည်မဟုတ်ပါ။ လူသည် လူသာဖြစ်ပြီး၊ ဘုရားသခင်သည် ဘုရားသခင်ပင်ဖြစ်သည်။ (*Life-study of Jeremiah*, p.82)

ဒါဝိဒ်ကဲ့သို့ ဘုရားသခင်၏ စိတ်နှလုံးတော်နှင့်တွေ့ရုံ၊ အချို့ရိုးသားသောခရစ်ယာန်များကဲ့သို့ ဘုရား၏ အမြင်၌ ဖြောင့်မတ်ကာ ကောင်းမွန်ခြင်းရှိရုံမျှဖြင့် ခရစ်တော်ကို ပြည့်ဝစွာ ယူဆောင်ခြင်းနှင့် ကိုယ်တော်၌ရှိသော အခွင့်ထူးအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်းရှိရန် မတတ်စွမ်းစေနိုင်ပေ။ ကိုယ်တော့်ကို မွေ့လျော်ခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် ဘုရားသခင်နှင့်ခရစ်တော်၏ နိုင်ငံတော်ဖြစ်သည့် အသင်း

တော်ဖြစ်လာနိုင်မည်ဖြစ်သည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် ခရစ်တော်၏ အသေခံခြင်းသို့ သဏ္ဍာန်တူညီခြင်းသည် ဓမ္မသစ်အောင်မြင်သူများဖြစ်သော ကျွန်ုပ်တို့အဖို့ လိုအပ်နေသောအရာဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်နှင့်ဇာတိလူကို သေစေကာ၊ ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်အဖို့ အသက်ရှင်နိုင်မည်ဖြစ်သည်။ အသက်ရှင်သောခရစ်တော်၊ ကြီးမားထင်ရှားသောခရစ်တော်၊ အရာအားလုံးပါဝင်သော၊ အသက်ပေးသောဝိညာဉ်တော်၏ကြွယ်ဝစွာမစခြင်းအားဖြင့် ခရစ်တော်နှင့် အတူလှုပ်ရှားခြင်းနှင့် လုပ်ဆောင်ခြင်း၊ ဝိညာဉ်တော်၌၊ ဝိညာဉ်တော်အတိုင်း အရာခပ်သိမ်းကို လုပ်ဆောင်ခြင်းအသက်တာသည် ဘုရားသခင်၏ဓမ္မသစ်ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့အဖို့ မရှိမဖြစ်သောအရာပင်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားအသက်၏ပြေးပွဲ၌ အောင်နိုင်သူများဖြစ်ကာ အသင်းတော်အသက်တာ၌ ဘုရားပေးထားသော ကောင်းသောမြေဖြစ်သည့် ခရစ်တော်ကို ပြည့်ဝစွာ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံခြင်းအာရုံ၌ နိုင်ငံတော်ခေတ်ကာလတွင် ခရစ်တော်ကိုစားသောက်ခြင်းဆုလဒ်အား ဘုန်းထင်ရှားစွာ ရရှိမည်ဖြစ်သည်။ (*Life-study of 1&2 Kings*, pp.157-158)

ကိုယ်ခန္ဓာတော်သည် အသင်းတော်၏ပင်ကိုမူလပုံဆောင်ချက်ဖြစ်သည်။ ကိုယ်ခန္ဓာတော်မရှိပါက အသင်းတော်သည် အဓိပ္ပာယ်ရှိမည်မဟုတ်ပါ။ ကိုယ်ခန္ဓာတော်မရှိဘဲ အသင်းတော်သည် ယုတ္တိမရှိနိုင်ပါ။ သို့သော် ဟာလေလုယ၊ ယခု ကိုယ်ခန္ဓာတော်ရှိပြီ။ ကိုယ်ခန္ဓာတော်မရှိပါက အသင်းတော်သည် ယုတ္တိမရှိသော်လည်း ကိုယ်ခန္ဓာတော်ရှိလျှင် အသင်းတော်၏မူလပုံဆောင်ချက်ကို ရရှိပြီဖြစ်သည်။ အသင်းတော်နှင့် ကိုယ်ခန္ဓာတော် အကြားရှိခြားနားချက်မှာ အဘယ်နည်း။ ဘုရားသခင်၏ အသင်းတော်သည် ဘောင်ဖြစ်ပြီး၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ရှင်သန်သော ဖွဲ့စည်းမှုဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရန်လိုအပ်သည်။ (*The Issue of the Divine Dispensing of the Processed Trinity and the Transmitting of the Transcending Christ*, p.91)

*ပို၍ဖတ်ရန်* – *The Practical Points concerning Blending*, chs. 4-5; *Life-study of Jeremiah*, msg. 12

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————————————————————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ မေတ္တာ၌ သမ္မာတရားကိုကိုင်စွဲသဖြင့်၊ ဦးခေါင်းတော်တည်းဟူသော ခရစ်**
**၄း၁၅ တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့် အကြောင်းတည်း။**
**ကော၊ အကြောင်းမူကား၊ ထိုသူတို့သည် ဦးခေါင်းတော်ကိုကိုင်စွဲခြင်းမပြုကြ။ ဦး**
**၂း၁၉ ခေါင်းတော်မှ ခန္ဓာတော်တစ်ကိုယ်လုံးသည် အဆစ်အပိုင်းအမျှင်များ အားဖြင့် ကြွယ်ဝစွာအားဖြည့်ထုံးဖွဲ့လျက်၊ ဘုရားသခင်၏ကြီးထွားခြင်းနှင့် အညီ ကြီးထွားတတ်၏။**

ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် သုံးပါးတစ်ပါးဘုရားနှင့် ခရစ်တော်၌ယုံကြည်သူများ၏ ဘုရားဆိုင်ရာ စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်သည်။ ဧ၊၄း၄–၆ တွင် ဘုရားဆိုင်ရာပုဂ္ဂိုလ်သုံးပါးနှင့် ကိုယ်တော်၏ ရွေးချယ်ခံလူများစေ့စပ်ထုံးဖွဲ့ခြင်းကို မြင်ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့၌ ကိုယ်ခန္ဓာတော်တစ်ကိုယ်၊ ဝိညာဉ်တော်တစ်ဝိညာဉ်၊ သခင်တစ်ပါး၊ ဘုရားသခင်နှင့်ခမည်းတော်တစ်ပါးတည်း အတူတကွ ရောနှောပေါင်းစည်းခြင်းကို ရရှိကြသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးနှင့် ကိုယ်တော်၏ ရွေးချယ်ခံလူများ၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ၎င်းသည် ဘုရားဖြစ်ခြင်းနှင့် လူသားဖြစ်ခြင်းတို့ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ရှင်သန်သောဖွဲ့စည်းမှုဖြစ်သည်။ တစ်ဘက်တွင် ၎င်းသည် ဘုရားဆိုင်ရာဖြစ်သည်။ အခြားတစ်ဘက်တွင် ၎င်းသည် ပြည့်စုံသောဘုရားနှင့် စုံလင်သောလူသားဖြစ်သည့် ဘုရားနှင့်လူတည်းဟူသော ခရစ်တော်ကိုထင်ရှားရန် လူသားဆိုင်ရာဖြစ်သည်။ (*The Issue of the Divine Dispensing of the Processed Trinity and the Transmitting of the Transcending Christ*, pp.92-93)

## *ယနေ့ဖတ်စရာ*

ကိုယ်ခန္ဓာတော်၏ ကြီးထွားမှုသည် ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်မှထွက်ပေါ်လာသည့်အရာအပေါ် မူတည်သည်။ ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်မှ ထွက်လာသောမစမှုကို လက်ခံရရှိခြင်းမရှိပါက ကိုယ်ခန္ဓာတော်သည် ကြီးထွားနိုင်မည်မဟုတ်ပါ။ သို့သော် ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်ကို ကိုင်စွဲခြင်းဖြင့် မစခံရသောအခါ ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ ကြီးထွားခြင်းနှင့်အညီ ကြီးထွားသည်။ ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်မှ ကြီးထွားခြင်းရှိသည်၊ အကြောင်းမှာ မစခြင်းအားလုံးသည် ဦးခေါင်းတော်မှလာခြင်းဖြစ်သည်။ (*The Conclusion of the New Testament*, p.2267)

ကျွန်ုပ်တို့က အသင်းတော်သည် ရှင်သန်သောအရာဖြစ်သည်ဟု ပြောဆိုသောအခါ

ကျွန်ုပ်တို့၏ ဇာတိအသက်ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကို ဆိုလိုခြင်းမဟုတ်ပါ။ ထိုအစား ၎င်းသည် ခရစ်တော်ကိုယ်တော်တိုင်တည်းဟူသော ကျွန်ုပ်တို့၏ ဝိညာဉ်၌ရှိသည့် အသက်ဖြင့်ဖွဲ့စည်းထားသော ဖွဲ့စည်းမှုဖြစ်သည်။ ရှင်ပြန်ထမြောက်သောခရစ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်သည်။ ဤဝိညာဉ်တော်သည် ကိုယ်တော်ကိုလက်ခံသော ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့၌ တူညီသောအသက်နှင့် တူညီသောဝိညာဉ်ရှိကြသည်။ ဤတစ်ခုတည်းသောအသက်၌ ကျွန်ုပ်တို့သည် ရှင်သန်သောဖွဲ့စည်းမှု၊ တစ်ခုတည်းအဖြစ် အတူတကွပေါင်းစည်းခြင်းရှိကြသည်။ ယခုပြဿနာမှာ ကျွန်ုပ်တို့အတွင်း၌ အသက်နှစ်ခုရှိနေခြင်းဖြစ်သည်။ တစ်ခုသည် မူလဇာတိအသက်ဖြစ်၍၊ အခြားတစ်ခုမှာ ကျွန်ုပ်တို့၏ အသက်ဖြစ်သည့် သခင်ယေရှုဖြစ်သည်။ ကျွန်ုပ်တို့ မည်သည့်အသက်ဖြင့် အသက်ရှင်နေသနည်း။ ကျွန်ုပ်တို့၏ ဇာတိအသက်ဖြင့် အသက်ရှင်ပါက ကျွန်ုပ်တို့သည် အသင်းတော်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ခရစ်တော်ရှင်ထွက်ခြင်းအတိုင်း အသက်ရှင်ပါက ကျွန်ုပ်တို့သည် အသင်းတော်ဖြစ်သည်။ အသင်းတော်သည် ကျွန်ုပ်တို့အားလုံး၌ရှိသော ခရစ်တော်ကိုယ်တော်ဖြစ်သည်။ ခရစ်တော်သည် မိမိကိုယ်တိုင်၌သာဆိုလျှင် ကိုယ်တော်သည် ခရစ်တော်မျှသာဖြစ်သည်။ ကိုယ်တော်သည် သန့်ရှင်းသူများအထဲသို့ဝင်ရောက်ကာ သန့်ရှင်းသူများဖြင့် အသက်ရှင်သောအခါ၊ သန့်ရှင်းသူများအတွင်း၌ရှိသောခရစ်တော်သည် အသင်းတော်ဖြစ်လာသည်။ အသင်းတော်၏ စစ်မှန်ခြင်းမှာ ကျွန်ုပ်တို့၌ ခရစ်တော်အသက်ရှင်နေခြင်းပင်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကိုတည်ဆောက်ရန် သော့ချက်မှာ ခရစ်တော်ကို အသက်ရှင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ ဇာတိအသက်၌ အသက်ရှင်သောအခါ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် တည်ဆောက်ခြင်းမခံရပါ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ ဇာတိအသက်ကို ငြင်းပယ်ကာ ဘေးဖယ်ထားရမည်ဖြစ်သည်။ ဤနည်းလမ်းဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့အတွင်း၌ နေရာမှန်ကို ရရှိမည်ဖြစ်ကာ တစ်နေ့ပြီးတစ်နေ့ ကြီးထွားနိုင်မည်ဖြစ်သည်။ ဤသည်မှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့အတွင်းရှိ ခရစ်တော်၏ ကြီးထွားခြင်း အားဖြင့် ကြီးထွားကာ ဤနည်းလမ်းဖြင့် တည်ဆောက်ခံရသည်။ (*The Economy of God and the Building Up of the Body of Christ*, pp.66-67)

ဧ၄း၁၅ မှ "ဦးခေါင်း"ဟူသောစကားလုံးသည် ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့၏ အသက်၌ကြီးထွားခြင်းသည် ဦးခေါင်းတော်အောက်ရှိ ကိုယ်ခန္ဓာတော်၌ အင်္ဂါဝင်များ၏ ကြီးထွားခြင်းဖြစ်ရမည်ကို ရည်ညွှန်းထားသည်။ ဦးခေါင်းတော်အထဲသို့ ကြီးထွားရန်မှာ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ အမှန်ပင်ရှိရမည်ဖြစ်သည်။

အငယ် ၁၆ ၌ ပေါလုက "ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသော အားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီး ကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှါ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏"ဟု ဆက်လက်ပြောဆိုထားသည်။ အသက်၌ ကျွန်ုပ်တို့ကြီးထွားခြင်းသည် ဦးခေါင်းတော်၊ ခရစ်တော်အထဲသို့ ကြီးထွားရန်ဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့လှုပ်ရှားလုပ်ဆောင်ခြင်းသည် ကိုယ်တော်မှထွက်ပေါ်လာသော လုပ်ဆောင်မှုဖြစ်ရမည်ဖြစ်သည်။ ရှေ့ဦးစွာ ကျွန်ုပ်တို့သည် ဦးခေါင်းတော်အထဲသို့ ကြီးထွားကြသည်။ ထို့နောက် ဦးခေါင်းတော်မှ ထွက်ပေါ်လာသောအရာ တစ်စုံတစ်ခုကို ကျွန်ုပ်တို့ရရှိကြသည်။ (*The Conclusion of the New Testament*, p.2492)

ဧ၊၄း၁၅ မှ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ကိုယ်ပိုင်မေတ္တာမဟုတ်ဘဲ ခရစ်တော်၌ ဘုရားသခင်၏ မေတ္တာတော်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၌ ခရစ်တော်၏ မေတ္တာတော်ဖြစ်လာကာ၊ ယင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်ချင်းများကို ချစ်ကြသည်။ ထိုသို့သောမေတ္တာဖြင့် ခရစ်တော်နှင့်ကိုယ်ခန္ဓာတော်တည်းဟူသော သမ္မာတရားကို ကျွန်ုပ်တို့စွဲကိုင်ကာ၊ ခြားနားသောဩဝါဒလေတည်းဟူသော သွန်သင်ခြင်းများသက်ရောက်ခြင်းနှင့် ခန္ဓာတော်မှဝေးကွာခြင်းကိုဖြစ်စေမည့်အရာများမှ ထိန်းသိမ်းကာကွယ်ပေးပါသည်။ (ဧ၊၄း၁၅ မှတ်စု ၂)

*ပို၍ဖတ်ရန်* – *The Issue of the Divine Dispensing of the Processed Trinity and the Transmitting of the Transcending Christ*, chs.6-7; *The Economy of God and the Building Up of the Body of Christ*, ch.6

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ဂါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့။ ဂုဏ်တော်ကို ချီးမွမ်းကြကုန်အံ့။**
**၁၉း၇ အကြောင်းမူကား၊ သိုးသူငယ်၏မင်္ဂလာဆောင်ပွဲခံချိန်ရှိပြီ။ ကိုယ်တော်၏မိန်းမသည် ကိုယ်ကိုအဆင်သင့်ဖြစ်စေပြီ။**
**၂၁း၉ လာခဲ့ပါ။ သိုးသူငယ်၏သတို့သမီး၊ ဇနီးကို ငါပြမည်ဟု ပြောဆိုလျက်၊**

ယနေ့ သခင်ဘုရားလှုပ်ရှားမှု၏ဦးတည်ရာသည် ဒုတိယအနေဖြင့် ရွေးနုတ်ပေးသောဘုရားသခင်နှင့် ကိုယ်တော်၏ ရွေးနုတ်ခံလူများ၏ ထာဝရလက်ထပ်ပွဲ (ဗျာ၊၁၉း၇–၇)၊ စကြဝဠာဆိုင်ရာလက်ထပ်ပွဲအတွက် ကိုယ်တော်(သတို့သား)၏ အဖော်အဖက်အဖြစ် (ယော၊၃း၂၉–၃၀) အသင်းတော်တည်းဟူသော သတို့သမီးကို ပြင်ဆင်ရန်ဖြစ်သည် (ဗျာ၊၂၂း၁၇။ ၂၁း၁–၂၊၉ခ–၁၀)။ ဤစကြဝဠာဆိုင်ရာလက်ထပ်ပွဲကို အစ္စရေးလူမျိုးနှင့်အတူ သူတို့၏ ရွေးနုတ်ရှင်ဘုရားသခင်၏ ပေါင်းစည်းခြင်း (ဟေရှာ၊၅၄း၅။ ဟော၊ ၂း၁၉) ဖြင့် ဖော်ညွှန်းထားကာ၊ ဓမ္မသစ်ကျမ်း၌ ရှင်းလင်းစွာ ဖွင့်ပြထားသည် (ဧ၊၅း ၂၅–၂၇၊၃၂)။
(*Elders' Training, Book 10: The Eldership and the God-ordained Way (2)*, p.30)

## ယနေ့ဖတ်စရာ

သိုးသငယ်၏ မင်္ဂလာဆောင်ပွဲသည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်း ပြီးပြည့်စုံခြင်း၏ ရလဒ်ဖြစ်သည်။ ဘုရားသခင်၏ စီမံကိန်းသည် ကိုယ်တော်၏ ရွေးနုတ်ခြင်းနှင့် ဘုရားအသက်အားဖြင့် အသင်းတော်တည်းဟူသော သတို့သမီးကို ခရစ်တော်အဖို့ရယူရန်ဖြစ်သည်။ ရာစုများတစ်လျှောက်လုံး၌ သန့်ရှင်းသောဝိညာဉ်တော်၏ အဆက်မပြတ် လုပ်ဆောင်ခြင်းအားဖြင့် ဤပန်းတိုင်သည် ဤခေတ်ကာလ၏ အဆုံးတွင် ရောက်ရှိအောင်မြင်လိမ့်မည်ဖြစ်သည်။ ထို့နောက် အောင်မြင်သောယုံကြည်သူများပါဝင်သော သတို့သမီးသည် အဆင်သင့်ဖြစ်လိမ့်မည်ဖြစ်သည်။

ခရစ်တော်၏ အဖော်အဖက်ဖြစ်သည့် အသင်းတော်သည် ကျေနပ်နှစ်သိမ့်ခြင်းနှင့် မေတ္တာ၌ နားခိုခြင်းကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည် အသင်းတော်ဖြစ်သည်ဟု ပြောဆိုလျှင် ခရစ်တော်သည် ကျွန်ုပ်တို့အကြားတွင် နားခိုခြင်းရှိပါသလားဟု မေးမြန်းရမည်ဖြစ်သည်။ ဤအရာသည် အရေးကြီးသောအကြောင်းအရာဖြစ်သည်။ ခရစ်ယာန်အုပ်စုတစ်စုသည် မိမိတို့ကိုယ်ကို အသင်းတော်ဖြစ်သည်ဟု အလျင်စလို မပြောဆိုသင့်ပေ။ အသင်းတော်အဖြစ်ရှိရန် လုံလောက်သောကျေနပ်နှစ်သိမ့်ခြင်းနှင့် မေတ္တာ၌ နားခိုခြင်းကို ခရစ်တော်အားပေးအပ်ရမည်ဖြစ်သည်။ ခရစ်တော်သည် ထိုသို့သော အဖော်အဖက်

ကို လိုအပ်သည်။ အသင်းတော်သည် ဘုရားသခင်ခေါ် တော်မူသောသူများ၏ စုဝေးခြင်း မျှသာမဟုတ်ပေ။ ခရစ်တော်၏ အဖော်အဖက်ဖြစ်သည့် အသင်းတော်သည် မေတ္တာ၌ ခရစ်တော်အဖို့ ကျေနပ်နှစ်သိမ့်ခြင်းနှင့် နားခိုခြင်းဖြစ်သည်။

ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အသင်းတော်သည် ယေရုရှလင်မြို့သစ်တွင် ပြီး မြောက်ပြည့်စုံရန်ဖြစ်သည်။ တမန်တော်များ အားဖြင့် ကိုယ်စားပြုထားသော အသင်း တော်၏ အင်္ဂါဝင်များအဖြစ် အသစ်မွေးဖွားကာ စုံလင်ခြင်းခံရသည့် ယုံကြည်သူအားလုံး သည်(ဗျာ၊ ၂၁း၁၄) ယေရုရှလင်မြို့သစ်၏ ပါဝင်သောအရာများဖြစ်သည်။ ကျေးဇူးတော် ကာလပြီးနောက် နိုင်ငံတော်ခေတ်ကာလ ရောက်ရှိလာမည်ဖြစ်သည်။ ဤခေတ်ကာလ အတွင်း ဓမ္မဟောင်းမှအောင်မြင်သောသူများနှင့် ဓမ္မသစ်မှအောင်မြင်သောသူများ အပါ အဝင် စုံလင်ခြင်းခံရသူများ အားလုံးသည် ယေရုရှလင်မြို့သစ်ဖြစ်လာရန် အောင်မြင်သူ အားလုံးစုပေါင်းခြင်းဖြစ်လာမည်ဖြစ်သည်။ သူတို့သည် အစပြုခြင်းအဆင့်ဖြစ်သော အနှစ်တစ်ထောင်ကာလတွင် ယေရုရှလင်မြို့သစ်ဖြစ်လိမ့်မည်ဖြစ်သည်။ ဤအဆင့် အတောအတွင်း ယေရုရှလင်မြို့သစ်သည် ခရစ်တော်၏ သတို့သမီးဖြစ်လိမ့်မည်ဖြစ်သည်။ (*The Conclusion of the New Testament*, pp.2424, 2276, 2542)

ဘုရားသခင်အလိုရှိသောအရာမှာ အောင်မြင်သူများ၏ စုပေါင်းခြင်းဖြစ်သော ယေရုရှလင်မြို့သစ်ဖြစ်သည်။ နောက်ဆုံးတွင် အောင်မြင်သူများအားလုံးသည် အနှစ် တစ်ထောင်ကာလတွင် ၎င်း၏ အစပြုခြင်းနှင့်သစ်လွင်သောအဆင့်၌ ယေရုရှလင်မြို့သစ် တည်းဟူသော ခရစ်တော်၏ သတို့သမီးဖြစ်လိမ့်မည်ဖြစ်သည်။ ဤအနှစ်တစ်ထောင်သည် မင်္ဂလာဆောင်နေ့ရက်၊ တစ်ရက်တည်း(၂ပေ၊၃း၈)အဖြစ် မှတ်ယူမည်ဖြစ်သည်။ ဤအ ရာသည် ခရစ်တော်၏ သတို့သမီးဖြစ်သော ယေရုရှလင်မြို့သစ်၏ အစပြုခြင်းနှင့် သစ်လွင် ခြင်းအဆင့်ဖြစ်လိမ့်မည်ဖြစ်သည်။

နောက်ဆုံးတွင် ယုံကြည်သူများအားလုံးသည် အနှစ်တစ်ထောင်နိုင်ငံတော်ထက် ပို၍ကြီးမားသော ယေရုရှလင်မြို့သစ်ကိုဖြစ်စေရန် အောင်မြင်သောသူများနှင့်အတူ ပေါင်းစည်းသွားမည်ဖြစ်သည်။ ယင်းသည် ထာဝရကာလအတွက် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ဘုရားသခင်၏ တဲတော်နှင့် ခရစ်တော်၏ ဇနီးအဖြစ် ယေရုရှလင်မြို့သစ် ကိုပြည့်ဝစွာ ပြီးမြောက်ပြည့်စုံစေမည်ဖြစ်သည်။ (*The Overcomers*, pp.104-105)

ဗျာ၊၁၉း၇ နှင့် ၉ အရ ခရစ်တော်၏ သတို့သမီး၊ ဇနီးသည် အငယ် ၇ ၌ မိလေနိ ကာလအတွင်းရှိ အောင်မြင်သောယုံကြည်သူများသာ ပါဝင်သော်လည်း၊ ဗျာ၊ ၂၁း၂ ရှိ သတို့သမီး၊ ဇနီးသည် မိလေနိကာလပြီးနောက် ထာဝရကာလတွင် ကယ်တင်ခံရသည့်

သန့်ရှင်းသူများအားလုံးဖြင့် ဖွဲ့စည်းထားသည်။ ၁၉း၇ ရှိ သတို့သမီး၏ အဆင်သင့်ဖြစ်မှုသည် အောင်မြင်သောသူများ၏ အသက်၌ကြီးရင့်ခြင်းအပေါ် တွင်မူတည်သည်။

*ရင့်ကျက်ခြင်းဟူသော*စကားလုံး၏ ဂရိဘာသာ၌ အဓိပ္ပာယ်မှာ "အဆုံးစွန်သို့"ဟု အဓိပ္ပာယ်ရသည်။ ရှင်သန်သောဖွဲ့စည်းမှုကို ဖော်ပြရန် အသုံးပြုသောအခါ ယင်းသည် ပြည့်စုံခြင်း၊ ပြည့်ဝစွာကြီးထွားခြင်း၊ ရင့်ကျက်ခြင်းကို ရည်ညွှန်းသည်။ ဤစကားလုံးကို ဓမ္မသစ်ကျမ်း၌ အကြိမ်များစွာ အသုံးပြုထားပြီး၊ ယုံကြည်သူများသည် အသစ်မွေးဖွားခံရသောအချိန်က သူတို့ရရှိထားသည့် ဘုရား၏ အသက်၌ ပြည့်ဝစွာ ကြီးထွားခြင်း၊ ရင့်ကျက်ခြင်း၊ စုံလင်ခြင်းရှိခြင်းကို ရည်ညွှန်းထားသည်။ ၎င်းက ကျွန်ုပ်တို့အသစ်မွေးဖွားခံရသောအချိန်တွင် ဘုရားအသက်ကို လက်ခံရရှိကြသော်လည်း အသစ်မွေးဖွားပြီးနောက် ဤအသက်၌ စုံလင်ခြင်းသို့ ဆက်လက်ကြီးထွားရန်၊ ရင့်ကျက်ရန် လိုအပ်နေဆဲဖြစ်ကြောင်းကို ဖော်ပြနေသည်။ (*Life Lessons*, vol.4. p. 69)

*ပို၍ဖတ်ရန်* – *The Overcomers*, ch.6; *The Conclusion of the New Testament*, msgs. 226-229

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ သူမသည် သန့်ရှင်းလျက်၊ အပြစ်တင်ခွင့်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်**
**၄း၃–၄ အကြေးတင်ခြင်း သို့မဟုတ် အရေတွန့်ခြင်း သို့မဟုတ် ထိုသို့သောအရာ**
**များနှင့်ကင်းလွတ်သဖြင့်၊ ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော်ကို**
**ခရစ်တော်သည် မိမိကိုယ်တော်တိုင်ထဲသို့ ဆက်သနိုင်မည်ဖြစ်သည်။**
**ဗျာ၊ သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်**
**၂၁း၂ ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရား**
**သခင့်အထံတော်၊ ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါမြင်၏။**

ဧ၊၄ ရှိ ပေါလု၏ သဘောထားသည် ယနေ့ ခရစ်ယာန်လောကရှိ သဘောထားနှင့် လုံးလုံး ကွဲပြားခြားနားသည်။ ဤအခန်းရှိ အခြေခံသဘောထားမှာ ကျွန်ုပ်တို့သည် ကြီးရင့်သောလူအဖြစ်သို့ရောက်သည့်တိုင် ကြီးရင့်ခြင်းဖြစ်သည်။ ကလေးများ၏ ကြီးထွားမှုသည် သွန်သင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ ကျွေးမွေးခြင်းအားဖြင့်ဖြစ်ကြောင်းကို မိခင်တိုင်းကသိကြသည်။ ကျွန်ုပ်တို့သည် ကြီးရင့်သောလူအဖြစ်သို့ရောက်သောအခါ၊ ဝိညာဉ်ရေးရာ၌ ကလေးသူငယ်များမဖြစ်တော့ပေ။ လူသားဘက်မှကြည့်လျှင် အဓိကလိုအပ်ချက်မှာ ဩဝါဒမဟုတ်ဘဲ၊ ကြီးထွားခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့သည် ကြီးရင့်သောလူအဖြစ်သို့ ရောက်ရှိသည့်တိုင် ကြီးထွားရန်လိုအပ်သည်။

အငယ်၊၁၅ တွင် ပေါလုက ကျွန်ုပ်တို့သည် ကျမ်းစာ၏ ဩဝါဒကိုသိကျွမ်းခြင်းအထဲသို့ ကြီးထွားရမည်ဟု မပြောဆိုထားပေ။ ဆန့်ကျင်ဘက်အနေဖြင့် သူက ကျွန်ုပ်တို့သည် ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ ကြီးထွားခြင်းရှိရန် ပြောဆိုထားသည်။ ဤအရာက ဘုရားသခင်၏ စီမံကိန်းပြီးမြောက်ပြည့်စုံစေရန် လူသားဘက်မှ လိုအပ်ချက်မှာ ကြီးထွားခြင်းဖြစ်ကြောင်းကို ဖော်ပြနေသည်။ (*Life-study of Ephesians*, pp.747-748)

## ယနေ့ဖတ်စရာ

သိုးသငယ်ဖြစ်သော ခရစ်တော်သည် မင်္ဂလာဆောင်ရန် လိုအပ်သည်။ ယောဟန်ခရစ်ဝင်ကျမ်းက ခရစ်တော်သည် အပြစ်ကို ယူဆောင်သွားသောသိုးသငယ်(၁း ၂၉)နှင့် သတို့သမီးကို ရယူရန်ကြွလာသော သတို့သားဖြစ်ကြောင်း ဖွင့်ပြထားသည်။ ခရစ်တော်၏ ပန်းတိုင်သည် အပြစ်ကိုဖယ်ရှားရန်မဟုတ်ဘဲ၊ သတို့သမီးကိုရရှိရန်ဖြစ်သည်။ ဗျာဒိတ်ကျမ်း၌ ခရစ်တော်သည် သိုးသငယ်ဖြစ်ကာ အောင်မြင်သူများသည် သတို့သမီးဖြစ်ကြောင်းမြင်ရသည်။ သတို့သားဖြစ်သောကိုယ်တော်သည် မင်္ဂလာဆောင်ပွဲရှိရမည်ဖြစ်သည်။

ဗျာ၊၁၉း၇ခ က "ကိုယ်တော်၏မိန်းမသည် ကိုယ်ကိုအဆင်သင့်ဖြစ်စေပြီ"ဟု ပြောဆိုထားသည်။ သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်းသည် အောင်မြင်သူများ၏ အသက်၌ရင့်ကျက်ကြီးထွားခြင်းအပေါ် မူတည်သည်။ ထို့ထက်မက အောင်မြင်သူများသည် သီးခြားစီခွဲခြားထားခြင်းမဟုတ်ဘဲ၊ စုပေါင်းထားသော သတို့သမီးဖြစ်သည်။ ဤအတွက်ကြောင့် တည်ဆောက်ခြင်းကို လိုအပ်သည်။ အောင်မြင်သူများသည် အသက်၌ကြီးရင့်ခြင်းရှိရုံသာမက သတို့သမီးတစ်ဦးအဖြစ် အတူတကွတည်ဆောက်ခြင်းခံရန်လည်း လိုအပ်သည်။ (*The Conclusion of the New Testament*, p.2278)

ဘုရားသခင်ပြင်ဆင်ထားပေးသော ပရဒိသုဘုံရှိသည်ကို ကျွန်ုပ်တို့ ယုံကြည်ပါသည်၊ သို့သော်လည်း ကျွန်ုပ်တို့ကောင်းစွာ နားလည်သိမြင်ကာ မှတ်မိနေရမည်မှာ ကျမ်းစာတစ်အုပ်လုံး၌ ဘုရားဆိုင်ရာစဉ်းစားခြင်းမှာ ဘုရားသခင်သည် ရုပ်ပိုင်းဆိုင်ရာကိန်းဝပ်နေရာကို ရှာဖွေခြင်းမဟုတ်ကြောင်းပင်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာကိန်းဝပ်ရာနေရာသည် ဘုရားသခင်ကို မည်သောအခါမျှ ကျေနပ်နှစ်သိမ့်မှုမပေးနိုင်ပါ။ ကျမ်းစာ၏ အလယ်ဗဟိုနှင့် ဘုရားဆိုင်ရာစဉ်းစားခြင်းမှာ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်နှင့် လူသားဇာတိတို့ရောနှောပေါင်းစည်းထားသည့် ဘုရားဆိုင်ရာအဆောက်အအုံကို ရှာဖွေနေခြင်းဖြစ်သည်။ ကိုယ်တော်သည် ရွေးနုတ်ခြင်းအားဖြင့် မိမိကိုယ်တော်တိုင်နှင့်ရောနှောပေါင်းစည်းနေသော အသက်ရှင်သောပုဂ္ဂိုလ်များ၏ ရှင်သန်သောပေါင်းစည်းခြင်းကို ရှာဖွေနေခြင်းဖြစ်သည်။

ဖန်ဆင်းခြင်းပြီးနောက် ဘုရားသခင်သည် ဘုရားဆိုင်ရာတည်ဆောက်ခြင်းအလုပ်ကို စတင်ကာ၊ ဆက်လက်လုပ်ဆောင်ခဲ့သည်။ ယနေ့ပင်လျှင် ဘုရားသခင်သည် မိမိကိုယ်တော်တိုင် လူနှင့်ရောနှောပေါင်းစည်းရန် ဘုရားဆိုင်ရာတည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်နေဆဲဖြစ်သည်။ ကျွန်ုပ်တို့၏ ဧဝံဂေလိဟောပြောခြင်းသည် စိတ်များကိုကယ်တင်ခြင်း သို့မဟုတ် ငရဲမှကယ်တင်ခြင်းအတွက်မျှသာမဟုတ်ဘဲ၊ ဘုရားသခင်ကိုယ်တော်တိုင်ကို ဝိညာဉ်တော်မှတစ်ဆင့် လူအထဲသို့ အမှုဆောင်ပေးကာ ဘုရားသခင်သည် လူနှင့်အတူရောနှောပေါင်းစည်းရန်ဖြစ်သည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာတည်ဆောက်ခြင်းအတွက် ကိရိယာတန်ဆာပလာများကို ရရှိနိုင်မည်ဖြစ်သည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် ခရစ်တော်ကို သန့်ရှင်းသူများထံအမှုဆောင်ပေးခြင်းမှာ သူတို့အား ခရစ်တော်နှင့်အတူ ပေါင်းစည်းကာ တည်ဆောက်ခြင်းခံစေရန်အတွက်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့လုပ်ဆောင်နေခြင်း၏ နောက်ကွယ်မှ အခြေခံနှင့်အလယ်ဗဟို စဉ်းစားခြင်းဖြစ်သည်။ (*The Building of God*, p.13)

ဖေက်၊၅ တွင် အသင်းတော်အား ခရစ်တော်ထံသို့ ဆက်သခြင်းကို ကျွန်ုပ်တို့မြင်ရသည်။ ဤဆက်သခြင်း၌ အသင်းတော်သည် လူသစ်တစ်ဦးမဟုတ်ဘဲ သတို့သမီးဖြစ်လိမ့်မည်ဖြစ်သည်။ လူသစ်အနေဖြင့် အသင်းတော်သည် လှုပ်ရှားလုပ်ဆောင်မှု လိုအပ်သည်။ သို့သော် သတို့သမီးအနေဖြင့် အသင်းတော်သည် လှပမှုကို လိုအပ်သည်။ အခန်း ၄ရှိ ကြီးထွားခြင်းသည် လူသစ်၏ လှုပ်ရှားလုပ်ဆောင်မှုဖြစ်ပြီး၊ အခန်း၅ ရှိ လှပမှုသည် သတို့သမီးကို ဆက်သခြင်းအတွက်ဖြစ်သည်။

ယခု ခရစ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ သတို့သမီးဖြစ်စေရန် ပြင်ဆင်နေသည်။ ကိုယ်တော်သည် သတို့သမီးကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သမည့်အချိန်သည် ရောက်လုနီးပြီဖြစ်သည်။ ခရစ်တော်ထံ သူမကို ဆက်သခြင်းအချိန်၌ သတို့သမီးသည် အရေတွန့်ခြင်း သို့မဟုတ် အညစ်အကြေးတင်ခြင်းတို့ဖြင့် အမှန်ပင် ကင်းလွတ်လိမ့်မည်ဖြစ်သည်။ ခရစ်တော်သည် သူ၏ သတို့သမီး၌ မည်သည့်အရာကိုမျှမမြင်ဘဲ၊ လှပခြင်းကိုသာမြင်မည်ဖြစ်သည်။ ဤလှပခြင်းသည် ကိုယ်တော်၏ ဖြစ်ခြင်းကို ရောင်ပြန်ဟပ်ခြင်းဖြစ်သည်။ သတို့သမီး၏ လှပခြင်းသည် မည့်သည့်နေရာမှလာသည်ကို သင်သိပါသလား။ ၎င်းသည် အသင်းတော်အထဲသို့ ယူဆောင်ထားသော၊ အသင်းတော်မှတစ်ဆင့် ထင်ရှားသော ခရစ်တော်ကိုယ်တိုင်မှဖြစ်သည်။ ကျွန်ုပ်တို့၏ လှပခြင်းသည် ကျွန်ုပ်တို့၏ အပြုအမူမဟုတ်ပါ။ ကျွန်ုပ်တို့၏ တစ်ခုတည်းသောလှပခြင်းမှာ ခရစ်တော်၏ ရောင်ပြန်ဟပ်ခြင်း၊ ကျွန်ုပ်တို့အတွင်းမှ ခရစ်တော်ထွန်းလင်းလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ ခရစ်တော်အား ရန့်စ်သက်သောအရာသည် ကျွန်ုပ်တို့၌ မိမိကိုယ်တော်တိုင်ထင်ရှားခြင်း ဖြစ်သည်။ ဤအရာမှလွဲ၍ မည်သည့်အရာမှ ကိုယ်တော်၏ စံနှုန်း သို့မဟုတ် ကိုယ်တော်၏ အားရန့်စ်သက်ခြင်းကို ဖြည့်ဆည်းနိုင်မည်မဟုတ်ပါ။ (*Life-study of Ephesians*, pp.798, 800)

*ပို၍ဖတ်ရန်* – *Life-study of Ephesians*, msgs. 89, 95; *The Building of God*, ch.1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——— ————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁ပေ၊ သင်တို့သည် ဖေါက်ပြန်ပျက်စီးတတ်သောမျိုးစေ့အားဖြင့်မဟုတ်၊**
**၁း၂၃ မဖေါက်ပြန်မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အသစ်မွေးဖွားခံရကြ၏။**

**၂ပေ၊ ငါတို့သခင်နှင့်ကယ်တင်ရှင်ယေရှုခရစ်၏ ထာဝရနိုင်ငံတော်အထဲသို့**
**၁း၁၁ ဝင်စားခြင်းအခွင့်ကို သင်တို့အား ကြွယ်ဝရက်ရောစွာပေးသနားတော်မူလတံ့။**

ယနေ့ သခင်ဘုရားလှုပ်ရှားမှု၏ဦးတည်ရာသည် တတိယအနေဖြင့် ခရစ်တော်တည်းဟူသော ဘုရားအသက်၏ ပျံ့နှံ့ခြင်းဖြစ်သည့် ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာရန်ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်သည် အမှန်တွင် အသင်းတော်ခေတ်၌ ယုံကြည်သူများအထဲသို့ စိုက်ပျိုးခံရသည့် အသက်၏ မျိုးစေ့ဖြစ်သော ခရစ်တော်ကိုယ်တော်တိုင်ဖြစ်ပြီး (လု၊၁၇း၂၁။ မာ၊၄း၃၊၈၊၂၆)၊ ကိုယ်တော်ပြန်ကြွလာခြင်း၌ ယူဆောင်လာမည်ဖြစ်သော (လု၊၁၉း၁၂၊၁၅က။ ဗျာ၊၁၁း၁၅) လာမည့် ဘုရားသခင်၏ နိုင်ငံတော်တည်းဟူသောကြီးမားကျယ်ပြန့်ခြင်းဖြစ်လာရန် ကိုယ်တော်၏ တိုးပွားခြင်း၌(ယော၊၃း၃၀) တိုးပွားပျံ့နှံ့လာသည်။ ဤအရာကို ဒံ၊၂း၃၄–၃၅ ၌ ဖွင့်ပြထားသည့် ကြီးမားသောတောင် (မိလေနီနိုင်ငံတော်) ဖြစ်လာသော ကျောက်(ခရစ်တော်)ဖြင့် ပုံဆောင်ထားသည်။ ဤရောက်လာမည့်၊ ကြီးမားကျယ်ပြန့်သော ဘုရားသခင်၏ နိုင်ငံတော်သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ဘုရားသခင်၏ စကြဝဠာဆိုင်ရာ အုပ်စိုးခြင်းဖြစ်လာမည်ဖြစ်ပြီး၊ထာဝရကာလ၌ ဘုရားသခင်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံသော အိမ်ထောင်စုဆိုင်ရာစီမံခန့်ခွဲခြင်းအဖြစ် ခရစ်တော်၌ ဘုရားသခင်၏ ထာဝရစီမံကိန်းပြီးပြည့်စုံခြင်းတွင် ဘုရားသခင်၏ ထာဝရစီမံခန့်ခွဲခြင်းအတွက်ဖြစ်သည်။

ဘုရားသခင်နှင့် ခရစ်တော်နှစ်ပါးစလုံးသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်ဆောက်ခံရခြင်း၊ သတို့သမီး၏ ပြင်ဆင်ခြင်း၊ နိုင်ငံတော်ယူဆောင်လာခြင်းတို့ကို မြင်ရန် အလွန်တောင့်တပြီး၊ ခရစ်တော်သည် ကိုယ်ခန္ဓာတော်ကို ရရှိခြင်း၊ ခရစ်တော်သည် သတို့သမီးကို ရရှိခြင်းနှင့် ဘုရားသခင်သည် ထာဝရစီမံကိန်းအတွက် ဤမြေကြီးပေါ်၌ နိုင်ငံတော်ကို ရရှိခြင်းရှိနိုင်မည်ဖြစ်သည်။ (*Elders' Training, Book 10: The Eldership and the God-ordained Way (2)*, p.30-31)

# ယနေ့ဖတ်စရာ

ဘုရားသခင်၏ နိုင်ငံတော်သည် ဘုရား၏ ရွေးချယ်ခံလူများဖြစ်သည့် ယုံကြည်သူများအထဲသို့ စိုက်ပျိုးထားသော အသက်၏ မျိုးစေ့ဖြစ်သည့် သခင်ယေရှုဖြစ်ပြီး၊ ဘုရားသခင်သည် ဘုရားအသက်၌ နိုင်ငံတော်အဖြစ် အုပ်စိုးနိုင်မည့်အဝန်းအဝိုင်းအထဲသို့ ကြီးထွားဖွံ့ဖြိုးလာသည်။ ၎င်း၏ ဝင်ပေါက်မှာ အသစ်မွေးဖွားခြင်း (ယော၊၃း၅)ဖြစ်ပြီး၊ ၎င်း၏ ဖွံ့ဖြိုးတိုးတက်ခြင်းမှာ ယုံကြည်သူများ၏ ဘုရားအသက်၌ကြီးထွားခြင်းဖြစ်သည် (၂ပေ၊၁း၃–၁၁)။ ၎င်းသည် ယနေ့အသင်းတော်ဖြစ်ပြီး၊ သစ္စာရှိသောယုံကြည်သူများနေထိုင်ရာဖြစ်ကာ(ရော၊၁၄း၁၇)၊ မိလေနိခေတ်၌ အောင်မြင်သောသန့်ရှင်းသူများအဖို့ (ဗျာ၊၂၀း၄၊၆) ဆုလဒ်အဖြစ်အမွေခံရမည့် (ဂလ၊၅း၂၁။ ဧ၊၅း၅) လာမည့်နိုင်ငံတော်အထဲသို့ ဖွံ့ဖြိုးကြီးထွားလာမည်ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ဖြစ်သော ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံပြီး၊ ၎င်းသည် ထာဝရကာလ၌ ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ဘုရား၏ ရွေးနုတ်ခံများအားလုံး မွေ့လျော်ဝမ်းမြောက်ရန်အတွက် ဘုရားထာဝရအသက်၏ ထာဝရကောင်းကြီးမင်္ဂလာ၏ ထာဝရအဝန်းအဝိုင်းဖြစ်သည်။ (ဗျာ၊၂၁း၁–၄။ ၂၂း၁–၅)။ (*The Conclusion of the New Testament,* p. 2640)

နိုင်ငံတော်သည် ကျွန်ုပ်တို့အထဲသို့ စိုက်ပျိုးခြင်းခံရသော၊ ကျွန်ုပ်တို့၌ ကြီးထွားလာသော၊ ကျွန်ုပ်တို့၌ ပျံ့နှံ့ခြင်းရှိကာ စပါးရိတ်သိမ်းချိန်အထိတိုင် ကျွန်ုပ်တို့၌ ကြီးထွားရင့်မှည့်လာသော အသက်၏ မျိုးစေ့ဖြစ်သည့် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။ စပါးရိတ်သိမ်းချိန်သည် နိုင်ငံတော်၏ ပေါ် ထွန်းလာခြင်းဖြစ်သည်။

ဓမ္မသစ်ကျမ်း၏ ပထမဆုံး အခန်းကြီး၌ အံ့ဖွယ်ပုဂ္ဂိုလ်တော်ဖြစ်သော ခရစ်တော်၏ မှတ်တမ်းကို မြင်ရပြီး၊ ကိုယ်တော်သည် နိုင်ငံတော်၏ မျိုးစေ့ဖြစ်ကြောင်း ကျွန်ုပ်တို့ထံ တင်ဆက်ပေးထားသည်။ ကျွန်ုပ်တို့သည် ဤနိုင်ငံတော်မျိုးစေ့နှင့်စပ်လျဉ်း၍ လေးနက်သော နားလည်ခြင်းကို လိုအပ်သည်။ (*The Kingdom*, p.37)

ဓမ္မသစ်ကျမ်း၌ ဘုရားသခင်၏ နိုင်ငံတော်သည် ရုပ်ပိုင်းဆိုင်ရာအဝန်းအဝိုင်းမဟုတ်ဘဲ၊ နိုင်ငံတော်သည် ဘုရားသခင်က ကိုယ်တော်၏ အုပ်ချုပ်မှုဆိုင်ရာစီမံကိန်းကို သယ်ဆောင်ရန် အခွင့်အာဏာကို အသုံးချရာနေရာဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ဤအဝန်းအဝိုင်းအထဲသို့ဝင်ရောက်ကာ ထာဝရကောင်းကြီးမင်္ဂလာကို မွေ့လျော်ဝမ်းမြောက်ကြသည်။ ဘုရားသခင်၏ နိုင်ငံတော်နှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်း၌ နိုင်ငံတော်သည် ပုဂ္ဂိုလ်ဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာနယ်ပယ်မဟုတ်ကြောင်း ဖွင့်ပြထားသည်။ ဤပုဂ္ဂိုလ်မှာ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သော ဘုရားသခင်၏ သားတော်၊ သခင်ယေရှုခရစ်ဖြစ်

သည်။ သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သော ဧဝံဂေလိတော်သည် နိုင်ငံတော် ဖြစ်လာရန် ကြွလာခဲ့သည်။ မာ၊၄ ၌ ကိုယ်တော်က နိုင်ငံတော်သည် မျိုးကြဲသူမှ မျိုးစေ့ကို ကြဲခြင်းနှင့်တူကြောင်းပြောခဲ့သည်။ မျိုးကြဲသူနှင့် မျိုးစေ့နှစ်ခုလုံးမှာ သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏ ရွေးချယ်ခံလူများအထဲသို့ နိုင်ငံတော်မျိုးစေ့အဖြစ် မိမိကိုယ်တော်တိုင်မျိုးကြဲရန် ကြွလာခဲ့သည်။ သူ၏ အမှုတော်၌ ကိုယ်တော်သည် နိုင်ငံတော်မျိုးစေ့ဖြစ်သည့် မိမိကိုယ်တော်တိုင်မှလွဲ၍ အခြားမည်သည့်အရာကိုမျှ မျိုးကြဲခြင်းမရှိပါ။ (*Life-study of Mark*, p. 553)

ခရစ်တော်သည် ကောင်းကင်များ၏ နိုင်ငံတော်ကို တိုက်ခိုက်ခြင်း သို့မဟုတ် သွန်သင်ခြင်းအားဖြင့် တည်ထောင်ခြင်းမဟုတ်ဘဲ၊ ယုံကြည်သူများအထဲသို့ အသက်မျိုးစေ့အဖြစ် မိမိကိုယ်တော်တိုင်ကို မျိုးကြဲခြင်းအားဖြင့်တည်ထောင်သည်၊ သို့မှသာ ကောင်းကင်များ၏ နိုင်ငံတော်သည် ကြီးထွားခြင်းရှိနိုင်မည်ဖြစ်သည်။ ကောင်းကင်များ၏ နိုင်ငံတော်တည်ထောင်ခြင်းသည် အသက်၌ ကြီးထွားခြင်းအကြောင်းအရာလုံးလုံးဖြစ်သည်။ နိုင်ငံတော်တည်ထောင်ရန်ဆိုသည်မှာ နိုင်ငံတော်ကို ကြီးထွားစေရန်ဖြစ်သည်။ နိုင်ငံတော်သည် အပြင်ပိုင်းလုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ အတွင်းပိုင်းကြီးထွားခြင်းအားဖြင့် တည်ထောင်ခြင်းဖြစ်သည်။ (*Life-study of Matthew*, p. 438)

*ပို၍ဖတ်ရန်-* *The Conclusion of the New Testament*, msg. 250, *Life-study of Mark*, msgs. 64-65

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဒံ၊ ရုပ်တုကို ထိခိုက်သော ကျောက်မူကား၊ တိုးပွားသဖြင့် တောင်ကြီးဖြစ်၍၊**
**၂း၃၅ မြေကြီးတပြင်လုံးကို ဖုံးလွှမ်းသည်ဟု မြင်မက်တော်မူ၏။**
**၄၄ ပျက်စီးခြင်းသို့ မရောက်နိုင်သော နိုင်ငံတစ်ခုကို ထိုမင်းကြီးများလက်ထက်၌ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် တည်ထောင်စေတော်မူမည်။ အထက်ဆိုခဲ့ပြီးသော နိုင်ငံရှိသမျှတို့ကို ချိုးဖဲ့ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်။**

ဒံ ၂း၃၅ ရှိ ကြီးမားသောတောင်သည် မြေကြီးတစ်ပြင်လုံးကို ထာဝရဖုံးလွှမ်းသော (အငယ်၊၄၄။ ၇း၁၃–၁၄) ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို ရည်ညွှန်းသည်။ ကျောက်သည် ကြီးမားသောတောင်အဖြစ်သို့ တိုးပွားလာခြင်းမှာ ခရစ်တော်၏ တိုးပွားခြင်းကို ပုံဆောင်သည် (cf. ယော၊၃း ၂၉–၃၀)။ အသင်းတော်သည် အသက်၌ ခရစ်တော်၏ တိုးပွားခြင်းဖြစ်သော်လည်း၊ ဘုရားသခင်၏ ထာဝရနိုင်ငံတော်သည် စီမံခန့်ခွဲခြင်း၌ ခရစ်တော်၏ တိုးပွားခြင်းဖြစ်သည် (မာ၊၄း ၂၆– ၂၉)။ ထို့ကြောင့် ခရစ်တော်သည် အသင်းတော်ဖြစ်ရုံသာမက ဘုရားသခင်၏ နိုင်ငံတော်လည်းဖြစ်သည် (၁ကော၊၁ ၂း၁ ၂။ လု၊၁၇း ၂၁)။ ကျောက်ဖြစ်သော ခရစ်တော်သည် ဘုရားသခင်၏ လှုပ်ရှားမှု၌ အလယ်ဗဟိုဖြစ်ပြီး၊ တောင်အဖြစ် ကိုယ်တော်သည် စကြဝဠာဆိုင်ရာဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်သည် အရာအားလုံးပါဝင်သောအရှင်၊ အလုံးစုံတို့ကို အလုံးစုံတို့၌ပြည့်စုံစေသောအရှင်ဖြစ်သည် (ဧ၊ ၁း ၂၃)။ (Dan.2;35, footnote 3)

## ယနေ့ဖတ်စရာ

ခရစ်တော်၏ ကြွလာခြင်းသည် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို ဖွင့်ပေးခြင်းလည်းဖြစ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏ ကြွလာခြင်းသည် လူသားအစိုးရကို အဆုံးသတ်ရန်နှင့် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို ယူဆောင်လာမည့်အမှတ်လက္ခဏာဖြစ်လိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏ စီမံကိန်း၌ ခရစ်တော်သည် ကိုယ်တော်၏ အသေခံခြင်းမှတစ်ဆင့် ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခြင်းအသစ်ကို မွေးဖွားပေးရန်အတွက် ဖန်ဆင်းခြင်းအဟောင်းကို အဆုံးသတ်ခဲ့သည်။ ဤအရာသည် ကိုယ်တော်၏ ပထမကြွလာခြင်း၌ ပြီးပြည့်စုံခဲ့ပြီဖြစ်သည်။ ဘုရားသခင်၏ စီမံကိန်း၌ ခရစ်တော်သည် ကိုယ်တော်၏ လာမည့်

ပေါ် ထွန်းတော်မူခြင်းအားဖြင့် လူသားသမိုင်းတစ်လျှောက်ရှိ လူသားအစိုးရအားလုံးကို ချိုးဖဲ့ဖျက်ဆီးကာ ဘုရားသခင်၏ ထာဝရနိုင်ငံတော်ကို တည်ထောင်လိမ့်မည်ဖြစ်သည်။ လောကတစ်ခုလုံး၏ အခြေအနေသည် ကောင်းကင်ဘုံရှင်ဘုရားသခင်အားဖြင့် ကောင်းကင်များ၏ အုပ်စိုးခြင်းအောက်တွင်ရှိပြီး၊ ခရစ်တော်အဖို့ ကိုယ်တော်၏ စီမံကိန်းကို ကိုက်ညီစေရန်ဖြစ်သည်။ ယနေ့ လောက၏ အခြေအနေသည် အထူးသဖြင့် ဥရောပနှင့် မြေထဲပင်လယ်အနီးတစ်ဝိုက်ရှိ နိုင်ငံများသည် ခရစ်တော်ပြန်ကြွလာခြင်းအတွက် အသင့်ပြင်ဆင်ခြင်းအခြေအနေအထဲသို့ ကိုက်ညီစေခြင်းနှင့် ခေါ် ဆောင်ခြင်းခံရပြီဖြစ်သည်။ ကိုယ်တော်သည် တံခါးဝ၌ရှိနေပြီး အချိန်သည် နီးကပ်နေပြီဖြစ်သည်။ ဤအခြေအနေကို မြင်ရပြီဆိုလျှင် ကျွန်ုပ်တို့သည် နိုးကြားခြင်းရှိကာ လောကသည် ကျွန်ုပ်တို့အဖို့မဟုတ်ကြောင်း သိမြင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်အတွက်ဖြစ်သည်၊ နေ့စဉ်တိုင်း ကျွန်ုပ်တို့သည် ကိုယ်တော့်ကို တွေ့ဆုံရန် မိမိကိုယ်ကို ပြင်ဆင်ရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ကိုယ်တော့်ထံမှ ဆုလဒ်ကို ရရှိမည်ဖြစ်သည်။

ဤကျောက်သည် ကြီးမားသောတောင်အဖြစ်တိုးပွားလာခြင်းမှာ ခရစ်တော်၏ တိုးပွားခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ခရစ်တော်သည် တိုးပွားခြင်းရှိနိုင်ကြောင်းကို ယော၊၃ ၌ ရှင်းလင်းစွာ ဖွင့်ပြထားသည်။ အငယ်၊၃၀ ၌ "ကိုယ်တော်သည် တိုးပွားခြင်းရှိရမည်"ဟု ခရစ်တော်ကို ရည်ညွှန်းပြောဆိုထားသည်။ ဤအခန်းငယ်ရှိ တိုးပွားခြင်းသည် အငယ်၊၂၉ ၌ ပြောဆိုထားသော သတို့သမီးဖြစ်သည်၊ "မင်္ဂလာဆောင်သတို့သမီးကို ရသောသူသည် မင်္ဂလာဆောင်သတို့သားဖြစ်၏။" ထို့ကြောင့် ခရစ်တော်သည် တိုးပွားခြင်းရှိပြီး ဤတိုးပွားခြင်းသည် ကိုယ်တော်၏ သတို့သမီးဖြစ်သည်။ ဧဝသည် အာဒံ၏ တိုးပွားခြင်းဖြစ်သကဲ့သို့ပင် သတို့သမီးသည် သတို့သားဖြစ်သည့် ခရစ်တော်၏ တိုးပွားခြင်းဖြစ်သည်။ အသက်၌ ခရစ်တော်သည် အသင်းတော်ဖြစ်လာရန် တိုးပွားလာသည်၊ စီမံခန့်ခွဲခြင်း၌ ဘုရားသခင်၏ ထာဝရနိုင်ငံတော်ဖြစ်လာရန် တိုးပွားလာသည်။ အသင်းတော်နှင့် နိုင်ငံတော်နှစ်ခုလုံးသည် ကိုယ်တော်၏ တိုးပွားခြင်းဖြစ်သည်။

လူသားအစိုးရကို ဖျက်ဆီးပြီးနောက် ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို ရှင်းလင်းမည်ဖြစ်သည်။ ဖန်ဆင်းခြင်းအဟောင်းသည် ပြီးဆုံးပြီး၊ လူသားအစိုးရသည် လေဖြင့် လွင့်သွားသော ဖွဲကြမ်းကဲ့သို့ ဖြစ်လာမည်ဖြစ်သည်။ ထို့နောက် စုပေါင်းထားသော ခရစ်တော်၊ ခရစ်တော်နှင့်အောင်မြင်သူများသည် မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းရန် ကြီးမားသောတောင်ဖြစ်လာကာ မြေကြီးတစ်ပြင်လုံးကို ဘုရားသခင်၏ နိုင်ငံတော်ဖြစ်စေမည်ဖြစ်သည် (ဒံ၊ ၂း၃၅၊ ၄၄)။ မြေကြီးနှင့်ကောင်းကင်နှစ်ခုလုံးသည် ဘုရားသခင်အဖို့ သူ၏ နိုင်ငံတော်ကို လေ့ကျင့်အသုံးချရန် အသစ်ဖြစ်လာမည်ဖြစ်သည်။

ခရစ်တော်သည် ထိခိုက်သောကျောက်အဖြစ် ကြွလာသောအခါ ကိုယ်တော်တစ်ဦးတည်းကြွလာမည်မဟုတ်ပါ။ ထိုအစား ကိုယ်တော်သည် သူ၏ သတို့သမီးနှင့်အတူ ကြွလာမည်ဖြစ်သည်။ ထိုအချိန်၌ ခရစ်တော်သည် ဗျာ၊၁၉ ၌ ဖော်ပြသည့်အတိုင်း အသင်းတော်ကိုရရှိပြီးဖြစ်ကာ၊ ကိုယ်တော်သည် သတို့သမီးကို လက်ထပ်လိမ့်မည်ဖြစ်သည်။ ကိုယ်တော်၏ မင်္ဂလာဆောင်ပွဲပြီးနောက် နှစ်ဦးလုံးသည် ထိခိုက်သောကျောက်နှင့် စပျစ်သီးနယ်ရာတန်ဆာကို ဖိနင်းသောအရှင်အဖြစ် ကြွလာလိမ့်မည်ဖြစ်သည် (ဗျာ၊၁၉း၁၅။ ၁၄း၁၉–၂၀။ ယောရှာ၊၆ ၃း ၂–၃)။

မာ၊၄း ၂၆–၂၉ ရှိ မျိုးစေ့ပုံဥပမာသည် ဘုရားသခင်၏ နိုင်ငံတော်မှာ ခရစ်တော်၏ တိုးပွားခြင်းဖြစ်ကြောင်း ဖွင့်ပြထားသည်။ အငယ်၊ ၂၆ က "ဘုရားသခင်၏ နိုင်ငံတော်မှာ လူသည် မြေ၌ မျိုးစေ့ကြဲခြင်း"နှင့်တူကြောင်းကို ဖော်ပြထားသည်။ ဤမျိုးစေ့သည် ဘုရားအသက်၏ ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်ဖြစ်သည်။ ဤမျိုးစေ့သည် အညှောက်ထွက်ခြင်း၊ ကြီးထွားခြင်း၊ အသီးသီးခြင်း၊ ရင့်မှည့်ခြင်းနှင့် စပါးရိတ်သိမ်းချိန်ကို ဖြစ်ပေါ်စေခြင်းရှိလာသည် (အငယ်၊ ၂၇–၂၈)။ ခရစ်တော်သည် မိမိကိုယ်ကို လူ့ဇာတိ၏ "မြေကြီး" အထဲသို့ စိုက်ပျိုးရန်ကြွလာသောအချိန်မှစ၍ ကိုယ်တော်သည် ကြီးထွားခြင်းနှင့်တိုးပွားခြင်းရှိလာသည်။ နောက်ဆုံးတွင် ဤတိုးပွားခြင်းသည် ဘုရားသခင်၏ ထာဝရနိုင်ငံတော်ဖြစ်လာရန် မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းမည့် ကြီးမားသောတောင်ဖြစ်လာလိမ့်မည်ဖြစ်သည်။ (*Life-study of Daniel*, pp.2,5,18,75,17,18)

*ပို၍ဖတ်ရန်-* *Five Emphases in the Lord's Recovery,* ch. 1, *To Serve in the Human Spirit*, chs. 1-3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

***Hymns,* # 1101**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–